
www.burmeseclassic.com

ပညာလူ့အဖွဲ့အစည်းအတွက် ချစ်ခြင်းမေတ္တာ၊ ဉာဏ်ပညာ၊ ကိုယ်ကျင့်တရားနှင့် [illegible]



ကျွန်တော်

# ကျောင်းဆရာ

BURMESE CLASSIC .com



## အောင်သင်း





www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

# ကျွန်တော်ကျောင်းဆရာ

## အောင်သင်း

အမှတ် (77/D)၊ ဓမ္မပါလလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်
၄၀၀၇၃၁၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၄၀၀၆၄၄၀၆၀၇

မျက်နှာဖုံးဒီဇိုင်း
နိုင်သစ်နီ

ကွန်ပျူတာစာစီ
ဖွန်ပွင့်ကွန်ပျူတာ

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်

ထုတ်ဝေသည့်ကာလ
ဩဂုတ်၊ ၂၀၀၇

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ဝင်းမာတင်(မြ-၀၃၇၃၇)၊ ဖွန်ပွင့်စာအုပ်တိုက်
အမှတ် 77/D၊ ဓမ္မပါလလမ်း၊ ဗဟန်း၊ ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းလွင်(ရွှေဟသ်ာအော့ဖ်စက်)
အမှတ်(၃၁)၊ ဦးရွှေဝွန်းလမ်းတို၊ ပုဇွန်တောင်။

တန်ဖိုး
2000

BURMESE CLASSIC .com

## အမှာစာ

'ကျွန်တော်ကျောင်းဆရာ' ဟူသော ဆောင်းပါးများကို တစ်လ နှစ်ကြိမ်ထုတ် 'Commerce' စာစောင်တွင် နှစ်နှစ်ကျော်ခန့် ရေးခဲ့သည်ဖြစ်ရာ ထို ဆောင်းပါးများကို စုစည်းတည်းဖြတ်ပြီး စာအုပ်အဖြစ် ထုတ်လိုက်ခြင်း ဖြစ်ပါသည်။

ဆောင်းပါးတွေကို ရေးနေစဉ်ကာလမှာပင် ကျွန်တော်၏ ကျန်းမာရေး ယိုင်သွားမှုကြောင့် စာမရေးနိုင်၊ မထိုင်နိုင်ဖြစ်ခဲ့သေးရာ ကက်ဆက်နှင့် အသံသွင်းပေးခဲ့ရသည်။ ထိုတိပ်ခွေကို 'ဖွန်ပွင့်အဖွဲ့သားများ'က စာစီပြီး စာစောင်တွင် ထည့်သွင်းခဲ့ရသည်။ အသံသွင်းတိပ်ခွေကို နားထောင်ပြီး စာစီရခြင်းဖြစ်လေတော့ လေသံ၊ ပုဒ်ဖြတ်၊ ပုဒ်စပ် အတီမ်းအပါးလေးတွေ မလွဲသာမရှောင်သာ ပါလာတတ်ပါသည်။ ထိုတီမ်းပါးမှုလေးများကိုလည်း သန့်စင်အောင် ပြန်လည်သုတ်သင်ပေးလိုက်ပါသည်။

ထိုကဲ့သို့ စာအုပ်အဖြစ် တည်းဖြတ်နေစဉ်မှာပင် ကျွန်တော်၏ ကျန်းမာရေးက နောက်တစ်ကြိမ် ယိုင်သွားလိုက်ပါသေးသည်။ ထိုသို့ ယိုင်နေရင်းကပင် နောက်ထပ်ဖြည့်ချင်၊ စွက်ချင်သေးသည့်စိတ်က ထိန်းလို့မရနိုင်အောင် ရှိလာပြန်သဖြင့် တိုးလိုက်ဖြည့်လိုက်မိပြန်ပါသေးသည်။

'ကျွန်တော်ကျောင်းဆရာ' ဟူသော အမည်ကို တွေ့လိုက်ရုံနှင့်ပင် ဖတ်ရတော့မည့်အကြောင်းအရာကို မှန်းဆပြီး သိနိုင်လောက်ကြပါသည်။ သို့သော် ကျွန်တော် အာရုံပြုမိသည်က -

တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုးကို တည်ဆောက်ရာတွင် အရေးအပါဆုံး ပဓာနအကျဆုံးသော အခြေခံအုတ်မြစ်မှာ စာသင်ကျောင်းများ

ဖွန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထို့ကြောင့် စာသင်ကျောင်း၏ အခြေခံပစ္စည်းများဖြစ်ကြသော **'ကျောင်းဆရာနှင့် ကျောင်းသားများသည် အခြေခံအုတ်မြစ်ကြီး စင်စစ်ဖြစ်သည်'**။ စစ်ဘေးစစ်ဒဏ်၊ ငလျင် စသည့် သဘာဝဘေးဒဏ်ကြောင့် ကျေးရွာမြို့ပြ အဆောက်အအုံများ ပြိုပျက်ပြာကျသွားသည်ကို ပြန်လည်ထူထောင်ရန် အချိန်ကြာလှသည် မဟုတ်ပါ။ ပစ္စည်းပစ္စယပြည့်စုံလျှင် ၂နှစ် ၃နှစ် အတွင်း ပို၍ပင် လှပထည်ဝါသော မြို့ပြကျေးရွာဗိမာန်များကို တည်ဆောက်နိုင်ပါသည်။ ကျောင်းဆရာ ကျောင်းသားများ ပါဝင်အသုံးတော်ခံကြရသည့် ပညာရေးအုတ်မြစ် ယိမ်းယိုင်တိမ်းပါးသွားလိုက်လျှင် မျက်ကလဲဆံပျာ ဝိုင်းဝန်းထူထောင်ကြစေဦးတော့ ဆယ်စုနှစ်ချီပြီး အချိန်ကြာတတ်ကြောင်း သမိုင်းက အကြိမ်ကြိမ် သက်သေပြခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့လျှင် ပညာရေးကို တန်ဖိုးထားမိသောကြောင့် ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်ကျောင်းဆရာများကို လေးစားသော စိတ်ဖြင့်လည်းကောင်း၊ ကျွန်တော်၏ တပည့်အရွယ် ကျောင်းသားလူငယ်များအား ချစ်သောစိတ်ဖြင့်လည်းကောင်း ဤဆောင်းပါးများကို ရေးဖြစ်ပါသည်။

'ကျွန်တော်ကျောင်းဆရာ' ကို အားပေးသောအနေနှင့် ဖော်ပြပေးခဲ့သော Commerce စာစောင်အားလည်းကောင်း၊ စိတ်ရှည်လက်ရှည်ကူညီခဲ့ရှာသော ငွေ့ပွင့်အဖွဲ့သားများအားလည်းကောင်း လှိုက်လှဲသော ကျေးဇူးစကား ဆိုလိုက်ရပါသည်။

**အောင်သင်း**

၂၀-၅-၂၀၀၇

# (၁)

ကျွန်တော် စာပေဟောပြောပွဲတွင် ပြောခဲ့သည်များကို စာအဖြစ် ပြန်ပြီးရေးခဲလှပါသည်။ ကျွန်တော်၏ ဟောပြောချက်များကို အသံသွင်းခွေမှ တစ်ဆင့် (ထုတ်ဝေသူများက) ကူးယူထုတ်ဝေသော စာအုပ်များတော့ ရှိခဲ့ဖူးပါသည်။ ထို့အတူ စာသင်ခန်းတွင် ကျောင်းသားတပည့်ငယ်များအား သင်ကြားပို့ချမိသည်တို့ကိုလည်း စာအဖြစ်ပြန်ပြီး ရေးခဲလှပါသည်။ ပြောခဲ့ရသည်မှာလည်း ကြိမ်ဖန်များလွန်းသောကြောင့် ကျွန်တော့်စိတ်တွင် ရိုးအီလာသည်ဖြစ်၍ စာအဖြစ်ချရေးချင်စိတ် ခေါင်းပါးသွားခြင်းလည်း ဖြစ်နိုင်ပါသည်။ ရေးနေရင်း ဆရာဇော်ဂျီက ကျွန်တော့်အကြောင်းကို ကျွန်တော့်သူငယ်ချင်းများအား ပြောပြသည်ကိုလည်း သတိရမိပြန်ပါသည်။ 'ကိုအောင်သင်းက သူပြောချင်တာတွေကို ရွာရိုးကိုးပေါက် လျှောက်ပြောနေလေတော့ ရေးချင်စိတ် ခန်းသွားတာမျိုးဖြစ်နေတာကွဲ့။ ဒါကြောင့် စာရေးတာနည်းနေတာ' တဲ့။

ယခုတစ်ပတ်တော့ဖြင့် ကျွန်တော့်တပည့်တွေကို စာသင်ခန်းတွင် ပြောမိလေ့ရှိသည့် အကြောင်းကိုပင် စာအဖြစ် ရေးလိုက်ရပါဦးမည်။

ကျွန်တော်က သူတို့ကို မေးပါသည်။

"လူနဲ့ တိရစ္ဆာန် ဘယ်သူက သာသလဲ"

အားလုံးတညီတည်း 'လူကသာပါတယ်' ဟု ဖြေလေ့ရှိပါသည်။

'နေရာတကာမှာ သာသလား' ဟုဆက်မေးလိုက်သောအခါ တစ်တန်းလုံး ငြိမ်ကျသွားလေ့ရှိပါသည်။ သူတို့အားလုံး ငိုင်သွားလေ့ရှိပါသည်။ ကျွန်တော်က ဆက်ပါသည်။

ငွေ့ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"လူက ဆင်လောက်အားကောင်းသလား"

"မကောင်းပါဘူး"

"မြင်းလောက် အပြေးသန်သလား"

"မသန်ဘူး"

"ငါးလောက် ရေကူးတတ်သလား"

"မကူးတတ်ဘူး"

"ကျားသစ်လောက် သတ္တိကောင်းသလား"

"မကောင်းဘူး"

"ပျားတွေ ပုရွက်ဆိတ်တွေလောက် စည်းလုံးမှုကောင်းသလား"

"မကောင်းဘူး"

"ဒါဖြင့် တိရစ္ဆာန်အားလုံးထက် ဘယ်နေရာတွေမှာ သာသလဲ၊ စဉ်းစားကြစမ်း"

ထိုမေးခွန်းကို မေးလိုက်သောအခါတွင်တော့ဖြင့် အားလုံး ငြိမ်ကျသွားပြီး တစ်ယောက်တစ်ပေါက် အသိဉာဏ်၊ ပညာ၊ စသည်ဖြင့် သူတို့ထင်ရာမြင်ရာတွေကို ပြောကြပါတော့သည်။ သူတို့အဖြေမှ မဟုတ်ပါ။ အလွန်လေးနက်သော ကိစ္စတစ်ရပ် ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင်လည်း တကယ်ဆိုတော့ ရေရေရာရာ သိခဲ့သည် မဟုတ်ပါ။ ခပ်ငယ်ငယ်က ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ခဲ့ဖူးသည်ကို သတိရနေသောကြောင့် ပြောလိုက်နိုင်ခြင်း ဖြစ်ပါသည်။ ထိုဆောင်းပါးရှင်ကိုပင် သတိမရတော့သောကြောင့် မဖော်ပြလိုက်နိုင်သည်ကို စိတ်မကောင်းပါ။ မှတ်မိသလောက်မှာ ဘာသာပြန် ဆောင်းပါး ဖြစ်ပါသည်။ ပညာရှင်ကြီးတွေက ရေးထားသည့် ဆောင်းပါးကို ဘာသာပြန်ထားခြင်း ဖြစ်ပေမည်ပေါ့။

ဘယ်တိရစ္ဆာန်ထက်မဆို လူကသာသည်မှာ သုံးမျိုးသာ ရှိပါသည်တဲ့။ ထိုအချက်တွေက -

(၁) ကျိုးကြောင်းဆင်ခြင်ဉာဏ် ပညာကြီးခြင်း

(၂) ကိုယ်ကျင့်တရားရှိခြင်း

(၃) အလှအပကို ခံစားဖန်တီးတတ်ခြင်း

ထိုသုံးချက်မှာတော့ဖြင့် ဘယ်တိရစ္ဆာန်မျှ လူကို မမီနိုင်တော့ပြီ။





## ကျိုးကြောင်းဆင်ခြင်ဉာဏ် ပညာကြီးခြင်း

တိရစ္ဆာန်များမှာလည်း ကျိုးကြောင်းဆင်ခြင်ဉာဏ်တော့ဖြင့် ထိုက်သင့်သလောက် ရှိသည်။ ခွေးတွေကို ဆပ်ကပ်သွင်းနိုင်သည်ကိုထောက်လျှင် ထိုအချက်မှာ ထင်ရှားသည်။ ထို့ပြင် အိမ်တွင် ဖြစ်သလိုမွေးထားသော ခွေးများပင် သူ ဘယ်နေရာမှာသာ နေရမည်၊ ဘယ်နေရာထိအောင် မသွားရဆိုတာတွေကို သိနေကြသည်။ ထို့ကြောင့် ကျိုးကြောင်းဆင်ခြင်ဉာဏ် ရှိသည်ဟု ဆိုနိုင်ခြင်း ဖြစ်ပါသည်။

စကားစပ်မိလာလိုက်ပြန်သောကြောင့် သတိရတာကလေးတစ်ခုကို ကောက်ထည့်ရေးလိုက်ရပါဦးမည်။ ကျွန်တော်လူပျိုပေါက် ငယ်ဘဝက ပျဉ်းမနားမြို့နယ် ကျေးလက်ပိုင်းတွင် ကြားခဲ့ရဖူးသော ဆင်တစ်ကောင်အကြောင်း ဖြစ်ပါသည်။ ဆင်ရိုင်း မဟုတ်ပါ။ သစ်ဆွဲ ဆင်ယဉ်ဖြစ်ပါသည်။ သူက ညဉ့်ဘက်လွှတ်လိုက်လျှင် တောထဲတောင်ထဲသွားပြီး ဝါးပင်သစ်ညွန့်တွေကို ရှာမစား။ လူတွေ စိုက်ပျိုးလုပ်ကိုင်ထားသော ယာခင်း လယ်ကွက်တသီးနှံကို လာလာပြီး စားလေ့ရှိသည်။ ယာရှင် လယ်ရှင်က အော်ကာဟစ်ကာ မောင်းထုတ်ရသည်။ သည်လိုကျပြန်တော့လည်း လူကို ရန်မူခြင်း မပြု။ သို့သော် တစ်ချိန်လုံး ဘယ်မှာ စောင့်နေနိုင်ပါမည်နည်း။ သူတို့အိပ်ချိန်လောက်တွင် အသာလာပြီး စားတတ်ပြန်သည်။ သည်တော့ ဆင်ပိုင်ရှင်နှင့် ဆင်ဦးစီးကို တိုင်ကြတောကြရပြန်သည်ပေါ့။

နောက်တော့ ဆင်ဦးစီးက ခေါင်ခေါင်ဒင်ဒင် အသံစွာစွာမြည်သော သံခေါင်းလောင်းတစ်လုံးကို လည်ပင်းတွင် ဆွဲထားပေးလိုက်သည်။ ဒီတော့ တိုးတိုးတိတ်တိတ် သွားလို့မရတော့ပြီ။ သွားလိုက်လျှင် လယ်ရှင် ယာရှင်က နိုးလာပြီး အော်လားဟစ်လား ခြောက်နိုင်လှန့်နိုင်သည်ပေါ့။ သည်အကောင် အတော်လေး အခက်ကြုံလာပြီပေါ့။

သို့သော် တစ်ပတ် ဆယ်ရက်လောက်ရှိတော့ ခေါင်းလောင်းသံ တစ်စက်မှမကြားဘဲ သူဝင်စားသွားသည့် ခြေရာလက်ရာတွေကို တွေ့လာရပြန်သည်။ ဒီတော့ ဆင်ပိုင်နှင့် ဆင်ဦးစီးကို တိုင်ကြပြန်သည်။ သူတို့လည်း နားမလည်နိုင်အောင်ဖြစ်နေကြသည်။ နောက်တော့ သူ့အကြောင်းကို သိနှံ့သည့် ဆင်ဦးစီးက မသင်္ကာသောကြောင့် သူ့လည်ပင်းက သံခေါင်းလောင်းကို သေချာစစ်ဆေးကြည့်သည်။ လားလား ဒီတော့မှ ခေါင်းလောင်းထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ရွှံ့ခြောက်အစအနတွေကို သွားတွေ့သည်။ ငနဲက ခေါင်းလောင်းထဲတွင် ရွှံ့တွေဆို့ပြီး လှုပ်ရှားနေသည်ကိုး။ ပြီးတော့မှ ခေါင်းလောင်းထဲက ရွှံ့ကို နှာမောင်းဖြင့် ရေမှုတ်ဆေးပစ်သည်။ သို့သော် လည်ပင်းအောက်က ခေါင်းလောင်းကို မမြင်ရလေတော့ ရွှံ့ခြောက်တွေက ကပ်ကျန်နေရစ်သည်ပေါ့။ နောက်ပိုင်းတော့ဖြင့် ဘယ်လိုစီမံကြသည်ကို ကျွန်တော် မမှတ်မိတော့။ ကျွန်တော်ကတော့ လူငယ်ဘာဝ ခေါင်းလောင်းထဲ ရွှံ့ပိတ်သည်ကို ကြားရသည်နှင့်ပင် အလွန်နှစ်ခြိုက်စွာ ရယ်မောခဲ့မိသည်ကို သတိရနေပါသေးသည်။

ထိုသို့သော တိရစ္ဆာန်တို့၏ အသိဉာဏ်ကို ပညာရှင်များက (*Animal wisdom*) 'တိရစ္ဆာန်လိမ္မာမှု' ဟု ခေါ်တတ်ကြပါသည်။ ထိုသို့သော ဖြစ်ရပ်ကလေးတွေ အတော်များများကို ကျွန်တော် ဖတ်ရှုမှတ်သားဖူးပါသည်။ သို့သော် ဆောင်းပါး ရှည်လျားလွန်းမည်စိုးသောကြောင့် မရေးလိုက်တော့ပါ။

မရေးတော့ပါဟု ဆိုရင်းကပင် မရေးဘဲ မနေနိုင်အောင်ဖြစ်လာသောကြောင့် တိရစ္ဆာန်တို့၏ အသိဉာဏ်(*animal intelligence*)အကြောင်းကို ရေးလိုက်ချင်ပါသေးသည်။ ကျွန်တော် ခပ်ငယ်ငယ် (လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်လောက်က) မဂ္ဂဇင်းတစ်စောင်တွင် ဖတ်ခဲ့ရသော သစ်တောဘက် အရာရှိတစ်ဦးရေးသည့် ဆောင်းပါးကို ယခုတိုင် မှတ်မိနေပါသည်။

သစ်ထုတ်လုပ်ရေးတွင် ဆင်တို့၏ အရေးပါပုံကို တင်ပြထားသော ဆောင်းပါး ဖြစ်ပါသည်။ တောင်ပေါ်တောစွယ်များတွင် ကျွန်းပင်ကြီးများကို ခုတ်လှဲကြရသည်။ လမ်းမရှိ ပန်းမရှိတောင်စွယ်တွင် သင်းသတ်ခုတ်လှဲထားသည့် သစ်လုံးတွေကို ယမားချောင်းကျယ်ကြီးများရှိရာသို့ ဆင်နှင့်ဆွဲကြရသည်။ မိုးကျလာလို့ ချောင်းရေကြီးလာမှ သစ်တွေကို ချောင်းရေတွင် မျှောကြရသည်။ ထိုအခါတွင်လည်း ချောင်းရေစီးတွင် အလိုက်သင့်မျှောပါအောင် ဆင်များကိုပင် အသုံးပြုကြရသည်။

ချောင်းရေနှင့် မျောလာသော သစ်လုံးများကို ချောင်းအောက်ဘက် ရေစီးသာသော ဆိပ်ကမ်းကောင်းသည့် သစ်ဆိပ်ရောက်မှ ဆင်များနှင့် ဖမ်းယူကမ်းတင်ရသည်။ ထိုသစ်ဆိပ်ကမှ ဆင်နှင့်ဆွဲ၊ ကျွဲနှင့်ရုန်း စသည်အားဖြင့် သစ်တိုက်ကားပေါ်တင်၊ ရထားလမ်းရှိရာ၊ ဖောင်ဖွဲ့ရန် မြစ်ဆိပ်





ရှိရာ စသည်တို့သို့ သစ်လုံးများကို ပို့ပေးကြရသည်။

ကျွန်တော် ပြောချင်သည်က 'ရေလိုက်ကောင်းသော ဆင်' များ အကြောင်း ဖြစ်ပါသည်။ မိုးမကျမီ(ချောင်းရေကျမလာမီ) သဲပြင်တွင် ချထားသော သစ်လုံးများမှာ ချောင်းရေနှင့် အလိုက်သင့်မျောပါသွားရမည် ဖြစ်ပါသည်။ ဆင်များကိုပဲ အသုံးပြုကြရသည်။

သို့သော် တစ်ခါတစ်ရံတွင် သစ်လုံးကြီးများ တစ်လုံးနှင့်တစ်လုံး တိုးဝှေ့ယှက်တင်ပြီး 'ဒိုက်ပုံ' ဖြစ်သွားတတ်သည်။ 'ဒိုက်ပုံ' ဖြစ်သွားလျှင်တော့ ရေစီးတွင် မမျောတော့ပါ။ မိုးပြတ်လို့ ချောင်း မရှိတော့လျှင် သစ်လုံး ဒိုက်ပုံကြီးကို ဖြိုလို့ မရနိုင်တော့ပြီ။ ထို့ကြောင့် ချောင်းရေစီးသန်ခိုက်မှာပင် သစ်လုံးဒိုက်ပုံကို ဖြိုချရသည်။ ဒီအခါတွင်မှ 'ရေလိုက်ကောင်းသောဆင်' ၏ စွမ်းရည်နှင့်အသုံးဝင်ပုံက ထင်ရှားလာသည်။

တဟဲဟဲစီးဆင်းနေသော ချောင်းတွင်းသို့ဆင်းကာ ဒိုက်ပုံကို ဖြိုရတော့မည့် အန္တရာယ်ကြီးလှသောကြောင့် ဆင်ဦးစီးသည်ပင်လျှင် 'ဆင်ဦးမှာ မစီးဝံ့တော့ဘဲ' ကမ်းပေါ်က လှမ်းပြီး အော်ကာဟစ်ကာ အမိန့်ပေးနေရသည်။

ဒိုက်ပုံကို ဖြိုရသည်မှာ အန္တရာယ်ကြီးလှသောကြောင့် ဆင်ကလည်း ကောင်းကောင်းသိသည်။ ထို့ကြောင့် ရေစီးတဟဲဟဲတွင် ကြွကြွခံနေသည့် သစ်လုံးဒိုက်ပုံအနီးသို့ သတိကြီးစွာ ချဉ်းကပ်သွားသည်။ ရေအောက်တွင် ရှိနေသော သစ်လုံးများကို နှာမောင်းဖြင့် သေချာစမ်းသပ်သည်။ မည်သည့် သစ်လုံးက 'အခရာ' နည်း။ မည်သည့်နေရာက 'သော့ချက်' ဖြစ်သနည်း။ ထိုသစ်လုံးကို ဆွဲချရမည်လား၊ တွန်းထိုးရမည်လား၊ ဆွဲမ ရမည်လား၊ ဖိနှိပ်ရမည်လား စူးစမ်းရသည်။

တွေ့ပြီဆိုတော့မှ ထိုသစ်လုံးကို နှာမောင်းနှင့်မ၊ အစွယ်နှင့်နှိပ် စသည်ကို ပြုလုပ်ရမည်။ ဒိုက်ပုံပြိုတော့မည့်လက္ခဏာ ပြလာလျှင် ပိုပြီး သတိထားရသည်။ ရောမသစ်လုံးကြီးများ ပြိုကျလာလိုက်လျှင် ဆင်လည်း သစ်လုံးတွေကြားထဲ ညပ်ပြီး မကျွေးသာမခတ်သာ ချောင်းရေစီးတွင် မျောပါသွားနိုင်သည်။

ထို့ကြောင့် ဒိုက်ပုံပြိုတော့မှာ သေချာသည်နှင့်တစ်ပြိုင်နက် ဆင်က တမ်းဘက်သို့ ပြန်ပြေးတော့သည်။ ဒိုက်ပုံထဲက တစ်လုံးပြီးတစ်လုံးပြိုဆင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်လုံး၊ နောက်တစ်လုံး။ ဤသို့နှင့် ဒိုက်ပုံဖြို့ယူရသည်။

ထိုဆင်ကို 'ရေလိုက်ကောင်းသောဆင်' ဟု ခေါ်ကြသည်။ ဆင်၏ အမြင့်ကို 'ပေတိုင်း' ပြီး အဖိုးသားနား သတ်မှတ်လေ့ရှိကြရာ သာမန်အား ဖြင့် ဆင်၏ အမြင့် '၁ ပေ' ကို တစ်သိန်းဆိုကြပါစို့၊ ရေလိုက်ကောင်းသော ဆင်မှာ တစ်ပေကို တစ်သိန်းခွဲ စသည်ဖြင့် တန်ဖိုးပိုမြင့်သည်ဟု ဆောင်းပါး ရှင်က ရေးသားတင်ပြထားပါသည်။

ထိုဆောင်းပါး၏ တင်ပြချက်များကို ထောက်ကြည့်လိုက်လျှင် ရေ လိုက်ကောင်းသောဆင်၏ ကျိုးကြောင်းရှာဖွေစူးစမ်းတတ်မှုမှာ အံ့ဩ လောက်အောင်ပင် ထက်မြက်ကြောင်း သိသာနေပါသည်။

ကျွန်တော်ဆိုလိုသည်က တိရစ္ဆာန်များမှာလည်း ကျိုးကြောင်း ဆင်ခြင်ဉာဏ် ထိုက်သင့်သလောက်တော့ရှိသည်ဟု တင်ပြလိုခြင်းမျှသာ ဖြစ်ပါသည်။

## ကိုယ်ကျင့်တရားရှိခြင်း

ကိုယ်ကျင့်တရား ဆိုသည်ကတော့ တိရစ္ဆာန်တွင် မရှိကြတော့ပါ။ အထူး သဖြင့် တောရိုင်းတိရစ္ဆာန်တို့တွင် ဘာကိုယ်ကျင့်တရားမျှ မရှိပါ။ တောရိုင်း တိရစ္ဆာန်ကို မပြောနှင့်ဦး၊ ရှေ့တွင်ပြောခဲ့သည့် ဆင်ယဉ်ပင်လျှင် ယာခင်း လယ်ကွက်ကို ခိုးစားနေခဲ့သည် မဟုတ်လား။

ငါးအသေးလေးတစ်ကောင်ကိုတွေ့လျှင် ငါးကြီးက စားလိုက်မည် သာ ဖြစ်သည်။ ကျားက သမင်တစ်ကောင်ကို တွေ့လျှင် ကိုက်စားလိုက်မည်သာ ဖြစ်သည်။ ထိုသမင်မှာ သားငယ်သမီးငယ်တွေ ရှိနေသေးသလား။ ဒါ သူ့အလုပ် မဟုတ်။ ကိုယ်ချင်းစာနာစိတ်၊ ထောက်ထားညှာတာစိတ် သူ့မှာ ပေါ်မလာနိုင်။ ကိုယ်ကျင့်တရားဆိုတာ သူတို့မှာ မရှိနိုင်။

ကျွန်တော်တို့ လူတွေမှာတော့ဖြင့် တစ်ဘက်သားအား ကိုယ်ချင်း စာနာစိတ်၊ ထောက်ထားစာနာစိတ်၊ ညှာတာစိတ် ဆိုတာတွေ ရှိကြရသည်။ ထိုထိုသောစိတ်မျိုး ကင်းမဲ့သည့် လူသားများကော မရှိဘူးလားဟု စာဖတ်သူ က မေးစရာရှိပါသည်။ ရှိနိုင်ပါသည်။ **'လူသည် တိရစ္ဆာန်စိတ်နှင့် ဆင်ခြင်ဉာဏ်တွဲနေသော သတ္တဝါဖြစ်သည်'** ဟု ဒဿနပညာရှင်များက ဆိုမိန့်သည်ကို ကျွန်တော် မှတ်သားရဖူးပါသည်။ တိရစ္ဆာန်စိတ်များနေသော





သူများတွင် ထိုကဲ့သို့ ဖြစ်လာနိုင်ကြောင်း၊ ဖြစ်လာတတ်ကြောင်း ကျွန်တော် တို့က သိနေရမည် ဖြစ်ပါသည်။

ဆက်ချင်ပါသေးသည်။

၅-၀၂-၂၀၀၄

*

www.burmeseclassic.com

www.burmeseclassic.com

## (၂)

**'ကျွန်တော်ကျောင်းဆရာ'** ဟူသော ခေါင်းစဉ်ဖြင့် ကျွန်တော်၏ တပည့်ကျောင်းသားငယ်များအား ကျွန်တော် သင်ကြားခဲ့သည်များကို ပြန်လှန်ရေးသားနေမိပါသည်။ စာဖတ်သူက ကျွန်တော့်အား 'အောင်သင်းက ငါတို့စာဖတ်သူတွေကို လာပြီး ဆရာလုပ်နေတာလား' ဟု အပြစ်တင်လျှင်လည်း ခံရပါတော့မည်။ ခွင့်လွှတ်သည်းခံကြရန် တောင်းပန်ပါသည်။ သို့သော် ဖတ်လာရင်း ကျွန်တော်၏ စေတနာကို သိလာကြလိမ့်မည်ဟုလည်း မျှော်လင့်မိပါသည်။

ယခင်တစ်ပတ်က ကျောင်းသားငယ်များနှင့် ဆွေးနွေးပြောဆိုကြရာတွင် လူနှင့်တိရစ္ဆာန် နှိုင်းယှဉ်ကြည့်လိုက်လျှင် တိရစ္ဆာန်များက လူထက်သာသော အချက်များစွာ ရှိကြောင်း၊ မည်သည့်တိရစ္ဆာန်ထက်မဆို လူက သာသော အချက်မှာ သုံးချက်သာ ရှိကြောင်း၊ ထိုအချက်များမှာ (၁) ကျိုးကြောင်းဆင်ခြင်ဉာဏ် ပညာကြီးခြင်း (၂) ကိုယ်ကျင့်တရားရှိခြင်း (၃) အလှအပကို ခံစားဖန်တီးတတ်ခြင်းတို့ ဖြစ်ကြောင်းကို ရေးခဲ့ပါသည်။ ယခင်တစ်ပတ်က တိရစ္ဆာန်များမှာ ကိုယ်ကျင့်တရားဟူ၍ မည်မည်ရရ မရှိကြောင်းကို ရေးခဲ့ပါသည်။ ယခုတစ်ပတ်မှာတော့ဖြင့် အလှအပ ခံစားဖန်တီးမှုအကြောင်းကို ပြန်လည်တင်ပြပါမည်။

(ကျောင်းသားငယ်များအား သင်ကြားရာတွင် သူတို့အား မေးခွန်းများ မေး၍ သူတို့ကိုယ်တိုင် စဉ်းစားစေပြီးမှ ကျွန်တော်က ရှင်းလင်းပြောဆိုလေ့ရှိပါသည်။)





"တိရစ္ဆာန်တွေဟာ အလှအပကို ခံစားတတ်သလား။ ဖန်တီးနိုင်စွမ်းရှိသလား"

"မခံစားတတ်ဘူး"၊ "ခံစားတတ်တာပေါ့"၊ "ငှက်တွေဟာ သာသာယာယာမြည်တတ်တယ်"၊ "ဒေါင်းတွေလဲ ကတာပဲ"

ဤသို့လျှင် တစ်ယောက်တစ်ပေါက်ဆိုသလို ပြောကြ၊ ငြင်းကြနှင့် ပျော်စရာကောင်းပါသည်။ ကျွန်တော်ကလည်း သူတို့ ပြောကြဆိုကြသည်ကို အသာနားထောင်နေမိပါသည်။ ပြီးမှ ကျွန်တော်က-

"အေးကွ- ငါလဲ ကောင်းကောင်းမသိပါဘူး။ တောထဲမှာ ပြွေမှုတ်သံတို့ ဘာတို့ကြားရင် ငှက်တွေက နားစိုက်ထောင်တတ်တယ်လို့တော့ ပြောကြတယ်။ ဒါပေမဲ့ ပြွေသံရဲ့ သာယာပုံကို အရသာခံတာလား၊ ထူးထူးဆန်းဆန်း အသံမို့ နားစွင့်တာလားဆိုတာကို ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး။ ငါ ခပ်ငယ်ငယ်က ဆောင်းပါးတစ်ပုဒ်မှာ ဖတ်လိုက်ရဖူးတာကို သတိရလို့ ပြောလိုက်ဦးမယ်။ ပန်းမန်သီးနှံဥယျာဉ်တွေထဲမှာ သာယာနာပျော်ဖွယ် ငြိမ့်ညောင်းတဲ့ဂီတသံကို တီးမှုတ်ပေးရင် သီးနှံပန်းမန်တွေ ပိုပြီးဖွံ့ဖြိုးတယ်ဆိုပဲ။ ဆိုလိုတာက သက်မဲ့ဖြစ်တဲ့ သစ်ပင်ပန်းပင်များတောင် ဂီတအရသာကို ခံနိုင်စွမ်းရှိတယ်ပေါ့။ ဘယ်လောက်မှန်သလဲတော့ ငါလဲ မသိဘူး။ မင်းတို့ကတော့ မြင်ဖူးမှာ မဟုတ်ဘူး။ ငါတို့အညာဘက်မှာ စာဘူးတောင်းလို့ခေါ်တဲ့ စာကလေးတွေရှိတယ်။ သူတို့က မြက်ပင်တွေကို ရက်ပြီး အသိုက်လုပ်လေ့ရှိတယ်။ မင်းတို့နားလည်အောင်ပြောရရင် အဲဒီမြက်သိုက်က စစ်သားသိုးမွေးခြေအိတ်လိုပုံသဏ္ဌာန်ဆိုပါတော့ကွယ်။ အဲဒါကို သစ်ပင်ကြီးတွေရဲ့ကိုင်းမှာ တွဲလဲချိတ်ထားတတ်တယ်။ အံ့ဩစရာကောင်းတာက သူတို့ဟာ တစ်ခါတစ်ရံမှာ ပိုးစုန်းကြူးလေးတွေကို ဖမ်းပြီး သူတို့အသိုက်မှာ ရွှံ့နဲ့ ကပ်ထားတတ်တယ်။ ပိုးစုန်းကြူးကလဲ မှိတ်တုတ်မှိတ်တုတ် လင်းနေတာပေါ့။ ငါတို့က ခပ်ငယ်ငယ်ဆိုတော့ အသိုက်မှာ မီးထွန်းထားတယ်လို့ ပြောကြတာပေါ့။ အဲဒါဟာ အလှကို ခံစားတာလား၊ ထူးထူးဆန်းဆန်း သတ္တဝါမို့ ကပ်ထားတာလား မပြောနိုင်ဘူး။

"နောက်ပြီး ဒေါင်းဖိုတွေက ဒေါင်းမကို လူပျိုလှည့်တဲ့အနေနဲ့ အမြီးကို ဖြန့်ကားပြီး ကပြတယ်လို့ ဆိုကြတယ်။ ဒါပေမဲ့ ကမ္ဘာကျော် ဒဿနပညာရှင်ကြီး 'ဘာထရမ်ရပ်ဆယ်' က 'ကျုပ်လဲ ဒေါင်းမရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဖိုက အမြီးဖြန့် ကပြနေတာကို သတိထားကြည့်မိဖူးပါတယ်။ ခေါင်းမက တငေးတမော ကြည့်နေတာ မဟုတ်ပါဘူး။ အမှတ်မထင်ပါပဲ။ ဘာမှ မထူးခြားလှပါဘူး' လို့ ပြောဖူးတယ်။ ကျီးကန်းတွေ အတောင်အလက်တွေကို သပ်ရပ်အောင် နှုတ်သီးနဲ့သင်နေတာကိုလဲ တွေ့ဖူးမှာပေါ့။ အဲဒါကလဲ မင်းတို့ ခေါင်းဖြီးသလို လှအောင်ပအောင် လုပ်နေတာ မဟုတ်ဘူး။ အတောင်ခတ်တဲ့အခါမှာ လေမပေါက်အောင် လုပ်နေကြရကာ။ ဒီတော့ တိရစ္ဆာန်တွေဟာ အလှအပကို ခံစားနိုင်သလား၊ မခံစားနိုင်ဘူးလားဆိုတာဟာ ပုံသေမပြောနိုင်ပါဘူး။

"ထားလိုက်ပါတော့ကွယ်၊ ကဲ- တိရစ္ဆာန်နဲ့လူ ဘယ်သူက ပိုပြီး အလှအပကို ခံစားနိုင်သလဲ"

"လူ ၊ လူ"

ဤမေးခွန်းကိုတော့ဖြင့် တညီတညွတ်တည်း ဖြေကြပါသည်။

ကျွန်တော်စဉ်းစားကြည့်မိသည်။ မြေပြင်ပေါ်ရှိ သတ္တဝါများအနက် **လူသတ္တဝါတစ်မျိုးသည်သာလျှင် အလှအပကို ခံစားတတ်သည်၊ ဖန်တီးလိုစိတ်လည်း ရှိသည်။ ဖန်တီးခြင်းလည်း ပြုသည်။ ထိုစွမ်းရည်သည်ပင်လျှင် လူတို့ကို ဒုက္ခအပေးဆုံးလည်း ဖြစ်သည်ဟု ထင်နေမိပြန်သည်။** လူသတ္တဝါသည် မိမိသုံးစွဲကိုင်ဆောင်သော ပစ္စည်းကို ဖန်တီးနိုင်စွမ်းရှိသည့်အချိန်မှစ၍ 'လှစေရန်' ဟူသော စေတနာကပ်ပါလာခဲ့သည်ဟု ပညာရှင်များက ဆိုကြပါသည်။

တွေးလိုက်တိုင်း ထိုစကားကို ကျွန်တော် သဘောတူမိသည်။ ကမ္ဘာဦးလူသားတို့သည် အသွင်စုံရောင်စုံလှပသော ပန်းပွင့်များကို နှစ်သက်ကြမည်မှာ အမှန် ဖြစ်သည်။ ယနေ့ထက်တိုင် ကမ္ဘာပေါ်တွင် လူမျိုး ဘာသာ ဓလေ့ထုံးစံအရ လူမျိုးတစ်မျိုးနှင့်တစ်မျိုး အခြားနေရာများတွင် မတူညီ ကွဲပြားကောင်းကွဲပြားနိုင်သော်လည်း လူမျိုးဘာသာမရွေး မြတ်နိုးနှစ်သက်ကြသည်မှာ ပန်းအလှ ဖြစ်သည်။ မြတ်နိုးသည့် ပန်းအမျိုးအစား ကွဲပြားကောင်းကွဲပြားမည် ဖြစ်သော်လည်း မိမိတို့အမြတ်နိုးဆုံးဖြစ်သည့် ကိုးကွယ်ရာ ဘုရား၊ နတ်စသည်တို့ကို ပန်းနှင့်ပူဇော်ကြသည်။ လူအချင်းချင်းလည်း ပန်းစည်းဆက်သည်၊ ပန်းကုံးစွပ်သည်။ ပန်းခြင်းပို့သည်။ ပန်းခွေချသည်။





ကမ္ဘာဦးခေတ်တွင် ကျောက်လက်နက်တို့ ဖန်တီးသုံးပြုခဲ့ကြသောကြောင့် ကျောက်ခေတ်ဟု ခေါ်သည်။ ထိုကျောက်လက်နက်ကိုပင် အရောင်အသွေး လှပသော ကျောက်ကို ရွေးကြလိမ့်ဦးမည်မှာ အမှန်ဖြစ်သည်။

အလှအပကို ခံစားနိုင်သော၊ ဖန်တီးနိုင်သော စွမ်းရည်ပင်လျှင် လူတို့ကို ဒုက္ခအပေးဆုံးထင်သည်ဟု အထက်တွင် ဆိုခဲ့ပါသည်။ ကျွန်တော် ဆိုခဲ့သော စကား သင့် မသင့် ဆင်ခြင်ရန် တင်ပြလိုပါသည်။ အမြင်သာဆုံးကို ပြောလိုက်ရလျှင် အဝတ်အစားဆင်ယင်မှုပင် ဖြစ်ပါသည်။ ခြေဖျားက ခေါင်းဖျားအထိ၊ ဖိနပ်မှဆံထိုးအထိ အလှအပမွမ်းမံနိုင်ရန် ကြိုးစားနေကြရသည်မှာ အမောတကော ဖြစ်နေပါတော့သည်။ ထိုစိတ်ကို နှိုးဆွပေးနိုင်ရန် အထည်စက်ရုံတွေကလည်း အရောင်အသွေးအမျိုးမျိုး၊ အဆင်အမျိုးမျိုးကို ကြိုးပမ်းထုတ်လုပ်ရသည်မှာလည်း အမောတကော ဖြစ်နေရပြန်သည်။ ကျွန်တော်တို့ (အထူးသဖြင့် အမျိုးသမီးတွေ) အဝတ်သစ်အစားသစ် ဝယ်ကြသည်မှာ ရှိပြီးသားအဝတ်အစားက ဟောင်းနွမ်းစုတ်ပြတ်သောကြောင့် မဟုတ်။ ပို၍ လှပဆန်းသစ်သော အဝတ်အဆင်ကို မက်မောသောကြောင့် ဖြစ်သည်။ ကုန်ကုန်ပြောရလျှင် သေသွားသည့်အခါမှာပင် မီးသင်္ဂြိုဟ်တော့မည့် အလောင်းကိုပင် လှအောင်ပအောင် ပြင်ဆင်တတ်ကြသည်။

အဝတ်အဆင်ကိုသာ အလှအပမွမ်းမံသည် မဟုတ်၊ အစားအသောက်ကိုလည်း အလှအပမွမ်းမံကြပြန်သည်။ ထမင်းဟင်းချက်ပြုတ်သည်မှာ စားရန် ဖြစ်သည်။ လျှာအရသာတွေ့ရန် ဖြစ်သည်။ သို့သော် မျက်စိက အရသာခံချင်ပြန်သေးသည်။ အရောင်အသွေးကလေး ဝင်းဝင်းဝါဝါ၊ နီနီရဲရဲ စသည်ဖြင့် လှအောင် ဖန်တီးကြပြန်သည်။ ထို့ပြင်မက စားပွဲတင် လှအောင် ပြင်လိုက် ဆင်လိုက်ရသည်မှာလည်း အမောတကော ဖြစ်နေပါလေတော့သည်။

စကားပြောချိုသာသည်ဆိုခြင်းမှာ အသံ၏ အလှ၊ စကားအသုံးအနှုန်း၏ အလှကို ဆိုလိုခြင်းဖြစ်သည်ဟု ကျွန်တော် နားလည်မိပါသည်။ အတွင်းစိတ် သဘောစေတနာကကောင်းလို့ဟု ဆင်ခြေပေးလျှင် ကျွန်တော် အပြည့်အဝကြီးသဘောမတူနိုင်ပါ။ '**နှုတ်မှာပျားသကာ၊ နှလုံးမှာ[illegible] ဒမာ**' ဆိုတာမျိုး ရှိနေနိုင်သည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ဆင့်တက်လိုက်တော့ ဆို၊က၊ရေး၊တီးစသော ဂီတအနုပညာ၊ ပန်းချီ ပန်းပုပညာ ဆိုတာတွေထိအောင် ရောက်သွားပါလေတော့သည်။ အားလုံး အလှအပခံစားမှု၊ အလှအပဖန်တီးမှုတွေသာ ဖြစ်သည်ဟု ဆိုလိုက်ချင်ပါသည်။

ယခုအခါတွင် အလှပြင်ဆိုင်များမှာ တောကျေးလက်များတိုင်အောင် ခရီးပေါက်နေပါပြီ။ အမျိုးသမီး ကြီး-ငယ်-ရွယ် တို့နှင့် သက်ဆိုင်ပါသည်ဟု ဆိုလျှင် ကျွန်တော် မငြင်းပါ။ သို့သော် -

စာဖတ်သူ လက်တွင်ကိုင်ထားသည့် စာစောင်ကို ကြည့်လိုက်စမ်းပါ။ မျက်နှာဖုံးကအစ ကြည့်လိုက်စမ်းပါ။ အဆင်အပြင် အားလုံးကို ကြည့်လိုက်စမ်းပါ။ ကြော်ငြာတွေကို ကြည့်လိုက်စမ်းပါ။ အားလုံးကို ပန်းချီဆရာ၊ ဒီဇိုင်းဆရာ စသည့် စာစောင်အလှပြင်ဆိုင်တွေက လုပ်ပေးနေတာပဲ ဖြစ်ပါသည်။

ထိုထိုသော အကြောင်းတွေကြောင့် အလှအပခံစားနိုင်သော၊ ဖန်တီးနိုင်သော စွမ်းရည်က လူတွေကို ဒုက္ခအလွန်ပေးသည်ဟု ကျွန်တော် ဆိုခဲ့မိခြင်း ဖြစ်ပါသည်။

စာသင်ခန်းတွင် ကျွန်တော်က ကျွန်တော်၏ ဆံပင်ကလေးကို လက်နှင့်သပ်ပြလိုက်၊ ကျောင်းသူကလေးများ၏ ဆံပင်ပုံစံအမျိုးမျိုးကို လက်ညှိုးညွှန်ပြလိုက် လုပ်ပြီး-

'ဘယ်တိရစ္ဆာန်မှ ကိုယ့်အမွေးနဲ့ပတ်သက်ပြီး ငါတို့လောက် အလုပ်ရှုပ်မခံဘူးကွ' ဟု ပြောလိုက်သောအခါ သူတို့တစ်တွေ တဝါးဝါးနှင့် အားရပါးရ ရယ်မောလေ့ရှိကြပါသည်။

ဆက်ချင်ပါသေးသည်။

၁၇-၁၂-၂၀၀၄

*

(၃)

'ကျွန်တော်ကျောင်းဆရာ' ဟူသော ခေါင်းစဉ်နှင့် ကျွန်တော်နှင့် တပည့်ကျောင်းသားငယ်များ ဆွေးနွေးခဲ့သည်တို့ကို ပြန်လည်တင်ပြနေသည်မှာ နှစ်ပတ်ပြီးသွားခဲ့ပါပြီ။ ပြီးခဲ့သောနှစ်ပတ်က ဆွေးနွေးမှုများကို အကျဉ်းချုပ်တင်ပြလိုက်လျှင် လူက တိရစ္ဆာန်များထက် သာသည်မှန်သော်လည်း နေရာတကာမှာ သာသည် မဟုတ်။ မည်သည့်တိရစ္ဆာန်ထက်မဆို လူက သာလွန်သည့် အချက်သုံးမျိုးသာ ရှိသည်။ (၁) ကျိုးကြောင်းဆင်ခြင်ဉာဏ်ပညာကြီးခြင်း (၂) ကိုယ်ကျင့်တရားရှိခြင်း (၃) အလှအပကို ခံစားဖန်တီးတတ်ခြင်းတို့ဖြစ်ကြောင်း ဆွေးနွေးသင်ကြားသည်ကို တင်ပြခဲ့ပါသည်။ ဆက်ပါရစေဦး။

ကျွန်တော်က သူတို့ကို မေးပါသည်။

"လူက ဘယ်တိရစ္ဆာန်ထက်မဆို သာတဲ့အင်္ဂါရပ် သုံးမျိုးသာ ရှိကြောင်းကို မင်းတို့ သိခဲ့ကြပြီ။ ခုဆိုရင် လူက တိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်နေပြီ။ ကိုယ့်ထက် ခွန်အားကြီးတဲ့ဆင်တွေကို လိမ္မာအောင် သင်ကြားပြီး သစ်ဆွဲခိုင်းတယ်။ ဆပ်ကပ်ထဲမှာ သုံးတယ်။ လူထက် အနံ့ခံလည်း ကောင်းပြီး အပြေးလည်း သန်တဲ့ ခွေးတွေကို သုံးပြီး အမဲလိုက်တယ်။ လူထက် ရေကူးကောင်းတဲ့ ငါးကို မျှားစားတယ်၊ ဖမ်းစားတယ်။ လူတွေထက် စည်းလုံးမှုကောင်းတဲ့ ပျားအုံကို ဖွပ်စားကြတယ်။ ပျားမွေးမြူရေး လုပ်စားကြတယ်။

"ဘယ်တိရစ္ဆာန်ထက်မဆို လူက သာတဲ့အရည်အချင်း အင်္ဂါရပ်သုံးမျိုးသာ ရှိကြောင်းကို ပြောခဲ့ပြီ။ အဲဒီအင်္ဂါရပ်သုံးမျိုးမှာ ဘယ်အင်္ဂါရပ်ကြောင့် လူက တိရစ္ဆာန်တွေအားလုံးကို လွှမ်းမိုးနိုင်တာလဲ၊ စဉ်းစားကြစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အသိဉာဏ်ပညာကြီးလို့"

ဤမေးခွန်းကိုတော့ဖြင့် သူတို့အားလုံး မဆိုင်းမတွ တညီတည်း ဖြေလိုက်ကြပါသည်။

"ကောင်းပြီ ဒါဖြင့်ရင် 'ပညာ' ဆိုတာ ဘာလဲ"

'အသိ'၊ 'ဗဟုသုတ'၊ 'အကြားအမြင်'၊ 'မှတ်သားမှု'၊ 'ထိုးထွင်းသိမြင်မှု' စသည်ဖြင့် အမျိုးမျိုးဖြေကြပါသည်။ ပထမ 'အကြားအမြင်' ဟု ပြောလိုက်၊ နောက်မှ 'ထိုးထွင်းသိမြင်မှု' ဟု ပြင်ပြောလိုက်နှင့် ဆူဆူညံညံ ဖြစ်နေတတ်ပါသည်။ သို့သော် သူတို့၏ အဖြေများကို အားမရသေးသည့်အလား ငြိမ်ကျသွားပြီး ဆက်လက်စဉ်းစားနေတတ်ပါသည်။

သူတို့ညံ့လို့ မဟုတ်ပါ။ အခြေခံအလွန်ကျသော အကြောင်းအရာများကို သိသယောင်ဖြစ်နေတတ်သော်လည်း တိတိကျကျ ပြောပါဟု ဆိုလိုက်လျှင် သူတို့အရွယ် ကျောင်းသားငယ်များကို မဆိုထားဘိ ကျွန်တော်တို့လူကြီးများပင်လျှင် မကြာခဏ ယောင်ချာချာ ဖြစ်တတ်ပါသည်။ ကျွန်တော်က ဆက်ပါသည်။

"ငါလဲ 'ပညာ' ဆိုတာဘာလဲ ဆိုတာကို မကြာခဏ စဉ်းစားခဲ့မိဖူးတယ်ကွ။ နောက်တော့ မင်းတို့အခု ဆယ်တန်းမှာ သင်နေရတဲ့ ပုဂံခေတ် 'သိယ်သူ့သမီးကျောက်စာ' ထဲက 'ပညာ' ဖွင့်ဆိုပုံကို အတော်လေးကို သဘောကျမိတယ်။ မင်းတို့မှတ်မိမှာပေါ့။ သိယ်သူ့သမီးက သူ့ရဲ့ကောင်းမှု စာရင်းတွေကို ဖော်ပြပြီးတော့ ဆုတောင်းစာကို ရေးတယ်။ အဲဒီအထဲမှာ ငါ တစ်ချက်သတိထားမိတာရှိတယ်။ ဘာလဲဆိုတော့ 'ငါလည်း ပညာမရှိသော၊ မိုက်သောမဖြစ်မူ၍၊ ပညာရှိသော၊ အကြောင်းကိုသိသော ဖြစ်ရပါလို၏' ဆိုတာ ပါလာတယ်။ အဲဒါကို ချရေးလိုက်မယ်ဆိုရင် ဒီလို ဖြစ်လာတယ်"

*ကျွန်တော်က သင်ပုန်းပေါ်မှာ ရေးပြလိုက်ပါသည်။*

**ပညာမရှိခြင်း ▪ မိုက်ခြင်း**

**ပညာရှိခြင်း ▪ အကြောင်းကိုသိခြင်း**

"ကောင်းပြီ။ အကြောင်းဆိုတာဘာလဲ စဉ်းစားကြည့်ကြစမ်း"

*သည်တစ်ခါတွင်တော့ အားလုံးငြိမ်သွားကြပါတော့သည်။*

*(စကားဖြတ်ပြီး ပြောလိုက်ရပါဦးမည်။ ကျောင်းဆရာ အတွေ့အကြုံ*





ပေါ်ခင်ဗျာ။ ထိုကဲ့သို့ စဉ်းစားခိုင်းလိုက်လျှင် အကြမ်းအားဖြင့် ကျောင်းသား နှစ်မျိုးကို တွေ့ရတတ်ပါသည်။ ပထမတစ်မျိုးက ထိုမေးခွန်း၏ အဖြေကို ရအောင် စဉ်းစားနေတတ်သော သူများဖြစ်ပါသည်။ သူတို့ပုံကို ကြည့်ရုံနှင့် သိသာပါသည်။ နောက်တစ်မျိုးက ဘာသိဘာသာနေပြီး ဆရာပြောတော့မှ မှတ်ယူလိုက်မည်ဟူသော ဦးနှောက်ရေသာခိုသည့် ကျောင်းသားများ ဖြစ်ပါသည်။ များသောအားဖြင့် မိန်းကလေးများသည် လေးလေးနက်နက် စဉ်းစားခြင်းကို ဝန်လေးတတ်ပါသည်။)

စင်စစ် 'အကြောင်းဆိုတာ ဘာလဲ' ဆိုတာကို သိနေစေဦးတော့ ရှင်းပြရန် လွယ်ကူလှသည် မဟုတ်ပါ။

ကျွန်တော်က စားပွဲကို ဗျန်းဗျန်းမြည်အောင် နှစ်ချက်လောက် ဆင့်ပုတ်လိုက်ပါသည်။ ပြီးမှ -

"အသံကို ကြားလိုက်ကြလား"

"ကြားလိုက်ရပါတယ်"

"ဘာပြုလို့ မြည်တာလဲ"

"လက်နဲ့ ပုတ်လို့"

"လက်နဲ့ပုတ်လို့ အသံမြည်တယ်။ ဒီတော့ လက်နဲ့ ပုတ်ခြင်းသည် အကြောင်း။ မြည်ခြင်းသည် . . ."

"အကျိုး"

*သည်တစ်ခါမှာတော့ဖြင့် အားလုံးတညီတည်းအော်လိုက်ကြပါသည်။*

"ဖြစ်ရပ်ဟူသမျှမှာ အကြောင်းရှိတယ်။ အဲဒီအကြောင်းကို သိအောင် လုပ်ကြရတာပဲ။ (စားပွဲကို တစ်ဖန် ပုတ်ပြလိုက်၍) လက်နဲ့ပုတ်ခြင်းသည် အကြောင်း၊ မြည်ခြင်းသည် အကျိုးဆိုတာကို မင်းတို့ရှင်းရှင်းလင်းလင်း သိလိုက်နိုင်တယ်။ မင်းတို့ သင်ကြားမှတ်သားမိသမျှထဲက ဖြေကြစမ်း ငှက်ဖျားဘာကြောင့်ဖြစ်တာလဲ"

"ခြင်ကိုက်လို့"

"ဒီတော့ ငှက်ဖျားဖြစ်တာက အကြောင်းလား၊ အကျိုးလား"

"ငှက်ဖျားဖြစ်တာက အကျိုး၊ ခြင်ကိုက်တာက အကြောင်း"

"အဲဒီလို ပြဿနာတွေမှာကျတော့ ခုနင်က စားပွဲကိုလက်နဲ့ပုတ် သိက်တာကို သိနည်းမျိုးလို အကြောင်းအကျိုးကို ချက်ချင်း ဆက်စပ်ပြီးသိဖို့



www.burmeseclassic.com

www.burmeseclassic.com



လွယ်တာမဟုတ်ဘူး။ ဒါကြောင့် ငှက်ဖျားဖြစ်တာဟာ စမ်းရေသောက်လို့၊ ငှက်ပျောသီးစားလို့၊ နတ်ဖမ်းစားလို့ စသည်အားဖြင့် အကြောင်းရင်း အလွဲလွဲ အချော်ချော်တွေ ကောက်ယူခဲ့ကြတာပေါ့။ အကြောင်းရင်း ကောက်ချက်တွေ အလွဲလွဲ အချော်ချော်ဖြစ်တော့ ကုစားမှုတွေလဲ အလွဲလွဲ အချော်ချော် ဖြစ်လာပြန်တာပဲ။ နတ်ကိုးစားတာတွေဘာတွေ စသည်အားဖြင့်ပေါ့။ 'အနာတခြား ဆေးတစ်ပါး' ဆိုတာ အဲဒါမျိုးတွေကို ပြောတာ။ မြန်မာစကားမှာ 'အနာမသိ ဆေးမရှိ' ဆိုတာဟာ ရောဂါရဲ့အကြောင်းရင်းကို မသိရင် ဆေးကုလို့မရဘူးလို့ ပြောချင်တာ။ နောက်ဆုံးကျတော့မှ ငှက်ဖျားရဲ့ အကြောင်းရင်းဟာ ခြင်ကိုက်လို့ဆိုတာကို တွေ့လာခဲ့ကြရတာ မဟုတ်လား။ ခုဆိုရင်လဲ ကင်ဆာဖြစ်ရတဲ့ အကြောင်းရင်းတွေကို အမျိုးမျိုး ရှာဖွေနေကြတာပဲ။ ကြက်ငှက်တုပ်ကွေးရဲ့ အကြောင်းရင်းတွေကို သုတေသနလုပ်နေကြရတာပဲ။ တွေ့အောင်ရှာနိုင်တဲ့သူတွေကို ပညာရှင်လို့ ခေါ်ကြရတော့တာပဲ။ ဒီတော့ 'ပညာ' ဆိုတာဟာ 'အကြောင်းကိုသိခြင်း' ဆိုတဲ့စကားဟာ တိုတိုကလေးနဲ့ လိုရင်းကို ရောက်တယ်လို့ ထင်မိတယ်။

အကြောင်းကိုသိတော့ ဘာဖြစ်သလဲလို့ မေးစရာရှိလာပြန်တယ်။ ကိုယ်မလိုချင်တဲ့ အကျိုးကို ဖြစ်ပေါ်မလာအောင် တားဆီးနိုင်တယ်။ ငှက်ဖျားဆိုတဲ့အကျိုးကို မလိုချင်တော့ ခြင်မကိုက်အောင် နေတာထိုင်တာပေါ့။ အဲဒီပြင် အကြောင်းကိုသိတော့ ကိုယ်လိုချင်တဲ့ အကျိုးဖြစ်ပေါ်အောင် ဖန်တီးယူနိုင်တယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုဟာ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်တယ်ဆိုတာကို သိလာရတော့ တစ်ကိုယ်ရေသန့်ရှင်းမှုကို လိုက်နာကြတယ်။ ဒီတော့ ကျန်းမာခြင်းဆိုတဲ့ အကျိုးကို ခံစားကြရတာပေါ့။ ဒါကြောင့် သိယ်သ္မသမီးပြောခဲ့တဲ့ '**ပညာရှိသော၊ အကြောင်းကိုသိသော**' ဆိုတဲ့ စကားလေးကို ငါဖြင့် အလွန်ကို သဘောကျမိတယ်။ အဲဒီလိုပဲ အခုဆိုရင် ပညာရှင်တွေဟာ ကြက်ငှက်တုပ်ကွေး ဖြစ်ရခြင်းရဲ့ အကြောင်းရင်းကို ကျွက်ကျွက်ဆူအောင် ဝိုင်းဝန်းရှာဖွေနေကြရပြီ။ မင်းတို့ကို ဆက်ပြီးမေးလိုက်ရဦးမယ်။ ငါတို့လူတွေ ပထမတွေ့တာက အကြောင်းကို စတွေ့တာလား၊ အကျိုးကို စတွေ့တာလား။ စဉ်းစားကြည့်ကြစမ်း"

*သူတို့ အတော်ကြာလေး စဉ်းစားနေကြပါသည်။ ခဏကြာမှ -*





"အကျိုးကို စပြီးတွေ့ရတာပါ ဆရာ"

"အေးပေါ့ကွ။ အကျိုးကို တွေ့လိုက်တော့မှ အကြောင်းကို လိုက်ရှာကြရတာ။ ကမ္ဘာဦးလူတွေဟာလဲ အကြောင်းကို ရှာခဲ့ကြတာပဲ။ မိုးရွာတယ်၊ ဘာကြောင့်ရွာသလဲပေါ့။ အကြောင်းကို မရှာတတ်ကြတော့ မိုးနတ်မင်းက ရေသွန်းပေးလိုက်လို့ မိုးရွာတာပဲလို့ ယူမှတ်ပြီး မိုးနတ်မင်းကို ပူဇော်ပသကြတာပဲ။ ငါတို့မြန်မာတွေဟာလဲ ရှေးတုန်းက 'မိုးခေါင်ကျော်စွာနတ်' က မိုးရွာပေးတယ်လို့ ယုံခဲ့ကြတာပဲ။ ဒါကြောင့် မိုးခေါင်နေရင် မိုးခေါင်ကျော်စွာနတ်မင်း ပျော်ရွှင်အောင် ပူဇော်တဲ့အနေနဲ့ ရပ်ကွက်တစ်ခုနဲ့တစ်ခု၊ ရွာနဲ့ရွာ ဆွဲပွဲတွေ လုပ်ခဲ့တတ်ကြတယ်"

"ဟုတ်လား၊ တကယ်အဲဒီလိုလုပ်ကြသလား"

"ဟုတ်တယ်ကွ၊ ငါတောင် ကလေးဘဝက မြင်ခဲ့ရဖူးသေးတယ်။ အားလိုက်ပါတော့ကွာ။ ဒီလိုပဲ အကြောင်းမရှာတတ်တော့ စုန်းကိုး၊ နတ်ကိုး၊ သင်ပူဇော်ပွဲတွေကို လုပ်တတ်ကြတာပဲ။ စကားစပ်လာလို့ ပြောလိုက်ရဦးမယ်၊

"ငါခပ်ငယ်ငယ် လူပျိုဘဝကတည်းက စာဖတ်တာဝါသနာပါခဲ့တယ်။ ဒီတော့ ကလေးသူငယ်ပြုစုစောင့်ရှောက်နည်း (Baby and Child Care) ဆိုတဲ့စာအုပ်ကလေးကို ဖတ်လိုက်မိတယ်။ နို့စို့အရွယ် ကလေးတွေ မတရားငိုနေရင် အကြောင်းရင်းငါးမျိုးရှိတယ်လို့ ဆိုတယ်။ နို့ဆာလို့ငိုတယ်၊ နေမကောင်းလို့ငိုတယ်၊ အနီး၊ စောင်စတဲ့ အဝတ်ထဲမှာပါလာတဲ့ ပိုးကောင်မွှားကောင်လေးတွေ၊ ခြင်တွေ ကိုက်လို့ငိုတယ်၊ နေရတာထိုင်ရတာ အသိကအောက်ဖြစ်နေလို့ငိုတယ်။ အဲဒါတွေကို သတိထားရှာဖွေကြည့်လိုက်ပါ။ အဲဒါတွေ ဘာမှအကြောင်းရင်းမှမရှိရင် ငိုချင်လို့ ငိုတာတဲ့"

သူတို့အားလုံး ရယ်မောကြပါသည်။ ရယ်မောကြပြီးမှ -

"ငိုချင်လို့ ငိုတာတော့ ပြောနေစရာလိုသေးသလားဆရာရယ်။ ငိုချင်လို့ငိုတာပဲပေါ့"

"ဟာကောင်တွေ၊ ဒီလိုပေါ့ပေါ့ပြောတာမဟုတ်ဘူး။ ဟိုကောင်မလေးတွေ နင်တို့ကပါရောပြီး ရယ်မနေနဲ့။ တကယ်ပြောနေတာ။ ကလေးက ငိုရတာကို အရသာတွေ့နေတာ။ သူက သူ့အားစွမ်းကို သူထုတ်ပြီး အသံကျယ်အောင် ငိုစမ်းကြည့်နေတာ။ အဲဒီလို ငိုတာဟာ ကလေးရဲ့ ခွန်အားဗလ တိုးတက်စေတယ်တဲ့။ ဒါကြောင့် အခြားအကြောင်းမရှိဘဲ ငိုနေရင်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားလိုက်ပါ။ မောတော့အိပ်သွားလိမ့်မယ်တဲ့။ ငါ့မှာ အဲဒီတော့မှ ငါခပ်ငယ်ငယ်က ကြုံခဲ့ရတာလေးတွေကို ပြန်ပြီး သတိရမိတယ်။ သားသယ် အမေတွေက ကလေး ငိုနေတာကို အကြောင်းရှာလို့ မရတဲ့အခါ 'မကြော' ဖမ်းစားလို့ငိုတာပဲဆိုပြီး 'မကြော' ပစ်တော့တာပဲ"

"မကြော ဆိုတာက နတ်ပဲလား ဆရာ။ မကြောပစ်တယ်ဆိုတာက ဘာလုပ်ရတာလဲ"

"မကြောဆိုတာက နတ်ဖြစ်ရင်လဲ အနိမ့်စား တစ္ဆေမှင်စာသာသာ ဖြစ်မှာပေါ့ကွာ။ မကြောပစ်တယ်ဆိုတာက ထမင်းခုနစ်ဆုပ်လုံးပြီး အိမ်ခေါင်မိုးကို ကျော်အောင် နောက်ပြန်ပစ်ရတယ်။ သူတို့ မိန်းမတွေက အဲဒီလောက်ထိ အားမသန်တော့ ငါ့ကို 'အောင်သင်း လာစမ်းဟယ်၊ အိမ်ခေါင်မိုးကျော် နောက်ပြန်ပစ်စမ်း' ဆိုပြီး ခိုင်းလို့ ငါက နှစ်ခါသုံးခါလောက် ပစ်ပေးခဲ့ရဖူးတယ်။ ပြောချင်တာက အကြောင်းရင်းကို မသိရင် အကြောက်လွန်တဲ့ အယူအဆတွေ ဖြစ်လာတတ်ကြောင်းကို ပြောတာပါ။ ဒါကြောင့် ဗဟုသုတ စုံအောင် မင်းတို့ကိုလဲ စာများများဖတ်ကြစမ်းလို့ ပြောပြောနေရတာ"

*ကျွန်တော်တို့ ဗုဒ္ဓဘာသာတွင် မြတ်စွာဘုရားသခင်ဟောကြားခဲ့သော "ယေဓမ္မာ ဟေတုပ္ပဘဝါ" (အကြင်တရားဟူသမျှ၌ အကြောင်းရင်းရှိကုန်၏။) ဟူသော ဒေသနာကို ပုဂ္ဂိုလ်သူပုဂ္ဂိုလ်သားတို့ အလေးအနက် သဘောပေါက်ခဲ့ကြသည်ဟု ထင်မိပါသည်။ ထို့ကြောင့်လည်း 'ပညာ' ဆိုသည်ကို အလေးအနက် ကြံဆခဲ့ကြသည်ဟု ထင်မိပါသည်။*

*ဤသို့အားဖြင့် ကျောင်းဆရာ ကျွန်တော်သည် တပည့်များအား သင်ကြားပေးရန် ကြံဆရင်း ကျွန်တော်ကိုယ်တိုင်လည်း ပညာတိုးခဲ့ရသည်ဟု ယူဆမိပါသည်။ စာဖတ်သူများ ဆက်လက်စဉ်းစားကြရန် တင်ပြလိုက်ခြင်းဖြစ်ပါသည်။*

ဆရာနှင့်တပည့်များ ဆွေးနွေးပုံကို ဆက်လက်တင်ပြချင်ပါသေးသည်။

၁၀-၁၂-၂၀၀၄

*

(၄)

*ကျွန်တော့်ဆောင်းပါးများကို စောင့်ဖတ်သူများရှိနေခဲ့ပါလျှင် ယခင်အစောပိုင်းက ကျွန်တော်ရေးခဲ့သော ဆောင်းပါးများနှင့် လုံးဝမတူတော့ဘဲ ကျောင်းဆရာတစ်ယောက်နှင့် တပည့်ကျောင်းသားများ မေးမြန်းဆွေးနွေးနေသည်များကိုသာ ရေးသားနေကြောင်း သတိပြုမိကြပါလိမ့်မည်။ စိတ်ဝင်စားသူရှိသလို စိတ်ပျက်သူများလည်း ရှိနိုင်ကောင်းပါသည်။*

*ကျွန်တော့်အဖို့ ရှင်းပြရန်လည်း တာဝန်ရှိကြောင်း သိပါသည်။ ထို့ကြောင့် အနည်းငယ်ရှင်းပြပါရစေ။ ခွင့်လွှတ်ပါ။*

*ကလေးတွေကို အလွတ်ကျက်၊ အလွတ်မှတ်၊ အာဂုံဆောင်သင်နည်းမျိုးကို ကျွန်တော် စိတ်ပျက်မိပါသည်။ ဘာသာစကားနှင့် အချို့သော ဘာသာရပ်တို့တွင် ထိုက်သင့်သလောက် ကျက်မှတ်နည်းမျိုးကို သုံးစွဲရသည်မှာ မှန်ပါသည်။ ဆိုလိုသည်က အင်္ဂလိပ်စာ စသည်တို့တွင် ဝေါဟာရတွေ အလုံးပေါင်းတွေကို ကျက်မှတ်ကြရမည်သာ ဖြစ်ပါသည်။ မြန်မာစာတွင်မူကား မြန်မာလူမျိုးများဖြစ်ကြသည့်အတိုင်း (စနစ်ကျသော သင်ယူမှုကို ခံခဲ့ရလျှင်) မူလတန်းကိုလွန်လာသော် ကောင်းစွာ ရေးတတ်ဖတ်တတ် ဖြစ်လာပါပြီ။ ကဗျာတိုထွာလေးများမှအပ အလွတ်ကျက်စရာ မလိုတော့ပါ။ သခ္ဂတော့ ၁၀ တန်းရောက်သည့်တိုင်အောင် ကိုယ်အလွတ်ရနေသည့် ကဗျာကို မေးခွန်း တောင်းဆိုချက်အရ လိုက်လျောညီထွေ စကားပြေပြန်ပြီး ဖြေနိုင်ကြပါ။ ဆရာပေးသော ကဗျာစကားပြေပြန်ကို ကုန်းကျက်နေကြသည်။ ဤကိစ္စမှာ ဘာသာစကားကိစ္စ မဟုတ်တော့ပါ။ ဉာဏ်ကိစ္စဖြစ်သွားပါပြီ။ ကောင်းစွာ ရေးတတ်ဖတ်တတ်ပါလျက် ကိုယ်နှုတ်တက်ရသားသည့်*



www.burmeseclassic.com

www.burmeseclassic.com



ကဗျာကို စကားပြေ မရေးနိုင်ခြင်းမှာ ညာဏ်တုံးနေသောကြောင့် ဖြစ်သည်။ စာစီစာကုံးတွေ အလွတ်ကျက်နေသည်ကို တွေ့လိုက်ရလျှင် ကျွန်တော် အလွန်စိတ်ဆင်းရဲသည်။

ကျောင်းသားတွေနှင့် မေးလိုက် ဖြေလိုက်လုပ်သွားခြင်း၊ သူတို့ကို စဉ်းစားကြံဆစေခြင်းတို့သည် သူတို့၏ ဦးနှောက်ကို နိုးကြားစေသည်ဟု ကျွန်တော် ယူမှတ်ပါသည်။ ထို့ကြောင့် ဒါတွေကို ရေးနေခြင်း ဖြစ်ပါသည်။ ကျောင်းသားလူငယ်တွေ ဖတ်မိလျှင်လည်း ထိုက်သင့်သလောက် အကျိုးရှိစေနိုင်သည်ဟု မျှော်မှန်းပါသည်။ လွန်ခဲ့သော 'ကျွန်တော်ကျောင်းဆရာ' များကို ပြန်ဖတ်ကြည့်လျှင် ကျွန်တော် ဆွေးနွေးခဲ့သော အကြောင်းအရာများမှာ ပေါ့သေးသေးမဟုတ်ကြောင်း သတိပြုမိပါလိမ့်မည်။ စဉ်းစားကြည့်ပါ။ လူက တိရစ္ဆာန်ထက် ဘယ်နေရာတွေမှာ သာသလဲ။ ပညာဆိုတာ ဘာလဲ။ အကျိုးအကြောင်းဆိုတာ ဘာလဲ။ ဒီလိုမေးခွန်းတွေ ဖြစ်ပါသည်။

ဒီလောက်ဆိုလျှင် စာဖတ်သူ ကျွန်တော့်ကို ခွင့်လွှတ်နိုင်လောက်ပါပြီ။ ယခုနိဒါန်းတွင် လျှာရှည်ခြင်းကိုလည်း ခွင့်လွှတ်နိုင်လောက်ပါပြီ။

"ကဲ- မင်းတို့နဲ့ပြောခဲ့တာတွေကို ပြန်ပြီးစာရင်းချုပ်လိုက်ရင် တိရစ္ဆာန်နဲ့လူ ယှဉ်လိုက်ရင် တိရစ္ဆာန်က လူထက်သာတာတွေ အများကြီးရှိတယ်။ ဘယ်တိရစ္ဆာန်ထက်မဆို လူက သာတာတွက်လိုက်တော့ သုံးမျိုးပဲရှိတယ်။ အဲဒါတွေက တစ်-အသိပညာကြီးခြင်း၊ နှစ်-ကိုယ်ကျင့်တရားရှိခြင်း၊ သုံး - အလှအပကို ခံစားဖန်တီးတတ်ခြင်း ဆိုတာတွေ ဖြစ်တယ်။ လူက တိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်ခြင်းဟာ အသိပညာကြီးခြင်းကြောင့် ဖြစ်တယ်။ ပညာဆိုတာ ဘာလဲလို့ တွက်လိုက်တော့ 'အကြောင်းကို သိခြင်း'၊ 'အကျိုးကို တွေ့ရင် အကြောင်းကို ကြံဆရှာဖွေတတ်ခြင်း ဖြစ်တယ်။ ငါပြောပြခဲ့တဲ့အထဲမှာ အကျိုးကို တွေ့နေပါလျက် အကြောင်းကို မရှာတတ်လို့ စိုးရိမ်ကြောက်ရွံ့စိတ်နဲ့ နတ်ကိုရှိုးလိုက်၊ စုန်းကိုရှိုးလိုက် ဖြစ်တတ်တဲ့အကြောင်းတွေကို ငါပြောခဲ့ပြီးပြီ။ ဒါတွေဘာကြောင့် ဖြစ်ရသလဲဆိုတော့ အတွေ့အကြုံဗဟုသုတနည်းလို့ ဖြစ်ကြရတာ။ ဒါကြောင့် စာပေဗဟုသုတကို လိုက်စားကြဖို့ အထပ်ထပ်ပြောခဲ့တာပေါ့။ အဲဒါတွေကို ဆွေးနွေးခဲ့ကြပြီ။ အခုဆက်ပြီး ပြောချင်တာက ပညာကြီးလို့ လူက တိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်ပါတယ် ဆိုရင် လူအချင်းချင်းမှာကော"





"ပညာကြီးတဲ့လူက ပညာနည်းတဲ့သူကို လွှမ်းမိုးနိုင်မှာပေါ့"

ဤနေရာတွင်တော့ ကျောင်းသားအားလုံး တညီတည်းဖြေလိုက်ကြပါသည်။

"ကောင်းပြီ ဒါဖြင့် လူမျိုးအချင်းချင်းမှာကော"

"ပညာကြီးတဲ့လူမျိုးက ပညာနည်းတဲ့လူမျိုးကို လွှမ်းမိုးမှာပေါ့"

"နိုင်ငံအချင်းချင်းမှာကော"

"ပညာကြီးတဲ့နိုင်ငံက ပညာနည်းတဲ့နိုင်ငံကို လွှမ်းမိုးမှာပေါ့"

"အေး-ဟုတ်တာပေါ့ကွဲ့။ ဒါကြောင့် နိုင်ငံတော်အစိုးရဟူသမျှဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး အောက်တန်းမကျအောင် စာသင်ကျောင်းတွေ၊ ကောလိပ်တွေ၊ တက္ကသိုလ်တွေ တည်ထောင်ပေးကြရတယ်။ အသိပညာတိုးပွားအောင် စာကြည့်တိုက်တွေ၊ စာကြည့်သင်းတွေ ဖန်တီးပေးရတယ်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ရေဒီယို၊ တီဗွီ၊ အင်တာနက် စတဲ့ ဆက်သွယ်ရေးမီဒီယာတွေကနေပြီး အသိပညာပေးကြရတယ်။ ကောင်းပြီ၊ မင်းတို့ကိုယ်တိုင် နေ့စဉ်ကျောင်းတက်နေကြရတယ်။ တစ်လမဟုတ်၊ တစ်နှစ်မဟုတ် ကျောင်းတက်နေကြရတယ်။ ကလေးဘဝကစပြီး ဒီနေ့တိုင် ဘာကြောင့် ကျောင်းနေကြရသလဲ"

"ပညာသင်ဖို့ပါဆရာ"

"ကောင်းပြီ။ ဒါဖြင့် ပညာသင်တယ်ဆိုတာ ဘာလဲ"

ဤမေးခွန်းကို မေးလိုက်သောအခါ ငြိမ်ကျသွားပါသည်။ တစ်ယောက်တစ်ပေါက်ဖြေကြပါသည်။ ပြီးမှ -

"ပညာတတ်အောင်လို့ပါ ဆရာ"၊ "အစစနားလည်အောင်လို့ပါ ဆရာ"၊ "ပညာဆည်းပူးတာပါ ဆရာ"

အဖြေတွေက မျိုးစုံနေပါတော့သည်။ ထို့ကြောင့် ကျွန်တော်က ဆက်မေးပါသည်။

"တိရစ္ဆာန်တွေမှာကော ပညာသင်ကြားမှုရှိသလား"

ငြိမ်တူ

"မရှိပါဘူးဆရာ"

"ဟုတ်ရဲ့လား၊ သေချာရဲ့လား"

တစ်တန်းလုံးငြိမ်ကျသွားပါသည်။ သူတို့ စဉ်းစားနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စဉ်းစားခြင်းကို ကျွန်တော် ကျေနပ်သည်။ ကျွန်တော်က ဘာမှမပြော၊ ပြုံးပြီး သူတို့ကို ကြည့်နေသည်။ နောက်တော့ ကျွန်တော် ဆက်ပြောမည်ကို နားစွင့်နေကြပြန်သည်။

တိရစ္ဆာန်တွေမှာ ပညာသင်ကြားမှုရှိသလား၊ ရှိနိုင်ပါ့မလား။ သူတို့ သိချင်လာကြပြီ။ ထိုအချက်ကိုလည်း ကျွန်တော် ကျေနပ်သည်။ ကျောင်းဆရာတစ်ယောက်အဖို့ တပည့်များသိချင်လာအောင် လှုံ့ဆော်ပေးရန် အလွန်အရေးကြီးသည်ဟု ထင်မိသည်။ သိချင်လာမှ သင်လို့လွယ်ပါသည်။

ရေးနေရင်း သတိရလာလို့ စကားဖြတ်ပြီး ပြောလိုက်ရပါဦးမည်။ ရခိုင်ပြည်နယ်နောက်ခံ ဝတ္ထုတိုကလေးတစ်ပုဒ် ဖြစ်သည်။ ဝတ္ထုအမည်ရော ရေးသူအမည်ကိုပါ မမှတ်မိတော့ပါ။ မြွေနှင့်မျောက်ဝတ္ထု ဖြစ်သည်။ မျောက်က သစ်ပင်ပေါ်မှာ။ စပါးကြီးမြွေက အောက်ကချုံထဲမှာ။ မြွေက အမြီးကိုသာ ချုံပြင်ထုတ်ပြီး တရမ်းရမ်းလှုပ်ပြနေသည်။ မျောက်က အံ့အားသင့်ပြီး ကြည့်နေသည်။ နောက်တော့ အောက်တက်ဆင်းလာပြီး သေချာကြည့်သည်။ နောက်တော့မနေနိုင် ဆင်းလာပြီး ဆွဲကိုင်ကြည့်တော့သည်။ ဒီတော့မှ မြွေက မျောက်ကို ရစ်ပတ်ပြီး ဖမ်းယူလိုက်သည်။ ဝတ္ထုရေးသူက သူ့ကိုယ်တွေ့လေးကို ပြန်လည်ရေးသားထားခြင်း ဖြစ်သည်။ မျောက်အစရှိသော တိရစ္ဆာန်များမှာပင် သိချင်စိတ် စူးစမ်းလိုစိတ် ရှိကြသည်။ လူသားဖြစ်သော ကျောင်းသားငယ်များမှာ ပိုလို့ပင် သိချင်စိတ်ရှိကြသည်မှာ အဆန်းဟု မဆိုသာတော့ပါပြီ။ ထို့ကြောင့် သူတို့ သိချင်စိတ်ကို လှုံ့ဆော်ရန် အလွန်လွယ်ပါသည်။

"မင်းတို့ ငှက်ပေါက်စလေးတွေ အပျံသင်တာ တွေ့ဖူးလား"

တစ်တန်းလုံး ငြိမ်တွေ

"တွေ့ဖူးတယ်"

"စကားလုံးကိုက အပျံသင်တယ်လို့ ပြောတယ်နော်။ 'သင်တယ်' ဆိုကတည်းက . . ."

ကျောင်းသားတချို့က

"ပညာသင်တာပေါ့"

နောက်ကျောင်းသားတချို့က

"အဲဒါ လေ့ကျင့်တာ"

ငှက်ပွင့်စာအုပ်တိုက်



စသည်အားဖြင့် သူတို့ချင်း ငြင်းနေကြပြန်သည်။ ကျွန်တော်ကတော့ ဘာ့ပြုံးပြုံး ကျေနပ်နေသည်ပေါ့။ နောက်မှ -

"မင်းတို့ပြောသလို ပညာသင်တယ်ဆိုတာလဲ မှန်တာပဲ။ လေ့ကျင့်တယ်ဆိုတာလဲ မှန်တာပါပဲ။ ငှက်ပေါက်စလေးတွေ အပျံသင်တာကို သေချာသတိထားကြည့်ရင် ဘေးနားမှာ သူ့အမေငှက်မကြီးပါနေတာကို တွေ့ရလိမ့်မယ်။ သူ့သားငယ်သမီးငယ်မှာ အန္တရာယ်မတွေ့အောင်၊ မလဲမပြိုအောင် ထိန်းသိမ်းဖို့ပေါ့။ သင်တယ်လို့ဆိုနိုင်တာပေါ့။ ငါလဲ မင်းတို့ကို အဲဒီလို ထိန်းသိမ်းပေးလို့ ဆရာအမည်ခံနိုင်တာပါ့။ မင်းတို့က ငှက်ပေါက်စလေး အပျံသင်သလို ကိုယ့်ဘာသာစူးစမ်းလေ့ကျင့်ကြရမှာ။ ငါက မင်းတို့စဉ်းစားတာ ကြံဆတာကို လမ်းမှန်ရောက်အောင် ထိန်းသိမ်းဖို့လောက်သာ တာဝန်ရှိမှာ၊ ကျွမ်းကျင်မှုဆိုတာက မင်းတို့ဘာသာ လေ့ကျင့်ယူကြရမှာ။ သဘောအတော့ မင်းတို့က ကိုယ်ဝန်ဆောင်တွေ၊ ငါက ဝမ်းဆွဲဆရာကြီးပဲ"

သူတို့အားလုံး ရယ်မောကြပါသည်။

"မရယ်ကြနဲ့ကွ။ အဲဒါ ဂရိပညာရှိကြီး **ဆော့ခရတ္တိ** ပြောခဲ့တဲ့ ကမ္ဘာကျော် စကားတစ်ခွန်းပဲ။ **ဝမ်းဆွဲဟာ သူကိုယ်တိုင်က ကလေးကို မွေးတာမဟုတ်ဘူး။ ကလေးမွေးမယ့်မိခင်လောင်းမှာလဲ မနာမကျင်၊ ကလေးမှာလဲ အန္တရာယ် မရှိအောင် ကူညီပေးသူသာလျှင် ဖြစ်တယ်** တဲ့၊ ဒါထက် မင်းတို့ကို မေးရဦးမယ် မင်းတို့ 'လက်သည်ကိုချည်း အားကိုးမနေနဲ့ ကိုယ်ကလဲ ညှစ်ရတယ်' ဆိုတာကို ကြားဖူးကြလား"

"ကြားဖူးပါတယ်ဆရာ"

"အဲဒီအတိုင်းပဲပေါ့ကွာ"

'ကျွန်တော်ကျောင်းဆရာ' ဆောင်းပါးများမှာ စာဖတ်သူကို ဆရာလုပ်နေခြင်းမဟုတ်ကြောင်း ရှင်းလောက်ပါပြီ။ နောက်ပြီး ဆက်လည်း ဆက်ရပါဦးမည်။

၁၀-၂-၂၀၀၅

*

www.burmeseclassic.com

www.burmeseclassic.com

## (၅)

'ကျွန်တော်ကျောင်းဆရာ' ကို ရေးလာခဲ့သည်မှာ ၅ ပတ်ပင် ရှိသွားခဲ့ပါပြီ။ ရိုးရိုးစာဖတ်ပရိသတ် (*general readers*) များကိုတော့ဖြင့် အားနာလှပါသည်။ သို့သော် စာသင်သားလူငယ်များအတွက် ပဓာနထားပြီး ရေးနေကြောင်းကိုတော့ဖြင့် စာဖတ်သူတို့ ရိပ်စားမိလောက်ကြပါသည်။ ထို့ကြောင့် ကျွန်တော် (ကျောင်းဆရာ)ကိုလည်း ခွင့်လွှတ်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ကျွန်တော့်စာသင်ဝိုင်းကလေးအကြောင်းကို ဆက်လိုက်ပါရစေဦး။

"အရင်တစ်ပတ်က ငါတို့ ပညာသင်ခြင်းအကြောင်းကို ပြောခဲ့ကြတယ်။ ပညာသင်တယ်ဆိုတာ ဘာလဲဆိုတာကို စဉ်းစားခဲ့ကြတယ်။ တိရစ္ဆာန်တွေမှာ ပညာသင်ကြားမှုရှိသလားဆိုတာကိုလဲ စဉ်းစားခဲ့ကြတယ်။ ငှက်ကလေးတွေဟာ အပျံသင်ကြတယ်ဆိုတာကိုလဲ သတိပြုမိခဲ့ကြတယ်။ အပျံသင်တဲ့အချိန်အခါမှာ မိခင်ငှက်မကြီးက ငှက်ကလေး မလဲမပြိုအောင် ဘေးက စောင့်ရှောက်နေတယ်ဆိုတာကိုလဲ ပြောခဲ့ကြတယ်။ တကယ်ဆိုတော့ ငှက်တွေဟာလဲ သူတို့တစ်တွေ 'ဥမယ်-စာမပြောက်' အသိုက်ထဲ ရှိနေစဉ်မှာ မိခင် သို့မဟုတ် ဖခင်က အတောင်ခတ်ပုံခတ်နည်းတွေ၊ အမြီးနဲ့ ပဲ့ထိန်းပြီး လိုရာရောက်အောင် ပျံသန်းပုံတွေကို ပြနေမှာပေါ့။ ငှက်ကလေးတွေကလဲ မျက်လုံးအဝိုင်းသားလေးတွေနဲ့ စောင့်ကြည့်မှတ်သားနေကြမှာပေါ့။ 'အမေလို လေထဲမှာ ပျံကြည့်လိုက်ချင်စမ်းပါဘိ' ဆိုတဲ့ အားကျစိတ်ပေါ်လာကြမှာပေါ့။ အဲဒါဘာလုပ်တာလဲ"

"ပညာသင်တာ"





ဒီအခါတွင်တော့ဖြင့် ကျောင်းသားအားလုံး တညီတည်း ထက်သန်စွာ ဖြေကြပါသည်။

"ကိုင်း-နောက်တစ်ဆင့်မေးလိုက်ရဦးမယ်။ တီကောင်လို၊ ပက်ကျိလို သတ္တဝါတွေ ပညာသင်တာ မြင်ဖူးကြသလား"

ခဏကြာလောက် သူတို့အားလုံး ငိုင်သွားကြပါသည်။ သူတို့ချင်း တစ်ယောက်တစ်ပေါက်ဆိုသလို တီးတိုးပြောနေကြပါသည်။ အတော်လေးကြာမှ မဝ့်မရဲ -

"မရှိဘူးထင်တယ် ဆရာ"

"အေး-ဟုတ်တယ်။ မရှိဘူး။ ပညာရှင်ကြီးတွေအလိုအရ အဆင့်နိမ့်သတ္တဝါတွေမှာ ပညာသင်ကြားမှုမရှိဘူးလို့ ဆိုတယ်။ သူတို့က(instinct)လို့ခေါ်တဲ့ ဗီဇစိတ်နဲ့ ဘဝကို ရှင်သန်အောင်ကြိုးစားကြတယ်လို့ ဆိုတယ်။ ဗီဇစိတ်ဆိုတာက မွေးကတည်းက ဝမ်းတွင်းမှာ ပါလာတဲ့ အလိုလိုသိနေတဲ့ စိတ်ပေါ့။ ကဲ-ထားလိုက်တော့၊ အချုပ်ကို ဆိုရရင်တော့ အဆင့်မြင့်သတ္တဝါတွေမှာ ပညာသင်ကြားမှုရှိတယ်ဆိုတာကို မှတ်ထားလိုက်ဖို့ပါပဲ။

"ကိုင်း-နောက်တစ်ဆင့် တက်လိုက်ကြဦးကွာ။ မင်းတို့အိမ်မှာ ကြောင်ရှိကြသလား"

"ရှိတယ်"၊ "မရှိဘူး" စသည်အားဖြင့် ပြောကြပါသည်။

"ကဲ-ထားလိုက်ပါတော့ကွယ်။ အဖျင်းဆုံး-ကြောင်မကြီးနဲ့ ကြောင်ကလေးတွေ ကစားနေကြတာတော့ဖြင့် တွေ့ဖူးကြမှာပေါ့"

အားလုံး စိတ်အားထက်သန်စွာ -

"တွေ့ဖူးတယ်"

"အေး- နောင်ကို ကြောင်သားအမိကစားတာကို သေချာ သတိထားကြည့်။ ကြောင်မကြီးရော ကြောင်သားလေးပါ တစ်ကောင်ကို တစ်ကောင် ချောင်းနေကြတာ သတိထားမိဖူးရဲ့လား၊ တွေ့ဖူးကြလား"

အားလုံးပင် စိတ်အားထက်သန်စွာ-"တွေ့ဖူးတယ်"၊ "တွေ့ဖူးတယ်" ပြိုင်တူအော်ကြသည်။

"သူတို့ချင်း တစ်ကောင်ကိုတစ်ကောင် မြင်မနေကြဘူးလား"

"မြင်နေကြတယ်"

"ကောင်းပြီ။ ကျားတစ်ကောင်က သမင်တစ်ကောင်ကို ချောင်းနေရင် မြင်အောင်ချောင်းပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"မမြင်အောင်ချောင်းမှာပေါ့"

"အေးပေါ့ကွ။ချောင်းပါတယ်ဆိုနေမှ မမြင်အောင်ချောင်းတာပေါ့။ ဒါဖြင့် ကြောင်မကြီးက ကြောင်သားလေးကို ဘာကြောင့် မြင်အောင် ချောင်းသလဲ၊ စဉ်းစားကြည့်ကြစမ်း"

သူတို့ ခဏလောက် စဉ်းစားနေကြသည်။ ပြီးမှ -

"ကြွက်ချောင်းနည်းကို မြင်အောင် ပညာသင်ပေးနေတာ"၊ "ကြွက်တင်မဟုတ်ဘူး ဓာကလေးတွေကိုလဲ ချောင်းတာပဲ"

"အေးပေါ့ကွဲ့။ ကြောင်တွေမှ မဟုတ်ဘူး။ အဆင့်မြင့်တိရစ္ဆာန်တွေမှာ ပညာသင်ပေးမှု ရှိတာချည်းပဲ။ အလွန်ကို စိတ်ဝင်စားဖို့ကောင်းပါတယ်။ အဲဒီလိုပဲ ငှက်တွေမှာလဲ ပညာသင်ကြားမှုရှိကြတာပါပဲ။ ငါကိုယ်တိုင်က လေ့လာထားတာတော့ မဟုတ်ဘူးပေါ့။ တကယ်ကို စိတ်ရှည်လက်ရှည် လေ့လာထားတဲ့ ပညာရှင်ကြီးတွေရဲ့ စာအုပ်တွေကို ဖတ်ဖူးတယ်"

"အပျံသင်ပေးတာလားဆရာ"

"အပျံသင်ပေးတာလောက်ဆိုရင် စကားထဲထည့်ပြောနေမလားကွ။ အပျံသင်တာထက် မြင့်တဲ့ပညာတွေကို သင်ပေးတာ"

သူတို့အားလုံးစိတ်ဝင်တစား နားပြင်နေကြသည်။

"ပြောပြပါဆရာ"

ဤနေရာတွင်တော့ တစ်တန်းလုံး တညီတညာတည်း ဝိုင်းပြီး တောင်းဆိုကြပါသည်။ ကျွန်တော် ကျေနပ်ပါသည်။ ကျွန်တော်၏ သင်ကြားမှု အောင်မြင်သည်ဟုလည်း နှလုံးပိုက်မိပါသည်။ သူတို့၏သိချင်စိတ်ကို နှိုးဆော်နိုင်ခဲ့ပါပြီ။ သိချင်လာသော ကျောင်းသားကို သင်ရသည်မှာ အလွန် ခရီးတွင်ပါသည်။

"အေး-ကောင်းပြီ၊ ငှက်နှစ်မျိုးအကြောင်းကို ပြောပြမယ်။ ပထမ တစ်မျိုးက တင်ကျီး။ 'တင်ကျီး' ဆိုတဲ့ ငှက်တစ်မျိုး ရှိတယ်။ ငှက်ဆိုတာ လေထဲမှာ ပျံတာနော်။ တင်ကျည်းက လေထဲက ပျံဆင်းပြီး ရေထဲကငါးကို ဖမ်းစားတာ"

"ဗျိုင်းလိုမျိုးလား ဆရာ"

"မဟုတ်ဘူးကွ။ ဗျိုင်းက လယ်ကွင်းရေစပ်တွေမှာ ငြိမ်ပြီးရပ်နေတာ။ ငါးက အနားရောက်လာလိုက်တော့မှ ဖပ်ခနဲ ကောက်ဖမ်းပြီး စားလိုက်တာ"

"တင်ကျည်းကကော ဆရာ"





"အေး-သေချာပြောပြမယ်။ တင်ကျီးက ရေကန်ကမ်းစပ်တွေမှာရှိတဲ့ သစ်ပင်က သစ်ကိုင်းတစ်ခုပေါ်မှာ နားပြီး အသာစောင့်ကြည့်နေတာ။ အဲဒီမှာ ငါးတစ်ကောင်တလေက ရေအပေါ်ယံမှာ ရှုပ်ရှုပ်ကလေး ကူးလာတာ မြင်လိုက်မှ ဝှီးခနဲထိုးဆင်းပြီး ရေကို အတောင်နှစ်ဖက်နဲ့ ရိုက်ခွဲလိုက်ပြီး ငါးကို ဖမ်းယူလိုက်တာ"

သူတို့အားလုံး အံ့အားသင့်စွာ နားထောင်နေကြသည်။ ကျွန်တော်က ဆက်ပါသည်။

"မင်းတို့ ရန်ကုန်လို၊ မန္တလေးလို မြို့ကြီးပြကြီးက ကလေးတွေက မြင်ဖူးကြမှာ မဟုတ်ဘူး။ တောကျေးလက်မှာ နွားကျောင်း ကျွဲကျောင်း လုပ်နေကြရတဲ့ ကလေးတွေအဖို့တော့ တွေ့နေမြင်နေကျ သာမန်မြင်ကွင်း ပေါ့ကွယ်"

"ဆရာလဲ မြင်ဖူးသလား"

"ဟင့်အင်း မမြင်ဖူးဘူး"

သူတို့အားလုံးဝိုင်းရယ်ကြသည်။

"ဒီလိုကွ။ ငါက စာဖတ်တယ်။ တစ်ချို့စာအုပ်တွေမှာ တင်ကျီးငှက် ရေခွဲပြီး ငါးဖမ်းနေတာကို ဓာတ်ပုံနဲ့တကွပြထားတယ်။ ငါ့ဆီမှာ ဓာတ်ပုံတစ်ပုံ တောင်သိမ်းထားခဲ့ဖူးတယ်။ အိမ်မှာရှိသေးလားတော့မသိဘူး။ ကင်မရာ ကြော်ငြာဓာတ်ပုံပါ။ သူတို့ ကင်မရာဟာ ဘယ်လောက်ကောင်းကြောင်းပေါ့။ ရေကိုခွဲလိုက်တော့ ရေတွေလွင့်သွားတာရော ငါးဖမ်းယူနေပုံကိုရော ပြတ်ပြတ်သားသား မြင်နေရတဲ့ ဓာတ်ပုံပါပဲ။ အဲဒါကျတော့ ပညာသင် တယ်ဆိုရင်တောင် အပျံသင်တာလောက် မဟုတ်တော့ဘူးဆိုတာ မင်းတို့ မှန်းနိုင်လောက်ပါပြီ။ စဉ်းစားကြည့်ကြလေ။ ငှက်ဆိုတာ လေထဲမှာ ကျက် စားတာ။ ငါးဆိုတာက ရေထဲမှာ ကျက်စားတာ။ လေထဲမှာ ပျံနေရာက ရေထဲက ငါးကို ဖမ်းဖို့ဆိုတာ လွယ်တဲ့ကိစ္စလား။ ဒီတော့ သားသမီးကို ပညာ သင်မပေးလို့ ရတော့မလား။ ကုန်ကုန်ပြောမယ်ကွာ။ မိခင်ငှက်မကြီးက ငါးတွေချီလာပြီး အသိုက်ထဲမှာရှိတဲ့ ဥမမယ်သားသမီးတွေကို အစာကျွေး တဲ့အခါမှာတောင် စားနည်းကို ပညာသင်ပေးရသေးတယ်"

"ဟုတ်လား ဆရာ၊ ဘယ်လိုပညာပေးရတာလဲ"

"ငါးကိုမျိုရင် ခေါင်းဘက်ကစပြီးမျိုလို့ သင်ပေးရတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



“အမြီးဘက်ကစပြီးမျိုတော့ ဘာဖြစ်လို့လဲ ဆရာ”

“စဉ်းစားကြည့်ကြပေါ့ကွာ။ အန္တရာယ်ရှိလို့ပေါ့”

သူတို့အားလုံး စဉ်းစားကြပါသည်။ အတော်ကြာတတ်သည်။ ကျွန်တော်က သူတို့အားလုံးကို စိတ်ရှည်စွာ ကြည့်နေသည်။ အတော်ကလေး ကိုကြာမှ တစ်ယောက်ယောက်က ဝမ်းမြောက်ဝမ်းသာ -

“သိပြီဆရာ-လည်ချောင်းမှာ ဆူးတောင်ထစ်နေမှာစိုးလို့”

“အေးပေါ့ကွ။ မင်းတော်တယ်။ အဲဒီလို အတွေ့အကြုံကို ပြန်ပြီး ကျိုးကြောင်းရှာရတယ်။ ဆည်းပူးတယ်ဆိုတာ အဲဒါပဲ။ ကဲ-နောက်တစ်ပတ်မှ ဆက်ကြသေးတာပေါ့”

*

(၆)

ကျွန်တော်နှင့်တပည့်များ ပညာသင်ကြားခြင်းအကြောင်း ဆွေးနွေးကြသည်ကို ဆက်လက်နားထောင်ကြည့်ကြစေချင်ပါသည်။

“အရင်တစ်ပတ်က တင်ကျီးငှက်တွေ ငါးဖမ်းပုံကို ပြောပြခဲ့တယ်။ ငါးဖမ်းတာမှာ ဗျိုင်းလို ရေထဲမှာငြိမ်ငြိမ်ကလေး မတ်တပ်ရပ်ပြီး ငါးက အနားရောက်လာတော့မှ ဖယ်ခနဲ ကောက်ဖမ်းလိုက်တာမျိုး မဟုတ်ဘဲ ရေကို အတောင်နဲ့ခွဲပြီး ငါးကိုဖမ်းယူတာဖြစ်တဲ့အကြောင်းလဲ ပြောခဲ့တယ်။ ကောင်းပြီ၊ မိခင်တင်ကျီးငှက်မကြီးလို ကျွမ်းကျွမ်းကျင်ကျင် မပျံတတ်ဘဲနဲ့ ငါးဖမ်းဖို့ ဖြစ်နိုင်ပါ့မလား”

“မဖြစ်နိုင်ဘူး”

“ဒီတော့ ပထမ ဘာကို စသင်ရမလဲ”

“ပျံတာကို စသင်ရမယ်”

“အေးပေါ့ကွ၊ အပျံသင်ရတာပေါ့။ မိခင် သို့မဟုတ် ဖခင်က အပျံသင်ပေးရတာပေါ့။ သူတို့ရှေ့မှာ မိခင်က ဟိုလိုပျံလိုက် ဒီလိုပျံလိုက်၊ အပေါ်တက်ပြလိုက်၊ အောက်ထိုးဆင်းလိုက် အမျိုးမျိုးပျံပြနေရတာပေါ့။ ငှက်ကလေးတွေကလဲ သူ သရုပ်ပြနေတာကို သေချာကြည့်နေကြတာပေါ့။ အဲဒီလို နောက်ကျတော့ . . .”

“သူတို့ကိုယ်တိုင်ပျံတာပေါ့”

“ဟုတ်တယ်။ ဒါထက် မင်းတို့ငါတို့ လူတွေမှာလဲ အမေဖြစ်သူက သားလေးကို ချိုင်းနှစ်ဘက်ဖေးထားပြီး မတ်တပ်ထောင်ထား၊ ပြီးမှ လက်ကို လွှတ်လိုက်တယ်။ မိခင်က ဘာပြောလေ့ရှိသလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့"

သူတို့အားလုံး ရယ်မောကာ ပြိုင်တူပြောကြပါသည်။

"အေးပေါ့ကွ၊ ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့လို့ လက်ခုပ်ကလေးတီးပြီး အားပေးတာပေါ့၊ ကလေးက ကြာရှည်မရပ်နိုင်လို့ ထိုင်ချလိုက်တော့မှ ပွေ့ချီလိုက်ရပြန်တာပေါ့။ ငှက်တွေမှာလဲ . . ."

"ရပ်နိုင်ပေ့ ရပ်နိုင်ပေ့"

"မင့်အမေလင် ရပ်နိုင်ပေ့လား"

*တစ်တန်းလုံး အုံးခနဲ ပွဲကျသွားတတ်ပါသည်။* ခပ်နောက်နောက် ဒီလိုကောင်မျိုးတွေလည်း *ပါလာတတ်ပါသည်။* သို့သော် ပျော်စရာကောင်း*ပါသည်။*

"ငှက်မကြီးက သားသမီးတွေ အတောင်အလက်စုံလာတဲ့အခါမှာ အသိုက်ထဲကထွက်ပြီး အနီးအနားက သစ်ကိုင်းကလေးတွေဆီကို ခုန်ပြီး အကူးခိုင်းတော့တာပေါ့။ ခုန်ကူးလိုက်တော့ အောက်ကိုပြုတ်ကျမသွားအောင် အတောင်ကို ဖြန့်လိုက်ရတာပေါ့။ အတောင်ဖြန့်ရုံသက်သက် မဟုတ်တော့ဘဲ အတောင်ကိုပါ ခတ်ရတာပေါ့။ ခြေထောက်လဲ ကွေးချည်ဆန့်ချည် ထိန်းရတာပေါ့။ အဲဒီနောက်မှ ခပ်ဝေးဝေးသစ်ကိုင်းဆီကို ပျံကူးနိုင်အောင် လေ့ကျင့်ပေးရတယ်။ အဲဒီလို သွက်သွက်လက်လက် ပျံနိုင်ပြီဆိုတော့ အခြေခံပညာအထက်တန်းအောင်သွားပြီပေါ့ကွာ"

*သူတို့ရယ်ကြမောကြပါသည်။*

"ဒီတော့ တက္ကသိုလ်အဆင့်ကို တက်ရတော့မယ်။ မိခင်က သူတို့ကို တက္ကသိုလ်ခေါ်သွားတော့တာ။ ဘယ်ကိုခေါ်သွားသလဲ သိလား"

"ရေကန်ဆီကိုပေါ့"

"အေး-ဟုတ်တာပေါ့။ ရေကန်ဆိုပေမဲ့ သင်တန်းပေးလို့ကောင်းတဲ့ ရေကန်ဆီကိုခေါ်သွားရတာ"

"ဘယ်လိုရေကန်မျိုးလဲ ဆရာ"

"ရေကန်ဘေးမှာရှိတဲ့ သစ်ပင်က သစ်ကိုင်းတွေက ရေပေါ်ကို မိုးနေတာ တွေ့ဖူးကြလား"

"တွေ့ဖူးတယ် ဆရာ"

"အဲဒီလို ရေကန်ဆီကို ခေါ်သွားပြီး သားသမီးတွေကို သစ်ကိုင်းပေါ်မှာ နားနေစေတယ်။ နောက်မှ ငါးလေးတစ်ကောင်က ရေပေါ်မှာရုပ်ပြီး ကူးလာလိုက်တော့မှ မိခင်ငှက်မကြီး ဝှီးခနဲဆို ပျံဆင်းပြီး ငါးကို ဖမ်းလိုက်





တယ်။ ပြီးမှ အဲဒီငါးကို သားသမီးတွေကို ကျွေးလိုက်တယ်။ ဒီတော့ တင်ကျီးငှက်ငယ်လေးတွေက ငါးဖမ်းနည်းကို လက်တွေ့မြင်သွားကြရပြီ။ သူတို့မိခင်က သူတို့ကို ဘယ်လိုရှာကျွေးတယ်ဆိုတာကို သိသွားကြပြီ။ ဒါပေမဲ့ 'ပရက်တီကယ်' မဆင်းရသေးဘူး"

*သူတို့ရယ်ကြပါသည်။*

"ပရက်တီကယ်ကျတော့ ဘယ်လိုဆင်းသလဲ ဆရာ"

"အဲဒီလိုချည်း သုံးလေးရက်လောက် သူက ဖမ်းကျွေးနေတယ်။ သားသမီးတွေကတော့ ကြည့်နေရုံပဲ။ အဲ- သုံးရက်လောက်ရှိတော့မှ မိခင် တင်ကျီးငှက်မကြီးက ငါးတစ်ကောင်ကို သုတ်လိုက်တယ်။ သားသမီးတွေက စားချင်လို့ နှုတ်သီးတပြင်ပြင်နဲ့ပေါ့။ ဒါပေမဲ့ ဘယ်သူ့ကိုမှ မကျွေးဘူး"

"သူက စားလိုက်တာလား"

"မစားဘူး"

"ဘာလုပ်လဲ ဆရာ"

"အဲဒီငါးကို ခါးကကိုင်ပြီး ငါးခေါင်းကို သစ်ကိုင်းနဲ့ နှစ်ချက်သုံးချက်လောက် ခါပြီး ရိုက်လိုက်တယ်။ ပြီးတော့မှ ရေထဲကို ပြန်ပစ်ချလိုက်တယ်"

*ကျောင်းသားတွေ အကုန်လုံး အံ့အားသင့်သွားကြသည်။*

"ဘာပြုလို့လဲ ဆရာ"

"အေးပေါ့၊ သားသမီးတွေကလဲ မင်းတို့လိုပဲ 'ဟာ-အမေဘယ်လိုလုပ်လိုက်တာလဲ' ဖြစ်သွားတာပေါ့။ အမေကို ကြည့်လိုက်၊ ရေထဲကို ပစ်ချလိုက်တဲ့ ငါးကို ကြည့်လိုက်ပေါ့။ ဒါပေမဲ့ ငါးက ခေါင်းကိုကိုင်ရိုက်ထားတော့ မူးနေတာ။ ရုတ်တရက် ရေမကူးနိုင်ဘူး။ ယက်ကန်ယက်ကန်ဖြစ်နေတယ်။ ဒီတော့မှ သတ္တိအကောင်းဆုံး အကောင်က ဝှီးခနဲ ထိုးဆင်းပြီး ငါးကို ဖမ်းမိလိုက်တယ်။ ဒီတော့မှ ကျန်တဲ့ကောင်တွေက 'နာလိုက်လေကွာ၊ ဟိုကောင်က သာက်ဦးသွားတယ်'ပေါ့။ နောက်ကျတော့ သူတို့အားလုံးဟာ ရေထဲကိုပဲ စိုက်ကြည့်နေကြတယ်။ ရေအပေါ်ယံကို ငါးလေးတစ်ကောင် ရုပ်လာလိုက်တာနဲ့ ဘုဝိုင်း သုတ်ကြတော့တာပဲ။ ဒီတော့မှ မိခင်ငှက်မကြီးက 'ကိုင်း- သားတို့ သမီးတို့၊ မင်းတို့ ဘွဲ့နှင်းသဘင်ပဲ။ ဘွဲ့ရပြီးတဲ့နောက် ကိုယ့်ဘာသာကိုယ် ရှာစားကြပေတော့' လို့ပြောပြီး အိုးခွဲပေးလိုက်တာပဲ"

*တစ်ယောက် ပြောလိုက်သေးသည်။*



www.burmeseclassic.com

www.burmeseclassic.com



"လူထက်တောင် တော်သေးတယ်။ လူကမှ တစ်ချို့ ဘွဲ့ရနေပါလျက်နဲ့ ကိုယ့်ဘာသာရှာမစားနိုင်ကြဘူး"

*အားလုံးရယ်ကြပါသည်။*

"အဲဒါ မိဘကကျွေးထားလို့ အသက်သာခိုနေတာကွ။ တိရစ္ဆာန်တွေမှာတော့ ကိုယ့်ဘာသာကိုယ် ရှာနိုင်ရင်ရှာ၊ မရှာနိုင်ရင် အငတ်နေ၊ ငတ်သေ။ ဒါပဲ။ ဒီတော့ မရှာလို့မဖြစ်တော့ဘူးလေ။ ကိုယ့်အားကိုယ်ကိုးပဲ။ ဘွဲ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မင်းတို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်တော့ ကြိုးစားကြရမှာပဲ။ တင်ကျီးငှက်တွေတောင် ကိုယ့်ဝမ်းစာကို ရှာစားနိုင်ကြတာပဲ။ ဒါထက် မင်းတို့ကို မေးလိုက်ရဦးမယ်။ မနက်တိုင်းမှာ သတင်းစာ အပေါင်းတွေ ဝယ်တယ်၊ ရေဒီယိုအပျက်တွေ ဝယ်တယ်၊ ကက်ဆက်အပျက်တွေ ဝယ်တယ်လို့ အော်ပြီး လမ်းထဲမှာ လည်နေတဲ့ကောင်လေးတွေ၊ အထူးသဖြင့် ကုလားလေးတွေကို တွေ့ဖူးကြသလား"

"တွေ့ဖူးတယ်"

"သူတို့ ဘွဲ့ရတယ်များ ထင်နေသလား"

"မရဘူး"

"ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနေကြတာပဲ မဟုတ်လား"

*သူတို့ အားလုံးငြိမ်နေကြပါသည်။*

"ကဲ-ထားလိုက်ပါတော့ကွယ်။ ပညာသင်တယ်ဆိုတာ ဘာလုပ်ဖို့သင်ရတာလဲ"

"ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်လို့ပါ ဆရာ"

"အဲဒါပါပဲ။ ငါလဲ မင်းတို့ကို လက်ခုပ်တီးပြီး 'ရပ်နိုင်ပေ့၊ ရပ်နိုင်ပေ့' လုပ်နေတာပါပဲ"

*သူတို့အားလုံး ရယ်မောကြပါသည်။*

*တင်ကျီးငှက်တွေ၏ ငါးဖမ်းပုံကို ကျွန်တော် မမြင်ဖူးပါ။ စာတွေကို တော့ဖြင့် ဖတ်ပါသည်။ ထို့ကြောင့် သိလာရပါသည်။ ကျောင်းဆရာဆိုတော့ စာဖတ်ရပါသည်။ စာဖတ်လို့ သိသမျှကို တပည့်တွေကို သွန်သင်ပေးရပါသည်။ ကျွန်တော် ကျောင်းဆရာပါ။*

၁၇-၃-၂၀၀၅

*

(၇)

"မင်းတို့ကို အရင်တစ်ပတ်က ကောင်းကင်မှာ ပျံနေတဲ့၊ လေထဲမှာ ကျက်စားတဲ့ တင်ကျီးငှက်တွေက ရေထဲမှာ ကျက်စားတဲ့ ငါးကို ဖမ်းပြီး စားကြတဲ့အကြောင်းကို ပြောခဲ့တယ်။ မှတ်မိမှာပေါ့"

"မှတ်မိပါတယ် ဆရာ"

"ကောင်းပြီ။ လေထဲမှာပျံတဲ့ ငှက်အချင်းချင်းကို ဖမ်းပြီး စားနိုင်တဲ့ငှက်တွေလဲ ရှိသေးတယ်။ ဟုတ်လား"

*သူတို့ ခဏတော့ ငိုင်သွားလိုက်ပါသေးသည်။ သို့သော် မကြာမီမှာပင်ဖြန့်ဖြေနိုင်ကြပါသည်။*

"ဟုတ်တယ်ဆရာ၊ စွန်တို့၊ သိမ်းတို့၊ လင်းယုန်တို့လို ငှက်မျိုးတွေပေါ့ဆရာ"

"အေးပေါ့ကွ"

"သူတို့ကျတော့ကော ဘယ်လိုသင်တန်းပေးသလဲ"

"အေး-မင်းတို့ နားလည်လာကြပြီ။ သင်တန်းပေးတယ်ဆိုကတည်းက ပညာရေးပဲပေါ့ကွ။ မင်းတို့ကို အခု စာသင်ခန်းထဲမှာ ငါ သင်ပေးနေသလို သူတို့လဲ ပညာစသင်ကြရတာပဲပေါ့။ သူတို့ကျတော့ ပျံပုံသန်းပုံကို အထူးပြုလေ့ကျင့်ကြရတယ်။ ကောင်းပြီ၊ မင်းတို့ ရုပ်ရှင်ထဲမှာ၊ ဗွီဒီယိုတွေထဲမှာ လေယာဉ်တိုက်ပွဲတွေကို ကြည့်ဖူးကြသလား"

"ကြည့်ဖူးတယ်"

"လေယာဉ်ကို ထိုးဆင်းလိုက်၊ မော့တက်လိုက်၊ ဘေးစောင်းထိုးလိုက်၊ စက်သေနတ်ကိုဆွဲလိုက် ပစ်တာခတ်တာတွေကို တွေ့ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ဖူးတယ်"

"အေး-မင်းတို့က ရုပ်ရှင်ထဲမှာသာ တွေ့ဖူးတာ။ ငါက ဂျပန်ခေတ်တုန်းက လေကြောင်းတိုက်ပွဲကို ကိုယ်တိုင်မြင်ခဲ့ တွေ့ခဲ့ရဖူးတာ"

သူတို့က စိတ်အားထက်သန်စွာ -

"ဟုတ်လား ဆရာ၊ ကျွန်တော်တို့ကို ပြောပြပါဦး"

"အေးပါကွာ၊ နောက်တော့ ပြောပြပါမယ်။ အဲဒါတင်မကပါဘူး။ အဲဒီထက် စိတ်ဝင်စားစရာကောင်းတာတွေကိုလဲ ပြောပြပါမယ်။ ခုလက်ငင်းတော့ဖြင့် ခုနကပြောခဲ့တဲ့ စွန်၊ သိမ်း၊ ချိုးသိမ်း၊ လင်းယုန်တို့ အကြောင်းတွေကို ပြောကြရအောင်။ အဲဒီငှက်တွေဟာ လေထဲမှာ ပျံတဲ့ ငှက်အချင်းချင်းကို တောင်လိုက်ပြီး ဖမ်းစားတာနော်။ သူတို့မှာ အလွန်ကို ထက်မြက်တဲ့ နှုတ်သီးတွေ၊ ခြေသည်းတွေပါတယ်။ မိလိုက်တဲ့ငှက်ကို တစ်ချက်ကုတ်လိုက်ရင် အသက်ပျောက်သွားတာ။ နှုတ်သီးကလဲ ထက်မြက်ရုံမကဘူး ဆုတ်တဲ့ဖွဲ့တဲ့အားကလဲ အလွန်ကိုကောင်းတယ်။ သားကောင်ရဲ့ အသားကို အမြှာမြှာကွဲသွားအောင် ဆုတ်ပစ်နိုင်တာ။ အဲဒါ သစ်ကိုင်းပေါ်မှာ နားပြီးမှ စားတာမဟုတ်ဘူး။ လေထဲမှာပျံနေရင်း ခြေသည်းနဲ့ကိုင်ပြီး စားသွားတာ။ ပြောလက်စနဲ့ ပြောလိုက်ပါဦးမယ်ကွာ။ လင်းယုန်အကြီးဆုံးတွေဟာ အမေရိကတိုက်မှာ တွေ့ရလေ့ရှိတယ်။ ငါဖတ်ဖူးသလောက် ပြောရရင် အကြီးဆုံးလင်းယုန်တွေဟာ အတောင်တစ်ဘက်စွန်းက တစ်ဘက်စွန်းထိ ဆယ့်ခြောက်ပေတောင်ရှိတယ်လို့ ဆိုတယ်။ မိုင်တစ်ထောင်ထိပျံသန်း ကျက်စားတတ်တယ်တဲ့။ ငှက်အချင်းချင်းကိုထားလိုက်တော့ သိုးကလေးတွေ၊ နွားပေါက်စလေးတွေကိုတောင် သုတ်ချီသွားတတ်တယ်။ အဲဒါကိုတော့ဖြင့် ရုပ်ရှင်ထဲမှာ ကြည့်ရဖူးတယ်။ ဒါပေမဲ့ လင်းယုန်ကို သေနတ်နဲ့ဘာနဲ့ ပစ်သတ်ခွင့်မရှိဘူး။ ခြောက်ရုံလှန့်ရုံလောက်သာ သေနတ်ကို ဖောက်ရတယ်"

"ဘာပြုလို့လဲဆရာ"

"အလွန်ကိုရှားပါးတဲ့ငှက်တွေမို့ ထိန်းသိမ်းထားတာပေါ့။ နောက်ပြီး ငါတို့မြန်မာတွေမှာ ဥဒေါင်းကို အမျိုးသားသင်္ကေတအဖြစ် သတ်မှတ်သလို၊ အမေရိကန်ပြည်ထောင်စုသင်္ကေတကလဲ လင်းယုန်လေကွာ။ ကဲ-ထားလိုက်ပါတော့ကွာ၊ ငါတို့ပြောနေတဲ့သင်ခန်းစာ မျက်ခြည်ပြတ်သွားမှာလဲ စိုးရသေးတယ်။ ကောင်းပြီ။ လေယာဉ်မောင်းသူချင်းအတူတူမှာ





တိုက်လေယာဉ်မောင်းသူနဲ့ သာမန်လေယာဉ်မောင်းသူ ဘယ်သူကပိုပြီး ကျွမ်းကျင်ဖို့လိုမလဲ"

"တိုက်လေယာဉ်"

"အေးပေါ့ကွ၊ မင်းတို့လဲ ရုပ်ရှင်တွေ ဗွီဒီယိုတွေထဲမှာ တွေ့ဖူးကြမှာပေါ့။ တိုက်လေယာဉ်မောင်းတဲ့သူတွေဟာ ရုတ်တရက် အပေါ်ထိုးတက်လိုက်၊ အောက်ကို ထိုးဆင်းလိုက်၊ ဘေးတိုက်ပျံသွားလိုက် လုပ်ကြရတယ်မဟုတ်လား။ တစ်ဘက်က တိုက်လေယာဉ်ကို ရှောင်ရတိမ်းရတာတွေပေါ့။ ဒီလိုပဲ သားရဲငှက်တွေကလဲ ပျံသန်းမှုအတတ်ပညာကို ကျွမ်းကျင်ရတယ်။ အဲဒီလို ကျွမ်းကျင်အောင် ဘယ်သူက သင်ပေးသလဲ သိလား"

"မိဘက"

"အေးပေါ့ကွ။ မိဘက သင်ပေးရတာပေါ့။ သားသမီးပေါက်စလေးက သစ်ပင်တစ်ခုထဲမှာ၊ သို့မဟုတ် ချုံထဲမှာ နေရတယ်။ မိဘဖြစ်သူက သူမြင်လောက်အောင် လေထဲမှာ ထိုးဆင်းလိုက်၊ ထောင်တက်လိုက်၊ တိုက်လေယာဉ်လေ့ကျင့်သလို လုပ်ပြနေရတယ်။ ငါတို့မြန်မာပြည်မှာဆိုရင် ချိုးသိမ်းငှက်တွေဟာ အလွန်ကိုသိသာတယ်။ တစ်ခါတစ်ရံ လေထဲမှာ နေရာမရွေ့ အတောင်ခတ်ပြနေတယ်။ ဟို-ဟယ်လီကော့ပ်တာ လေထဲမှာ ရပ်နေနည်းမျိုးပေါ့။ ငါကိုယ်တိုင်လဲ ချိုးသိမ်းတွေ အဲဒီလိုလုပ်တာတွေကို ငယ်ငယ်က မကြာခဏတွေ့ဖူးတယ်။ အပျင်းပြေဆော့နေတာလို့ ထင်ခဲ့မိတာပေါ့။ အနီးအနားမှာ သားသမီးတစ်ကောင်တလေရှိတယ်။ သူ့ကို ပညာသင်ပေးနေတယ်ဆိုတာ နောက်မှသိလာရတာ။

"ထားလိုက်တော့၊ စိတ်ဝင်စားစရာကောင်းတာကို ပြောလိုက်ရဦးမယ်။ မိခင်၊ သို့မဟုတ် ဖခင်က သားကောင်ငှက်ကလေးကို ဖမ်းလာပြီး သားသမီးကို ကျွေးတယ်။ အစာခွံ့သလို ကျွေးတာပေါ့ကွာ။ နောက်တော့ အပျံသင်ပေးတယ်။ နည်းနည်းပျံတတ်လာပြီဆိုတော့ လွယ်လွယ်ကူကူ မကျွေးတော့ဘူး။ ဖခင်ဖြစ်သူက အထက်ကောင်းကင်မှာ ပျံသွားတာ။ ခြေသည်းနဲ့ကုတ်ထားလို့ သေနေတဲ့ငှက်ကို ပစ်ချလိုက်တယ်။ အဲဒါကို သားသမီးက လေထဲမှာ လိုက်ဖမ်းရတယ်။ ငှက်အရှင်ကို မဖမ်းမီ ငှက်သေကောင်ကို ဖမ်းနိုင်အောင် လေ့ကျင့်ရတာပေါ့။ အဲဒါကို သားသမီးက ဖမ်းနိုင်လို့ လွတ်သွားရင် အောက်ဘက်မှာ အသင့်စောင့်နေတဲ့ မိခင်



www.burmeseclassic.com

www.burmeseclassic.com



ငှက်မကြီးက ဖမ်းယူလိုက်တယ်။ ပြီးမှ ငှက်မကြီးက အပေါ်ဘက်ကို ပျံတက်သွားတယ်။ ဖခင်က သားသမီးရဲ့ အောက်ဘက်ကို ဆင်းလိုက်ပြန်တယ်။ မိခင်က ငှက်သေကောင်ကို ပစ်ချလိုက်ပြန်တယ်။ သားက ကျလာတဲ့ငှက်ကို လိုက်ဖမ်းရပြန်တယ်။ မမိလို့ရှိရင် အောက်ဘက်က ဖခင်က ဖမ်းယူလိုက်ပြန်တယ်။ ပြီးတော့ ဖခင်က သားရဲ့ အထက်ဘက်ကို ပြန်တက်သွားပြန်တယ်။ မိခင်က သားရဲ့ အောက်ဘက်ကို ဆင်းသွားပြန်တယ်။ ဖခင်က ပစ်ချလိုက်ပြန်တယ်။ အဲဒီငှက်သေကောင်ကို ဖမ်းလို့မမိမချင်း မစားနဲ့တော့။ အဲဒီ သားသမီး အယ်လောက် ပင်ပန်းမလဲဆိုတာ မှန်းကြည့်ကြပေတော့။ ဆာလည်း ဆာလှပြီ။ ပင်ပန်းကလဲ ပင်ပန်းလှပြီလေ။

"အဲဒီလိုနည်းနဲ့ အစားတစ်လုတ်ကို ရှာစားနိုင်အောင် လေ့ကျင့်ရတာ။ သူတို့ရဲ့သင်တန်း ထရိန်နင်က အလွန်ပြင်းထန်တယ်။ မပြင်းထန်လို့လဲ မရဘူး။ ဘာကြောင့်လဲဆိုတော့ လေထဲမှာပျံတဲ့ ငှက်ချင်းအတူတူကို လိုက်ဖမ်းရတာ မဟုတ်လား။ သားကောင် ငှက်ကလဲ အစွမ်းကုန်ပျံပြေးမှာပဲ။ အသက်ဘေး မဟုတ်လား။

"ဒီတော့ မင်းတို့တစ်တွေ စာမေးပွဲနီးလို့ ကျောင်းတက်ရတာ၊ စာဖတ်ရတာ၊ ကျောင်းစာလေ့ကျင့်ခန်းတွေကို လုပ်ကြရတာ ဘယ်လောက်ပဲ ပင်ပန်းတယ်ဆိုပါစေ တိရစ္ဆာန်တွေရဲ့ ကြိုးပမ်းရမှု၊ ပင်ပန်းရမှုနဲ့ စာလိုက်တော့ ဘာမှမဟုတ်သေးဘူးဆိုတာ တွေ့လာရပြီ မဟုတ်လား။ မင်းတို့ စာမေးပွဲကျလိုက်လို့ ဖအေမအေက ထမင်းမကျွေးဘူးရယ်လို့ မရှိဘူး မဟုတ်လား။ သူတို့စာမေးပွဲကတော့ မအောင်ရင် စားကိုမစားရတော့တာ။ ဘဝကိစ္စကြီး မဟုတ်လား။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်စွမ်း ရှိအောင် သင်ပေးရတဲ့ ပညာရေးလေကွယ်"

"ဆရာ-အဲဒါတွေကိုလဲ စာအုပ်တွေကိုဖတ်ပြီး သိရတာပဲလား"

"အေးပေါ့ကွဲ့။ ဒါမျိုးတွေကို စိတ်ရှည်လက်ရှည် မှန်ပြောင်းတစ်လက်၊ ကင်မရာပစ္စည်းမျိုးစုံနဲ့ စောင့်ကြည့်နေကြတဲ့ ငှက်သိပ္ပံပညာရှင်တွေကလဲ ရှိနေသေးတာကိုး။ သူတို့က ပြန်ပြီးစာရေးသားထုတ်ဝေကြလို့ ငါတို့ သိကြရတာပေါ့။ ငါတို့တိုင်းပြည်မှာကတော့ ခုမှအစပျိုးလာခါစပဲ ရှိပါသေးတယ်။ တောင်သူလယ်သမားတွေကတော့ သူတို့ဘဝနဲ့ပတ်သက်သမျှ ငှက်သဘာဝတွေကို သတိထားမိတတ်ကြတယ်။ ဆိုပါစို့ကွယ် ဘီလုံးငှက်တွေ





အသိုက်နိမ့်နိမ့်လုပ်ရင် မိုးနည်းတတ်တယ်။ အသိုက်မြင့်မြင့်လုပ်ရင် ရေကြီးတတ်တယ်ဆိုတာမျိုးပေါ့။ ကဲ-ထားလိုက်ပါတော့ကွယ်။ ပဓာနထားပြီး ပြောချင်တာက မင်းတို့မှ ပညာသင်ကြားရတာ မဟုတ်ဘူး။ တိရစ္ဆာန်တွေလဲ ပညာသင်ကြားရတယ်။ သူတို့ပညာရေးက မင်းတို့ထက်တောင် ပိုလို့ ပြင်းထန်သေးတယ်။ အဲဒါတွေကို သတိထားမိကြဖို့ ဖြစ်ပါတယ်။ နောက်တစ်ပတ် ဆက်ကြသေးတာပေါ့"

*

www.burmeseclassic.com

www.burmeseclassic.com

## (၈)

နွေနေကလည်း ပူလွန်းတာကြောင့် ကိုယ်လက်မအီမသာရှိနေတာနဲ့ အစရင် တစ်ပတ်က 'ကျွန်တော်ကျောင်းဆရာ'ကို မရေးနိုင်ခဲ့ဘူး။ အသင့်ရေးပြီး ရှိနေတဲ့ ဆောင်းပါးတစ်စောင်ကို ထိုးပေးလိုက်ရပါတယ်။ ခုမှဆက်ရပါ တယ်။ ကလေးတွေကို စကားဆိုလိုက်ပါရစေဦး။

"မင်းတို့တစ်တွေ ငါရေးခဲ့တဲ့ ရှေ့ပိုင်းဆောင်းပါးတွေကို ပြန်ပြီး ဖတ်ကြည့်ကြစေချင်တယ်။ ကိုယ်ပိုင်ဉာဏ်သုံးတတ်ကြစေချင်လို့ပါ။ ကဲကွာ- ဖြတ်ပြီး မေးလိုက်ရဦးမယ်။ မင်းတို့ အလီပေါင်းတွေကို ကျက်ခဲ့ရဖူးသလား"

"ကျက်ခဲ့ရဖူးပါတယ်"

"ကိုင်း-ဒါဖြင့် ပြောကြစမ်းကွာ၊ အလီပေါင်းဆိုတာ ဘာလဲ"

ဒီနေရာမှာတော့ဖြင့် သူတို့အားလုံး ခဏငိုင်သွားကြပါတော့သည်။ ဒါလည်း အထူးအဆန်းတော့ မဟုတ်ပါ။ အစဉ်းစားခိုင်းလိုက်လျှင် ကျောင်း သားအားလုံး ငိုင်သွားတတ်လေ့ရှိပါသည်။ ထို့ကြောင့် ကျွန်တော်က -

"ကိုင်းကွာ 'နှစ်အလီ' ကို ဆိုကြည့်ကြစမ်း"

"နှစ် တစ်လီ နှစ်၊ နှစ် နှစ်လီ လေး၊ နှစ် သုံးလီ ခြောက်"

"နှစ် နှစ်လီ လေး ဆိုတာ ဘာကိုဆိုလိုသလဲ။ စဉ်းစားကြည့်ကြ ပေါ့ကွ"

"သိပြီ ဆရာ။ နှစ် နှစ်လီ လေး ဆိုတာ နှစ်ကို နှစ်ကြိမ် ပေါင်းထား တာ"

"နှစ်-သုံးလီ"

"နှစ်-သုံးလီ ခြောက် ဆိုတာက နှစ်ကို သုံးခါပေါင်းထားတာ"





"အလီပေါင်းဆိုတာ အဲဒါပဲပေါ့ကွ။ ဒါဖြင့် အလီပေါင်းကိုရတော့ ဘာဖြစ်သလဲ။ စဉ်းစားကြဦးစို့ကွာ"

"အလီပေါင်းကိုရတော့ ပေါင်းတာမှာ မြန်တာပေါ့ ဆရာ"

"အေးပေါ့ကွ။ ကြက်ဥတစ်လုံးကို ဆယ့်ခြောက်ကျပ်၊ ကြက်ဥ ငါးလုံးဆိုရင်"

"ရှစ်ဆယ်"

"မင်းတို့ ဆယ့်ခြောက် ငါးကြိမ်ချပေါင်းနေဖို့ လိုသေးသလား"

"မလိုတော့ဘူး"

"ဘာကြောင့်လဲ"

"အလီပေါင်းကို အလွတ်ရထားလို့"

"အေးပေါ့ကွ၊ အလွတ်ကျက်တန်ရင်လဲ ကျက်ရမှာပေါ့။ ဒါပေမဲ့ ဘာကြောင့် ဘာကြောင့် အလွတ်ကျက်ရတယ်ဆိုတာကိုလဲ သိထားရမှာပေါ့။ မင်းတို့ငါတို့က အလွန်ကိုသက်သာပါသေးတယ်။ ငါတို့ ဘိုးဘေးတွေများ ဆိုရင် အလီပေါင်းကျက်ရတာ အလွန်ပင်ပန်းခဲ့ကြရှာတယ်"

"ဘာကြောင့်လဲ ဆရာ"

"သူတို့က ကိုးကြောင်းလင်္ကာတွေကို ကျက်မှတ်ကြရတာ"

"ကိုးကြောင်းလင်္ကာဆိုတာ ဘာလဲ ဆရာ"

"ပါဠိလိုရေးထားတဲ့ အလီပေါင်းတွေပါပဲ။ ဆိုကြပါစို့ကွာ 'နော ဧကနော၊ နဝဒွေး အဋ္ဌာရသ' ဆိုတာမျိုးပေါ့။ နော၊ နဝ ဆိုတာတွေက (၉)ကို ပြောတာ။ မင်းတို့တိုင်အောင် နဝမတန်းလို့သုံးနေသေးတာပဲ မဟုတ်လား။ ဒီတော့ နောဧကနော ဆိုတာက ကိုး တစ်လီ ကိုးပေါ့ကွ။ နဝဒွေးအဋ္ဌာရသ ဆိုတာက ကိုး နှစ်လီ ဆယ့်ရှစ်ပေါ့၊ ဒီတော့ သူတို့ ဘယ်လောက်ထိအောင် ကျက်မှတ်ခဲ့ရမယ်ဆိုတာ မှန်းလို့သာ ကြည့်ကြပေရော့။ မင်းတို့က ပိုလို့ ကံကောင်းပါတယ်။ ဂဏန်းပေါင်းစက်တွေကလဲ ပေါ်လာလိုက်သေးတာကိုး"

သူတို့ တအံ့တသြ ရယ်မောကြပါသည်။

"ဒါထက် ပြောလိုက်ရဦးမယ်။ ဈေးသည်မိန်းမကြီးတစ်ယောက်သည် သူ့ဆိုင်တွင် ပြန်ရောင်းရန်အတွက် ဈေးတွင် ဘဲဥ(၁၀၀) ကို ငွေငါးရာကျပ် နှင့် ဝယ်လာခဲ့သည်။ လမ်းတွင် ဘဲဥသုံးလုံး ကွဲသွားခဲ့သည်။ မိမိဆိုင်သို့ ပြန်ရောက်သောအခါ ဘဲဥတစ်လုံးကို ခြောက်ကျပ်နှင့် ပြန်ရောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြတ်ငွေ မည်မျှ ကျန်မည်နည်းဆိုတဲ့ သင်္ချာမျိုး မင်းတို့ ငယ်ငယ်က တွက်ခဲ့ရဖူးသလား"

"တွက်ခဲ့ရဖူးပါတယ် ဆရာ"

"အေး-အဲဒါ ကြီးလာရင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင်လို့ပေါ့ကွဲ။ တိရစ္ဆာန်တွေ အပျံသင်သလိုမျိုး လုပ်ရတာပဲပေါ့"

"တိရစ္ဆာန်တွေမှာတော့ မိဘက သင်ပေးတယ်နော်"

"မှန်တယ်။ လူတွေရဲ့ပညာရေးက သိပ်မြင့်လာပြီ။ ဒါကြောင့် ပညာရပ်ဟူသမျှကို မိဘက သင်မပေးနိုင်တော့ဘူး။ ဒါကြောင့် 'ဆရာ' ဆိုတဲ့ လူတန်းစားပေါ်လာရတာ။ ဒါကြောင့် ဟိုးရှေးခေတ်တွေကတည်းက သားသမီးတွေကို ဒိသာပါမောက္ခ ဆရာကြီးတွေရှိတဲ့ တက္ကသိုလ်ကြီးတွေပို့ပြီး ပညာသင်စေရတာကို မင်းတို့လဲ ကြားဖူးကြမှာပေါ့"

"ကြားဖူးပါတယ် ဆရာ"

"အေး-တော်ကြဦးစို့ကွယ်။ ဆရာလဲ နေမကောင်းဖြစ်ပြီးစ ပင်ပန်းလွန်းလို့ပါ"

*

## (၉)

ကျွန်တော်တို့၏ ကျောင်းသားငယ်ကလေးများကို သေချာစစ်ဆေးကြည့်ကြစေချင်ပါသည်။ ကျွန်တော် စစ်မေးကြည့်ခဲ့ဖူးသည်ကိုလည်း ပြန်လည်တင်ပြလိုပါသည်။ ကျွန်တော်က သူတို့ကို မေးပါသည်။

"မင်းတို့ ဘာဖြစ်လို့ ပညာသင်ကြတာလဲ။ ဘာဖြစ်လို့ ကျောင်းတက်ကြတာလဲ"

"ပညာတတ်ချင်လို့ပါ"၊ "ပညာတတ်ချင်လို့ပါ"

"ဟုတ်ရဲ့လား၊ သေချာထပ်စဉ်းစားကြစမ်း"

"ဟုတ်ပါတယ်"၊ "ဟုတ်ပါတယ်"

"သေချာထပ်စဉ်းစားကြစမ်း။ ဘာဖြစ်လို့ ကျောင်းလာတက်ကြတာလဲ၊ ဘာဖြစ်လို့ ကျူရှင်တွေတက်နေကြတာလဲ"

"စာမေးပွဲအောင်ချင်လို့ပါ"

"အေး-ဟုတ်ပြီ။ ဘာဖြစ်လို့ စာမေးပွဲအောင်ချင်ကြတာလဲ"

"အလုပ်ရအောင်လို့ပါ"၊ "အသက်မွေးဝမ်းကျောင်းလုပ်နိုင်ဖို့ပါ"၊ "ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ဖို့ပါ"

"ကောင်းပြီ။ မင်းတို့စဉ်းစားနိုင်အောင် ငါ ပြောပြမယ်။ ငါလဲ ငါ့ကိုယ်ငါ ငယ်စဉ်ဘ၀ကို ပြန်စဉ်းစားကြည့်ခဲ့မိဖူးပါတယ်။ ကျောင်းသွားတာကိုက မိဘတွေက အသွားခိုင်းလို့ သွားလိုက်ရတာပဲ။ ဘာရယ်လို့ကို မတွေးခဲ့မိဘူး။ ကျောင်းရောက်ပြန်တော့လဲ ဆရာက ဒီစာကိုကျက်ဆိုလို့ ကျက်လိုက်ရတာ ပဲ၊ ဘာရယ်လို့ မည်မည်ရရ တစ်ခါမှမတွေးခဲ့မိဖူးပါဘူး။ အရေးကြီးတာက စာမေးပွဲအောင်ဖို့၊ ဆရာကျေနပ်ဖို့၊ အရိုက်ခံမထိဖို့လောက်ကိုသာ စဉ်းစားပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး စဉ်းစားခဲ့တာပါပဲ။ အခု ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ လူလား မမြောက်သေးတဲ့ ကလေးပေါက်စအတွေးသက်သက်ပဲ ဖြစ်နေတာကို တွေ့နေရတယ်။ ဒီတော့ မင်းတို့ကိုလဲ ဘာမှအပြစ်မပြောလိုပါဘူး။ မကြာသေးမီက စာတစ်အုပ်ကို ဖတ်လိုက်ရပါတယ်။ ဒါထက် ပြောလိုက်ရဦးမယ်။ ဟွန်ဒါမော်တော်ကား။ ဟွန်ဒါဆိုင်ကယ်။ ဆူပါကတ်ဆိုင်ကယ် ဆိုတာတွေကို သိကြမှာပေါ့"

"သိပါတယ်"၊ "သိပါတယ်"

"အေး-အဲဒါတွေကို တီထွင်လုပ်ဆောင်ခဲ့တဲ့သူက ဂျပန်လူမျိုး **'ဟွန်ဒါ ဆိုးအီချီရော'** တဲ့။ အခုတော့ဖြင့် ကွယ်လွန်သွားတာ ဆယ်နှစ်လောက် ရှိသွားပါပြီ။ သူ့ဘဝဇာတ်ကြောင်း ကြိုးပမ်းခဲ့ရပုံတွေ၊ အရေးမလှဖြစ်ခဲ့ရတာ တွေ၊ အောင်မြင်မှုရခဲ့တာတွေကို ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအဖြစ် ရေးခဲ့ တယ်။ တခြားလုပ်ဖော်ကိုင်ဘက်တွေကလဲ ဖြည့်စွက်ရေးသားတယ်။ အဲဒါ ဒီစာအုပ်ကို **'နန်းမြကေခိုင်'** ဆိုတဲ့ မြန်မာမကလေးတစ်ယောက်က ဂျပန်ဘာသာ ကနေပြီး မြန်မာလိုပြန်ဆိုခဲ့ပါတယ်။ နန်းမြကေခိုင်ရဲ့ဖခင်က ဂျပန်ပြည်မှာ ဧည့်ပါမောက္ခအဖြစ် အမှုထမ်းရလေတော့ ဒီကလေးမကလဲ ဂျပန်ပြည်မှာပဲ ပညာသင်ခဲ့ရတာပေါ့လေ။ ဒီတော့ကာ ဂျပန်ဘာသာစကား၊ ဂျပန် ယဉ်ကျေးမှု လူနေမှုတွေကို ဂျပန်မကလေးတစ်ယောက်လို ကျွမ်းဝင် ရင်းနှီးနေတော့တာပေါ့။ ဒါကြောင့် ဒီလိုစာအုပ်မျိုးကို ပိုင်ပိုင်နိုင်နိုင် မြန်မာပြန်ဆိုနိုင်တာပေါ့။ စာအုပ်နာမည်က မြန်မာလို **'အိပ်မက်ခွန်အား ဖြင့် ကမ္ဘာကျော်သူ'** တဲ့။

"ထားလိုက်ပါတော့။ ငါပြောချင်တာက အဲဒီ မစ္စတာဟွန်ဒါရဲ့ စကား တစ်ခွန်းကို မင်းတို့ သိကြစေချင်တာပါ။ သူက ကလေးဘဝကတည်းက စက်ပစ္စည်းကို ဝါသနာပါတယ်။ စွဲစွဲမက်မက် ဝါသနာကြီးတယ်။ စက်ပစ္စည်း တွေကို ကိုယ်တိုင်လုပ်ချင်တယ်။ ကောင်းသည်ထက် ကောင်းအောင်၊ မြန်သည်ထက် မြန်အောင် ထုတ်လုပ်ချင်တယ်။ ဒီလိုနဲ့ ဒုတိယကမ္ဘာစစ်ကြီး အတွင်းမှာ အင်ဂျင်အတွက် ပစ္စတန်ကွင်း (piston ring) ကို ထုတ်ဖို့ကြိုးစား တယ်။ မအောင်မြင်ဘူး။ အရည်အသွေးမမီဘူး။ နောက်ဆုံးမှာတော့ သူဟာ သတ္တုဗေဒပညာအခြေခံမရှိလို့ မအောင်မြင်တာပဲ ဆိုတာကို သိလာရတယ်။ ဒီတော့မှ 'ဟာမာမတ်ဆု စက်မှုသိပ္ပံသင်တန်းကျောင်း' ကို သွားတယ်။ ကျောင်းအုပ်ကြီးဆီမှာ အပြင်ကျောင်းသားအဖြစ် တက်ခွင့်ပေးဖို့ ခွင့်တောင်း





တယ်။ ဒါနဲ့ပဲ တက်ခွင့်ရတယ်ဆိုကြပါစို့ကွယ်။ သူ့တီထွင်မှုအလုပ်ရုံကလဲ တစ်ဖက်ဆိုတော့ ရသမျှအချိန်ကလေးမှာ လုပြေးပြီး ကျောင်းတက်ရတာ ပေါ့။ တစ်ခြားကျောင်းသားတွေကတော့ ဆရာပြောသမျှကို လိုက်ပြီး မှတ်စု ရေးကြ မှတ်ကြပေါ့။ သူကတော့ သူ့ပစ္စတန်ကွင်းအတွက်ကိုသာ အာရုံစွဲနေ တာမို့ လိုအပ်သမျှကို ခေါင်းထဲမှာ စွဲနေအောင် စိတ်နဲ့မှတ်တာပေါ့လေ။ မှတ်စုတွေဘာတွေ လိုက်မရေးတော့ဘူး။

"အဲ- စာမေးပွဲတွေစစ်နေပြီဆိုရင် သူက မဖြေတော့ဘူး။ ကျောင်း အားရက်လို့ သဘောထားပြီး သူ့အလုပ်ခွင်မှာပဲ ပြန်လုပ်နေတော့တာပဲ။ နောက်တော့ သူ့ကို ကျောင်းထုတ်ပစ်ပါလေရော။ ဒါနဲ့ သူ့ကိုဘာဖြစ်လို့ ကျောင်းထုတ်တာလဲလို့ ကျောင်းအုပ်ကြီးကို သွားမေးတာပေါ့။ စာမေးပွဲ မဖြေတာ၊ ကျောင်းမမှန်တာကြောင့်လို့ ပြောတာပေါ့။ ဒါနဲ့ သူက ကျောင်း ထုတ်ချင်လဲ ထုတ်ပါ။ ဒါပေမဲ့ 'လက်ချာ'ကိုတော့ဖြင့် နားထောင်ခွင့်ပြုပါ ဆိုပြီး ဆက်တက်၊ ဆက်နားထောင်ပြန်တာပဲ။ ဒီမှာတင် ဆရာကြီးက 'မင်းက စာမေးပွဲလဲ မဖြေဘူး။ ဒါကြောင့် မင်းကို အောင်လက်မှတ်တော့ မပေးနိုင်ဘူး' လို့ ပြောပါလေရော။

"အဲ-ငါပြောချင်တဲ့ အချက်က အခုမှ ရောက်လာတော့တာ။ (ဟွန်ဒါ စံ) မစ္စတာဟွန်ဒါက ဘာပြန်ပြောတယ်မှတ်သလဲ။ **'အောင်လက်မှတ် မပေး ချင်လဲနေပေါ့။ ခင်ဗျားအောင်လက်မှတ်ကြီးက ဘာသုံးလို့ဖြစ်တာမှတ် လို့။ ရုပ်ရှင်လက်မှတ်ကမှ ဟုတ်တုတ်တုတ်ရှိသေးတယ်။ ရုပ်ရှင် ကြည့်လို့ရနိုင်တယ်'** လို့ ပြောပစ်ခဲ့တာ။ ကျောင်းအုပ်ကြီးလဲ ဒေါကန်ပြီး ကျန်ရစ်ခဲ့တာပေါ့လေ။

"ငါပြောချင်တာက ပညာတတ်ချင်တာလား၊ စာမေးပွဲ အောင်လက် မှတ်ကို လိုချင်တာလား။ မစ္စတာဟွန်ဒါကတော့ ပြတ်သားတယ်။ ရှင်းတယ်။ ပညာသင်တာ ပညာတတ်ချင်လို့။ စာမေးပွဲတွေ အောင်လက်မှတ်တွေကို ထည့်ကို မတွက်တော့ဘူး။

"သို့သော်လဲ မင်းတို့နဲ့ ဟွန်ဒါစံ မတူတဲ့အချက်တွေကို ငါ သတိရပါ တယ်။ သူက သူ့လုပ်ငန်းအတွက် လေ့လာတာ။ မင်းတို့မှာကတော့ မိဘ ဆရာသမားများက ပြဋ္ဌာန်းထားတဲ့စာတွေကို လေ့လာနေကြရတာ။ စာမေးပွဲအောင်ဖို့ကလဲ လိုသေးတယ် မဟုတ်လား။ စာမေးပွဲကျခဲ့ရင်ကိုယ့် အိမ်မှာတောင် ထမင်းစားရတာ မဝံ့မရဲဖြစ်နေတော့မှာပေါ့။ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲအောင်ဖို့ကိုလဲ ကြိုးစားကြရမှာပဲ။ ဒါပေမဲ့ တစ်ဘက်ကကြည့်လိုက်ရင်လဲ ပညာကိုလဲ တတ်အောင်ကြိုးစားကြရမှာပဲ။

"စောစောက ' ဘာဖြစ်လို့ ပညာသင်ကြသလဲ' လို့ ငါမေးခဲ့တော့ 'ပညာတတ်ချင်လို့ပါ' လို့ မင်းတို့ ဖြေခဲ့ကြတယ်။ အခုတော့ 'တကယ်ဟုတ်ရဲ့လား' လို့ ထပ်မေးရတော့မယ်။ မင်းတို့ အခုဆိုရင် ဆယ်တန်းရောက်လာကြပြီ။ ဆယ်တန်းဆိုလိုက်တော့ ကိုးတန်းအောင်ခဲ့ကြပြီးပြီ။ ကိုးတန်းပြဋ္ဌာန်းစာတွေကို ကောင်းစွာ နားလည်ခဲ့ကြပြီးပြီပေါ့။ ကိုးတန်းပညာကို ကောင်းစွာ တတ်ခဲ့ကြပြီးပြီပေါ့။ ကောင်းပြီ။ မင်းတို့ ကိုးတန်းမှာ အောင်မှတ်ရခဲ့လို့ အောင်လာခဲ့ကြတာပေါ့။ အောင်မှတ်ဆိုတာက လေးဆယ်ရာနှုန်းပေါ့ကွာ။ တကယ်လို့ အဲဒီကိုးတန်းစာတွေကို ထပ်ပြီး စစ်စစ်ပေါက်ပေါက် စာမေးပွဲထပ်ပြီးစစ်ရင် မင်းတို့ အောင်ပါစေမယ်လို့ တာဝန်ယူနိုင်ပါ့မလား"

ထိုအခါတွင်တော့ဖြင့် တစ်တန်းလုံး ငြိမ်ကျသွားပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြသည်ကို တွေ့လိုက်ရပါတော့သည်။ တချို့ကလည်း ရယ်ရွှမ်းဖတ်ရွှမ်းလုပ်ပြီး 'မရတော့ဘူးထင်တယ်' ဟု ပြောကြပါသည်။

"ငါပြောချင်တာက မြန်မာစာမှာပါတဲ့ ကဗျာတွေဘာတွေကို အလွတ်ရွတ်နိုင်းတာမျိုး မဟုတ်ပါဘူး။ မင်းတို့သင်ခဲ့ရတဲ့ သချ်ာ၊ ရူပ၊ ဓာတုဆိုတာမျိုးတွေကို ခြေခြေမြစ်မြစ် ပြန်ပြောနိုင်ပါရဲ့လားဆိုတာကို မေးနေတာပါ။ အဲဒီပြဋ္ဌာန်းစာအုပ်ထဲက ပုစ္ဆာတွေကို ပြန်ပြီးအတွက်ခိုင်းရင် တွက်နိုင်ကြပါ့မလား။ တခြားလူတစ်ယောက်ကို ပြန်သင်ပေးစမ်းပါဆိုရင် သင်ပေးနိုင်မလား ဆိုတာကို မေးနေတာပါ"

သူတို့အားလုံး ငိုင်သွားကြပြန်ပါသည်။

"ကဲ-ထားလိုက်ကြပါတော့ကွာ။ ပညာဘာကြောင့်သင်သလဲဆိုတော့ ပညာတတ်ချင်လို့ပါ လို့ မင်းတို့ဖြေခဲ့ကြတယ်နော်။ အဲဒါကို သေသေချာချာ စဉ်းစားပြီး မင်းတို့ကိုယ်မင်းတို့ ပြန်စစ်ဆေးနိုင်အောင်လို့ ငါက ဒီမေးခွန်းတွေကို မေးလိုက်ရတာပါ။ ငါကိုယ်တိုင်ကလဲ သေချာစဉ်းစားခဲ့ဖူးတာ မဟုတ်ပါဘူး။ အခုကျတော့မှ စဉ်းစားမိလာတာတွေပါ။ **ငါကိုယ်တိုင် ငယ်ငယ်က မစဉ်းစားမိခဲ့ဖူးသော်လဲ မင်းတို့ကိုတော့ဖြင့် ဒီအရွယ်ကတည်းက စဉ်းစားမိစေချင်တာကြောင့်** ဒါတွေကို မေးဖြေဆွေးနွေးလုပ်နေရတာပါ။ နောက်တစ်ပတ် ဆက်ချင်သေးတယ်ကွာ"

*

## (၁၀)

ရှေ့ပိုင်းတွင် ကျောင်းသားငယ်များအား ပညာဆိုတာ ဘာလဲ၊ ပညာသင်တယ်ဆိုတာ ဘာလဲ စသည်တို့ကို ဆွေးနွေး သင်ကြားပေးခဲ့ကြောင်းတွေကို ရေးသားခဲ့ပါသည်။ ဆက်ပြီး နားထောင်ကြည့်ပါဦး။

"ကဲ-ဆက်ကြရအောင်။ မင်းတို့ကို ပညာဆိုတာ ဘာလဲ၊ ပညာသင်တယ်ဆိုတာ ဘာလဲ စတာတွေကို ဆွေးနွေးသင်ကြားပေးခဲ့ပြီးပါပြီ။ ပြန်ပြီးဆွေးနွေးလိုက်ကြဦးစို့။ ပညာဆိုတာ ဘာလဲ၊ မှတ်မိကြသေးလား"

"မှတ်မိပါတယ် ဆရာ၊ အကြောင်းကို သိခြင်းပါ"

"ဟုတ်ပြီ၊ ဒါဖြင့် ဘာကြောင့် ပညာသင်ကြရသလဲ။ တိရစ္ဆာန်တွေမှာလဲ ပညာသင်ကြရတာပဲဆိုတာကို မှတ်မိကြဦးမှာပေါ့"

"မှတ်မိပါတယ် ဆရာ"

"မင်းတို့ ဘာကြောင့် ပညာသင်ကြသလဲ"

"ပညာတတ်ချင်လို့ပါ ဆရာ"

"ဘာကြောင့် ပညာတတ်ချင်ကြသလဲ"

"ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ပါ"၊ "ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်ဖို့ပါ"၊ "ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်ဖို့ပါ"

"ကောင်းပြီ၊ ဒီတစ်ပတ်မှာတော့ဖြင့် ပညာသင်တယ်ဆိုတာ ဘာလဲ ဆက်ပြီး စဉ်းစားလိုက်ကြဦးစို့။ တိရစ္ဆာန်တွေမှာလဲ ပညာသင်ပေးတာ မှိုကြောင်း ဆွေးနွေးခဲ့ကြပြီ။ မှတ်မိကြသေးလား"

"မှတ်မိပါတယ် ဆရာ"

"တိရစ္ဆာန်နဲ့လူ ဘယ်သူကပိုပြီး ပညာကြီးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လူက ကြီးပါတယ် ဆရာ"

"တိရစ္ဆာန်တွေမှာ ဘယ်သူက ပညာသင်ပေးသလဲ"

"မိဘတွေက သင်ပေးပါတယ်"

"လူတွေမှာတော့ ဘယ်သူက သင်ပေးသလဲ"

"ဆရာတွေက သင်ပေးပါတယ်"

"မှန်တယ်၊ ကောင်းပြီ-ပညာသင်တယ်ဆိုတာ ဘာလဲ၊ ဘာလုပ်တာလဲ ဆက်ပြီး စဉ်းစားလိုက်ကြရအောင်။ ငါဟာ ကျောင်းဆရာတစ်ယောက်ဖြစ်တယ်။ အခု ငါ မင်းတို့ကို ပညာသင်ပေးနေတယ်။ ငါ့မှာ စာတွေတွေ့ရှိတယ်။ ငါကိုယ်တိုင်တွေ့ကြုံခဲ့ဖူးတာတွေ ရှိတယ်။ ငါကိုယ်တိုင် စဉ်းစားတွေးတောမိတာတွေ ရှိတယ်။ **စာတွေ့၊ ငါတွေ့နဲ့ ငါတွေးမိသမျှတွေ**ကို ပြန်ပြောနေတာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ ပညာသင်ပေးတယ်ဆိုတာ ဆရာဖြစ်သူက သူ့ရဲ့ **အတွေ့အကြုံနဲ့ အတွေးအကြံ**ကို တပည့်တွေဆီ လက်ဆင့်ကမ်းပေးနေတယ်၊ မင်းတို့တပည့်ဖြစ်သူများကရော လက်ဆင့်ကမ်းပေးတာကို လက်ခံရယူနေကြတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဆရာ"

"ဒီတော့ ပညာသင်တယ်ဆိုတာမှာ သင်ပေးသူက သူရဲ့အတွေ့အကြုံ အတွေးအကြံတွေကို လက်ဆင့်ကမ်းပေးခြင်း ဖြစ်တယ်ဆိုတာ ပေါ်မလာပေဘူးလား။ ကောင်းပြီ၊ ငါတို့တစ်တွေ အစကပြန်ကောက်လိုက်ကြရအောင်။ တိရစ္ဆာန်တွေကို ဘယ်သူက ပညာသင်ပေးသလဲ"

"မိဘတွေကပါ ဆရာ"

"ဟုတ်ပြီ။ လူလောက် ကျယ်ကျယ်ပြန့်ပြန့် သင်ပေးနိုင်ကြသလား"

"မပေးနိုင်ပါဘူး"

"မှန်တယ်၊ မပေးနိုင်ကြဘူး။ ဘာကြောင့်လဲ စဉ်းစားကြစမ်း"

*ဤနေရာတွင်တော့ အတော်လေးကို ငိုင်သွားကြပါသည်။ သူတို့စဉ်းစားကြသည်။ ရုတ်တရက် မဖြေနိုင်ကြ။*

"ကဲကွယ် ထားကြပါတော့။ အခု ငါက မင်းတို့ကို ငါ့အတွေ့အကြုံတွေ၊ ငါ့အတွေးအကြံတွေကို ပြောပြ သင်ကြားပေးနေတယ်။ လက်ဆင့်ကမ်း





နေတယ်။ မင်းတို့က လက်ဆင့်ကမ်းတာကို ခံယူနေကြတယ်။ ဘယ်ပုံဘယ်နည်း သင်ကြားပေးနေသလဲ၊ သေချာ စဉ်းစားကြည့်ကြစမ်းကွာ"

*သူတို့ အတော်ကြာ ငိုင်နေကြပါသည်။ အတော်လေးကိုကြာမှ ကျောင်းသားတစ်ယောက်တလေက -*

"ပါးစပ်ကပြောပြပြီး သင်ပေးနေတာပါ ဆရာ"

"အေးပေါ့ကွ။ ဘာသာစကားပေါ့။ ဘာသာစကားကိုသုံးပြီး အတွေ့အကြုံနဲ့အတွေးအကြံကို လက်ဆင့်ကမ်းပေးရတယ်၊ ယူရတယ်။ ကောင်းပြီ၊ တိရစ္ဆာန်တွေမှာ ဘာသာစကားရှိသလား"

"ရှိတယ်"၊ "မရှိဘူး"၊ "ရှိတာပေါ့"၊ "ခွေးတွေလဲ ဟောင်တာပဲ" *စသည်စသည်အားဖြင့် သင်တန်းတစ်ခုလုံး ကျွက်ကျွက်ညံသွားတတ်ပါသည်။ ကျွန်ုပ်ကတော့ အသာပြုံးပြီး ကြည့်နေမိတတ်ပါသည်။ ခဏရှိတော့မှ -*

"အေးကွဲ့ တိရစ္ဆာန်တွေမှာလဲ သူတို့ချင်းဆက်သွယ်ဖို့ အသံသင်္ကေတတွေ ရှိတာပဲ။ ဒါပေမဲ့ ဘာသာစကားအဆင့်ကို မရောက်ကြတော့ဘူး အသံသင်္ကေတအဆင့်မှာပဲ ရှိနေကြတယ်။ ဆိုပါစို့ကွယ်၊ ခွေးတစ်ကောင်ဟာ ဟောင်တတ်တယ်။ ဟောင်သံ လေးငါးမျိုးလောက်ရှိတယ် ထင်တာပဲ။ တစိမ်းခွေးကို မြင်လို့ ဟောင်တာရှိတယ်။ မြွေတို့ ကင်းတို့လို သတ္တဝါထူးထူးဆန်းဆန်းတွေကို တွေ့လို့ ဟောင်တာရှိတယ်။ ညအခါ အိမ်နားမှာ လူစိမ်းဘပ်လို့ ဟောင်တာရှိတယ်။ သခင်ဖြစ်သူ အပြင်က ပြန်လာလို့ ကြိုဆိုတဲ့အနေနဲ့ ဝမ်းသာအူမြူးပြီး ဟောင်တာရှိတယ်။ ဟောင်သံတစ်ခုနဲ့တစ်ခုတော့တာကို သတိထားမိကြမှာပေါ့။ အဲဒီလိုပဲ ကြက်တွေမှာလဲ အသံသင်္ကေတတွေ ရှိကြတာပါပဲ။ မင်းတို့ သတိထားမိကြမှာပါ။ အစာကို မြင်လို့ အော်တာရှိတယ်။ ရန်သူကို မြင်လို့ အော်တာရှိတယ်။ ဖိုမ အသံပေးတာရှိတယ်။ 'ကြီးသာတယ်။ ကြီးအာတယ်'ဆိုတာတွေကို ကြားဖူးကြမှာပေါ့။ ဒါပေမဲ့ ဟိုဘက်လမ်းထဲမှာ လေးခွနဲ့ကောင်လေးတစ်ယောက် ရောက်နေတယ်ဆိုတာမျိုးကို ဒီဘက်လမ်းထဲက ကြက်တွေကို ပြန်ပြောနိုင်သလား။ စဉ်းစား ကြစမ်းကွာ"

"မပြောနိုင်ဘူး"

"ဘာကြောင့်လဲ"

"ဘာသာစကားမရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် ဘာသာစကားမရှိတာလဲ"

သူတို့ အတော်ကြာကြီးကို ငိုင်သွားကြပါသည်။ ကျွန်တော် ကျေနပ်ပါသည်။ ငိုင်သွားခြင်းသည် စဉ်းစားနေခြင်း ဖြစ်ပါသည်။ တပည့်များကို စဉ်းစားလာအောင် လုပ်နိုင်ခြင်းသည် ဆရာကောင်းတစ်ယောက်၏ အောင်မြင်မှု ဖြစ်ပါသည်။

အတော်ကလေးကိုကြာမှ ကျောင်းသားတစ်ယောက်က -

"သိပြီဆရာ၊ သူတို့မှာ စကားသံဖြစ်အင်္ဂါ မပါလို့"

"အေးပေါ့ကွ။ အဲဒီလို စဉ်းစားကြရမှာပေါ့။ ဆက်ကြသေးတာပေါ့ကွာ"

*

# (၁၁)

'နေမကောင်း ထိုင်မသာ'ဖြစ်လိုက်သောကြောင့် 'ကျွန်တော်ကျောင်းဆရာ'ကို မရေးနိုင်သည်မှာ အတော်လေးကို ကြာသွားခဲ့ရသည်။ နေမကောင်းဖြစ်ရာက နေကောင်းလာလိုက်ပြန်တော့ တင်ပါးတွင် သွေးစုနာကြီးတွေ ပေါက်လာပြန်၍ မထိုင်နိုင်အောင် ဖြစ်ခဲ့ရပြန်သည်။ ထို့ကြောင့် 'နေမကောင်း ထိုင်မသာ' ဟု ဆိုလိုက်ရပါတော့သည်။ ကျွန်တော်နှင့် ကျောင်းသားများ ခခန်းသွားကြပုံကို ဆက်လိုက်ရပါဦးမည်။

"ဘယ်တိရစ္ဆာန်ထက်မဆို လူကသာတဲ့အချက်သုံးချက်ကို မှတ်မိကြသေးလား"

"မှတ်မိပါတယ် ဆရာ၊ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြီးခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း၊ အလှအပကို ခံစားဖန်တီးနိုင်ခြင်း"

"အေး-ဟုတ်တယ်။ အဲဒီအထဲမှာ ဘယ်အချက်ကြောင့် လူတွေက တိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်သလဲ"

"ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြီးလို့ပါ ဆရာ"

"မှန်တယ်။ တစ်နည်းအားဖြင့် ပညာကြီးလို့ပေါ့။ ပညာဆိုတာကော မှတ်မိကြသေးလား"

"မှတ်မိပါတယ် ဆရာ။ သိယ်သူ့သမီး ဆုတောင်းထဲက 'ငါလည်း ပညာမရှိသော၊ မိုက်သော မဖြစ်မူ၍ ပညာရှိသော၊ အကြောင်းကိုသိသော' ဆိုတာကိုပါ မှတ်မိပါတယ်"

"အေး-ကောင်းတယ်။ အဲဒီမှာ 'အကြောင်းကိုသိသော' ဆိုတာကိုပြောလိုက်တော့ လွယ်လွယ်လေးလို့ ထင်ရတယ်။ ဒါပေမဲ့ သေချာစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လေ လေးနက်လေဖြစ်တယ်။ ဆိုကြပါစို့ကွယ်၊ ငါက အခုလို စားပွဲကို လက်နဲ့ ပုတ်လိုက်တယ်၊ ဖြန်း ဖြန်းလို့ မြည်လာတယ်။ မပုတ်ရင် မမြည်တော့ဘူး။ ဒီတော့ လက်နဲ့ပုတ်လိုက်တာသည် 'အကြောင်း'၊ မြည်တာသည် 'အကျိုး' လို့ ချက်ချင်း သိနိုင်တယ်။ ဒါပေမဲ့ အဲဒီလို အကြောင်းအကျိုး ဆက်စပ်နေမှုကို အခါခပ်သိမ်း ထင်သာ မြင်သာ တွေ့နိုင်တာ မဟုတ်ဘူး။

"များသောအားဖြင့် ငါတို့က 'အကျိုး' ကိုသာ တွေ့တတ်တာ။ အကျိုးကို တွေ့လိုက်ရတော့မှ အကြောင်းကို ပြန်ရှာရတာ မဟုတ်လား။ တွေ့အောင်ရှာနိုင်စွမ်းရှိတာဟာ ပညာပါပဲ။ တိရစ္ဆာန်တွေမှာကော အကြောင်းကို ရှာနိုင်စွမ်းမရှိဘူးလား။ ထိုက်သင့်သလောက်တော့ ရှိကြတာပါပဲ။ မင်းတို့တစ်တွေ လေးခွကို ကိုင်ပြီး သွားတဲ့အခါမှာ ကျီးကန်းတွေဝိုင်းပြီး အာကြတာကို တွေ့ဖူးလား"

"တွေ့ဖူးတယ် ဆရာ"

"အဲဒါ သူတို့အတွေ့အကြုံအရ လေးခွသည် သူတို့ကို အနာတရ ဖြစ်စေတတ်တယ်လို့ သိနေတယ်။ အနာတရဖြစ်စေတာက 'အကျိုး'။ လေးခွဟာ'အကြောင်း' လို့ သိလိုက်ခြင်းပဲ။ အကြောင်းကိုသိနေတာကြောင့် 'လေးခွလာပြီ၊ အနာတရဖြစ်စေလိမ့်မယ်။ အားလုံးသော ကျီးကန်းတွေ သတိထားကြ' လို့ သတိပေးအော်ဟစ်ကြတာပဲ မဟုတ်လား။ ဒီတော့ အကြောင်းကို သိနေရင် 'အကျိုး'ကို မြင်နိုင်တော့ 'ဆိုးကျိုး' ကိုလဲ ရှောင်နိုင်တယ်။ 'ကောင်းကျိုး' ရအောင်လဲ ဖန်တီးနိုင်တယ်။

"သတိရလာလို့ ပြောလိုက်ရဦးမယ်။ မင်းတို့ ကျီကန်းပေါက်စလေး တစ်ကောင် မြေကြီးပေါ် ကျနေလို့ ကျီးကန်းတွေ တအုံးအုံးဝိုင်းအော်နေကြတာကို တွေ့ဖူးကြလား"

- "တွေ့ဖူးပါတယ် ဆရာ"

"တမြန်နေ့က ငါတွေ့တာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။ ငါနေတဲ့ လမ်းရဲ့ မြောက်ဘက်လမ်းက တိုက်တန်းနားတွေမှာ ကျီးကန်းတွေ တရုန်းရုန်း အော်နေတာကို လှမ်းမြင်နေရတယ်။ ငါ့စိတ်ထဲမှာ ဘာကြောင့်ပါလိမ့်လို့ စဉ်းစားနေမိတယ်။ ကျီးကန်းပေါက်စလေးကျနေလို့ပဲလား၊ လေးခွနဲ့ ကောင်လေးတစ်ယောက်ယောက်ကြောင့်ပဲလားပေါ့။ ဘာကြောင့်မှန်း မသိလိုက်ပါဘူး။ သွားကြည့်လိုက်ရင်တော့ သိရမှာပေါ့ကွယ်။ ပြောချင်





တာက အကျိုးတရားတစ်ခုဖြစ်လာဖို့အတွက် အကြောင်းတရားကို ရှာကြရတာဟာ အခါခပ်သိမ်းမလွယ်ဘူးဆိုတာ သတိထားမိကြဖို့ပါပဲ။ ခုနက ကျီးကန်းအကြောင်းကတော့ အလွယ်သားပဲပေါ့။ မလွယ်တဲ့အကြောင်းတွေကို ပြောပြလိုက်ဦးမယ်။ ဆိုပါစို့ မင်း ချောင်းဆိုးတယ်။ ချောင်းဆိုးခြင်းရဲ့ အကြောင်းတရားတွေက အများကြီးရှိတယ်။ လည်ချောင်းထဲ ဖုံဝင်လို့လား၊ ဆေးလိပ်သောက်လို့လား၊ အအေးမိလို့လား၊ အဆုတ်ရောဂါကြောင့်လား ဒါတွေကို ငါတို့က မခွဲခြားနိုင်တော့ဘူး။ ဒီတော့ ဒါတွေကို ကျွမ်းကျင်နားလည်တဲ့ ဆရာဝန်တွေ၊ သမားတော်တွေဆီကို သွားရတယ်။ သူက စမ်းသပ်ကြည့်ရှုပြီး အကြောင်းရင်းကို တွေ့အောင်ရှာတယ်။ တွေ့တော့မှ အကြောင်းရင်း(ရောဂါ) ကို ပျောက်စေနိုင်တဲ့ ဆေးဝါးကို ညွှန်းလိုက်တာပေါ့။ ဒီတော့ ဆေးဝါးက 'အကြောင်း'၊ ရောဂါသက်သာတာက 'အကျိုး' ဖြစ်လာပြန်တာပေါ့။ ပြောချင်တာက အကျိုးကို လိုချင်လို့ အကြောင်းကို ဖန်တီးကြရပြန်တာပေါ့"

"ရောဂါမသက်သာဘဲ သေသွားရင်ကော ဆရာ"

"အဲဒီတော့လဲ ဘာကြောင့်သေသွားရသလဲဆိုတဲ့အကြောင်းကို စူးစမ်းကြရပြန်တာပဲ မဟုတ်လား"

"အကြောင်းရင်းကို ရှာမတွေ့ရင်ကော ဆရာ"

"အဲဒီလိုကျပြန်တော့လဲ အကြောင်းရှာရတာ လွယ်ပါတယ်။ သေသူရဲ့ ဘဝကံအကြောင်းပဲလို့ ပြောလိုက်ရုံရှိကြတော့တာပေါ့ကွ"

*သူတို့အားလုံး ရယ်ကြပါသည်။*

"မရယ်ကြနဲ့ကွ။ 'ဘဝကံအကြောင်း' ဆိုတဲ့ စကားဟာ အကြောင်းရင်း ရှာမရလို့ ပြောတဲ့စကားတွေပဲ။ မင်းတို့ အခုနက မေးလိုက်သလို သေပြီးမှ ဘာကြောင့်သေတယ်ဆိုတာကို ရှာရတာလဲ ရှိသေးတာပဲကွ"

"ဘယ်လိုဟာမျိုးတွေလဲ ဆရာ"

"ဆိုပါစို့ကွယ်၊ လူသတ်မှုတစ်ခု ဖြစ်တယ်။ ရဲက အရေးယူတယ်။ ဒီတော့ သေသူရဲ့အလောင်းကို ဆေးဘက်ပညာရှင်တွေက ခွဲစိတ်ကြည့် ဘယ်ဆိုတာကို ကြားဖူးကြလား"

"ကြားဖူးပါတယ် ဆရာ။ ဘာကြောင့်လဲ ဆရာ"

"သက်ဆိုင်ရာတရားခံက သတ်လို့ သေတာဟုတ်၏၊ မဟုတ်[illegible]ကို စစ်ဆေးကြရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"လူသတ်ပါတယ်ဆိုမှ လူသတ်လို့သေတာ ဟုတ် မဟုတ် ဆရာဝန်က စစ်ဆေးနေရသေးသလား ဆရာ"

"ဒီလိုကွ-တရားခံက တုတ်နဲ့ရိုက်လိုက်တာ ဒဏ်ရာက ဘာမှမဖြစ်လောက်ဘူး၊ သေလောက်တဲ့ဒဏ်ရာလဲ မဟုတ်ဘူး။ သေသူကို သေချာခွဲစိတ်စစ်ဆေးကြည့်လိုက်တော့မှ နှလုံးရောဂါအခံရှိတယ်။ စိတ်က အပြင်းအထန်လှုပ်ရှားသွားလို့ နှလုံးသွေးရပ်ပြီး သေသွားတာဖြစ်တယ်။ တုတ်နဲ့ရိုက်လို့သေတာမဟုတ်ဘူး စသည်ဖြင့် သေခြင်းရဲ့အကြောင်းရင်းတွေကို တွေ့ရတတ်ပြန်တာပေါ့"

"အဲဒီလိုဆိုတော့ လူသတ်တရားခံ အမှုက လွတ်သွားရောလား ဆရာ"

"လွတ်တော့ဘယ်လွတ်မလဲ၊ အမှုတော့ ပေါ့ချင်ပေါ့သွားမှာပေါ့။ အဲဒါတွေကိုတော့ ငါလဲ ကောင်းကောင်းမသိဘူး။ မင်းတို့ကို ပြောချင်တာက ငါတို့လူတွေဟာ ဘယ်လိုဖြစ်ရပ် ဘယ်လိုအကျိုးတရားကိုမဆို တွေ့လိုက်မိရင် အကြောင်းတရားကို ရှာနေတတ်ကြတယ် ဆိုတဲ့အချက်ပါပဲ။ သိပ္ပံပညာစူးစမ်းမှုဆိုတာတွေဟာ အဲဒါပါပဲ။ တစ်နေ့ကပဲ ဆေးသိပ္ပံပညာရှင်နှစ်ဦးကို ပူးတွဲ နိုဗယ်လ်ဆုချီးမြှင့်လိုက်တယ်လို့ ကြားလိုက်ရတယ်။ ကောင်းကောင်းတော့မမှတ်မိတော့ပါဘူး။ အစာအိမ်ရောဂါတစ်မျိုးရဲ့ အကြောင်းရင်းကို ရှာတွေ့လိုက်ကြလို့ပါ။ ဖြစ်တဲ့လူတိုင်းရဲ့ အစာအိမ်မှာ ဘက်တီးရီးယားပိုးတစ်မျိုးကို တွေ့ရသတဲ့။ ဒီပိုးဟာ အကြောင်းရင်းဖြစ်လေမလားလို့ တွေးမိကြတာကြောင့် အဲဒီပိုးကို မွေးယူတယ်။ ပြီးမှ ရေထဲကို ထည့်ပြီး နှစ်ယောက်သား တစ်ခွက်စီသောက်လိုက်ကြတာ နှစ်ယောက်လုံး ဒီရောဂါဖြစ်တော့တာပါပဲ။ ဒီတော့ ရောဂါကို သိသွားကြပြီပေါ့။ ဆေးကိုတွေ့အောင်ရှာဖို့ ထိုက်သင့်သလောက် လွယ်သွားကြပြီ။ အနာသိရင် ဆေးရှိလာတော့မှာပေါ့။ အဲဒီပိုးတွေကို သေစေဖို့ အကြောင်းကို ဖန်တီးကြရတော့မယ်မဟုတ်လား။ ငါတို့မြန်မာတွေရဲ့ ဆိုရိုးစကား **'ကြောင်းကျိုးမြင်သိ-ပညာရှိ'** ဆိုတဲ့စကားလေးဟာ နားဝင်ချိုသလောက် ခရီးမရောက်ပေဘူးလား။ ကဲ - နောက်တစ်ပတ်မှ ဆက်ကြသေးတာပေါ့ကွယ်"

*

## (၁၂)

"အရင်အပတ်တုန်းက မင်းတို့ကိုပြောခဲ့တဲ့ 'ကြောင်းကျိုးမြင်သိ ပညာရှိ' ဆိုတာ မှတ်မိကြသေးလား"

"မှတ်မိပါတယ် ဆရာ"

"အေး ငါတို့တွေ့တာက အကျိုးတရားကိုသာ တွေ့တာ။ အဲဒီအကျိုးတရားကို တွေ့တော့မှ အကြောင်းတရားက ဘာလဲဆိုတာကို ပြန်ပြီးဆင်ခြင်ယူရတာ။ အဲတော့ မင်းတို့တစ်တွေဟာ ရူပ၊ ဓာတု၊ ဇီဝ၊ သင်္ချာစတဲ့ ဘာသာရပ်တွေကို သင်ကြရတယ်။ အဲဒီ ဘာသာရပ်တွေမှာ သေချာစဉ်းစားလိုက်လို့ရှိရင် အကြောင်းအကျိုး ဆက်စပ်တာတွေကို သတိပြုမှတ်သားနေကြရတယ်။ ဆိုကြပါစို့ကွယ်။ ဓာတုဗေဒမှာလဲပဲ ဓာတုညီမျှခြင်းကိန်းတန်း equation တစ်ခုကို အကြောင်းအကျိုး ဆက်စပ်ပြီးတော့ နားလည်လို့ရှိရင် ကျက်မှတ်ရတာ ပိုပြီးတော့ လွယ်သွားတယ်။ ရူပဗေဒမှာလဲ ထိုနည်းငှင်းပဲ။ အဲဒီလိုပဲ လောကမှာ အကြောင်းအကျိုးဆိုတာဟာ နေရာတကာမှာ ဆက်စပ်ပြီးရှိနေတာ။ ဒီတော့ အကျိုးတရားတစ်ခုကို တွေ့လိုက်လို့ရှိရင် အကြောင်းတရားကို ရှာတတ်အောင်၊ စဉ်းစားတတ်အောင် လေ့ကျင့်ကြရတယ်။ အဲလို အလေ့အကျင့်ကိုရလာမှ အဲဒီကျောင်းသားဟာ တကယ်တော်တဲ့ကျောင်းသား ဖြစ်လာမယ်။ ကျောင်းနေခဲ့တယ်ဆိုတဲ့ဥစ္စာဟာ ဘွဲ့ရသည်ဖြစ်စေ၊ ၁၀ တန်းအောင်သည်မျှပဲ ဖြစ်စေ ထိုက်ထိုက်တန်တန် ဘွဲ့ရသော၊ ထိုက်ထိုက်တန်တန် ၁၀ တန်းပီသသော ကျောင်းသားဖြစ်လာနိုင်တယ်။ ဒါကြောင့် မင်းတို့ ကြောင်းကျိုးဆက်စပ်ပြီး စဉ်းစားတဲ့ဥစ္စာကို အလေ့အကျင့်လုပ်ရမယ်လို့ ငါ သင်ပေးနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဆရာ မြန်မာစာမှာလဲပဲ အကြောင်းအကျိုး ရှိတာပဲပေါ့"

"ဟာ-ရှိတာပေါ့ကွ။ မြန်မာစာမှာလဲပဲ အကြောင်းအကျိုးဆက်စပ်ပြီး သိစရာတွေ အများကြီးရှိတာပေါ့။ ဥပမာ ဆိုပါတော့ကွယ်။ မင်းတို့ မဟောသဓာဇာတ်ဝတ္ထုကို သင်ခဲ့ဖူးလား"

"တချို့ ကောက်နုတ်ချက်တွေ သင်ခဲ့ဖူးပါတယ် ဆရာ"

"အေး-အဲဒီ မင်းတို့ ကောက်နုတ်ချက်ထဲက တစ်ခုကို စဉ်းစားကြည့်ကြရအောင်။ မဟောသဓာနဲ့ ပတ္တမြားပြဿနာဆိုတဲ့ဥစ္စာ မှတ်မိလား မသိဘူး"

"မှတ်မိပါတယ် ဆရာ"

"အေး- ငါတို့ ပြန်ပြီးစဉ်းစားရအောင်။ ဘုရင့်ရေကန်တော်မှာ ပတ္တမြားအရောင်က ရေပြင်မှာဟပ်နေတယ်။ ဟပ်နေတော့ အဲဒီဥစ္စာဟာ ဖြင့်ရင် မုချ ဒီပတ္တမြားဟာ ရေအောက်မှာ ရှိမယ်ဆိုပြီးတော့ အဲဒီရေကန်ကြီး တစ်ခုလုံးကို ရေပက်ထုတ်ပြီးတော့ ရှာတယ်။ မတွေ့ဘူး။ နောက်တစ်ခါ ရေတွေရှိလာပြန်တော့ ပတ္တမြားအရောင်က ပေါ်လာပြန်တယ်။ အဲဒီမှာ ရေကန်ကို တစ်ခါ ပက်ပြီး ထုတ်တယ်။ မတွေ့ဘူး။ ပတ္တမြားရှာလို့ မတွေ့ဘူး။ မဟောသဓာပညာရှိကို အကြောင်းကြားတဲ့အခါကျတော့ မဟောသဓာ ပညာရှိက သွားပြီးတော့ ကြည့်တယ်။ ကြည့်တော့၊ ဒီဥစ္စာဟာ ဘယ်လို ကြောင့် ဒီပတ္တမြား အရောင်ထွက်သလဲ။ ရေကန်ကို ပက်ထုတ်ပြန်တော့လဲ ရှာလို့မတွေ့၊ ရေရှိနေပြန်ကော့လဲ အဲဒီအရောင်က ထွက်တယ်။ ဘယ်က လာတဲ့အရောင်လဲ စဉ်းစားပြီးတော့ ရေဖလားတစ်ခုကို အဲဒီအလင်းရောင် အောက်မှာ ခံကြည့်လိုက်တဲ့အခါမှာ အဲဒီရေဖလားထဲမှာလဲ အလင်းရောင် ထွက်လာတယ်။ ဖလားထဲမှာ ပတ္တမြားရောက်နေသလို မဖြစ်ဖူးလား။ အဲတော့မှ ဘုရားအလောင်းက ဘာလုပ်လဲဆိုတော့ ဒီဟာ ဘယ်ကလာတဲ့ အရောင်လဲဆိုတာ စဉ်းစားပြီး အနားမှာရှိတဲ့ သစ်ပင်မှာ ကျီးကန်းအသိုက် တစ်ခုကို မြင်တယ်။ အဲဒီအသိုက်ထဲက ပတ္တမြားအရောင်ဟာ ဒီဖလားထဲမှာ ကျနေတာ ပဲဆိုတာ သိလိုက်တယ်။ အဲဒီအသိုက်ကို တက်ပြီး နှိုက်စမ်းလို့ ခိုင်းလိုက်တော့မှ ပတ္တမြားကို တွေ့တယ်၊ ကောင်းပြီ -ငါတို့ စဉ်းစားကြရ အောင် အဲဒီမှာ ပတ္တမြားအရောင် ဟပ်ပြီး ဘာ့နေဟာက အကြောင်းလား၊ အကျိုးလား"





"အကျိုးပါဆရာ"

"အေး - အဲဒီမှာ ကျန်တဲ့သူတွေက ဒီအရောင်ဟာ ဘာကြောင့် ရသလဲ၊ အကြောင်းမှန် မရှာတတ်ကြတော့ဘူး။ ဒီတော့ ရေကန်ထဲမှာ ရှိလိမ့်မယ် ဆိုပြီးတော့ ရေတွေကို ပက်ထုတ်တယ်။ မတွေ့ဘူး၊ နောက်တစ်ခါ ရေတွေ ပေါ်လာမြန်တယ်။ ပတ္တမြားအရောင် ရောက်လာပြန်တယ်။ အဲဒီကျတော့ ပတ္တမြားအရောင်သည် အကျိုး၊ ဒါဖြင့် အကြောင်းရှာတွေ့သလား"

"မတွေ့ပါဘူး ဆရာ"

"အဲတော့မှ မဟောသဓာက အဲဒီမှာ ရေဖလားတစ်ခုကို အဲဒီ အရောင်အောက်မှာ ထားလိုက်တော့ ဟို ဘာပေါ်လာလဲ"

"ပတ္တမြားအရောင်ပါ ဆရာ"

"ပတ္တမြားအရောင်ပေါ်လာတော့မှ မုချ ဒီဥစ္စာဟာ ရေကန်ထဲမှာ ရှိတာ မဟုတ်ဘူး။ ဘေးမှာရှိတဲ့နေရာဆိုတော့မှ ကျီးကန်းသိုက်ထဲမှာ တွေ့ တယ်။ ဒီတော့ မင်းတို့ကို မေးချင်တာက ရေပြင်ပေါ်မှာ ပတ္တမြားရဲ့ အရောင် တောက်နေတာဟာ အကြောင်းလား၊ အကျိုးလား"

"အကျိုးပါ ဆရာ"

"အဲဒီအကျိုးကို တွေ့ပြီးတော့မှ အကြောင်းကို ပြန်ရှာရတာ၊ အဲဒီတော့မှ ပတ္တမြားကို တွေ့တယ်၊ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ။ ကောင်းပြီ၊ ငါတို့လောကမှာ အများဆုံး တွေ့ရတတ်တာက အကြောင်းတရားလား၊ အကျိုးတရားလား"

"အကျိုးတရားပါ ဆရာ"

"ဟုတ်တယ်၊ အဲဒီလို အကျိုးတရားကို တွေ့တဲ့အခါကျမှ အကြောင်း တရားကို ရှာကြရတာ။ အဲဒါကို ပြန်စဉ်းစားကြည့်လို့ရှိရင် မင်းတို့ ဖတ်ခဲ့ကြ ရတဲ့ မဟောသဓာဝတ္ထု၊ ပတ္တမြားပြဿနာဟာ အကြောင်းအကျိုးတရား စူးစမ်းခြင်း မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"ကောင်းပြီ၊ မင်းတို့ကို နောက်ထပ် ဇာတ်တော်တစ်ခုကို ငါပြောပြ ဦးမယ်။ အဲဒီဇာတ်တော်မှာ ဘာလဲဆိုတော့ ဘုရားအလောင်းမျောက်မင်းပဲ။ အဲဒီမျောက်မင်းက အားလုံး ကျန်တဲ့မျောက်တွေ အားလုံးနဲ့အတူ တောထဲ မှာ သစ်သီးရှာဖို့၊ စားဖို့ သွားကြလေ့ရှိတယ်။ တစ်ရာသီမှာတော့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးလေဝသ နည်းနည်းခေါင်းပါးတဲ့အတွက်ကြောင့် ရေရှားတယ်။ သူတို့လဲ ရေငတ်ကြတယ်။ ရေမရှိတော့ ရေရှိတဲ့နေရာကို ရှာရင်း ကြည်လင်တဲ့ ရေကန်ကြီးတစ်ခုကို တွေ့ကြရတယ်။ အဲဒီရေကန် ဘာရှိသလဲဆိုတော့ ရေကန်ကို ရက္ခိုက်တစ်ဦးက စောင့်နေတယ်"

"ရက္ခိုက်ဆိုတာ ဘာလဲ ဆရာ"

"ရက္ခိုက်ဆိုတာ- မြန်မာလိုဆိုတော့ စောင့်ကြပ်သောသူပေါ့ကွယ်။ အဓိပ္ပာယ်ကတော့ ရေကန်စောင့် ဘီလူးလို့ပဲ ဆိုကြပါစို့။ အဲဒီ ရေကန်စောင့် ဘီလူးက အထက်နတ်မင်းကြီးတွေဆီက ခွင့်ပြုချက်ရထားတာက အဲဒီ ရေကန်ထဲကို ဆင်း၍ သောက်သည်ရှိသော် မည်သည့်သတ္တဝါကိုမဆို စားပိုင်ခွင့်ရှိစေဆိုတာပဲ"

"လိုင်စင်ရဘီလူးပေါ့ ဆရာ"

"အေး-အေး- မင်းပြောလိုက်တာက ပိုရှင်းတယ်။ လိုင်စင်ရဘီလူးပဲ။ ဒါနဲ့ မျောက်တွေကလဲ အလွန်အမင်းရေငတ်နေတာကြောင့် အဲဒီကန်ရေကို သောက်မယ်ဆိုပြီး ကန်နားကို ကပ်သွားတဲ့အခါမှာ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ ဘုရားအလောင်းမျောက်မင်းက ရေကန်ရဲ့ ကမ်းစပ်ကို ကြည့်လိုက်တယ်။ ကြည့်လိုက်တော့ တိရစ္ဆာန်တွေရဲ့ခြေရာတွေကို တွေ့တယ်။ သို့သော်လဲ ရေကန်ထဲကို ဆင်းတဲ့ခြေရာကိုပဲ တွေ့တယ်။ ပြန်တက်တဲ့ခြေရာ မတွေ့ဘူး။ စာထဲ အတိုင်းဆိုရင်တော့ 'သက်' ခြေရာကိုသာ တွေ့တယ်။ 'တက်' ခြေရာ မတွေ့ဘူးပေါ့ကွယ်။ ဒီတော့ ဘုရားအလောင်းမျောက်မင်းက 'အချင်းတို့ မဆင်းကြနဲ့ဦး။ ဒီရေကန်မှာ အန္တရာယ်ရှိတယ်' ဆိုတဲ့အခါကျတော့ မျောက်တွေက မဆင်းကြဘူး။ ဘယ်လိုလုပ်မလဲ ရေကလဲ သောက်ချင်လာပြီ။ ဆင်းမယ်လုပ်တယ်။ မဆင်းဖို့ ဘုရားအလောင်းက တားထားတယ်။ အဲဒီ အချိန်မှာ ရေကန်ထဲမှာရှိတဲ့ရက္ခိုက်က ကိုယ်ထင်ပြပြီး ပေါ်လာတယ်။ 'ကြည်လင်ချိုအေးသောရေကို သောက်ကြလော့' လို့ပြောတယ်။ ဘုရားအလောင်းက မဆင်းဘူး။ မဆင်းပေမယ်လို့ ရေက သောက်ချင်လာပြီ။ ဘယ်လိုလုပ်သလဲဆိုတော့ အဲဒီအနားမှာ ကျူတောရှိတယ်။ ကျူပင်ဆိုတာ သိလား"

"သိပါတယ် ဆရာ"၊ "မသိပါဘူး ဆရာ"

"ကျူပင်ဆိုတာဟာ ဝါးသေးသေးလိုပဲ။ ဒါပေမဲ့ သူက ဝါးနဲ့မတူဘူး။





ရေစပ်တွေမှာ ပေါက်လေ့ရှိတယ်။ ဝါးလို မမာဘူး။ အဆစ်တွေတော့ ရှိတယ်။ အရိုးကတော့ ရှည်ပါရဲ့၊ အဆစ်ရှိနေတော့ ဘုရားအလောင်းက အဲဒီမှာ အဓိဋ္ဌာန်ပြုတယ်။ 'ဤကျူတောမှာရှိသော ကျူအားလုံးတို့သည် အဆစ်မဲ့ ပါစေသတည်း' လို့ အဓိဋ္ဌာန်ပြုလိုက်တော့ ကျူပင်တွေအကုန်လုံး ဟာ အဆစ်ပျောက်သွားတယ်။ ပျောက်သွားတော့မှ အဲဒီကျူပင်တွေကို ချိုးပြီးတော့ ရေကန်ထဲကရေကို မျောက်တွေအကုန်လုံးက မင်းတို့အချိုရည် သောက်နည်းများလို စုပ်သောက်တာ"

"ပိုင်တယ်ကွာ"

"အဲဒီလိုစုပ်တော့ ရက္ခိုက်လဲ သူ့ရေကန်ထဲဆင်းတာမဟုတ်တော့ စားပိုင်ခွင့်မရှိ။ မရှိတော့ မျောက်တွေအကုန်လုံးဟာ ရေငတ်ပြေပြီးတော့ ပြန်သွားရတယ်။ ကောင်းပြီ၊ ဒါ ဇာတ်နိပါတ်တော်တွေမှာပါတာ။

"ပြန်ပြီးစဉ်းစားကြည့်ကြပါစို့။ ရေကန်ထဲမှာ တစ်စုံတစ်ခုသော အန္တရာယ်ရှိတယ်ဆိုတာကို ဘုရားအလောင်း ဘယ်လိုလုပ်သိသလဲ"

"ဆင်းခြေရာ တွေ့ပြီးတော့၊ တက်ခြေရာမတွေ့လို့ပါ ဆရာ"

"အေး- အဲဒါဖြင့်ရင် ဆင်းခြေရာတော့ တွေ့တယ်၊ တက်ခြေရာ မတွေ့ဘူးဆိုလို့ရှိရင် ဆင်းရုံဆင်းပြီးတော့ ပြန်မပေါ်လာဘူးဆိုတော့ ဘာကြောင့်လဲ"

"သေကုန်လို့ပေါ့ ဆရာ"

"အေး- အဲဒါပေါ့။ အဲဒီတော့ အကြောင်းတရားက ဘာလဲ"

"ရေကန်ထဲဆင်းတာ ဆရာ"

"ဒါဖြင့် ရေကန်ထဲဆင်းလို့ သေကုန်တော့ အကျိုးတရားက ဘာဖြစ် လာသလဲ"

"ဆင်းခြေရာရှိပြီးတော့ တက်ခြေရာမရှိတာ အကျိုးတရားပါ ဆရာ"

"အဲတော့ အကျိုးတရားကို ကြည့်ပြီးတော့ အကြောင်းတရားကို ပြန်ရှာတာ မဟုတ်လား။ ဒါကြောင့်မို့လို့ မင်းတို့ကို ငါ စာသင်တဲ့အခါမှာ မြန်မာစာသင်တယ်ဆိုပေမဲ့လို့ ယပင့်လောက်ကလေး၊ ရရစ်လောက်ကလေး နဲ့ သင်နေချင်တာ မဟုတ်ဘူး။ အကြောင်းတရား အကျိုးတရားကို သင်ချင် တာ၊ ဒါကြောင့် မင်းတို့ ဂရုစိုက်ပြီးတော့ မှတ်သားကြပြီး အကြောင်းတရား အကျိုးတရား ဆင်ခြင်တဲ့အလုပ်ကို အလေ့အကျင့်လုပ်ကြလို့ ငါက ပြောတာ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"လည်ပါတယ်ဆရာ"

"ဆင်းခြေရာ၊ တက်ခြေရာနဲ့ပတ်သက်လို့ နောက်တစ်ပုဒ် ရှိသေးတယ်ကွ။ မင်းတို့ တွေ့ဖူးပါတယ်။ ပြန်ပြီးစဉ်းစားကြစမ်းကွာ"

*သူတို့အားလုံးစဉ်းစားကြပါသည်။ သို့သော် ရုတ်တရက် မဖြေနိုင်ကြပါ။ နောက်မှ တစ်ယောက်က ထပြောပါသည်။*

"ဆရာ ကျွန်တော်သိပြီ ဆရာ။ ဝေသန္တရာဇာတ်တော်မှာ ဆရာ။ ဇူဇကာပုဏ္ဏားလာတဲ့အခါမှာ ကဏှာနဲ့ဇာလီက ရေကန်ထဲဆင်းပြီးတော့ ကြာရွက်အောက်မှာ ပုန်းနေကြတယ်။ ဘုရားအလောင်းက ဆင်းခြေရာကို သာတွေ့ပြီး တက်ခြေရာမတွေ့တာကြောင့် ရေကန်ထဲမှာ ပုန်းနေကြောင်း သိသွားခဲ့တာပါ ဆရာ"

"အေး- ဒီလိုမှပေါ့ကွဲ့။

"အေး- အဲဒါပေါ့၊ ဒါကြောင့်မို့လို့ အကြောင်းအကျိုး ဆက်စပ်ပြီးတော့ စဉ်းစားတတ်တဲ့ အလေ့အကျင့်ကို ခုနေကတည်းက လုပ်ရမယ်လို့ ငါ ပြောခဲ့တာ။ ဒါထက် မင်းတို့ကို ငါ မေးဦးမယ်။ စုံထောက်မောင်စံရှား ဝတ္ထုတွေကို ဖတ်ဖူးကြလား"

"ဖတ်ဖူးပါတယ် ဆရာ၊" "မဖတ်ဖူးပါဘူးဆရာ"

*ဤကဲ့သို့အားဖြင့် သူတို့ အမျိုးမျိုးပြောကြသည်။*

*ကျွန်တော် ဆက်ရှုပြန်သည်။*

"စုံထောက်မောင်းစံရှားဝတ္ထုထဲမှာ အကြောင်းအကျိုးဆက်စပ်တဲ့ သဘောတရား အများကြီးပါတယ်။ ဒီစုံထောက်ဆိုတာဟာ အကျိုးတရားကို တွေ့တဲ့အခါမှာ အကြောင်းတရားကို ရှာတာဟာ စုံထောက်ရဲ့လက္ခဏာပဲ။ အဲဒီစုံထောက်မောင်စံရှားဝတ္ထုထဲမှာဆိုပါတော့။ အဲဒီတစ်နေရာမှာ မောင်စံရှားက ပြောလိုက်တယ်။ ခြေရာတွေကို ကြည့်လိုက်တဲ့အခါကျတော့ ဒီထဲမှာ သွားတဲ့လူနှစ်ယောက်တဲ့။ တစ်ယောက်က ညာဘက်ခြေထောက် မသန်ဘူးတဲ့။ အဲဒီဥစ္စာကို ခင်ဗျားတို့ စဉ်းစားကြဗျာတဲ့။ ဒီနေရာမှာ ညာဘက်ခြေထောက်မသန်တဲ့ လူ၊ ဒီရွာထဲမှာ ရှိသလား မရှိဘူးလား စသည်အားဖြင့်ပေါ့ကွာ။ လျှောက်စုံစမ်းတာ၊ နောက်ဆုံးပိတ်တော့ တရားခံတွေ့တယ်ဆိုပါတော့ကွယ်။ အဲဒီမှာ မေးတဲ့သူက ဆရာရယ်တဲ့၊ ညာဘက်ခြေထောက်မသန်ဘူးဆိုတာ ဆရာဘယ်လိုလုပ်သိသလဲဆိုတော့။ ဒီလိုဗျ၊





ခြေရာကို ကြည့်လိုက်တဲ့အခါမှာ သန်တဲ့ဘယ်ဘက်ခြေရာကျတော့ ထင်းထင်းကြီး ပေါ်တယ်။ ညာဘက်ခြေရာကျတော့ နည်းနည်းတိမ်တယ်၊ ညာဘက်ခြေထောက်ကို နင်းတဲ့အခါမှာ သူက နည်းနည်းဖော့နင်းရတဲ့ အခါကျတော့ ခြေရာက သိပ်မနက်ဘူးပေါ့ဗျာတဲ့။ အဲဒါကြောင့် ညာဘက်ခြေထောက်မသန်ဘူးလို့ ကျွန်တော် ပြောတာတဲ့။

"ကောင်းပြီ၊ တို့ စဉ်းစားရအောင်။ ခြေရာကို ကြည့်ပြီးတော့ သိတဲ့ဥစ္စာဟာ ခြေရာသည် အကြောင်းတရားလား၊ အကျိုးတရားလား"

"အကျိုးတရားပါ ဆရာ"

"အေး- အကြောင်းတရားက ဘာကြောင့်လဲ။ ခြေရာ သိပ်မထင်တာ ဘာကြောင့်လဲ။ ကောင်းပြီ၊ ဘာကြောင့်သိပ်မထင်တာလဲ"

"ခြေထောက်မသန်လို့ ဖော့ပြီး နင်းရလို့ပါ ဆရာ"

"အေး- ဒါပေါ့ကွယ့်၊ စုံထောက်ဝတ္ထုဆိုတာ ဒီဟာပေါ်မှာအခြေခံပြီး သွားတာပေါ့။ ကောင်းပြီ၊ စကားစပ်မိလာလို့ မင်းတို့ကို ငါ ပြောလိုက်ရဦးမယ်။ တို့ တကယ့်အဖြစ်အပျက်တွေမှာလဲ အဲဒါမျိုးတွေအများကြီး တွေ့တယ်။ ဥပမာ- မကြာသေးမီက ဖြစ်လိုက်တဲ့ သုံးလောင်းပြိုင်သတ်မှုတို့ ဘာတို့ဆိုတာ ကြားဖူးလား မသိဘူး။ အဲဒီမှာ ဒီအခန်းထဲမှာ အလောင်းတွေကို ပလပ်စတစ်အိတ်နဲ့ထည့်ပြီး ထားပစ်ခဲ့ကြ၊ အပုပ်နံ့ထွက်လာတယ်။ အပုပ်နံ့ထွက်လာတဲ့အခါကျတော့ အိမ်နီးချင်းတွေက ရဲစခန်းကို လာပြီး တိုင်တယ်။ တိုင်တော့ သွားပြီးကြည့်တဲ့အခါကျတော့ အိမ်ထဲမှာ လူသေတွေ ရှိနေတယ်ဆိုတာ သိနေတယ်။ အကျိုးတရားက ဘာလဲ"

"အပုပ်နံ့ထွက်လာတာပါ ဆရာ"

"အေး- အကြောင်းတရားက ဘာလဲ"

"လူသေတွေရှိနေတာပါ ဆရာ"

"ကောင်းပြီ၊ အထဲထဲဝင်သွားလိုက်တယ်။ ဝင်သွားလိုက်တဲ့အခါကျတော့ သေတဲ့လူတွေကို တွေ့တယ်။ တွေ့တဲ့အခါကျမှ အဲဒီအနားမှာ ဘယ်လီဖုန်းတို့ အစရှိတဲ့ လက်ရာခြေရာတွေ တွေ့တယ်ပေါ့ကွယ်။ အဲဒီ လက်ရာခြေရာတွေ တွေ့ပြီးတော့မှ အကြောင်းတရားကိုရှာတော့ နောက်ဆုံးပိတ်မှာ လက်သည်တွေ တရားခံတွေပေါ်လာပြီး ဖမ်းမိတယ် မဟုတ်လား။

"ပြောချင်တာက နေရာတကာမှာ အကျိုးတရားရှိတယ်။ ဒါတို့ တွေ့နေရတာက ဘာကိုတွေ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အက်ိဳးတရားပါ ဆရာ"

"ေကာင္းၿပီ၊ ဘာကိုရွာရသလဲ"

"အေၾကာင္းတရားပါ ဆရာ"

"ေအး- အေၾကာင္းအက်ိဳးဆိုတာဟာ ေနရာတကာမွာ ဆက္စပ္ၿပီး ေနတယ္။ အဲဒါကို သတိထားၿပီး ၾကည့္တတ္တဲ့ အေလ့အထျဖစ္ေအာင္ လုပ္ရမယ္လို႔ ငါ မင္းတို႔ကို သင္ေပးေနတာ"

ထိုအခိုက္တြင္ မိန္းကေလးတစ္ေယာက္က ထၿပီးေမးပါသည္။

"ဆရာ ဒါျဖင့္ရင္ ေလာကႀကီးမွာ အေၾကာင္းတရားမရွိဘဲနဲ႔ အက်ိဳးတရားမေပၚဘူး။ အက်ိဳးတရားရွိလာရင္ အေၾကာင္းတရားရွိတယ္ဆိုတဲ့ သေဘာေပါ့ဆရာ"

"ေအးေပါ့ သမီးရဲ႕။ အဲ- ခုဒီမယ္ ရွင္းရွင္းပဲေျပာမယ္။ ညည္းဘာျဖစ္လို႔ ထေမးလဲ"

"သိခ်င္လို႔ပါ ဆရာ"

"ကိုင္း - အဲဒီမွာ ညည္းထေမးတာသည္ အေၾကာင္းတရားလား၊ အက်ိဳးတရားလား"

"အက်ိဳးတရားပါ ဆရာ"

"ဒါျဖင့္ အေၾကာင္းတရားက ဘာလဲ"

"သိခ်င္တာပါ ဆရာ"

"ေအး- ဒါေပါ့ကြဲ႔"

"မင္းတို႔ကို ကေလးငိုတာေၾကာင့္ မေတြ႕ဖမ္းတယ္ဆိုၿပီး စုန္းရိုးနတ္ကိုး လုပ္ၾကတာပဲကိုဆိုတာ ေစာေစာက ေျပာခဲ့တယ္။ ေတာင္ကိုးကြယ္ ေျမာက္ကိုးကြယ္၊ ေတာင္စြပ္စြဲ၊ ေျမာက္စြပ္စြဲနဲ႔ ထမင္းဆုပ္ေတြ ေတာင္ပစ္ ေျမာက္ပစ္ အဲဒီလိုလုပ္ၿပီးေတာ့ ကုစားၾကတာ။ အမွန္က ထမင္းဆုပ္ ခုနစ္ဆုပ္လဲ ပစ္ၿပီးေရာ ကေလးက တိတ္သြားၿပီ၊ တိတ္မွာေပါ့ သူက ငိုရတာအားရသြားၿပီ။ ဒါေပမယ့္လို႔ သူတို႔စိတ္ထဲမွာ ဘယ္လိုျဖစ္သြားသလဲ"

"မေတြ႕ဖမ္းစားတယ္လို႔ ျဖစ္သြားပါတယ္ ဆရာ"

"ေအး- ဒါေပါ့။ အဲဒီေတာ့ အေၾကာင္းတရားကိုေတြ႕ရင္ အက်ိဳးတရားကိုရွာတဲ့ဥစၥာဟာ မရွာတတ္လို႔ရွိရင္ ဟိုဟာေၾကာင့္၊ ဒီဟာေၾကာင့္ အဲဒီလို ျဖစ္ကုန္တာ။ အဲဒါပဲ"





"ဆရာ ေမးပါရေစ ဆရာ"

"ေမးေလကြာ၊ ဘာလဲေျပာ"

"ဆရာကေတာ့ အက်ိဳးတရားေတြ႕ရင္ အေၾကာင္းတရား အားလုံး သိတာပဲလား ဆရာ။

"ဟ အဲဒါအားလုံးသိရင္ ငါ ဘုရားျဖစ္ေနမွာေပါ့ဟ။ မင္း စဥ္းစား ၾကည့္ေပါ့၊ သိဒၶတၳမင္းသားဟာ ေတာထြက္တာ ဘာေၾကာင့္ထြက္သလဲ။ မွတ္မိလား မင္းတို႔၊ ျပန္စဥ္းစားစမ္း"

"မွတ္မိပါတယ္ ဆရာ"

"ဘာသိလို႔ ထြက္သြားလဲ"

"သူအို၊ သူနာ၊ သူေသ၊ ရဟန္း အဲဒီနိမိတ္ေလးပါးကိုျမင္လို႔ ထြက္သြားတာပါ ဆရာ"

"ေကာင္းၿပီ၊ မင္းတို႔က အဲဒီနိမိတ္ေလးပါးျမင္လို႔ ေတာထြက္သြားတာ ဒီေလာက္ပဲ သိေတာ့တာ။ ေနာက္ထပ္စဥ္းစားစမ္း။ ငါလဲ တစ္ေန႔ေသရမယ္ဆိုၿပီးေတာ့ ေသျခင္းတရား၊ ခုနက အိုျခင္းတရား၊ နာျခင္းတရား အဲဒီဥစၥာကို ထိတ္လန္႔လို႔မို႔လို႔ ထြက္သြားတာ မဟုတ္လား။ ထြက္သြားၿပီးေတာ့မွ သူဟာ ေတာထဲမွာ ေျခာက္ႏွစ္တိတိ ေသျခင္းရဲ႕အေၾကာင္းတရား၊ အိုျခင္းရဲ႕ အေၾကာင္းတရား၊ ဒီဘ၀ဆိုတာ ျဖစ္လာျခင္းရဲ႕အေၾကာင္းတရား၊ အဲဒီ အေၾကာင္းရင္းေတြကို ျပန္ရွာမယ္ဆိုၿပီး ျပန္ရွာလို႔မို႔လို႔ ခုနက သဗၺညဳတလို႔ ေခၚတဲ့ တရားကို ရသြားတာ မဟုတ္လား။

"အဲဒီေတာ့ ဘုရားဟာ ဘာေၾကာင့္ဘုရားျဖစ္သြားလဲ ဆိုလို႔ရွိရင္ ဒီအေၾကာင္းတရားေတြအားလုံးကို သိသြားတဲ့အတြက္ေၾကာင့္မို႔လို႔ သူကို သဗၺညဳတဉာဏ္ကို ရေသာ ဘုရားလို႔ေခၚတာ။ အဲေတာ့ ဘုရားကိုယ္တိုင္ သည္ပင္လွ်င္ ဘာကိုရွာတာလဲ"

"အေၾကာင္းတရားပါ ဆရာ"

"အက်ိဳးတရားက ဘာေတြလဲ"

"အိုျခင္း၊ နာျခင္း၊ ေသျခင္း၊ ျဖစ္ျခင္းဆိုတဲ့ ဘ၀အေၾကာင္းပါ ဆရာ"

"ေအး-ဒါေပါ့၊ အဲဒီအက်ိဳးတရားေတြသိလို႔၊ အက်ိဳးတရားေတြ ျဖစ္ခ်င္လို႔မို႔လို႔ အေၾကာင္းတရားကို ရွာတာ။ ရွာတဲ့အခါက်ေတာ့ အေၾကာင္းတရားကို ျပန္ေတြ႕တာ။ ေတြ႕တဲ့အခါက်ေတာ့မွ မင္းတို႔ဆိုရင္



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းတော့ မြင့်နေမလား မသိဘူးကွာ။ စဉ်းစားနားထောင်၊ မြတ်စွာဘုရား ဘုရားဖြစ်တော်မူတဲ့အချိန်အခါမှာ ပထမဆုံးပြောလိုက်တဲ့ ဥဒါန်းကျူးတယ်လို့ ခေါ်တယ်။ အဲဒီစကားက ဘာလဲဆိုရင် 'ငါ၏ခန္ဓာ အသစ်အသစ်တို့ကို တည်ဆောက်ခဲ့သော တဏှာယောက်ျားလက်သမား၊ သင့်ကို ငါတွေ့ပြီ။ နောက်ထပ်၍ တစ်ဖန် ငါ့အတွက်ကို ခန္ဓာကိုယ်အသစ် တည်ဆောက်ခွင့် မရှိပြီ'တဲ့။ အဲဒီလို ဥဒါန်းကျူးခဲ့တာ။ အဲဒါဘာကြောင့်လဲ လို့ဆိုတော့ တဏှာကို သတ်ပစ်လိုက်တာ။ ထားပါတော့ကွာ မင်းတို့ နိဗ္ဗာန်ရောက်ကြောင်းတွေ ရောက်ကုန်ပြီ။ ငါက ရိုးရိုးစာသင်တာပါ။ ပြောလိုတာက အဲဒီ အကျိုးတရားတွေကို မလိုချင်ဘူး။

"ဘယ်အကျိုးတရားတွေလဲဆိုတော့ ဘဝဆိုတဲ့ဖြစ်ခြင်း၊ ဖြစ်လာတဲ့ နောက်ပိုင်းကျတော့မှ အိုခြင်း၊ နာခြင်း၊ သေခြင်း အဲဒီဥစ္စာတွေ မလိုချင်ဘူး။ အဲဒီအကျိုးတရားတွေ မလိုချင်တော့ အဲဒီအကျိုးတရားတွေကို ဖြစ်စေတဲ့ ဖန်တီးတဲ့ အကြောင်းတရားဆိုတဲ့ တဏှာကို သတ်ပစ်လိုက်တာ။ အဲဒါ နိဗ္ဗာန် ရောက်ကြောင်းဆိုတာ အဲဒါပဲကွ။ ခုနက ဟိုကောင်မေးလိုက်တာ မှတ်မိ လား မသိဘူး။ ဆရာကော အကျိုးတရားတွေ အကုန်တွေ့ရင် အကြောင်း တရား အကုန်သိတာပဲလားဆိုတာ မှတ်မိသေးလား"

"မှတ်မိပါတယ် ဆရာ"

"အကျိုးတရားကို တွေ့လိုက်တိုင်း အကြောင်းတရားကို သိလို့ရှိရင် ငါဟာ အောင်သင်း ဘယ်ဟုတ်တော့မလဲကွ၊ ဘုရားဖြစ်နေမှာပေ့ါ။

"သိဒ္ဓတ္ထမင်းသားဟာ အဲဒီနည်းနဲ့ ဘုရားဖြစ်သွားတာလေ။ ပြန်စဉ်းစား ကြည့်ပေါ့။ ကောင်းပြီ မင်းတို့ကို ငါ မေးချင်တဲ့ဥစ္စာက အကျိုးတရားတစ်ခုကို တွေ့လိုက်လို့ရှိရင် အကြောင်းတရားကို ရှာတဲ့ဥစ္စာဟာ ဘယ်လောက်ထိ အောင် အရေးကြီးတယ်ဆိုတာ ထင်ရှားမနေဘူးလား"

"ထင်ရှားပါတယ် ဆရာ"

"အေး- မင်းတို့ကို ငါ ဆက်မေးရဦးမယ်။ ခုတလော ဟိုဟိုဒီဒီမှာ ရောဂါဆန်းတစ်ခု ပေါ်နေတယ်လေ။ သတိထားမိလား မင်းတို့"

"ထားမိပါတယ် ဆရာ"

"ဘာရောဂါလဲကွ"

"ကြက်ငှက်တုပ်ကွေးပါ ဆရာ"





"ကြက်သားတောင် မစားဝံ့အောင် ဖြစ်နေပြီ"

ဤသို့အားဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြပါသည်။

"ဒါပေမဲ့ တအားကျက်အောင် ချက်စားလို့ရှိရင် ရတယ်လို့ပြော တယ်ဟဲ့"

"ကဲ- ထားစမ်းပါ။ မင်းတို့ကလဲပဲ နည်းနည်းလေး စကားပြောလိုက် ရင် စကားများဖို့က စဉ်းစားတော့တာပဲ။ ကိုင်း- ထားဦး။ ကြက်ငှက်တုပ် ကွေးဟာ ဘာကြောင့်ဖြစ်လာသလဲဆိုတာ တွေ့ပြီလား"

"တွေ့ပြီဆရာ"၊ "ဟာ မတွေ့သေးဘူး ဆရာ"

"မဟုတ်ဘူး၊ တွေ့တော့တွေ့ပြီ"

"ကြက်ငှက်ကစတယ် ဆိုတဲ့ဥစ္စာ တွေ့ပြီ။ သို့သော်လဲပဲ ဘယ်နည်း နဲ့ဖြစ်လာသလဲ။ လူကို ကူးနိုင်သလား၊ မကူးနိုင်ဘူးလား။ အကျိုးတရားကို စောင့်ကြည့်ရတယ်။ လူကို ကူးရင် ဘယ်လိုကူးလဲဆိုတာ စောင့်ကြည့်ရ ဘယ်။ ကောင်းပြီ၊ ခု အဲဒီ ကြက်ငှက်တုပ်ကွေးမိလို့သေရင် အဲဒီကြက်တွေ ငှက်တွေ ဘယ်လိုကိုင်ရလဲ"

"နှာခေါင်းတွေဘာတွေကို ဖုံးထားရဘယ်၊ လက်အိတ်စွပ်ရတယ် ဆရာရဲ့"

"ကိုင်း- ဘာကြောင့် လက်အိတ်တွေ စွပ်ပြီး ကိုင်ရသလဲ။ ဘာကြောင့် နှာခေါင်းတွေ၊ မျက်နှာတွေ အဝတ်စည်းထားရသလဲ"

"ရောဂါပိုး ကူးမှာစိုးလို့ပါ ဆရာ"

"ကိုင်း- ရောဂါပိုးကူးတာက ဘာကြောင့် ကူးလဲ"

"ရောဂါဖြစ်နေတဲ့ ကြက်တွေငှက်တွေကို ကိုင်လို့ပါဆရာ"

"ကောင်းပြီ၊ ဒါဖြင့်ရင် ရောဂါကူးစက်တာသည် အကြောင်းလား၊ အကျိုးလား"

"အကျိုးပါ ဆရာ"

"ဒါဖြင့် အကြောင်းတရားက ဘာလဲ"

"ကြက်ငှက်တုပ်ကွေးရောဂါဖြစ်တဲ့ ကြက်ငှက်တွေကို ကိုင်တာပါ ဆရာ"

"ကောင်းပြီ၊ ကိုင်း- ဘာကြောင့် ဒီလက်အိတ်တွေ စွပ်ရသလဲ၊ ဘာ ကြောင့် နှာခေါင်း၊ ပါးစပ်တွေကို အုပ်ထားရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရောဂါမကူးအောင်လို့ပါ ဆရာ"

"ကောင်းပြီ၊ အကြောင်းတရားက ဘာလဲ"

"ကြက်ငှက်တွေကို ကိုင်တာပါ ဆရာ"

"ကိုင်း- ကြက်ငှက်တွေကို ကိုင်တဲ့အခါမှာ လက်အိတ်တွေ စွပ်၊ နှာခေါင်း၊ ပါးစပ်ကို ပိတ်ထားတဲ့အခါကျတော့ အဲဒါ အကြောင်းတရားကို ပိတ်တာလား၊ အကျိုးတရားကို ပိတ်တာလား"

"အကြောင်းတရားကို ပိတ်တာပါ ဆရာ"

"အဲဒီတော့ အကြောင်းတရားကို တားဆီးလိုက်ခြင်းအားဖြင့် အကျိုးတရား ဖြစ်ပေါ်ခြင်းမရှိတော့ဘူး"

"ဒါဖြင့်ရင် အကျိုးတရားကို တွေ့လို့ရှိရင် အကြောင်းတရားကို တွေ့ဖို့ အလွန်အရေးကြီးတာပေါ့ ဆရာ"

"အေးပေါ့ကွ၊ ဒါကြောင့် မင်းတို့ကို အာအပေါက်ခံပြီး သင်ပေးနေတာပေါ့"

"ဒါဖြင့်ရင် အကျိုးတရားတွေ့တိုင်းမှာ အကြောင်းတရားကို တွေ့ဖို့ လွယ်လား ဆရာ"

"ဟ- မလွယ်လို့မို့လို့ ဘုရားမဖြစ်ကြတာပေါ့ကွ။ အကျိုးတရားတွေ့တိုင်း အကြောင်းတရားကို ရှာလို့ လွယ်လို့ရှိရင် မင်းတို့ငါတို့ အကုန်လုံး ဘုရားတွေ ဖြစ်ကုန်မှာပေါ့ကွ။ နေရာတကာမှာ ဘယ်ရနိုင်မလဲကွ။ သို့သော်လဲ ဘာလုပ်ရသလဲလို့ဆိုတော့ တစ်ခုပြောချင်တာက ခုနက စောစောက ပြောခဲ့တဲ့ ကလေးငိုခြင်းရဲ့ အကြောင်းတရားတွေ ပြောခဲ့တယ်နော်။ ငိုခြင်းက အကျိုး၊ အကြောင်းတရားတွေက အများကြီးရှိတယ်။ အဲဒီ အကြောင်းတရားတွေ အများကြီးထဲမှာ ဘယ်အကြောင်းကြောင့် ငိုသလဲဆိုတာ စဉ်းစားရတာကိုးကွ။ ဥပမာ - ကလေးနို့ဆာလို့ ငိုတယ်ဆိုတာ လွယ်တယ်ကွာ။ မှက်၊ ခြင်ကိုက်လို့ ငိုတယ်ဆိုတာ လွယ်တယ်ကွာ။ ကလေးအနီးမှာ သေးစိုနေတာတို့၊ အနေအထိုင်ခက်လို့ ငိုတယ်ဆိုရင် လွယ်တယ်ကွာ။ ကလေး နေမကောင်းလို့မို့လို့ ကိုယ်ပူနေလို့ ငိုတယ်ဆိုတာ လွယ်တယ်ကွာ။ သူ့ဘာသာသူ ငိုချင်လို့ငိုတယ်ဆိုတာကြတော့ မင်း အကြောင်းတရားရှာဖို့ ခက်မသွားဘူးလား"

"ဟုတ်တယ် ဆရာ၊ ခက်သွားပြီ"





"အဲဒါကျတော့ . . ."

"အေး- အဲဒါပေါ့ကွ။ နေရာတကာတိုင်းမှာတော့ဖြင့် အကြောင်းတရားက ချက်ချင်း တန်းပြီးတွေ့တာမျိုးတော့ မဟုတ်ဘူးပေါ့။ အဲဒါ ရှာတတ်ရတယ်။ ရှာတဲ့အခါမှာ ခုနက ငါပြောခဲ့တဲ့အထဲမှာပါတဲ့ ကလေးငိုခြင်းရဲ့ အကြောင်းတရား၊ ငိုချင်လို့ငိုတယ်ဆိုတဲ့ကိစ္စကို ငါ သိတာမဟုတ်ဘူး။ ငါလဲ နားမလည်ဘူး။ မင်းတို့ကို ပြောခဲ့ဖူးပါတယ်၊ အမှတ်မထင်ပေါ့။ ငါ လူပျိုဘဝပါ၊ အဲဒီတုန်းက ငါ့အသက် က ငယ်သေးတယ်။ အဲဒီအချိန်မှာ Baby and Childcare ဆိုတဲ့ စာအုပ် ကလေးကို ဖတ်လိုက်တော့ အဲဒီစာအုပ်ထဲမှာ ကလေးပြုစုနည်းပေါ့ကွာ။ အဲဒီစာအုပ်ထဲမှာ ဖတ်တဲ့အခါကျမှ ငါ တွေ့တာ။ အဲတော့ ဘာပေါ်လာသ လဲဆိုတော့ မင်း အကြောင်းတရားကို ရှာချင်လို့ရှိရင် ဗဟုသုတ အခြေခံနယ်ပယ် ကျယ်ဝန်းလေလေ၊ အကြောင်းတရားရှာလို့ လွယ်လေလေဆိုတာ ပေါ်မလာလေဘူးလား"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့ နည်းနည်းသဘောတော့ ပေါက်သာပြီ ဆရာ"

"အေးကွ၊ ငါ နမူနာ တစ်ခုပဲပြောမယ်ကွာ။

"ဒီဥစ္စာက ဘာလဲဆိုတော့ နယ်တစ်နယ်မှာ ဓားပြမှုဖြစ်တယ်။ ဒါ မှခင်းထဲမှာ တွေ့ခဲ့ဖူးတာ။ ကြာပါပြီ၊ ငါလဲ ငယ်ငယ်တုန်းက ဖတ်ခဲ့တာ။ ခမှတ်တော့နေပြီကွာ။ အကုန်လုံးတော့ ဘယ်မှတ်မိတော့မလဲ။ အဲဒီအချိန်မှာ ဘာတွေ့လဲဆိုတော့ ဓားပြမှု။ ဓားပြတိုက်တဲ့အခါကျတော့ ရဲတွေက သိတယ်။ ဓားပြတိုက်တော့မယ်ဆိုရင် ဓားပြတွေက များသောအားဖြင့် တန်ခိုးကြီးတဲ့ နတ်စင်တွေဘာတွေရှေ့မှာ သူတို့ရဲ့ ဓား၊ လှံ၊ လက်နက်တွေကို တင်ပြီးတော့ ပူဇော်ပသပြီးတော့မှ တိုက်လေ့ရှိတယ်။ အဲဒီတော့ ဒီနားမှာ ကြည့်လိုက်တဲ့ အခါကျတော့ အင်မတန်ကြီးတဲ့ ညောင်ပင်ကြီး တစ်ခုရှိတော့ ဒီမှာတော့ ဒီကောင်တွေဟာ နတ်တင်မှာသေချာတယ် ဆိုပြီးတော့ အဲဒီနတ်တင်တဲ့ ခြရင်းဆီ သွားပြီးတော့ လျှောက်ရှာတယ်။ ရှာတော့ ဘာသွားတွေ့သလဲ ဆိုတော့ သူတို့ အဲဒီမှာသောက်ခဲ့တဲ့ ဆေးလိပ်တိုတွေ သွားတွေ့တာ။ အဲဒီဆေးလိပ်တိုတွေထဲမှာမှ ဘာတွေ့သလဲဆိုတော့ တံဆိပ်။ အဲဒီတံဆိပ်က ဘာလဲဆိုတော့ ငါ မမှတ်မိဘူးနော်၊ အခုပြောမယ့် ဥစ္စာ။ ဂျိုးသိန်း၊ ဘာညာ သသည်အားဖြင့်ပေါ့ကွာ။ သူတို့ခေတ်တုန်းက တံဆိပ်တွေရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဆေးလိပ် တံဆိပ်က ဒီဘက်ဈေးပြတိုက်ခံရတဲ့နယ်မှာ သောက်လေ့မရှိဘူး။ အဲဒီနဲ့ မလှမ်းမကမ်း မှာရှိတဲ့နယ်မှာ သောက်လေ့ရှိတဲ့ သုံးလေ့ရှိတဲ့ ဆေးလိပ်။ အဲဒီတော့ ဒီကောင်ဟာ ဒီနယ်ကမဟုတ်ဘူးဆိုတာ ပေါ်မလာဘူးလား"

"ဟုတ်ပြီ ဆရာ၊ ပေါ်လာပြီ၊ သဘောပေါက်လာပြီ ဆရာ"

"အဲဒီတော့မှ ကောင်းပြီ၊ ဒါဖြင့် နယ်ကျော်ပြီးတိုက်တယ်။ ဆိုကြပါစို့ကွာ စကားအဖြစ် ပြောရလို့ရှိရင် ဒီတိုက်ကြီးမြို့မှာဖြစ်တယ်။ တွေ့တဲ့ ဆေးလိပ်တံဆိပ်က တိုက်ကြီးမြို့ ဟိုဘက်မှာရှိတဲ့ ဒီပြင်တစ်နေရာကပေါ့ကွာ။ အဲဒီတံဆိပ်ဖြစ်နေတယ်။ ဖြစ်နေတဲ့အခါကျတော့ ကောင်းပြီ၊ အဲလိုဆိုရင် ဒီကောင်ဟာ နယ်ကျော်ပြီးလာတဲ့ ဓားပြပဲ။ နယ်ကျော်ပြီးလာတဲ့ ဓားပြဖြစ်လို့ရှိရင် ဒီကောင်ဟာ ဒီဘက်နယ်နဲ့ အဆက်အသွယ်ရှိရမယ်။ နယ်ခံမရှိဘဲနဲ့ ဓားပြတိုက်လို့ရှိရင် မလွယ်ဘူးလေကွာ။ နယ်ခံက လက်ထောက်ချလို့ ဓားပြတိုက်တာကိုး။ အဲဒီတော့မှ ကောင်းပြီ၊ ဒီမှာ အဲဒီနယ်ကကောင်နဲ့ အဆက်သွယ်ရှိတဲ့ကောင် စုံစမ်းစမ်းဆိုပြီးတော့ စုံစမ်းရင်းကနေပြီးတော့ အမှုကြီးတစ်ခုလုံး ကွင်းလုံးကျွတ်ပေါ်လာတယ်။ ပြောတဲ့ အဓိပ္ပာယ် နားလည်ရဲ့လား"

"နားလည်ပြီ ဆရာ"

"အဲဒီတော့ ဘာပေါ်လာသလဲဆိုတော့ ဒီဆေးလိပ်ဟာ ဘယ်နယ်မှာ သောက်တယ်။ ဘယ်ဒေသမှာ ထွက်တယ်၊ ဒါ ပေါ်မလာဘူးလား"

"ဟုတ်တယ် ဆရာ၊ ပေါ်လာတယ် ဆရာ"

"အဲဒီမှာ ဒီဘက်နယ်မှာ အဆက်သွယ်ရှိတာ ဘယ်သူတွေနဲ့ ရှိသလဲဆိုတော့မှ ဒီဘက်နယ်နဲ့ အဲဒီနယ်နဲ့ အဆက်အသွယ်ရှိတဲ့ လူကို ကြည့်လိုက်တဲ့အခါကျတော့ ဒီကောင်ဟာ ဓားပြလက်ခံ အတွင်းလူ ဖြစ်ရမယ်။ ရွာတွင်းလူ ဖြစ်ရမယ်ပေါ့။ အဲဒီကနေ အမှုကြီးတစ်ခုလုံး ပေါ်သွားတယ်။ ပေါ်သွားတဲ့အခါကျတော့ ဒီမှာ မင်းတို့ သင်ခန်းစာယူရမှာက တစ်-အချက်က ဗဟုသုတရှိဖို့ လိုတယ်။ ဗဟုသုတဆိုတာ ဘယ်ဆေးလိပ်ဟာ ဘယ်နယ်မှာ သောက်တယ်ဆိုတာ ဗဟုသုတပဲ။ အဲဒါ ဗဟုသုတမရှိရင် ဘယ်နဲ့လုပ်ရမလဲ။ အဲဒါကြောင့်မို့လို့ အဲဒီကနေတစ်ဆင့် အမှုကြီးက ပေါ်လာတာ ထောက်ကြည့်လိုက်တဲ့အခါကျတော့ မင်းတို့ စဉ်းစားကြည့်ပေါ့။ အခြေခံဗဟုသုတ များလေလေ၊ အကြောင်းတရားကို ရှာဖို့လို့ လွယ်လေလေ။ အခြေခံဗဟုသုတ နည်းလေလေ၊ အကြောင်းတရား ရှာဖို့ ခက်လေလေ။





"အခြေခံဗဟုသုတ သိပ်နည်းတဲ့အခါကျတော့ ဟိုးရှေးတုန်းက မိုးရွာတယ်ဆိုလို့ရှိရင်လဲ မိုးနတ်မင်းက ရွာချတာ။ ဟုတ်လား၊ ဆိုကြပါစို့ ဥပမာ - လျှပ်စီးလျှပ်ပြက် လုပ်တယ်ဆိုလို့ရှိရင် လျှပ်နတ်ကို ကိုးကွယ်မှာပဲ။ တောမီးလောင်တယ်ဆိုလို့ရှိရင်လဲ မီးနတ်ကို ကိုးကွယ်မှာပဲ။ မီးမလောင်ပါစေနဲ့ပေါ့။ အစရှိသည်ဖြင့် ဘာပဲဖြစ်ဖြစ် အကုန်လုံး မမြင်ရတဲ့သူတွေကို လှမ်းပြီး ကိုးကွယ်တဲ့ဥစ္စာ ဘာလဲဆိုတော့ အကြောင်းတရားအမှန်ကို ရှာမတွေ့တဲ့ အတွက်ကြောင့်မို့လို့ လှမ်းပြီးကိုးကွယ်တာပဲကွ။ **ဒါကြောင့် အခြေခံဗဟုသုတ များလေလေ၊ ကောင်းလေလေမို့လို့ မင်းတို့ကို စာဖတ်ကြပါလို့ ဆရာက တိုက်တွန်းရတာကွ။ စာဖတ်တော့ ဘာဖြစ်သလဲ။ စာဖတ်တော့ ဗဟုသုတများတယ်။ ဗဟုသုတများတဲ့အခါကျတော့ အကျိုးတရားတစ်ခုကို တွေ့လို့ရှိရင် အကြောင်းတရားကို ရှာတဲ့အခါမှာ ဘာကြောင့်ဖြစ်သလဲဆိုတာကို စဉ်းစားတဲ့အခါကျတော့ ပိုပြီး မှန်မှန်ကန်ကန် ရောက်တာပေါ့ကွာ။** ဒါပေမဲ့ မင်းတို့ကို မေးလိုက်ဦးမယ်။ ကောလာဟလဆိုတာ ကြားဖူးလား"

"ကြားဖူးပါတယ် ဆရာ"

"ပြောစမ်း ဘာလဲ၊ ကောလာဟလဆိုတာ"

"လူတွေအများကြီး ပြောကြတာပေါ့ ဆရာရယ်၊ ဟိုလူကပြော ဒီလူကပြော။ ဘာဖြစ်မယ်၊ ညာဖြစ်မယ်ပြောတာ အဲဒါ ကောလာဟလ ခေါ်တာပဲ ဆရာ"

"အေး-ဟုတ်တယ်။ ကောင်းပြီ မင်းတို့ကို ငါ မေးမယ်။ အဲဒီ လူတွေ အများကြီး ပြောနေတဲ့ဥစ္စာထဲမှာ အခြေအမြစ် ခိုင်ခိုင်မာမာတွေ့သလား"

"မတွေ့ဘူး ဆရာ"

"အဲဒါပေါ့ကွ။ အခြေအမြစ်ခိုင်ခိုင်မာမာမရှိဘဲနဲ့ လူအများပြောနေတဲ့ ဥစ္စာကို ကောလာဟလလို့ ခေါ်တယ်"

"အဲဒီတော့ လူတွေရဲ့ ကောလာဟလဟာ ဒီနေ့ပဲ ဘာဖြစ်တော့မလိုလို၊ နောက်တစ်နေ့ ဘာဖြစ်တော့မလိုလို။ ကြည့်လိုက်တော့လဲ ဘယ်သူမှ ရေရေရာရာမသိဘူး။ ဘာဖြစ်လို့ ဒီလိုပြောတာလဲလို့ အကြောင်းကို မေးတော့လဲ၊ သူလဲ အကြောင်းမသိဘူး။ ကိုယ်လဲ အကြောင်းမသိဘူး။ အဲဒီ အကြောင်း မသိဘဲနဲ့ ဘာဖြစ်မယ်ညာဖြစ်မယ် ပြောနေကြတဲ့ကိစ္စ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သတဲ့၊ ဟိုမှာ ဘာဖြစ်သတဲ့ ပြောနေကြတဲ့ဥစ္စာတွေဟာ ကောလာဟလ လို့ခေါ်တယ်။ အဲဒီလို ကောလာဟလတစ်ခုကို ကြားလိုက်ပြီဆိုလို့ရှိရင် ခြေခြေမြစ်မြစ် ဟုတ်လောက်၏၊ မဟုတ်လောက်၏ အကြောင်းကို စဉ်းစားတဲ့ဥစ္စာဟာ အင်မတန် အရေးကြီးတယ်ကွ။ လူတော်တော်များများ ဟာ ကောလာဟလကို အဟုတ်ထင်ပြီး ယုံကြည်တတ်ကြတယ်။ အဲဒီယုံကြည်တဲ့အတွက်ကြောင့်မို့လို့ တစ်ခါတလေကျတော့ မဟုတ်ပါဘဲနဲ့ လောကမှာ ပြဿနာ ဖြစ်ကုန်ကြတာတွေလဲ အများကြီး ကြုံခဲ့ဖူးတယ်။ ဟုတ်လား မဟုတ်လားတော့ မသိဘူးပေါ့ကွာ။ သရေခေတ္တရာပြည်ကြီး ပျက်တုန်းကဆိုရင် အဲဒီတုန်းကတဲ့ စေကောမင်း၊ စေကောလူမျိုးတွေ လာလိမ့်မယ်ဆိုပြီးတော့ ကောလာဟလဖြစ်တာ။ အဲဒါ တစ်နေ့ကျတော့ မိန်းမတစ်ယောက်က စကောတွေနဲ့ဆန်တွေ လှမ်းထား တုန်းမှာ စကောက လေတိုက်တာ လွင့်ပါသွားတဲ့အခါကျတော့ အဲဒီမှာ ဒီမိန်းမကနေပြီးတော့ ငါ့စကော၊ ငါ့စကောလို့ အော်ပြီးတော့ လိုက်တဲ့အခါမှာ အဲဒီမှာ စေကော လူရိုင်းတွေပေါ့ကွာ။ စေကောသောင်းကျန်းသူတွေ ဝင်လာပြီဆိုပြီးတော့ ခေတ်ပျက်သွားဖူးတယ်လို့ ဆိုတာပဲ။ ဒါကတော့ ထားလိုက်ပါတော့။ ဟုတ်ချင် ဟုတ်မယ်၊ မဟုတ်ချင် မဟုတ်ဘူး။ ငါလဲ မပြောတတ်ဘူး။ သရေခေတ္တရာပျက်ခဲ့တဲ့ ဆိုထုံးပေါ့ကွာ။ အဲဒါကို ပြောတာကိုး။

"ဒါပေမဲ့ ဆိုလိုတဲ့အဓိပ္ပာယ်က အဲဒီ လူတွေအများကြီးကနေ အဓိပ္ပာယ်မရှိတဲ့ကိစ္စတွေ ယုံလို့ရှိရင်၊ အဓိပ္ပာယ်မရှိတဲ့ကိစ္စတွေကို အကျိုးအကြောင်း ဆင်ခြင်ဉာဏ်မရှိဘဲနဲ့ ယုံလို့ရှိရင် တစ်ခါတစ်ရံမှာ လောကတစ်ခု လုံး ပတ်ဝန်းကျင်တစ်ခုလုံးကို ထိခိုက်သွားတတ်တယ်။ ဒါကြောင့်မို့လို့ ဗဟုသုတရှိအောင် လုပ်ရတယ်ဆိုတာ အဲဒါကို ပြောတာ။ ဗဟုသုတ ရှိလာတော့ ဘာဖြစ်လဲ ဆိုလို့ရှိရင် အဲဒီ ခုနက ကောလာဟလကအစ ကိုယ်ပိုင်ဉာဏ်နဲ့ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ ဟုတ်လောက်၏၊ မဟုတ်လောက်၏ စဉ်းစားတာ ပေါ့ကွာ။ ပြောချင်တာကကွာ။ ကုန်ကုန်ပြောမယ်ဆိုလို့ရှိရင် ဒီနေ့ခေတ်ထိ အောင် ပြောမယ်ဆိုလို့ရှိရင် လူအများပြောတိုင်း မယုံဘူး။ သတင်းစာထဲ ပါတိုင်းလဲ မယုံဘူး။ ရေဒီယိုထဲပါတိုင်းလဲ မယုံဘူး။ ဘယ်ကပါတိုင်းလဲ မယုံဘူး။ ကိုယ့်ဉာဏ်နဲ့ကိုယ် စဉ်းစားပြီးတော့မှ အကျိုးအကြောင်း ချင့်ချိန် တတ်တဲ့ဉာဏ်ပေါ်လာတယ်။ ပေါ်လာအောင်လို့ မင်းတို့ကို အေးအေး ဆေးဆေး သွေးအေးအေးနဲ့ စဉ်းစားတတ်တဲ့ အကျင့်ရအောင် ထုထောင်ကြ လို့ ငါ မင်းတို့ကို သင်ပေးနေတာကွ"





"ဆရာ အဲဒီလို ဆိုလို့ရှိရင် ဘယ်နေရာမဆို အကျိုးတစ်ခုကို တွေ့ရင် အကြောင်းအမြဲတမ်းရှိတယ်ပေါ့ ဆရာ"

"အေး-ရှိတာပေါ့ကွ။ ဒါပေမဲ့ အကြောင်းတွေမှာ အများကြီးရှိတယ် ကွ။ အကြောင်းတစ်ခုထဲကြောင့် ဖြစ်တာမဟုတ်ဘူး။ တစ်ခါတလေ အကြောင်းပေါင်းများစွာ ပေါင်းမှ အကျိုးဖြစ်တာလဲ ရှိတယ်။ တစ်ခါတစ်ရံ မှာကျတော့ အနီးအကြောင်း ရှိတယ်။ အဝေးအကြောင်း ရှိတယ်။ အဲဒီဥစ္စာ ဘယ်မှာလာတွေ့လဲဆိုတော့ မင်းတို့ သတိထားကြည့်ရင် သမိုင်းကြောင်းကို ပြန်ရှာလို့ရှိရင် တွေ့တယ်ကွ။ ဥပမာဆိုပါတော့ကွာ။ တို့မြန်မာပြည် ကျွန်ဖြစ် သွားတယ်။ သီပေါမင်းရဲ့လက်ထက်မှာ။ သီပေါမင်း အင်္ဂလိပ်လက်ထဲကို ပါသွားတယ်။ အဲဒါ အကျိုးတရား။ ဒါပေမဲ့ အကြောင်းတရားကို ရှာလိုက်တဲ့ အခါကျတော့ အဲဒီအကြောင်းတရားမှာ အများကြီးရှိတယ်။ ဥပမာ - တချို့ကလဲပဲ ကင်းဝန်မင်းကြီးကြောင့်၊ တချို့ကလဲပဲ တိုင်တားကြောင့်၊ တချို့ကလဲ နယ်ချဲ့ကြောင့်။ အများကြီးကွ၊ အကြောင်းတရားတွေက. ဒါပေမဲ့ အကြောင်းတရားတွေ များစွာထဲမှာမှ ဘယ်အကြောင်းတရားဟာ အရေးကြီးသလဲဆိုတာ ပြန်ပြီးတွက်ရတဲ့အခါမျိုးတွေလဲ ရှိတယ်။ အဲဒီ အကြောင်းတရားတွေမှာတောင်မှ တစ်ခါ ပြန်စဉ်းစားကြည့်လိုက်တဲ့အခါ ကျ၊ အနီးအကြောင်းတွေ၊ အဝေးအကြောင်းတွေ ရှိတယ်။ အနီးအကြောင်း ဆိုတဲ့အခါကျတော့ သီပေါမင်းပါတော်မူသွားတာ။ အင်္ဂလိပ်က လာတိုက်ပြီး သိမ်းသွားတာ။ အဝေးအကြောင်းက ဟိုးအရင်ထဲက စပြီးတော့ ဥပမာ - မြန်မာပြည်မှာ ဘကြီးတော်လက်ထက်က စစ်ဖြစ်ခဲ့တာတွေ။ အလောင်းဘုရား သက်ထက်က စစ်ဖြစ်ခဲ့တာတွေ။ အဲဒါတွေ အဝေးအကြောင်းတရားတွေ။ အဲဒါတော့ မင်းတို့ သမိုင်းမှာ ကြည့်လိုက်လို့ရှိရင် အဝေးအကြောင်းတို့ အနီးအကြောင်းတို့ဆိုတာ ပါတယ်ကွ။ အဲဒါတွေကို ရှာတတ်ရတယ်။ အဲဒီ ရှာတတ်တာကျတော့။ ဥပမာ - ငါကိုယ်တိုင်လဲပဲ ဆရာ ဘယ်လောက် ရှာတတ်သလဲလို့ မေးလို့ရှိရင် ငါလဲ ကောင်းကောင်း မရှာတတ်ဘူး။ ဒါပေမဲ့ သမိုင်းပညာရှင်တွေ ကောင်းကောင်း ရှာတတ်တယ်။ ဒါဖြင့် သူတို့ချင်းကော သဘောတူသလားဆိုတော့ ကွဲလွဲတာလဲ ရှိတာပေါ့။ မင်းတို့ကို ငါပြောချင် တာက တစ်ချက်တည်းပါ။ ဘယ်အကျိုးတရားမဆို ပေါ်လာရင် အကြောင်း တရား ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်းတရားမှာ အကြောင်းတရားတွေကို ပြန်ရှာတတ်ဖို့က အခြေခံဗဟုသုတအများကြီး လိုတယ်။ အဲဒါ မင်းတို့သိဖို့ပဲ။ ထားလိုက်ပါတော့ကွာ။ ဒါတွေပြန်ပြောရတဲ့ကိစ္စက မင်းတို့ကို သင်နေတဲ့ကိစ္စက ရိုးရိုးသာမန်အားဖြင့် မြန်မာစာသဘောမျိုးနဲ့ သင်သွားတာ။ ဒဿနိကလို့ခေါ်တဲ့ ဒဿနလို့ခေါ်တဲ့။ ဒီ ဖီလော်ဆော်ဖီထိအောင် ရောက်သွားပြီကွ။ အဲဒီမှာ အကြောင်းတရား အကျိုးတရားရှာတဲ့ဥစ္စာကျတော့။ ယုတ္တိဗေဒလို့ ခေါ်တဲ့ Logic ထိအောင် ရောက်သွားပြီကွ။ မြင့်ကုန်ပြီ။ အဲဒါကျတဲ့အခါကျတော့ ကိုယ်တိုင်ကလဲ တချို့အပိုင်းတွေကျတော့ ပိုင်ပိုင်နိုင်နိုင်ကြီး မပြောနိုင်ဘူးပေါ့ကွာ။ ငါက ဗဟုသုတနယ်က ကျဉ်းသေးတာကိုးကွ။ ဆိုကြပါစို့ကွာ၊ ကိုင်း-မင်းတို့ကို ငါ မေးမယ်ကွာ။ ခု အီရတ်မှာဖြစ်တဲ့ပြဿနာတွေ။ အသေခံဗုံးခွဲပြဿနာတွေ။ အမေရိကန်နဲ့ပြဿနာတွေ။ ကိုင်း- မင်းတို့ ရေဒီယိုမှာ မတွေ့ဘူးလား၊ မကြားရဘူးလား။ သတင်းများမှာ မတွေ့ဘူးလား"

"တွေ့ပါတယ် ဆရာ"

"အေး- အဲဒါတွေရဲ့ အကြောင်းရင်းကို ရှာစမ်းပါဆိုတဲ့ အခါကျတော့ မင်းကော ရှာတတ်သလား"

"ဟာ- မရှာတတ်ပါဘူး ဆရာ"

"အေး- ငါလည်း မရှာတတ်ဘူး။ ဒါပေမဲ့လို့ အကြောင်းတွေ မရှိဘူးထင်သလား"

"ရှိမှာပေါ့ ဆရာရယ်"

"အေးပေါ့ကွ။ အဲဒီအကြောင်းတွေကို ရှာတဲ့ကိစ္စက အင်မတန်ခက်တဲ့ကိစ္စ"

"ဒါကြောင့် စောစောက မင်းတို့ ငါ့ကို မေးလိုက်တဲ့ ဆရာကော အကျိုးတရားတွေ့ရင် အကြောင်းတရား အကုန်သိသလားလို့မေးရင် ဟာ- အဲဒါ အကုန်သိရင် ငါ ဘုရားဖြစ်နေမှာပေါ့လို့ ပြောခဲ့တာ မှတ်မိလား"

"မှတ်မိပါတယ် ဆရာ"

"ဒါပေမဲ့လို့ အဖျင်းဆုံးအကြောင်းတရားကိုတော့ မင်း ရှာတတ်ရမယ်ကွ။ ရှာရကောင်းမှန်း သိရမယ်။ နားလည်လား ငါ ပြောတာ"

"နားလည်ပါတယ် ဆရာ။ ဆရာ ကျွန်တော် တစ်ခုမေးချင်တယ် ဆရာ"





"မေးလေကွာ၊ ဘာမေးချင်တာတုန်း ပြောလေ"

"ဒါဖြင့်ရင် ဆရာရဲ့ မြန်မာစာမှာ ရရစ်တို့၊ ယပင့်တို့ကော ဒီအကြောင်းတရား ရှိသလား ဆရာ"

"အေး- မင်းမေးလိုက်တဲ့ မေးခွန်းက တော်တော်ကို ခက်တဲ့မေးခွန်းကွ။ သို့သော်လဲ ငါ ကြိုးစားပြီး ဖြေရမှာပေါ့ကွာ။ အဲဒါ ဘာလဲဆိုလို့ရှိရင် သူက ဘာသာစကားနဲ့ ဆိုင်သွားတယ်ကွ။ ပြင်ပလောက အကြောင်းတရား အကျိုးတရား၊ ကလေးငိုတာတို့နဲ့ မဆိုင်တော့ဘူးကွ။ ဘာသာစကားနဲ့ ဆိုင်သွားတယ်။ အဲဒီတော့ ဘာသာစကားဆိုတာလဲ တော်တော်ခွကျတယ်။ အင်္ဂလိပ်လို ဆိုလို့ရှိရင် Language is arbitrary ဆိုတဲ့ စကားလုံးရှိတယ်။ arbitrary ဆိုတာက ဘာရယ်မဟုတ်ဘဲနဲ့ စွတ်ပြောလိုက်တာပေါ့ကွာ။ ထင်ရာမြင်ရာ စွတ်ပြောလိုက်တာ ဘာသာစကားဖြစ်သွားတာပဲတဲ့။ ဆိုလိုတာက ဟိုးရှေးရှေးတုန်းက ဥပမာ- နေကို မြင်လိုက်တယ်။ တစ်ယောက်က 'နေ' ဆိုပြီးတော့ ပြောလိုက်တယ်။ ကျန်တဲ့ကောင်ကလဲ အဲဒါကို 'နေ' လို့ နားလည်သွားတော့ အကုန်လုံး နားလည်သွားတော့ အဲဒါ 'နေ' ဖြစ်သွားတာပေါ့။ နောက်တစ်ခါ နောက်တစ်ယောက်ကနေပြီးတော့ 'လ' ကိုမြင်လိုက်တဲ့အခါကျတော့ 'လ'ကို ကြည့်ပြီးတော့ 'လ' 'လ' လို့ ပြောလိုက်တယ်။ အဲဒီမှာ ကျန်တဲ့ကောင်ကလဲ 'လ' လို့ ပြောလိုက်တယ်။ အကုန်လုံးသိသွားတော့ 'လ'ဆိုတာ ဒါပဲလို့သိသွားတော့ အဲဒီမှာ 'လ' ဆိုတဲ့စကားလုံးဟာ အတည်ဖြစ်သွားတာပဲ။ ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောသလဲ။ 'လ' ဆိုတာ ဘာကြောင့်ခေါ်သလဲ၊ 'နေ'ဆိုတာ ဘာကြောင့်ခေါ်သလဲ။ 'ရေ'ဆိုတာ ဘာကြောင့်ခေါ်သလဲ။ အကြောင်းအကျိုးမရှိဘူး။ စွတ်ပြောလိုက်တာကနေ ဘာသာစကားပေါ်လာတယ်လို့ ပညာရှင်တွေအားလုံးက တညီတည်း အဲဒါ ဆုံးဖြတ်ကြတယ်။

"အဲဒါ အဲဒီဥစ္စာကို ငါကလဲ သူတို့ပြောတဲ့အတိုင်းပြန်ပြောရမှာ။ ဘာဖြစ်လို့လဲဆိုတော့ ငါလဲ ကမ္ဘာဦးကလူတွေ မီတာမှမဟုတ်ဘဲကိုး။ ဒါပေမဲ့လို့ ကောင်းပြီ၊ မင်းပြောတဲ့အထဲမှာ ရပင့်လား၊ ယရစ်လား ဆိုတာကျတော့၊ တို့က ဒီနေရာမှာ ရပင့်ရမယ်၊ ဒီနေရာမှာ ယရစ်ရမယ်ဆိုတာတို့ ပြောတာတော့ ရှိတာပေါ့ကွာ။ ဒါပေမဲ့ သူတို့အကြောင်းကို ပြန်ရှာတဲ့အခါမှာကျတော့ ဘာခေါ်လဲဆိုတော့ ရင်းမြစ်လို့ခေါ်တယ်ကွ။ ရင်းမြစ်ဆိုတဲ့အခါ ပြန်ရှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါကျတော့ ရှိသင့်သလောက်လဲ ရှိတယ်ပေါ့ကွာ။ ဥပမာဆိုပါတော့ စိတ်တို့ ရုပ်တို့ဆိုတာ ရှိတယ်ကွာ။ စိတ်ဆိုတာဘာလဲဆိုတော့ ပါဠိမှာ စိတ္တဆိုတာ စိတ်ကို ပြောတာ။ ရုပ်ဆိုတာဘာလဲဆိုတော့ ရူပ၊ ရုပ်လို့ခေါ်တယ်။ အဲတော့ ပါဠိစကားလုံးကို တို့က စွဲသုံးတာ။ ဒါဖြင့် ပါဠိက ခင်ဗျားက စိတ်ကို ဘာကြောင့် စိတ်လို့ခေါ်လဲဆိုတော့ သူလဲ မသိတော့ဘူး။ ဘာလဲဆိုတော့ ဟိုးရှေးရှေးတုန်းကတည်းက ခေါ်ခဲ့တာဆိုတော့ ကမ္ဘာဦးကလို ခေါ်ခဲ့တဲ့ကိစ္စ သူလဲ ဘယ်သိတော့မလဲ။ ငါတို့က စိတ္တဆိုတဲ့စကားလုံးကနေ စိတ်ဆိုတာ ယူလိုက်တယ်။ ဥပမာဆိုပါတော့ကွာ မင်းတို့ ငါ့ကို 'ဆရာ' လို့ခေါ်တယ်။ အဲဒီ ဆရာလို့ ဘာကြောင့်ခေါ်သလဲ။ ခေါ်တဲ့ဥစ္စာက ဆရာပေါ့။ အဲဒီဆရာ ဆိုတာက အာစရိယ။ အာစရိယကနေ မွန်ကတော့ 'အာစာရ' ပေါ့ကွာ။ နောက်ကျတော့ အာပျောက်သွားပြီးတော့ စရ။ စရာ။ အဲဒီ စရာဖြစ်သွားတော့ အဲဒီစရာဟာ ရကောက်နဲ့ရေးသင့်သလား၊ ယပက်လက်နဲ့ရေးသင့်သလား။ ဆိုလိုတာက ယပက်လက်နဲ့ရေးသင့်သလား၊ ရကောက်နဲ့ ရေးသင့်သလား။ ဒီတော့ အာစရိယကနေလာတာမို့လို့ စရာဆိုတဲ့ဥစ္စာ ရကောက်နဲ့ရေးရမယ်။ အဲဒီလို ရင်းမြစ်ကောက်ပြီးတော့ သတ်ပုံကို ဆုံးဖြတ်ရတာကိုကွ။ အဲဒီတော့ ဒါကျတော့ အကြောင်းမဟုတ်ဘူး။ အကြောင်းအကျိုးနဲ့ မဆက်စပ်ဘူး။ ဒီဥစ္စာကျတော့ ရင်းမြစ်ဆိုတဲ့သဘော မျိုး ပြန်ရှာရတယ်ကွ။ အဲတော့ ပြောချင်တာက ဒါတွေပြောလို့ရှိရင် ပြောလို့ဆုံးမှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ မင်းတို့ကို ငါပြောချင်တာ နိဂုံးချုပ် ချင်တာကနော်။ ခုနကပြောတဲ့ ဘာသာစကား၊ ဘာသာဗေဒနဲ့ပတ်သက်တဲ့ ကိစ္စတွေကို သွားမလုပ်နဲ့။ အဲဒီဥစ္စာက မြစ်ကို အလျားလိုက် ကူးရသလိုပဲ မဆုံးဘူး။ အဲဒါ ပညာရှင်တွေကိစ္စ။

"မင်းတို့နဲ့ ငါနဲ့ကလဲ သင်နေတဲ့ ကိစ္စ။ မင်းတို့ကို ပညာရှင်ကြီးဖြစ်လာ အောင် သင်ပေးတာ မဟုတ်ဘူး။ ငါကိုယ်တိုင်ကလဲ ပညာရှင်ကြီး မဟုတ် ဘူး။ သို့သော် တစ်ချက်တော့ မှတ်ထားဖို့က မင်းတို့က လောကမှာ အကြောင်းအကျိုးရှိတယ်ဆိုတာ မှတ်ထားပေတော့။ အကျိုးတရားကို တွေ့လို့ရှိရင် အကြောင်းတရားကို ရှာရတယ်။ အကြောင်းတရား ခိုင်ခိုင် မာမာ မတွေ့လို့ရှိရင် အကျိုးတရားကို ဘယ်တော့မှ အတည်မပြုနဲ့။ ယေဘုယျအားဖြင့် သံသယအနေနဲ့ထားလိုက်။ ဒီလိုဖြစ်တတ်တယ်၊ ဒီလို





ဆိုတယ် ဒါလောက်ပဲ ထားလိုက်။ ခိုင်ခိုင်မာမာကြီးမယူနဲ့။ မင်း တတ်နိုင်လို့ ပညာရပ်ကို လိုက်စားတော့မယ် ဆိုရင်တော့ဖြင့် အကျိုးတရားကို တွေ့လို့ ရှိရင် အကြောင်းတရားကို အစွမ်းကုန်လိုက်စားပါ။ အဲဒီအကြောင်းတရားကို အစွမ်းကုန်ရှာပါ။ ရှာလို့ ရှိရင် မင်းဟာ 'ကြောင်းကျိုးမြင်သိ၊ ပညာရှိ' ဆိုတာလို တကယ့်ကို ပညာတော်တဲ့လူတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ငါပြောချင်တယ်။ ဒါပဲကွာ မင်းတို့"

*

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

"ကိုင်းကွာ၊ မင်းတို့ကို ပြီးခဲ့တဲ့သင်ခန်းစာတွေမှာ ငါဟာ အကြောင်း အကျိုးတွေချည့် ပြောလာခဲ့ပြီ။ အဲဒီအကြောင်းအကျိုး ပြောတဲ့ကိစ္စကို မင်းတို့ စိတ်ထဲမှာ ငြီးငွေ့မလား မသိဘူး။ ဒါပေမဲ့ တကယ်ကျတော့ လောကမှာ အရေးအကြီးဆုံးဖြစ်လို့ ငါ ဒါကို ထည့်ပြီး ပြောနေရတာ။ အကျိုးတရား ကို တွေ့တယ်။ အကြောင်းတရားကို ရှာတယ်။ ဒါဟာ ပေါ့သေးသေးကိစ္စ မထင်နဲ့။ အင်မတန်အရေးကြီးလို့ ငါ ဒါတွေကို ထည့်ပြီးတော့ ပြောနေတာ။ ဒီနေ့တော့ဖြင့် နောက်တစ်ဆင့် တက်ကြဦးစို့ကွာ။ နောက်တစ်ခန်း ပြောင်း လိုက်ကြဦးစို့။

"ကောင်းပြီ၊ မင်းတို့ကို ငါမေးခဲ့ဖူးတာ ရှိတယ်။ မှတ်မိမလားတော့ မသိဘူး။ တိရစ္ဆာန်နဲ့ လူနဲ့ယှဉ်လိုက်လို့ရှိရင် တိရစ္ဆာန်က သာတာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ ဘယ်တိရစ္ဆာန်နဲ့မဆို လူက သာတဲ့အချက် သုံးချက်ပဲရှိတယ်လို့ ပြောခဲ့တယ်၊ မှတ်မိလား"

"မှတ်မိပါတယ် ဆရာ"

"ပြောစမ်း ဘာတွေလဲ"

"ကျိုးကြောင်းဆက်စပ်ပညာရှိခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း၊ အလှ အပကို ခံစားဖန်တီးတတ်ခြင်း။ အဲဒီသုံးမျိုးပါ ဆရာ"

"အေး-ဟုတ်တယ်။ အဲဒါ။ ကောင်းပြီ၊ ဒီနေ့ ကိုယ်ကျင့်တရားဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီး ငါ ပြောချင်တယ်။ ကိုယ်ကျင့်တရားဆိုတာ မပြောမီ မင်းတို့ကို ငါ မေးချင်တာ ရှိသေးတယ်။ အနန္တောအနန္တငါးပါးဆိုတာ ကြားဖူးလား"





"ကြားဖူးပါတယ် ဆရာ"

"ကောင်းပြီ၊ အဲဒီအနန္တောအနန္တငါးပါးက ဘာတွေလဲ ပြောစမ်း"

"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာပါ ဆရာ"

"မှန်တယ်။ ရှေ့ဆုံးက ဘာလာလဲ၊ ပြောစမ်း"

"ဘုရားပါ ဆရာ"

"ကောင်းပြီ၊ ဘုရားကို တို့အားလုံး ရှိခိုးကြတယ်၊ ကိုးကွယ်ကြတယ်၊ ကြည်ညိုကြတယ်၊ ဦးထိပ်ထားကြတယ်။ ဘာကြောင့် ဘုရားကို အဲလောက် ထိအောင် တန်ဖိုးထားပြီး ကြည်ညိုကြသလဲ။ စဉ်းစားစမ်း"

"အမြင့်မြတ်ဆုံးမို့လို့ပါ ဆရာ"

"အေးလေ . . . ဟုတ်ပြီ။ ဘာကြောင့် မြင့်မြတ်တယ်လို့ မင်းက ပြောတာလဲ"

*အားလုံးသူတို့ ငိုင်သွားကြပါသည်။ အကုန်လုံး စဉ်းစားကြသည်။ သူတို့တွေ ဘာမှပြန်မပြောတတ်ချေ။ သူတို့အပြစ် မဟုတ်၊ အလွန်ခက်သော မေးခွန်း ဖြစ်ပါသည်။*

"ပြောလေကွာ။ ဘုရားကို ဘာကြောင့် မြင့်မြတ်တယ်လို့ မင်းတို့ သတ်မှတ်သလဲ"

"ကျွန်တော်တို့ မပြောတတ်ဘူး ဆရာကြီး"

"ဒီမယ် သေချာနားထောင်။ ငါလဲပဲ အဲဒီဥစ္စာကို သေချာစဉ်းစား ရတယ်ကွယ်။ မင်းတို့စဉ်းစားလို့ မရတဲ့ကိစ္စက မင်းတို့အပြစ် မဟုတ်ဘူး။ သိပ်ခက်တဲ့ကိစ္စ။ ဒါကြောင့် ငါလဲ တော်တော်စဉ်းစားကြည့်တဲ့အခါကျ၊ ဘုရားကို တို့က ကြည်ညိုတဲ့ကိစ္စ၊ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်ကြီးလို့ ကိုးကွယ်နေတဲ့ ကိစ္စ။ ဘာကြောင့် ကိုးကွယ်လဲဆိုတာ စဉ်းစားတဲ့အခါကျ တရားကို တွေ့သွားလို့ပေါ့။ တရားကို တွေ့သွားလို့ တို့က ဘုရားကို ကြည်ညိုရတာ ကိုးကွယ်ရတာကို။ တကယ်လို့ သိဒ္ဓတ္ထမင်းသားက တရားကို မတွေ့လို့ရှိရင် သူနဲ့ငါနဲ့ ဘာထူးမလဲကွ။ သူလဲ ယသော်ဓရာနဲ့ လင်မယားနှစ်ယောက်၊ ငါလဲ ငါ့မိန်းမနဲ့ လင်မယားနှစ်ယောက်။ ငါ သူ့ကို ဘာကြောင့် ရှိခိုးနေရမှာလဲ။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်တဲ့အခါကျ သူနဲ့ငါနဲ့ ကွာတဲ့ အရေးကြီး ဆုံးအချက်က သူက တရားကို တွေ့သွားတယ်။ ဒီထက် အရေးကြီးတဲ့အချက် တွေ အများကြီးပေါ့ကွာ။ မင်းတို့ နားလည်အောင်လို့ အလွယ်ဆုံးကို ငါ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တာပါ။ သူက တရားကို တွေ့သွားတယ်။ တရားကိုတွေ့လို့ ဘုရားဖြစ်တာပေါ့ကွ။ တရားကို မတွေ့ရင် ဘုရားဖြစ်မလား"

"မဖြစ်ပါဘူး ဆရာကြီး"

"အေးပေါ့ကွ။ ကောင်းပြီ၊ မင်းတို့ကို ငါမေးတော့မယ်"

"နောက်တစ်ဆင့်နော် ဒီအချက်က တော်တော်လေးနက်တယ်။ အဲဒီလိုဆိုရင် ငါမေးတဲ့မေးခွန်း စဉ်းစားဖြေနော်။ ဘုရားနဲ့တရား ဘယ်သူက ပိုအရေးကြီးသလဲ"

"တရားက အရေးကြီးတာပေါ့ ဆရာကြီး"

"အေးပေါ့ကွ။ တရားက ပိုအရေးကြီးတာပေါ့။ အဲဒီလို ဆိုလိုက်တဲ့အခါကျတော့ ဘုရားက အရေးမကြီးဘူး ဆိုလိုသလား"

"မဟုတ်ပါဘူး ဆရာကြီး"

"ဘာကြောင့် ဘုရားလို့ခေါ်လဲ"

"တရားကိုတွေ့လို့ပါ ဆရာကြီး"

"တရားကိုတွေ့တဲ့အတွက်ကြောင့် ဘုရားလို့ခေါ်တဲ့အခါကျတော့ ဘုရားကကော အရေးမကြီးဘူးလား"

"သိပ်ကြီးပါတယ် ဆရာကြီး"

"အေး- အဲဒါပေါ့ကွ။ တရားကိုသိလို့ တို့က ဘုရားလို့ ခေါ်ရတာကိုးကွ။ တရားမတွေ့လို့ရှိရင် သူလဲ ဘုရားမဖြစ်ဘူးပေါ့။ အဲဒီမှာ မင်းတို့အနေနဲ့တော့ နည်းနည်းမြင့်နေမလား မသိဘူး။ ငါ နည်းနည်းပြောလိုက်ဦးမယ်ကွာ။ သည်းခံပြီး နားထောင်ကြတော့။

"ဘုရားကိုယ်တိုင်ကလဲပဲ တရားကို သူ့ထက်ပိုပြီး အရေးကြီးတယ်လို့ သတ်မှတ်တယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားဖြစ်ပြီးတဲ့အခါမှာ သူက လောကသုံးပါး ဖြန့်ပြီးတော့ တစ်စုံတစ်ယောက်သောသူအား မှီခိုပြီးနေရသော် ကောင်း၏ဆိုပြီးတော့ ဘုရားက စဉ်းစားပြီးတော့မှ လောကသုံးပါးမှာ သူမှီခိုနေသင့်တဲ့သူ ဘယ်သူရှိမလဲဆိုတာ စဉ်းစားလိုက်တဲ့အခါကျတော့ ဘယ်သူ့မှ မှီခိုစရာ မတွေ့ဘူး။ အဲတော့မှ တရားသာလျှင် ငါရဲ့မှီခိုစရာဖြစ်တယ်ဆိုပြီးတော့ တရားကို နှလုံးသွင်းပြီးနေတယ်တဲ့။ ဒီတော့ကာ ထင်ရှားလာတာတစ်ခုက ဘုရားကိုယ်တိုင် လျှင် တရားကို ပဓာနထားတယ်ဆိုတာ ပေါ်မလာဘူးလား။ သူ့ကိုယ်သူထက် တရားသည်သာလျှင် အရေး





ကြီးတယ်ဆိုတာ ပေါ်မလာဘူးလား။ ကောင်းပြီ၊ ထင်ရှားတာတစ်ခုကို ငါ ပြောလိုက်ရဦးမယ်။

"ဝက္ကလိဆိုတဲ့ ရဟန်းကြီးတစ်ပါးက ဘုရားကို သိပ်ကြည်ညိုတယ်၊ သိပ်ကြည်ညိုတဲ့အခါကျတော့ ဘုရားအနားမှာ တစိမ့်စိမ့်ကြည့်ပြီးတော့ ကြည်ညိုနေတဲ့အခါကျတော့ အဲဒီ ဝက္ကလိဆိုတဲ့ ရဟန်းကြီးကို ဘုရားက ဘာပြောတယ်ထင်တုန်း။ **'မင်းဟာ ငါ့ကြည့်ပြီးတော့ ကြည်ညိုနေလို့ ဘာလုပ်မှာလဲ၊ ငါပြောတဲ့တရားကို သွားအားထုတ်ပါလား။ အဲဒီလို အားမထုတ်ဘဲနဲ့ ငါ့ကြည့်ပြီး ကြည်ညိုနေတဲ့အခါကျတော့ မင်းဟာ ဘာအဓိပ္ပာယ်ရှိတုန်း'** ဆိုပြီးတော့မှ ဘာစကားလုံး ပြောတယ်ထင်တုန်း။ 'တုစ္ဆ' တဲ့။ တုစ္ဆ ဆိုတာ မင်းတို့ ပါဠိလိုပေါ့ကွာ။ မြန်မာလို ပြောလိုက်လို့ရှိရင် ငတုံးကြီးပေါ့။ အလကားကောင်၊ အဲဒီ အဓိပ္ပာယ်ရောက်တယ်။ မင်း အလကားကောင်တဲ့။ ဘာလို့ ငါ့ထိုင်ကြည်ညိုနေတုန်းတဲ့၊ ငါပြောတဲ့ တရားကို သွားအားထုတ်ပါလား၊ အဲဒါမှ အရေးကြီးတာ မဟုတ်လားဆိုပြီး တော့မှ အဲဒီလို ငေါက်လွှတ်တာ။ ခုခေတ် မင်းတို့စကားနဲ့ ပြောလို့ရှိရင် 'ငတုံးကြီး သွား' ဆိုပြီးတော့ ငေါက်လွှတ်လိုက်တဲ့သဘောပဲ။ အဲဒီတော့မှ ဝက္ကလိဆိုတဲ့ ရဟန်းကြီးက ဘုရားရဲ့တရားတော်ကို အားထုတ်တော့မှ သူက ကျွတ်တန်းဝင်သွားတယ်။ နားထောင်ဦး၊ ဘုရားပြောတဲ့စကားတစ်လုံး ရှိသေးတယ်။ သိပ်ကြည်ညိုဖို့ ကောင်းတာပဲ။ ဘာကြည်ညိုဖို့ကောင်းလဲ ဆိုတော့ သူက ဘာပြောလဲဆိုတဲ့အခါကျတော့ တရားဘယ်လောက် အရေးကြီးတယ်ဆိုတဲ့အထဲမှာ ဘာပါတယ်ထင်သလဲ။

**'အကြင်သူသည် ငါဘုရား၏ သင်္ကန်းစွန်းကိုဆွဲ၍ လိုက်၏။ ငါဘုရား၏ ခြေရာနောက်၌ ထပ်ချပ်မကွာ လိုက်၏။ သို့သော် ငါဘုရား ဟောသော တရားကိုကား မမြင်။ ထိုသူသည် ငါနဲ့ ယူဇနာကွာ၏။ အကြင်သူသည် ငါဘုရားနှင့် ယူဇနာကွာ၏။ သို့သော် ငါဘုရား ဟောသော တရားကိုကား လိုက်နာကျင့်သုံး၏။ ထိုသူသည် ငါဘုရား၏ သင်္ကန်းစွန်းကို ဆွဲ၍ ဖဝါးခြေထပ်၊ ထပ်ချပ်မကွာ လိုက်သောသူနှင့် တူ၏'** တဲ့။ ပြောချင်တာက အဓိပ္ပာယ်က တရားကို လိုက်နာကျင့်သုံးခြင်း မရှိလို့ရှိရင် ဘုရားသည် သူ့ကို အနုမောဒနာ မပြုဘူး။ သာဓု မခေါ်ဘူး။ ဘာန်ဖိုး မထားဘူး။ သူဟောတဲ့ တရားကိုမှ လိုက်နာကျင့်သုံးမှ တန်ဖိုးထား ဘယ်ဆိုတာ ပေါ်မလာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပေါ်လာပါတယ် ဆရာကြီး"

"ကောင်းပြီ၊ မင်းတို့ကို ငါပြောချင်တာက ဘုရားကိုယ်တိုင်က တရားနဲ့ သူ့ကိုယ်တိုင်ထက် ဘယ်သူ့ကို တန်ဖိုးထားသလဲ"

"တရားကို တန်ဖိုးထားပါတယ် ဆရာကြီး"

"အေး- အဲဒါပေါ့ကွ။ အခု မင်းတို့ကို ငါမေးရဦးမယ်။ ဘုရားရှိသေးသလား"

"မရှိတော့ဘူး ဆရာကြီး"

"ဘာရှိလဲ ပြောစမ်း"

"တရားရှိပါတယ် ဆရာကြီး"

"အဲဒီ တရားပေါ့ကွ။ အရေးကြီးတဲ့ဥစ္စာက တရားကွ။ ဘုရားကိုယ်တိုင်ကလဲ တရားကို တန်ဖိုးထားတယ်။ အခု ဘုရား မရှိတော့ဘူး။ ဘာရှိလဲ"

"တရားရှိပါတယ် ဆရာကြီး"

"အဲဒီတရားကို တို့က လိုက်နာရမှာပေါ့ကွ။ အဲဒါမှ ဗုဒ္ဓဘာသာဝင် ဖြစ်မှာပေါ့။ ဗုဒ္ဓဘာသာဖြစ်မှာပေါ့။ သို့မဟုတ်လျှင်လည်း လူကောင်း သူကောင်း၊ သူတော်ကောင်း ဖြစ်မှာပေါ့။ တို့က ဘာကို စဉ်းစားရမှာလဲ"

"တရားကို စဉ်းစားရမှာပါ ဆရာကြီး"

"အဲဒီတော့ ဘုရားကလဲ သူက တန်ဖိုးထားတာ အဲဒါပဲ။ ငါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ တရားက အရေးကြီးတယ်။ အဲဒီလို ဘုရားကလဲပဲ သတ်မှတ်ခဲ့တာ။ အဲတော့ ဘုရားနဲ့တရားမှာ ဘုရားကို တို့က ကိုးကွယ်ရတယ်။ ဘာကြောင့်ကိုးကွယ်ရလဲ ပြောစမ်း"

"တရားကို တွေ့လိုက်လို့ပါ ဆရာကြီး"

"ကောင်းပြီ၊ အခု ဘုရားမရှိတော့ ဘာကျန်လဲ"

"တရားပါ ဆရာကြီး"

"အဲဒီတော့ တို့က တရားကို သိပ်တန်ဖိုးထားရမယ်ဆိုတာ ပေါ်မလာဘူးလား။ ဘုရားကို ထိုင်ပြီး ရှိခိုးနေတာထက် ဘုရားဟောတဲ့ တရားကို လိုက်နာတာက ပိုအရေးကြီးတယ်ဆိုတာ ပေါ်မလာဘူးလား"

"မှန်ပါတယ် ဆရာကြီး"





"ကောင်းပြီ၊ မင်းတို့ကို စောစောတုန်းက ပြောတဲ့အထဲမှာ ဘုရားကို ငါတို့ အမြင့်မြတ်ဆုံးပုဂ္ဂိုလ်အဖြစ်နဲ့ ဘာကြောင့် ကိုးကွယ်ကြသလဲဆိုတော့ တရားကို တွေ့ခဲ့လို့လို့ ပြောတာ မှတ်မိသေးလား။ အဲဒီလို ပြောတာတင်ပဲလားဆိုတော့ တစ်ခါတလေမှာ ဘုရားကို ပြန်စဉ်းစားလို့ရှိရင် သနားတောင် သနားတယ်။ အောင်သင်းက နေပြီးတော့ ဘုရား သနားတယ်ဆိုတော့ လူကြားလို့ မကောင်းဘူးပေါ့ကွာ။ ရယ်စရာတော့ ဖြစ်တာပေါ့။ ဒါပေမဲ့ သူ့ဘဝကို ငါလှမ်းပြီးတော့ စဉ်းစားကြည့်တာ။ သူ့ကို မွေးလာတဲ့အခါကျတော့ ပုဏ္ဏားတော်တွေက ဟောတဲ့အခါမှာ လောကတစ်ခွင်လုံးကို အစိုးရတဲ့ စကြဝတေးမန္တာတ်မင်းသော်လည်းကောင်း ဖြစ်မယ်။ သို့မဟုတ် ဘုရားသော်လည်း ဖြစ်မယ်လို့ ဟောတဲ့အခါမှာ အဲဒီမှာကျမှ ခုနက အငယ်ဆုံးပုဏ္ဏားလေး တစ်ယောက်ပဲ ခိုင်ခိုင်မြဲမြဲဟောတာ။ မုချဘုရား ဖြစ်လိမ့်မယ်လို့ တစ်ခွန်းတည်း ပြောတာ။ ရှင်ကောဏ္ဍညဆိုတာ။ ကောဏ္ဍည ပုဏ္ဏားပေါ့။ နောင်အခါကျတော့ ဘုရားရဲ့တရားဦးကို သူ့ကို ဟောတာပဲ။ သူ ပထမဦးဆုံး ရဟန္တာဖြစ်တာပဲ။ ထားတော့၊ အဲဒီတော့ သူ့ကို အဲဒီလို တောထွက်သွားမှာစိုးလို့ လောကုတ္တရာလို့ခေါ်တဲ့ ဘုရားဖြစ်ကြောင်း လိုက်မှာစိုးလို့ သုဒ္ဓေါဒနမင်းကြီးက ဘာဖြစ်စေချင်သလဲဆိုတော့ စကြဝတေး မန္တာတ်မင်းကြီး ဖြစ်စေချင်တယ်။ လောကမှာရှိတဲ့ ထီးဆောင်းမင်း အားလုံး ခစားရတဲ့ စကြဝတေးမန္တာတ်မင်း ဖြစ်စေချင်တယ်။ သူက စကြဝတေး မန္တာတ်မင်းရဲ့ ဖခင်အဖြစ်နဲ့ နေချင်တယ်။ နေချင်တော့ အဲဒီလိုဟာ မဖြစ်အောင်လို့ ဆိုပြီးတော့ တစ်ခါတည်း ရံရွေတော်တွေ အများကြီးနဲ့ထား၊ အကုန်လုံး သူ့အနားမှာဆိုလို့ရှိရင် အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့စကားတွေ မပြောရ။ ကုန်ကုန်ပြောလိုက်မယ်။ ဘယ်လောက်ထိအောင်လဲဆိုတော့ နန်းတော်ထဲမှာရှိတဲ့ သူ့ရဲ့ဥယျာဉ်တော်မှာရှိတဲ့ ပန်းတွေတောင်မှ ညှိုးတဲ့ဥစ္စာ မတွေ့စေရဘူး။ မနက်အာရုံတက်လိုက်လို့ရှိရင် ဥယျာဉ်စောင့်တွေ အကုန်လုံးက တစ်ခါတည်း အဲဒီညှိုးနေတဲ့ပန်းတွေကို ဖျက်ပစ်ရတယ်။ မြေမြှုပ်ပစ်ရတယ်။ ခြောက်တာ၊ ညှိုးတာ မတွေ့ရဘူး။ နန်းတွင်းမှာဆိုရင် အင်မတန် အရွယ်ကောင်းတဲ့ အပျိုတော် ရံရွေတော်တွေပဲ ထားတယ်။ အသက်ကြီးတဲ့သူ တစ်ယောက်မှ မဝင်စေရဘူး။ အဲဒီလောက်ကို ထားတာ။ နန်းမသုံးဆောင်နဲ့ နွေအခါစံဖို့၊ မိုးအခါစံဖို့၊ ဆောင်းအခါစံဖို့ သေချာထားတာ၊ နောက်ဆုံးပိတ်ကျတော့ မင်းတို့လဲ သိပါလိမ့်မယ်။ နိမိတ်လေးပါးဆိုတာ ကြားဖူးတယ်မဟုတ်လား။"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးပါတယ် ဆရာကြီး"

"ဘာလဲပြောစမ်း"

"အို၊ နာ၊ သေ၊ ရဟန်းပါ ဆရာကြီး"

"အဲဒီ နိမိတ်လေးပါးကို မြင်တော့မှ ငါလဲ တစ်နေ့ အိုရမယ်၊ နာရမယ်၊ သေရမယ် ဆိုပြီးတော့ အဲတော့မှ လောကတစ်ခုလုံးကို နှိပ်စက်ပြီးနေတဲ့ အဲဒီ အိုခြင်း၊ နာခြင်း၊ သေခြင်းတရားတွေဟာ ဘာကြောင့် ပေါ်လာရသလဲ ဆိုပြီးတော့မှ အဲတော့မှ တောထွက်သွားတာ မဟုတ်လား။ တောထွက်သွားတာ စဉ်းစားကြည့်စမ်း၊ သူ့ကို ဘယ်လောက်အံ့ဩစရာကောင်းတဲ့ ယောကျ်ားလဲဆိုတာ။ ဒါကြောင့် သူ့ကို ဥတ္တမပုရိသ အလွန်ကို မြင့်မြတ်တဲ့ ယောကျ်ားကောင်းအဖြစ်နဲ့ တို့ ရှိခိုးကိုးကွယ်ရတာ။ လောကတစ်ခုလုံးအပေါ်မှာ သနားကြင်နာတတ်သော မဟာကရုဏာရှင်ဆိုပြီးတော့ သူ့ကို တို့က ကိုးကွယ်ကြရတာ။ ကျေးဇူးသိပ်ကြီးမားတဲ့ ကျေးဇူးရှင်ကြီး အဖြစ်နဲ့ လောကကြီးရဲ့ ခင်ပွန်းကြီးဆယ်ပါးထဲမှာ ထိပ်ဆုံးက ထည့်ထားတယ်။ လောကတစ်ခုလုံး ရှိသမျှ သတ္တဝါအားလုံး တို့ရဲ့ တကယ့်ခင်ပွန်းကောင်း၊ မြင့်မြတ်တဲ့ ခင်ပွန်းကောင်းကြီးလို့ ခေါ်တယ်။

"ထားတော့၊ အဲဒီစည်းစိမ်တွေ အကုန်လုံး စွန့်ပစ်သွားတာနော်။ အကုန်လုံးကို စွန့်ပစ်ပြီးတော့ တစ်ယောက်တည်းကို ထွက်သွားတာ။ စဉ်းစားကြည့်စမ်း၊ ဘယ်လောက် အံ့ဩဖို့ကောင်းလဲဆိုတော့ အဲတော့ ဟို့ သေချာပြန်စဉ်းစားကြည့်ရအောင်ကွာ။ ဒီခေတ်ဆိုလို့ရှိရင် မင်းတို့ တီဗီထဲမှာ တွေ့ပါလိမ့်မယ်ကွာ။ အင်တာနေရှင်နယ်နယူးစ်ပေါ့နော်။ အဲဒီအထဲမှာဆို မင်းတို့တွေ့ပါလိမ့်မယ်ကွာ။ တစ်ယောက်က တစ်ယောက်ကို အာဏာရဖို့ သတ်ကြ၊ ဖြတ်ကြ၊ ဗုံးတွေခွဲကြ၊ သေနတ်နဲ့ပစ်ကြ၊ သေကြ။ မိမိက အာဏာလိုချင်လို့မို့လို့ သတ်တယ်။ ရထားတဲ့အာဏာကို ဆုံးရှုံးမှာစိုးလို့ သတ်တယ်။ အဲဒီဥစ္စာတွေ မက်မောခြင်းကြီးစွာနဲ့ တိုက်ကြခိုက်ကြ၊ သတ်ကြဖြတ်ကြ။ ဒါတွေ ခုမှ မဟုတ်ဘူး။ ဟိုးရှေးတုန်းကတည်းက အဲဒီလို စစ်ပွဲကြီးတွေဖြစ်ကြ ဟုတ်လား။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ဆိုပြီး စစ်ပွဲကြီးတွေမှာဆိုလို့ရှိရင် သေလိုက်တဲ့လူတွေဟာ နည်းတာမဟုတ်ဘူး။ သောက်သောက်လဲပဲ အဲဒီလောက်ထိအောင် အာဏာတို့၊ တန်ခိုးတို့၊ အရှိန်အဝါတို့၊ စည်းစိမ်တို့ မက်မောတဲ့ သမိုင်းကြောင်းကြီးတစ်လျှောက်မှာ သူတစ်ယောက်ပဲ ထူးထူးခြားခြား သူ့ရဲ့ ထီးနန်းကိုစွန့်ပြီး ထွက်သွားတာနော်။





"ငါမှတ်မိတာလေး တစ်ခုရှိသေးတယ်။ ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံဝင်တော့ တစ်ခါတည်း ဟိုမှာ အကုန်လုံးက ဆွမ်းတွေက ဟိုကလာလောင်း၊ ဒီကလာလောင်းပေါ့။ သူတောင်းစားပေးနည်းမျိုးလို ပေးကြတာပါပဲ သဘောကတော့။ အဲဒီမှာ ပေးတဲ့ဥစ္စာမှာ သူ့ကို လာပြီးလှူတဲ့ ဆွမ်းတွေ တွေ့လိုက်တဲ့အခါကျတော့ သူ့စလုတ်ထဲမှာ ပျို့ပြီးတော့ အန်တော့မလို တောင် ဖြစ်သွားတယ်။ ငါက ငယ်ငယ်တုန်းကဆိုတော့ ခပ်ငယ်ငယ်ကိုကွ။ ခပ်ငယ်ငယ်ဆိုတော့ ဆွမ်းတွေက မကောင်းတာရော၊ ကောင်းတာရော၊ နီကြောင်ကြောင်ရော၊ ဖြူတာရော အဲဒါတွေ ပါနေတာမို့လို့ ပျို့အန်တော့မလို ဖြစ်တယ်လို့ စိတ်ထဲမှာ အောက်မေ့ရတာ။ နောက်မှဖြည်းဖြည်း ပြန်စဉ်းစားကြည့်တဲ့အခါကျတော့ သူက ဒီကပိလဝတ်ပြည်မှာရှိတဲ့ သာကီမျိုး မဟုတ်လား။ ဇာတ်မြင့်တဲ့ လူမျိုးပေါ့။ သူတို့အမျိုး။ ဇာတ်မြင့်အဖွဲ့တွေ။ အဲတော့ အိန္ဒိယမှာဆိုတာက ဇာတ်နိမ့် ဇာတ်မြင့် သိပ်ခွဲခြားတယ်။ ဥပမာ - ဇာတ်နိမ့်တဲ့သူက ပေးတဲ့ကျွေးတဲ့ဥစ္စာကို စားဖို့မဆိုထားနဲ့ သူတို့လက်နဲ့ ထိထားလို့ရှိရင် အဲဒါမစားတော့ဘူး။ ဘာဖြစ်လဲဆိုတော့ ဇာတ်နိမ့်တဲ့သူရဲ့ လက်နဲ့ထိထားလို့ရှိရင် တချို့ဆိုရင် ဘယ်လောက်ထိအောင် ဖြစ်သလဲဆိုရင် ဒီဇာတ်နိမ့်သူရဲ့အရိပ်က ကိုယ့်အပေါ်မှာ ဖြတ်ကျသွားရင်တောင်မှ အိမ်ပြန်ပြီး ရေချိုးသေးတယ်။ အရိပ်တောင်အတင် မခံဘူးဆိုတယ်။ အဲလောက်ထိအောင် စာအုပ်တွေထဲမှာ ဖတ်ရဖူးတယ်။ အဲတော့ သူဟာ သိပ်ဇာတ်မြင့်တဲ့အမျိုးအနွယ်က သာကီဝင်မျိုးကနေ ဆင်းသက်လာတာဆိုတဲ့အခါကျတော့ ဇာတ်နိမ့်တဲ့သူတွေကပေးတဲ့အစားကို ဟိုးတုန်းက စွဲတဲ့အစွဲလေးက သူ့စိတ်ထဲမှာ မပျောက်တော့ အော့တော့မလို၊ အန်တော့မလို ဖြစ်သွားတာ။ နောက်ကျမှ သဘောပေါက်လာတယ်။ ဩော် - ထမင်းမကောင်း၊ ဟင်းမကောင်းလို့ မဟုတ်ဘူးလို့၊ သူ့မှာ အဲဒီအစွဲက ကျန်နေသေးတာကိုး။ ဒါပေမဲ့ သူ ကြိတ်ပြီးတော့ ဘုဉ်းပေးတော်မူတယ်။ ပြောချင်တဲ့အဓိပ္ပာယ်က အဲဒီဟာတွေကို စဉ်းစားလိုက်တဲ့အခါကျတော့ သူ့ရဲ့ကရုဏာပေါ့လေ။ ဒီလူ့လောကကြီးတစ်ခုလုံးကို နှိပ်စက်ပြီးတော့နေတဲ့ အကြောင်းရင်းတွေပေါ့။ အကျိုးတရားက ဘဝပေါ့ကွာ။ ဘဝဆိုတာကြီး ဖြစ်လာတဲ့အခါမို့လို့ ခုနက ဆင်းရဲခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း ဖြစ်ရတယ်။ ဘဝဆိုတာ ဘာလို့ ဖြစ်လာသလဲ ဆိုတာကို ပြန်ပြီးဟော့ အကြောင်းရင်းရှာသလို ဖြစ်သွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အဲတော့ သူစွန့်ခဲ့တဲ့ စည်းစိမ်တွေနဲ့ ဒီကနေ့ အင်တာနေရှင်နယ်နယ်ယူးစ်ပေါ့နော်။ နိုင်ငံတကာသတင်းထဲမှာတွေ့နေရတဲ့ သတ်ကြ၊ ဖြတ်ကြ၊ အာဏာမက်မောကြ၊ အဲဒီ စည်းစိမ်တွေ မက်မောကြ၊ ရအောင်လုပ်ကြ။ ဒီကြားထဲမှာ ကောင်းတဲ့နည်းနဲ့လုပ်တာရှော၊ မကောင်းတဲ့နည်းနဲ့လုပ်တာရှော။ ပစ္စည်းပစ္စယာရဖို့အတွက် ဥပမာ - ခိုးကြ၊ ဝှက်ကြ၊ တိုက်ကြ အဲဒီလိုဖြစ်တာတွေ ပြန်ပြီးတော့ စဉ်းစားလိုက်တဲ့အခါကျတော့ အံ့ဩဖို့ မကောင်းဘူးလား။ ဒါကြောင့်မိုလို့ ဘုရားကို တရားတွေ့တာတင်မကဘဲနဲ့ တရားကိုတွေ့ဖို့လို့အတွက် သူ့ကိုယ်သူ အနစ်နာခံခဲ့တာတွေ၊ အဆင်းရဲခံရတာတွေ၊ ဟို လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီဖြည့်တယ်ဆိုတဲ့စကားကို ငါမပြောသေးဘူး၊ ထားခဲ့မယ်။ အဲဒီမှာ အဲဒီဘဝတွင်ကို ဘုရားဖြစ်မယ့်ဘဝတွင်ကို ဘယ်လောက် အပင်ပန်းအဆင်းရဲခံခဲ့သလဲ။ ဒုက္ကရစရိယ ဘယ်နှနှစ်ကျင့်ရသလဲ မင်းတို့ ကြားဖူးမှာပေါ့"

"ခြောက်နှစ်ပါ ဆရာကြီး"

"အေး ခြောက်နှစ် တိတိ ဒုက္ကရစရိယကျင့်ပြီးတော့ တစ်ခါတည်း ဒီတရားကို ရအောင်ရှာခဲ့တဲ့ ဥစ္စာ၊ ဒီလောက် အပင်ပန်းခံတဲ့ဥစ္စာ အံ့ဩစရာမကောင်းဘူးလား။ မင်းတို့ကိုယ်တိုင်ပဲ ပြန်စဉ်းစားကြည့်။ ဒီဆယ်တန်းစာမေးပွဲလေး အောင်ဖို့လို့ကိစ္စကို မင်းတို့မှာနော်။ ပင်ပန်းကြီးစွာ လုပ်ရတဲ့ဥစ္စာ။ အဲတော့ သူ့ဟာ မင်း ဆယ်တန်းစာမေးပွဲနဲ့ ဘာဆိုင်တုန်း။ ဘုရားဖြစ်အောင် လုပ်ရတဲ့ဥစ္စာ။ ဘယ်လောက်ပင်ပန်းခဲ့သလဲဆိုတာ စဉ်းစားကြည့်ပေါ့။

"အဲဒီတော့ ထားလိုက်ပါတော့။ ဘုရားကို ကြည်ညိုရတယ်လို့ပြောတာ။ သူ့ကို တကယ့်ကို ရိုသေရတယ်။ ကျေးဇူးရှင်ပေါ့လေ။ လောကမှာလောကတစ်ခုလုံးကို ကယ်တင်ဖို့လို့ ကြိုးစားတဲ့ ခင်ပွန်းကောင်းကြီးအဖြစ်နဲ့ သူ့ကို ချစ်ကြည်ညိုခြင်း ဖြစ်ရတယ်လို့ပြောတာ။ ကိုင်း- တို့များ စောစောကပြောခဲ့တဲ့ဥစ္စာ ပြန်ကောက်ကြဦးစို့ရဲ့။ အနန္တောအနန္တဘယ်နှပါးတုံး"

"ငါးပါးပါ ဆရာ"

"အေး-ငါးပါးမှာ ပထမဦးဆုံး ဘုရားရယ်၊ တရားရယ် နောက်ဘာလဲ"

"သံဃာပါဆရာကြီး"





"အေး- သံဃာ၊ ဒါဖြင့် ဘာပြုလို့ သံဃာကို ထည့်ထားရတာလဲ။ တွက်ကြည့်ရအောင်နော်။ ရတနာသုံးပါးအဖြစ်နဲ့ ထည့်ထားရတာ။ ဘုရားအခု ရှိသေးသလား"

"မရှိပါဘူး ဆရာကြီး"

"တရားမရှိဘူးလား"

"ရှိပါတယ် ဆရာကြီး"

"အဲဒီတရားကို တို့တွေကို သင်ပေးတာ ဘယ်သူက သင်ပေးသလဲဆိုတော့ သံဃာက သင်ပေးတာ။ ဒီသံဃာဆိုတဲ့ဥစ္စာဟာ ဘုန်းကြီးတစ်ပါးတည်း၊ နှစ်ပါးတည်းကို ပြောတာမဟုတ်ဘူးနော်။ သံဃာဆိုတဲ့ အစုအဝေးကြီးကို ပြောတာ။ ဒီသံဃာဆိုတဲ့အစုအဝေး၊ သံဃာတစ်ရပ်လုံးကိုပြောတာ။ အဲဒီ သူတို့တစ်တွေက ဘာလုပ်ပေးလဲဆို၊ တရားတော်ကို ပြန်ပြီးပို့ချပေးတယ်၊ သွန်သင်ပေးတယ်။ ဒါကြောင့်မို့ သံဃာကိုလည်း တို့ကရတနာသုံးပါးထဲမှာ ထည့်ထားရတယ်။ ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်။ အဲဒီသံဃာတွေက အခုဆိုလို့ရှိရင် မင်းတို့ သတိထားကြည့်ရင် တွေ့လိမ့်မယ်။ သံဃာတွေထဲမှာ ဆိုပါတော့- အခု နွေရာသီတို့ဘာတို့မှာ ကျောင်းပိတ်ရက်တွေမှာ ကလေးတွေ၊ ဘာသာရေး ယဉ်ကျေးမှုနဲ့ မျက်ခြေပြတ်ပြီးတော့သွားတဲ့ကလေးတွေ အဲဒီကလေးတွေရဲ့အတွက်ကို တစ်ခါတည်း ကိုရင်လေးတွေဝတ်ကြ၊ သီလရှင်လေးတွေ ဝတ်ကြ။ ဝတ်ပြီးတော့ အဲဒီ ဘာသာရေးယဉ်ကျေးမှု သင်တန်းကျောင်းမှာ နွေရာသီမှာ သင်ပေးကြရတယ်။ အနေအထိုင်သင်ပေးရတယ်။ ဘယ်သူတွေက ဦးဆောင်လဲဆို၊ သတိထားမိလား"

"သံဃာတော်တွေပါ ဆရာ"

"အေး- သူတို့တွေက ဦးဆောင်ပြီး သင်ပေးနေတာ။ အဲဒီတော့ အဲဒီလိုသင်ပေးရင် ဘာဖြစ်သလဲဆိုလို့ရှိရင် သူတို့ ပစ္စက္ခလောကမဟုတ်ဘဲနဲ့ သံသရာကို လှမ်းကြည့်လိုက်မယ်ဆိုလို့ရှိရင် အပါယ်တံခါးပိတ်တယ်ခေါ်ဘာပေါ့ကွာ။ ဆိုတော့ အပါယ်ရောက်မယ့်ကိစ္စ မရောက်အောင် တားပေးတယ်။ ကုသိုလ်တရားကို ပွားများစေတယ်။ အကုသိုလ်တရားကို ဆုတ်ယုတ်သွားစေတယ်။ အဲဒီလို သင်ပေးတဲ့ဥစ္စာဟာ သံသရာအတွက်ကိုပါ လှမ်းပြီးတော့ သင်ပေးတဲ့ကိစ္စ၊ ဒီကျေးဇူးကြီးဟာ နည်းလား။ အဲဒါကြောင့်မို့လို့ သံဃာဆိုတာကို ထည့်ရတာ။ အခုဆိုလို့ရှိရင် အဲဒီသံဃာတော်တွေကို တို့



www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းတွေ လောင်းကြတယ်၊ အဲဒီကုသိုလ်။ အဲဒီအပြင် တစ်ခါ တရားရိပ်သာတွေဘာတွေ ဖွင့်ကြတယ်။ အဲဒီမှာသွားပြီးတော့ ဝိပဿနာ၊ ဘာဝနာ စသည်အားဖြင့် တရားအားထုတ်ကြရတယ်။ အဲဒီလိုနည်းအားဖြင့် လူ့ဘောင်ကနေ လွတ်အောင်၊ သံသရာကနေလွတ်အောင် ဆုံးမသွန်သင်ပေးတာပေါ့။ အဲဒီလို ဆုံးမပေးတယ်။ နောက်ပြီးတော့ လူတွေရဲ့စိတ်ကို လောဘတွေ တရိပ်ရိပ်တက်နေတဲ့လူတွေ၊ ဒေါသတွေတရိပ်ရိပ်တက်နေတဲ့ လူတွေကို ငြိမ်သွားစေတယ်။ အဲဒီလောဘ၊ ဒေါသ၊ မောဟ အကုန်လုံးတော့ မကုန်ဘူးပေါ့ကွာ။ မကုန်ပေမယ့်လို့ တတ်နိုင်သမျှ ကိုယ့်ဒေါသ၊ လောဘတွေကို ပြန်ပြန်ထိန်းနိုင်အောင်လို့ လုပ်လုပ်ပေးတာပေါ့။ အဲဒီလိုသဘောမျိုးဖြစ်အောင် ကိုယ့်စိတ်ကို ပြန်ပြန်ထိန်းနိုင်အောင် လုပ်ပြီးတော့ သင်ပေးတယ်။ တရားတော်ကို ပြန်ပြီး သင်ပေးတယ်။ သာသနာပြုတယ်ဆိုတာ အဲဒါပေါ့။ အခုဆိုရင်ပဲ သံဃာတော်တွေဟာ အမေရိကတို့၊ အင်္ဂလန်တို့မှာဆိုလို့ရှိရင် တို့မြန်မာဘုန်းတော်ကြီးတွေဟာ သာသနာပြုဖို့ သွားနေတာ အများကြီးပဲ အဲဒီမှာ။ မြန်မာပြည်က ဗုဒ္ဓဘာသာတွေလဲ လာကြတယ်။ သူတို့ အင်္ဂလန်ကဆိုရင်လဲ လာကြတယ်။ အနောက်နိုင်ငံက ပုဂ္ဂိုလ်တွေလဲ လာကြတယ်။ သူတို့တစ်တွေဟာ သံဃာကို ဘာကြောင့်ကျေးဇူးတင်ရသလဲဆိုတော့ အဲဒီဘုရားဟောခဲ့တဲ့ တရားတော်ကို ပြန်ပြီး သွန်သင်ပေးတဲ့အတွက်ကြောင့် သံဃာတော်တွေကို တို့က ရတနာသုံးပါးထဲမှာ ထည့်ရတာ။

"ကိုင်း-ကောင်းပြီ။ အနန္တောအနန္တငါးပါးမှာ ပထမဆုံး ဘုရား၊ နောက်ပြီးတော့ တရား၊ နောက် သံဃာ။ နောက်ပြီးတော့ ဘာလဲ"

"မိဘပါ ဆရာ"

"အေး- မိဘ။ မိဘကို တို့က နှိုင်းဆလို့မရလောက်အောင် ကြီးမားသော ကျေးဇူးရှိတဲ့ ကျေးဇူးရှင်အဖြစ်နဲ့ ထားရတယ်။ ဥပမာဆိုကြပါစို့ကွယ်။ မင်းတို့ ပြောလိုက်ရဦးမယ်။ အိုမင်းမစွမ်းဆိုတာ သိလား။ ကြားဖူးလား"

"ကြားဖူးတယ် ဆရာကြီး"

"မင်းအသက်ကြီးသွားလို့ အိုသွားတဲ့အခါကျတော့ မင်းစွမ်းသေးလား။ အခု ငါဆိုလို့ရှိရင်လဲ ဒီအိုမင်းမစွမ်းဘက်ကို တဖြည်းဖြည်းရောက်လာပြီ။ ဆံပင်တွေဘာတွေ ဖြူလာပြီ။ အစရှိသည်အားဖြင့်ပေါ့ကွာ။ မင်းတို့





ငယ်ငယ်ရွယ်ရွယ်တုန်းကလို သွက်သွက်လက်လက် မသွားနိုင်မလာနိုင်တော့ဘူး။ ငါ လှေကားတက်တာကအစ မြင့်လို့ရှိရင် နားတက်ရတာတွေ ဖြစ်လာပြီ။ ဒါဟာ မစွမ်းမသန်ဖြစ်လာတဲ့သဘောကို ပြတာပဲ။ မင်းတို့အရွယ်တုန်းကဆိုလို့ရှိရင် စားလဲ သိပ်စား၊ သွားလဲ သွားနိုင်တယ်။ ပြေးနိုင်လွှားနိုင်၊ ခုန်နိုင်ပေါက်နိုင်တယ်။ အခု အဲဒီလိုမရတော့ဘူး။ အဲတော့ အိုလာလို့ရှိရင် မစွမ်းတော့ဘူး။ အဲဒါကြောင့် အိုမင်းမစွမ်းလို့ ပြောတာ။ ဒါပေမဲ့ ခက်နေတာ တို့က အိုမင်းမစွမ်းကို သတိထားမိတယ်။ မင်းတို့ကော မသိဘူးလား အိုမင်းမစွမ်း"

"သိပါတယ် ဆရာကြီး"

"မင်းတို့ ဖိုးဖိုးဖွားဖွားတွေ မင်းတို့လို စွမ်းသေးလား"

"မစွမ်းတော့ပါဘူး ဆရာကြီး"

"မစွမ်းတော့ဘူး၊ ဒါပေမဲ့ တို့ မေ့မေ့နေတာ တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆို **ပျိုမျစ်မစွမ်း**ခေါ်တယ်။ ပျိုမျစ်တယ်၊ ဒါပေမဲ့ မစွမ်းဘူး။ ဘယ်အချိန်လဲဆို မင်းတို့သိလား။ မင်းတို့ ပုခက်ထဲမှာနေရတဲ့အချိန်ပေါ့ကွာ၊ မအေ့ရင်ခွင်ထဲမှာ နေရတဲ့အချိန်ပေါ့။ မပျိုမျစ်ဘူးလား"

"ပျိုမျစ်ပါတယ် ဆရာကြီး"

"စွမ်းသလား။ မစွမ်းဘူး။ ကိုင်း-မင်းတို့ ဆာလို့ရှိရင် ငိုမယ်၊ ခြင်ကိုက်လို့ရှိရင် ငိုမယ်၊ ကြမ်းပိုးကိုက်လို့ရှိရင် ငိုမယ်။ ငှက်တို့၏ ခွန်အားသည်ကား 'လေ'တည်းတဲ့။ ကလေးတို့၏ ခွန်အားသည်ကား 'ငိုခြင်း'တည်းတဲ့။ မင်းတို့၏ ခွန်အားသည် 'စစ်သည်ဗိုလ်ပါတည်း' ဆိုတာတွေက ရှိတယ်ကွ။ လောကနီတိမှာပါတယ်။ အဲဒီတော့ မင်းဧကရာဇ်တို့ရဲ့ခွန်အားဟာ စစ်သည်ဗိုလ်ပါပဲတဲ့၊ ငှက်တို့၏ခွန်အားသည်က 'လေ'တဲ့၊ ငါးရဲ့ခွန်အားသည် 'ရေ'တဲ့။ ရေထဲမှာနေလို့ရှိရင် ငါးကလဲ ဗလကောင်းတာပဲ သန်တာပဲ။ အဲလို ကလေးတို့၏ ခွန်အားသည်ကား ငိုခြင်းတည်းတဲ့။ အဲဒီအချိန်မှာ ဘာပဲတတ်နိုင်သလဲ မင်းတို့ ငိုတာပဲတတ်နိုင်တယ်။ အူဝဲ၊ အူဝဲနဲ့ ငိုလိုက်လျှင်ပဲ မအေက ပြေးလာလိုက်၊ နို့ဆာသလားဟဲ့ဆိုပြီး နို့တိုက်လိုက်။ ကိုင်း - မင်းတို့မှာ အနီးစိုနေတာတောင်မှ ကိုယ့်ဘာသာကိုယ် လဲနိုင်သလား"

"မလဲနိုင်ပါဘူး ဆရာကြီး"

"အေး - ဘယ်သူက လဲပေးတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"မိဘကပါ ဆရာကြီး"

"အေး - အဲဒါကြောင့် မိဘကို ကျေးဇူးရှင်ထဲမှာ ထည့်ရတယ်။ အဲဒါကြောင့်မို့ မိဘရဲ့ကျေးဇူးကိုတဲ့ တို့မြန်မာမှာ အင်မတန်ကြီးတဲ့ ကျေးဇူးတွေပေါ့ကွာ။ တို့ အရှေ့တိုင်းမှာ အဲဒီဉစ္စာ သိပ်တန်ဖိုးထားတယ်၊ မိဘကို၊ အင်မတန်ရိုသေရတယ်။ မိဘကို မရိုသေတဲ့လူဆိုရင် ပတ်ဝန်းကျင်ကအစ၊ သူ့ကို သိပ်ပြီးတော့ တန်ဖိုးမထားဘူး။ မိဘကို ရိုသေရမှန်းမသိ၊ လုပ်ကျွေးရကောင်းမှန်းမသိ အဲဒီလိုဖြစ်တဲ့သူကို ဘယ်တော့မှစိတ်မချနဲ့တဲ့။ သူ့မိဘကိုတောင် ကျေးဇူးမပြုရင် သူ့ဆီက ကျေးဇူးခံ ကျေးဇူးစား သိပ်မမျှော်လင့်နဲ့တဲ့။ အဲလောက်ထိအောင်တောင်မှ အဆိုရှိတယ်နော်။

"ထားတော့၊ မိဘမှာ ဖခင်ဖြစ်တဲ့သူက စီးပွားရှာမယ်၊ မင်းစားဖို့အတွက် ထမင်း၊ ကျောင်းစရိတ်ကအစ ရှာရတယ်၊ ဖွေရတယ်။ မိခင်ဖြစ်တဲ့သူက သားလေး ခြင်မကိုက်အောင်၊ ကြမ်းပိုးမကိုက်အောင် အဝတ်အစားလေး သန့်သန့်ပြန့်ပြန့်ဖြစ်အောင် တတွတ်တွတ်နဲ့ဆုံးမပေးရတယ်။ သမီးမိန်းကလေးဆိုလဲ မိန်းကလေးမိုလို့၊ သားယောကျ်ားလေးဆိုလဲ ယောကျ်ားလေးမိုလို့။ သမီးလေးအရွယ်ရောက်လာလို့ရှိရင် ဟဲ့ - သမီးရဲ့ ဒီလိုမပြောရဘူး၊ ဒီလိုမနေရဘူး၊ ဒီလိုနေရမယ်၊ မိန်းကလေးဆိုတာ အရှက်အကြောက်ရှိရတယ်။ ဒီအချိန်ဆို ဒီထမီနဲ့၊ ဒီအခါဆို ဒီပုဝါနဲ့၊ ဒီခရီးကို ဒီထီးနဲ့၊ ဒီလမ်းဆို ဒီပန်းပန်ဟဲ့ စသည်အားဖြင့် သူ့ကို သင်ပေးရတယ်၊ ဒါကြောင့် မိဘရဲ့ကျေးဇူးကို သပ်သပ်ထည့်ရတာ။

"ရေးနေရင်း ခေါင်းထဲမှာပေါ်လာလို့ ပြောရဦးမယ်ကွာ။ မန်လည်ဆရာတော်ဘုရားကြီး မယဒေဝထဲမှာ ရေးခဲ့တာပေါ့ကွာ။ မိဘဆိုတာ မပြောနဲ့၊ သူရေးတဲ့ဉစ္စာလေးကို နားထောင်ကြည့်စမ်း။

**"လူသာမဟုတ်၊ အယုတ်တိရစ္ဆာန်၊ မှုဝန်ဆောင်ဘိ၊ ဟတ္ထိအဿ၊ ဂေါဏမဟိံသ၊ စသည်မှာလည်း၊ ပျိုခါစေစား၊ အိုခါရှား၍၊ စွန့်ထားဘယ်ခါ၊ မပြုရာဘူး၊ ပြုပါချေက၊ မိတ္တဒုဗ္ဘိ၊ မညီခမ္မ၊ လူ့ပါပတည့်။**

"လူမှမဟုတ်ဘူးတဲ့။ အချို့တိရစ္ဆာန်၊ လူထက် ယုတ်ညံ့တဲ့ တိရစ္ဆာန်ဖြစ်တဲ့ ကိုယ့်ရဲ့ဝန်တွေကို ထမ်းခဲ့တဲ့၊ ဟတ္ထိအဿ ဂေါဏမဟိံသာ၊ ဟတ္ထိဆိုတာ ဆင်၊ အဿဆိုတာ မြင်း၊ ဂေါဏဆိုတာ နွား၊ မဟိံသာဆိုတာ ကျွဲ စသည်မှာလဲ၊ ပျိုပါစေသား အိုကာရှား၍ စွန့်ထားဘယ်ခါ မပြုရာဘူးတဲ့။





သဘောဖြစ်သွားပြီ။ တို့ဆီမှာကျတော့ ယဉ်ကျေးမှုသဘောတွေ ပါလာတယ်။

"ဥပမာဆိုပါတော့ ငါဆိုလို့ရှိရင် ဒီတစ်နှစ်တစ်နှစ်ကို အာစရိယပူဇော်ပွဲ သုံးလေးခုသွားရတယ်။ တက္ကသိုလ်ကကျောင်းသားတွေ၊ ၁၉၇၉-ကပေါ့။ တပည့်တွေ တော်ဝင်နှင်းဆီခြံ ဆိုတာ အဲဒီမှာ ကန်တော့ပွဲလုပ်လို့ သွားရတယ်။ နောက်တစ်ခါ တို့ ရုပ်ရှင်မင်းသမီး စန္ဒာတို့တစ်တွေပေါ့။ သူတို့နှစ်က ကျောင်းသားတွေ၊ စုကြတယ်။ အာစရိယပူဇော်ပွဲ ဆိုပြီးတော့ ဆရာတွေကို ကန်တော့လေ့ရှိကြတယ်။ ဆရာတွေလဲပဲ တဖြည်းဖြည်း လျော့သွားပြီပေါ့ကွာ။ တစ်ယောက်လျော့သွားလိုက်၊ နောက်တစ်ယောက် လျော့သွားလိုက်၊ အဲလိုပေါ့ ဖြည်းဖြည်းဖြည်းဖြည်း နည်းလိုက်လာတာပေါ့။ အသက်လဲ ကြီးကုန်ကြပြီလေ။ ပင်စင်လဲ သွားကြပြီပေါ့နော်။ တချို့လဲ လာတဲ့အခါမှာ သိပ်ပြီးကျန်းမာရေး မခိုင်တော့ဘူးပေါ့နော်။ ကြိုးစားပမ်းစား လာကြရတာပေါ့။ အဲဒါမျိုးတွေ တို့မှာရှိတယ်။ မော်လမြိုင်တက္ကသိုလ်ဆိုရင်လဲ အဲလိုပဲ ကန်တော့တယ်။ တစ်ခါတစ်ရံ ငါမသွားနိုင်ရင် သို့မဟုတ် အကြောင်းမသင့်လို့ မသွားနိုင်လို့ရှိရင် အိမ်လာပြီး ပစ္စည်းတွေကန်တော့ကြတယ်။ အိမ်ကိုလာပြီး ပို့သွားတယ်။ အဲဒါဟာ ငါတို့ တက္ကသိုလ်မှမဟုတ်ဘူး၊ ရန်ကုန်မှမဟုတ်ဘူး။ အများကြီးပဲ။ စိန့်ဂျွန်းဆိုရင်လဲ ငါ့ဇနီးက စိန့်ဂျွန်းကျောင်းမှာ လုပ်ခဲ့သေးတာကိုး။ သူ့ဆိုရင် နှစ်စဉ် ကန်တော့ပွဲတွေ၊ လာလေ့ရှိတယ်ကွာ။ ပြောချင်တာက တို့အရှေ့တိုင်းရဲ့ ယဉ်ကျေးမှုက တစ်မျိုး၊ အဲဒီအထဲမှာမှ တို့မြန်မာတွေရဲ့ ယဉ်ကျေးမှုက တခြားလူတွေထက် ပိုတယ်လို့ ငါ ထင်တယ်။ မင်းတို့ စဉ်းစားကြည့်ဖို့ပြောတာပါ။

"အဲတော့ အခု ကိုရီးယားကားထဲမှာ တွေ့လိုက်တယ်။ ဟိုး . . . တောရွာလေးမှာ သွားပြီး ကျောင်းဆရာလုပ်တဲ့ ဆရာနဲ့ဆရာမကျ ကလေးတွေ သိပ်ချစ်ကြတာပဲ။ မြို့ပေါ်မှာဆိုရင် သိပ်မဟုတ်တော့ဘူး။ အဲတော့ မြို့ရောက်သွားရင် အရှေ့တိုင်းစိတ်တောင် ပျောက်သွားသလား ငါ ထင်မိတယ်၊ ငါ မရောက်ဖူးပါဘူး။ ရုပ်ရှင်ကြည့်ပြီးတော့ အကဲခတ်ယူရတာပြောတာပါ။ နောက်တစ်ခု ပြောချင်တာက တို့အရှေ့တိုင်းဆရာတွေနဲ့ ပတ်သက်တဲ့ဉစ္စာပေါ့နော်။ ဆုံးမခြင်းပေါ့နော်၊ အပြစ်ဒဏ်ပေးခြင်းပေါ့။ အဲဒီဉစ္စာနဲ့ပတ်သက်လို့လဲ မင်းတို့စဉ်းစားဖို့လို့ ငါပြောချင်သေးတယ်။

"တို့လောကနီတိမှာတော့ ဘယ်လိုဆိုသလဲဆိုတော့ အသင်ယင်



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းအဆင့်မြင့်တဲ့ သတ္တဝါတွေဆိုရင်ပဲ ငှက်တို့၊ ကြောင်တို့ဆိုရင်ပဲ မိဘက သင်ပေးလာရပြီ။ အဲဒီလိုပဲ အကုန်လုံးက ကိုယ့်ဘဝကိုယ် အန္တရာယ်ကင်းစွာ ရပ်တည်နိုင်အောင် သင်ပေးလာရပြီ။ လူမှာကျတော့ကာ ပညာရပ်တွေက များလာတယ်။ သိပ်မြင့်လာတယ်။ အဲဒီတော့ မိဘက အကုန်မသင်နိုင်တော့ဘူး။ မသင်နိုင်တဲ့အခါကျတော့ ဥပမာဆိုပါတော့ မင်းတို့သင်ရတဲ့ ဓာတုတို့၊ ဇီဝတို့၊ ရူပတို့ဆိုတဲ့ ဘာသာရပ်တွေ။ ကျန်တဲ့ မြန်မာစာနဲ့ ပတ်သက်တဲ့ ဘာသာရပ်တွေ အဲဒါတွေ အကုန်လုံးမှာ မိဘက အကုန်သင်မပေးနိုင်တော့ဘူး။

"ဥပမာဆိုပါတော့ တက္ကသိုလ်က သင်္ချာပါမောက္ခကြီး တစ်ယောက်ကလဲပဲ မြန်မာစာကျ မသင်တတ်တော့ဘူး။ မြန်မာစာပါမောက္ခကြီးလဲ သူ့သားသမီးကျတော့ သင်္ချာမသင်တတ်တော့ဘူး။ အဲတော့ ဘယ်သူ့သွားအပ်ရသလဲဆိုတော့ ဆရာတွေကို အပ်ရတယ်။ ဆရာတွေကို အပ်တဲ့အခါကျတော့ ဆရာတွေက သင်ပေးရတာ။ ဆရာတွေက သင်ပေးတော့ ဘယ်သူ့ကိုယ်စား သင်ပေးတာလဲ"

"မိဘကိုယ်စားပါ ဆရာ"

"မိဘကိုယ်စား သင်ပေးရတယ်။ ဒါကြောင့်မို့ မိဘကိုယ်စားသင်ပေးရတဲ့အတွက်ကြောင့် ဆရာတွေကို မိဘနဲ့ တစ်ဂိုဏ်းတည်းထားပြီးတော့ပေါ့လေ အနန္တောအနန္တငါးပါးထဲမှာ ထည့်ပြီးတော့ ကန်တော့ပြီးတော့ ပူဇော်ရတာ။ အဲဒီမှာလဲ ပြောရဦးမယ်ကွ။ သတိထားဖို့လို့ ပြောတာပါ။ အရှေ့တိုင်းနဲ့အနောက်တိုင်းက ယဉ်ကျေးမှုတွေမှာ တော်တော်လေးကို ကွာတယ်။ တို့အရှေ့တိုင်းက တစ်မျိုး။ ဆရာကို အင်မတန် ရိုသေတတ်တယ်။ အင်မတန် တန်ဖိုးထားတာ။ တကယ့်ကို ရိုရိုသေသေ ကျိုးကျိုးနွံနွံ နားထောင်ရတာ။ သူတို့ ဒီအနောက်နိုင်ငံမှာ ရောက်တဲ့အခါကျတော့ ဘယ်လိုဖြစ်သွားသလဲဆိုရင် He is paid ပေါ့နော်။ သူ့ကို ပိုက်ဆံပေးထားတဲ့ကိစ္စ သူ လုပ်ပေးရမယ်၊ အဲလိုပဲ သဘောထားတယ်။ သူ့ကို ကျေးဇူးတရားလို့တောင် သဘောမထားတော့ဘူး။ မပေးဘူးလားဆိုတော့ သင်ပေးပါတယ်။ အင်မတန် စေတနာမေတ္တာ သိပ်ကောင်းတဲ့ ဆရာသမားတို့ရဲ့အကြောင်း ဆရာ ဖတ်ဖူးပါတယ်။ တကယ်လဲ ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ဒါပေမဲ့ အဲဒါ ယဉ်ကျေးမှုတစ်ခုအနေနဲ့ မဟုတ်တော့ဘဲနဲ့ သူတို့ဆီမှာ ချွင်းချက်





**စွာတို့၊ ချမ်းသာစီးပွား၊ လျှော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး။ ဓမ္မကရိုဏ်စစ်ရေ၊ ကျဖျားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ညာ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏**တဲ့။ ကတညုတ၊ ကတဝေဒီဆိုတာ တစ်ပါးသူပြုသောကျေးဇူးကို သိခြင်း၊ အဲဒီကျေးဇူးရှိကြောင်းကို ဖော်ထုတ်ပြောဆိုခြင်း၊ အဲလိုမသိတဲ့လူတွေဟာ၊ လူမသမာ ထိုများစွာတို့ ချမ်းသာစီးပွား လျှော့ပါးယိမ်းယိုင် မြဲမခိုင်ဘူး၊ ဘယ်တော့မှ စည်းစိမ်မခိုင်တတ်ဘူးတဲ့။ **ဓမ္မကရိုဏ်**စစ်ရေ ကျဖျားရေသို့ **ဓမ္မကရိုဏ်** ဆိုတာ တို့ဘုန်းကြီးတွေ ရေစစ်တဲ့အခါမှာသုံးတဲ့ ခွက်ကလေးကွ။ မင်းတို့က တွေ့ဖူးမယ်မထင်တော့ဘူး။ သူ့မှာ ရေစစ်ပုဝါကို ထိပ်မှာ ပိတ်ထားရတယ်။ လေပေါက်ကလေးကို လက်နဲ့ ပိတ်ပြီးတော့ မ,ယူလိုက်ရတယ်။ ရေပါလာတာပေါ့။ အဲဒီရေပါလာလို့ အဲဒီလေပေါက်ကို ဖွင့်လိုက်လို့ရှိရင် ရေတွေ ဝေါဝေါဆို ကျလာတယ်။ အဲဒီလိုပဲ **ဓမ္မကရိုဏ်**လို့ခေါ်တဲ့ ရေစစ်က ရေများလျှောကျသွား လိုက်သလိုတဲ့။ ကျဖျားရေသို့တဲ့၊ ဖျားဆိုတာ ဒီရေကို ပြောတာ၊ ဒီရေများ ကျသွားသလိုတဲ့။ **သရေမတိုး ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ည၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏၊ နေ့နေ့ညည လဆုတ်ပမာ ဆုတ်ဆုတ်သွားတတ်၏**တဲ့။ အဲလို စဉ်းစားကြပေါ့ကွာ။ အဲဒီရှေ့ပိုင်းမှာ ငါပြောသလိုပေါ့။ တိရစ္ဆာန်တောင်မှ ပျိုခါစေစား၊ အိုခါရှား၍ဆိုတာ မလုပ်ကောင်းဘူးဆိုတော့ မိဘကို အိုမှ ပစ်ထားလို့ရှိရင် ဘယ်ကောင်းတော့မလဲ။ ဒါ စဉ်းစားကြပေါ့နော်။ ကဲ- ထားလိုက်တော့။

"အခု ငါတို့ပြောခဲ့တာဟာ ရတနာသုံးပါး၊ ဘုရား၊ တရား၊ သံဃာ၊ အခု မိဘပြီးသွားပြီ။ နောက်ဆုံးဟာက ဘာလဲကွ"

"ဆရာပါ ဆရာ"

"အေး- ဟုတ်တယ်၊ ဆရာ။ ဘာပြုလို့ ဒီလို ခုနက အနန္တော၊ အနန္တလို့ခေါ်တဲ့ အင်မတန်မြင့်မြတ်တဲ့ ကိုးကွယ်အပ်တဲ့ ဂိုဏ်းထဲထည့်ထားရသလဲ၊ တို့စဉ်းစားကြရအောင်။ မင်းတို့ ရှေ့ပိုင်းမှာ ပြန်စဉ်းစားကြည့်စမ်း။ မှတ်မိပါလိမ့်မယ်။ အဲဒီ တိရစ္ဆာန်များကျတော့ သူတို့သားသမီးတွေကို ဘယ်သူက ပညာသင်ပေးသလဲ"

"မိဘကပါ ဆရာကြီး"

"အေး- အဆင့်အတန်းနိမ့်တဲ့ တိရစ္ဆာန်တွေမှာတော့ဖြင့် ပညာသင်ကြားမှု မရှိဘူးပေါ့ကွာ။ Education system ပေါ့နော်။ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဖျိုတုန်းတော့ ခိုင်းတယ်တဲ့၊ အိုတဲ့အခါကျတော့ စွန့်ပစ်ထားတယ်။ အဲဒါမလုပ်ကောင်းဘူးတဲ့၊ ပြုပါချေက မိတ္တဒုဗ္ဘိ၊ မညီမျှ၊ လူပါပတည်း။ ခင်ပွန်းယုတ်လို့ခေါ်တယ်တဲ့။ အင်မတန်ယုတ်မာတဲ့အထဲမှာ ပါတယ်တဲ့။ ပြန်ပြီးသတိရလို့ ပြောလိုက်ရဦးမယ်။

"တစ်ခါက ရှင်ဘုရင်တစ်ပါးရဲ့ရွှေတော် နန်းရှေ့မှာ တရားခေါင်းလောင်းကြီးထားသတဲ့။ အဲဒီတရားခေါင်းလောင်းဆိုတာက တကယ်လို့ မတရားခံရတယ် ထင်ရင်ပေါ့ကွာ။ မင်းတို့ ဟို တရုတ်ပညာကျော် ပေါင်ချိန်လိုပေါ့၊ ဘုရင့်နန်းမှာရှိတဲ့ တရားခေါင်းလောင်းကို သွားထိုးရတယ်။ ထိုးလို့ရှိရင် ရှင်ဘုရင်က ဘာဖြစ်သလဲ၊ ဘယ်လို မတရားခံရသလဲပြောဆိုတဲ့အခါကျတော့ ဘုရင်က တရားမျှတအောင် စီရင်ပေးတယ်။ အဲဒါနဲ့ တိုင်းပြည်အဝန်းမှာ မတရားတဲ့ဥစ္စာ သိပ်မရှိတော့ဘူးပေါ့။ မတရားလုပ်တာတွေ ဘာတွေ ပျောက်သွားတယ်။ နောက်ဆုံးမှာ အဲဒီခေါင်းလောင်းကြီးမှာ တစ်ခါတည်းကို ခေါင်းလောင်းကြီးမှာတောင်မှ နွယ်ပင်တွေ တက်နေတယ်။ အဲလောက်ထိအောင် ဖြစ်သွားတယ်။ အဲ- တစ်နေ့မှာတော့ ခေါင်းလောင်းထိုးသံကြားရော။ ဘုရင်က ဟ- သွားကြည့်စမ်းဆို၊ သွားကြည့်တဲ့အခါကျတော့ လူမဟုတ်ဘူး၊ မြင်းတစ်ကောင်က ဒီခေါင်းလောင်းကြီးမှာ နွယ်တက်နေတဲ့ သစ်ရွက်တွေကို ဆွဲစားတော့ ခေါင်းလောင်းဆွဲသလိုဖြစ်ပြီး အသံက မြည်လာတယ်။ မြည်လာတော့ မြင်းတစ်ကောင်ပါပေ့ါ။ သူဆွဲတာပါ၊ လူမဟုတ်ပါဘူးပေါ့။ ဒီတော့ ရှင်ဘုရင်က သူ မတရားခံရတာဖြစ်ရမယ်၊ ခေါ်စမ်းဆိုပြီးတော့ မေးလိုက်တဲ့အခါကျတော့ မြင်းရှင်က ဖျိုတုန်းကခိုင်းပြီးတော့ အိုတော့ကျ ပစ်ထားတော့ မြင်းက စားစရာမရှိတဲ့အတွက်ကြောင့်မို့လို့ လာပြီးဆွဲစားတာပဲ။ မြင်းရှင်ကိုလဲ ဒဏ်ရိုက်တယ်။ နောက်ပြီးတော့ မြင်းကိုလဲ ကောင်းကောင်းမွန်မွန် ထားရမယ်ဆိုပြီး အမိန့်ချလိုက်တယ်။ အဲတော့ ဆိုလိုတာက လူမှ မဟုတ်ဘူး။ အယုတ်တိရစ္ဆာန်တောင်မှ ဖျိုတုန်းက ခိုင်းပြီးတော့ အိုတော့မှ ရောင်းချတာမျိုး မလုပ်ကောင်းဘူး။ အဲတော့ မိဘဆိုတာ စဉ်းစားသာကြည့်တော့။

"နောက်ပြီး မာန်လည်ဆရာတော်ရဲ့ ကဗျာထဲကပဲ ငါပြောလိုက်ရဦးမယ်။

**"ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ လူမသမာ၊ ထိုများ**





ကလေးများကို မုန့်ချိုများနဲ့ ဖြားယောင်းပြီးတော့ ဆုံးမရတယ်တဲ့။ ဒီထက် နည်းနည်းလေး ကြီးလာတော့ ကြိမ်တံပြာများသုံးပြီးတော့ ခပ်စပ်စပ် ကလေးရိုက်ပြီးတော့ ဆုံးမရတယ်တဲ့။ အဲဒီကနေပြီးတော့မှ ၁၂နှစ်၊ ၁၃နှစ်ကျော်သွားလို့ရှိရင် သူငယ်ချင်းကဲ့သို့ ပေါင်းသင်းဖျောင်းဖျပြီး ဆုံးမရတယ်လို့ အဲလိုပါတယ်ကွ။ အဲတော့ ကလေးကို ကြိမ်တံပြာနဲ့ ရိုက်တဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီနေ့ပညာရေးလောကမှာ ဒါမလုပ်သင့်ဘူးဆိုတာမျိုးတွေ ဖြစ်လာတယ်ပေါ့ကွာ။ မသုံးရဘူးပေါ့။ ဒါပေမဲ့ ငါ့စိတ်ထဲမှာ တစ်ခါတလေ ပြန်စဉ်းစားကြည့်တာကတော့လေ ရိုက်တဲ့သူရဲ့ စေတနာမေတ္တာအပေါ်မှာ တော်တော်လေး တည်တယ်လို့ ထင်တယ်။ ရိုက်တာက ရန်ဘက်လိုဟာမျိုး ရိုက်ရင်တော့ ကျောင်းသားလဲ သိမှာပေါ့ကွာ။ တပည့်ကလဲ သိမှာပေါ့။ အဲလိုမဟုတ်ဘဲနဲ့ တကယ့်ကို စေတနာနဲ့ရိုက်တာဆိုလို့ရှိရင် အဲဒီ ကျောင်းသားကြီးတွေဟာ ပြန်ပြီး အဲဒီဆရာတွေကို လွမ်းတယ်ကွ။ မကြာသေးမီကပဲ ငါ မြို့နယ် ကျောင်းမဂ္ဂဇင်းတစ်စောင်မှာ ရွှေရတုမဂ္ဂဇင်းတစ်စောင်မှာ ဖတ်လိုက်ရတယ်။ ကျောင်းသားကြီးတွေက ပြန်ပြီးရေးထားတာ။ သူတို့ငယ်ငယ်တုန်းက အရိုက်ကြမ်းတဲ့ ဆရာကြီးတွေနဲ့တွေ့တာ။ အဲဒီဆရာကြီးတွေက သိပ်တော်တာပဲ၊ တကယ့်မေတ္တာစေတနာ ရှိတယ်တဲ့၊ ကလေးတွေကို ပျက်စီးမှာစိုးလို့ စာမေးပွဲနား နီးလာပြီဆိုရင် ဇာတ်ပွဲရုံမှာ ရုံပေါက်ဝကနေ ကြိမ်နဲ့စောင့်။ နောက်တစ်ခုက ကလေးတွေက အရက်ပုန်းရောင်းတဲ့ဆိုင်မှာ ရှိတယ်ကြားလို့ ရှိရင် အဲဒီဆိုင်ထဲကို ဝင်ရိုက်ပစ်တာ၊ အဲဒီလို အရိုက်ခံရတဲ့အကြောင်းကို ပြန်ပြီး လွမ်းလွမ်းဆွေးဆွေးရေးထားတယ်။ အဲဒီဆရာကြီးက မရှိတော့ဘူးပေါ့နော်။ ပြန်ပြီး သူတို့စိတ်ထဲမှာ လွမ်းနေတာ။ အဲတော့ ပြောချင်တာက ရိုက်တဲ့အခါ မေတ္တာအပေါ်မှာ မူတည်တယ်လို့ ထင်တယ်။

"အရေးကြီးတာကတော့ အရိုက်ခံရတဲ့ တပည့် သို့မဟုတ် သားသမီးပေါ့။ အရိုက်ကို ခံထိုက်တယ်လို့ သူ့စိတ်ထဲမှာ လက်ခံလာအောင် ပြောပြီးရိုက်လို့ ရှိရင် ငါထင်တာတော့ ဘယ်ကလေးမှ စိတ်ဆိုးမယ်မထင်ဘူး။ ဥပမာဆိုပါတော့ ငါဟာ အလယ်တန်းပြဆရာလုပ်ခဲ့ဖူးပါတယ်။ အင်မတန်ရိုက်ခဲတယ်။ ကြိမ်ကိုင်လိုက်လို့ရှိရင် ကြိမ်ဆိုတာက ကြိမ်မဟုတ်ပါဘူးကွာ၊ ဒီဝါးခြမ်းပြားလေးကို သပ်ထားတာပါ၊ အဲဒါမျိုးတောင် ငါ ကိုင်လေ့မရှိဘူး၊ တစ်ခါမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကလေးတစ်ယောက်က ဒီကောင်က ခြောက်တန်းပဲရှိသေးတယ်။ မိန်းကလေးတစ်ယောက်ကို စတာပြောင်တာနောက်တာပေါ့၊ လမ်းမှာ။ နည်းနည်းပုံပျက်အောင် လုပ်လိုက်တာပေါ့။ အဲဒီမှာ ကလေးမလေးက လာတိုင်တယ်။ တိုင်တဲ့အခါကျ ဒီကောင်ကို လာခဲ့ဦးလို့၊ ငါ အားလပ်တဲ့ အချိန်ပေါ့။ ဆရာမှူး နားနေခန်းထဲမှာ လာခဲ့စမ်းဆိုပြီးတော့ ခေါ်သွားရော။ ခေါ်သွားပြီးတော့မှ သူ့မိဘရဲ့အခြေအနေက သူ့မိဘ တော်တော်လေး ပင်ပင်ပန်းပန်း လုပ်ရတယ်။ အဲဒီတော့ မင်းစဉ်းစားကြည့်လို့ မင်းမိဘ ကတော့ အိမ်ကနေပြီး ပင်ပန်းကြီးစွာလုပ်ပြီးတော့ မင်းကို ပညာတတ် အောင် ထားပေးရတယ်။ မင်းက ဒီမှာကျတော့ ပညာကြိုးစားတာမဟုတ်ဘူး လို့၊ သူ့ကို နားလည်အောင်ပြောပြီးတော့ သနားဖို့သိပ်ကောင်းတယ်ကွ။ မိဘတွေဟာ အဲဒီတော့ မင်း စဉ်းစားကြည့်။ မင်း ဒီလိုဖြစ်တယ်ဆိုတာ အပြစ်ရှိလား၊ မရှိလားဆိုတာ၊ ရှိပါတယ်ဆရာ။ ကဲ- အရိုက်မခံထိုက်ဘူး လား၊ ခံထိုက်လားဆိုတာ၊ အရိုက်ခံထိုက်ပါတယ် ဆရာ။ အေး-အဲဒီလိုဆို လို့ရှိရင် သွားကွာ တုတ်ကလေးတစ်ချောင်းရှာခဲ့လို့၊ ငါလဲ တုတ်မရှိတော့ သွားရှာချည့်ဆိုတော့ ဒီကောင် ကြိမ်လေးတစ်ချောင်းယူလာတယ်။ ကြိမ်ဆိုတာ ခုနကပြောသလို ဝါးခြမ်းပြားလေးသပ်ထားတာပဲ။ ကိုင်း- ဟိုဘက်လှည့်စမ်းကွာဆို နှစ်ချက်လား သုံးချက်လား ရိုက်လိုက်တယ်။ မင်း တစ်သက်လုံးမှတ်ကွာလို့ အဲဒါ၊ ကဲ - မင်းဘဝ မင်း ကြီးပွားအောင်၊ တိုးတက် အောင် လုပ်စမ်းဆိုပြီး ရိုက်လွှတ်လိုက်တာ။ ဒီကောင် ခုထက်ထိပါပဲ တွေ့ လိုက်လို့ရှိရင် အူယားဖားယား တစ်ခါတည်း ငါ့ကို ပြုစုချင်လွန်းလို့၊ ဆိုလို တာက သူတို့စိတ်ထဲမှာ ဒါဟာ အပြစ်ရှိတယ်လို့ ယူမှတ်သွားလို့ရှိရင်၊ တကယ့်ကို ယုံကြည်သွားလို့ရှိရင် အပြစ်ပေးတဲ့ဥစ္စာ၊ ဒဏ်ပေးတဲ့ဥစ္စာကို သူတို့ လက်ခံရတာပါပဲ။ အဲတော့ ခုနက ပြောသလို မေတ္တာရဲ့အပေါ်မှာလဲ တော်တော်ကြီး အလေးမူမယ်လို့ ငါ ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ တို့အရှေ့တိုင်းက ဆရာကရိုက်တဲ့ဥစ္စာကို မိဘကရိုက်တယ်လို့ပဲ သဘောထား တာ။ အဲဒီဥစ္စာ တို့အရှေ့တိုင်းက ယဉ်ကျေးမှုပဲ။ အဲဒီဥစ္စာ အခုတော့ဖြင့် အဲဒီ အင်္ဂလိပ်လိုလဲ တစ်ခုရှိတယ်ကွ။ Spare the rod, Spoil the child. (ကြိမ်ကို အနားပေး၊ ကလေးပျက်စီးရေး)တဲ့ကွ။ အဲဒီလိုရှိတယ်၊ တစ်ခါတစ်ရံ ကျတော့လည်း ကြိမ်ဟာ သုံးသင့်သုံးထိုက်တဲ့အခါ သုံးသင့်တယ်လို့ ထင်တာ





ပဲ။ ငါ့အယူအဆ ပြောတာလေ။ အဲဒီဥစ္စာကို အရေးကြီးတဲ့ဥစ္စာ အပြစ်ပေးခံ ရတဲ့ သူကနေပြီးတော့ သူဟာ ဒီလိုအပြစ်ပေးခံထိုက်တယ်လို့ ယုံကြည်လာ အောင် လုပ်လို့ရှိရင် ရနိုင်တယ်လို့ ထင်တယ်။ အဲဒီထက်ငယ်တဲ့ ကလေးကျ ပြန်တော့လဲ ရချင်မှရမှာပေါ့ကွာ။

ဟို ခုမှသတိရလာလို့ ပြောရဦးမယ်။ တို့ ဘိုးတော်ဘုရားလက်ထက် မှာ ဘိုးတော်ဘုရားက တိုင်းခန်းလှည့်လည်တယ်ဆိုပါတော့ကွာ။ အဲဒီမှာ မိန်းမတစ်ယောက်က ကလေးကိုရိုက်တာတွေ့တဲ့အခါကျ ဘိုးတော်ဘုရားက အဲဒီမိန်းမကို ကြိမ်နဲ့ရိုက်စမ်းဆိုပြီး ခိုင်းတာ။ ကလေးပဲ သူလိုချင်တာလေး ဘာလေးပေးပြီး ချော့ရင်မော့ရင် ရရဲ့သားနဲ့ ဘာဖြစ်လို့ ကလေးကို ရိုက်ရမလဲဆိုတာ အဲဒီမိန်းမကို မိခင်ဖြစ်တဲ့သူကို ကြိမ်နဲ့ နှစ်ချက်သုံးချက် ရိုက်ခိုင်းတယ်။ ဒါနဲ့ နန်းတော်ရောက်ရော။ ပြန်ရောက်တဲ့အခါကျတော့ အဲဒီကြိမ်နဲ့ရိုက်တာနဲ့ပတ်သက်ပြီးတော့ ဟို ဦးပေါ်ဦးကနေ ပြောတာပေါ့။ ငါ ရိုက်ခဲ့တယ်ပေါ့။ အဲဒါ မှားသလား၊ မှန်သလားဆိုတော့ မဟုတ်ဘူး ကိုယ်တော်မင်းကြီး ဒီဥစ္စာ အရှင်မင်းကြီး ကလေးဆိုတာ တစ်ခါတစ်ရံ မရိုက်လို့မရဘူး။ ရိုက်ရတာတဲ့။ သူတို့ ပူဆာတိုင်း ရတာမှ မဟုတ်ပဲဆိုတော့ ဟာ- သူတို့ ပူဆာတိုင်းသာပေးရင် ရတာပေါ့ကွလို့ဆိုတော့။ ကိုင်း- ပေါ်ဦး မင်း ကလေးလုပ်ပြီး ငါ့ကို ပူဆာစမ်းဆိုတော့ အဲဒီမှာ ပေါ်ဦးက ဆင်ကြီး လိုချင်တယ် ဆင်ကြီးလိုချင်တယ်ဆိုတော့၊ ပေးတယ်ကွ ရော့ ပေါ်ဦး၊ ရွှေအိုးပုတ်လေး လိုချင်တယ်ဆိုတော့ ရွှေအိုးပုတ် ဘာလို့မပေးနိုင်ရလဲ ပေးတယ်ကွာ ရော့။ ဆင်ကြီး အိုးထဲထည့်ပေးလို့ပြောသတဲ့။ အဲဒီအခါကျ တော့ ဘိုးတော်ဘုရားက အင်း ပေါ်ဦး အရိုက်ခံချင်တယ်မှတ်တယ်လို့ ပြောသတဲ့။ အဲလို တစ်ခါတစ်ရံကျတော့ သူတို့က မရှိတာလဲ နားပူချင် ပူတာကိုး။ အဲဒီဟာမျိုးကျတော့လဲ နည်းနည်းပါးပါး စပ်ဖျဉ်းဖျဉ်းကလေးဖြစ် အောင် ရိုက်ပေးရတာကိုး။ ဒါပေမဲ့ ကလေးတွေဟာ ငါ ကြည့်ကြည့် စမ်းတယ်။ မကြာခဏ တွေ့တွေ့နေရတယ်။ မအေကနေ သူ့ကိုရိုက်တာ တင်ပါးလေးတွေ ဘာတွေပေါ့ကွာ။ လက်ဝါးနဲ့ ဘာနဲ့ပါ။ ကလေးကလဲ ငိုတာပဲ။ ငိုရင်းကနေ အမေကို ပြန်ဖက်ထားတာပဲ။ အဲဒီတော့ သူ့ကို ရိုက်တဲ့သူကို ပြန်ပြီးတော့ ဖက်ထားရော၊ ပြီးတော့ကျတော့ မအေဖြစ်တဲ့ သူက သူ့ကို ရိုက်လို့ ပြန်ပြီးတော့ ကောက်ချီ မျက်ရည်လေး ဘာလေးသုတ်



www.burmeseclassic.com

www.burmeseclassic.com



နှပ်ကလေးဘာလေးသုတ်ပြီးတော့ ချီပိုးသွားပြန်တာပဲ။ အဲဒီတော့ ဒီနှစ်ယောက်ရဲ့ကြားထဲမှာရှိတဲ့ တွယ်တာမှုဟာ တော်တော်ဝွကျတယ်ကွ။ အဲဒါမျိုးလေးတွေ မင်းတို့လဲ မြင်ဖူးပါလိမ့်မယ်။ အဲတော့လဲ ငါ တစ်ခါတလေ စဉ်းစားကြည့်တာပေါ့လေ။ တို့ ဒီခပ်ငယ်ငယ်ကလေးတွေမှာပေါ့ ကြိမ်တံပြာမှုားနဲ့ ဆုံးမတယ်ဆိုတဲ့ဟာ တို့ မြန်မာစကားတောင် ရှိပါတယ်ကွ။ အိုးထိန်းသည်ဟာ အိုးကို ပုတ်ခတ်တဲ့အခါ အိုးကို ပစ်ရစေချင်လို့ မဟုတ်ဘူး။ ကွဲစေချင်လို့ မဟုတ်ဘူး။ ပိုပြီး ကောင်းသထက်ကောင်းအောင် လှသထက် လှအောင်၊ ခိုင်သထက်ခိုင်အောင် ပုတ်ခတ်ခြင်းဖြစ်တယ် ဆိုတာလိုပေါ့။ အဲဒီလိုသဘောမျိုးလေးတွေပေါ့။ ငါကတော့ဖြင့် အပြစ်ဒဏ်ပေးအပ်တယ်လို့ ထင်တာပဲ။ ဒါ မင်းတို့ဆက်ပြီး စဉ်းစားကြဖို့ ပြောတာပါ။

"အရေးကြီးတာက အပြစ်ဒဏ်အပေးခံရတဲ့သူက သူ ဒီအပြစ်အတွက် ခံရထိုက်တယ်လို့ဆိုတာ စိတ်ထဲ ယုံကြည်သွားဖို့ လက်ခံသွားဖို့ အရေးကြီးတယ်လို့ ငါ ထင်ထားတယ်။ ခုမှ အမှတ်ရလာလို့ ပြောလိုက်ရဦးမယ်။ တို့ ဗိုလ်ချုပ်အောင်ဆန်းအစ်ကို ဦးအောင်သန်း။ သူပြန်ပြောဖူးတာ တစ်ခုရှိတယ်။ သူ တရားသူကြီးလုပ်ခဲ့သေးတာကိုး။ အဲဒီ အမှုတစ်ခုမှာ စစ်တဲ့အခါကျတော့ အဲဒီမှာ သူ့ကိုပေါ့ကွာ ဘယ်ဟာဘယ်ဟာပေါ့၊ သက်သေ အထောက်အထားကျတော့ ဒါ လုပ်တာမှန်တယ်ပေါ့။ ဒါကြောင့်မို့လို့ သူ့ကို ထောင်ဒဏ်တစ်နှစ်ထားလိုက်ပေါ့ကွာ။ ငါလဲ ကောင်းကောင်း မမှတ်မိတော့ပါဘူး။ တစ်နှစ် စသည်အားဖြင့် ပေးလိုက်တယ်။ ပေးလိုက်ပြီးတော့မှ တစ်နှစ်လား ခြောက်လလားမသိဘူး ပြစ်ဒဏ်ပေးလိုက်တယ်ကွာ။ ပေးပြီးတော့မှ အကုန်ဇယားချပြီး ထောင်ဒဏ်ချမှတ် ကျခံစေဆိုတော့ ပေးလိုက်ပြီ။ ပေးပြီးတဲ့အခါကျတော့ မင်းတဲ့ ဒီဥစ္စာကို အယူခံဝင်တဲ့။ အယူခံဝင်လို့ရှိရင် မင်း လွတ်ချင်လွတ်နိုင်တယ်။ ဒါပေမဲ့ ငါ လွတ်လို့မရဘူး။ ငါ လွတ်လို့ရှိရင် ဒီဥစ္စာဟာ ငါ့အနေနဲ့က လာဘ်စားတာတို့ ဘာတို့ဖြစ်သွားနိုင်တယ်။ အထက်ရုံးမှာဆိုရင် ဒါ မင်း လွတ်ချင်လွတ်နိုင်တယ်။ အယူခံဝင်ကြားလားဆိုတော့။ ကောင်းပါပြီဗျာဆိုပြီး သူက ထိုင်ပြီး ရှိခိုးပြီး ကန်တော့သွားတယ်။ နောက် အယူခံကျတော့ တကယ်လဲ လွတ်သွားတယ်။

"အဲဒီတော့ ဆိုလိုတဲ့အဓိပ္ပာယ်က အဲဒီဥစ္စာ သူ ဒီအပြစ်ကို ခံထိုက်တယ်ဆိုတာ လက်ခံသွားလို့ရှိရင် အဲဒီ ထောင်ချတဲ့ တရားသူကြီးကိုလဲ





တရားခံက ထိုင်ကန်တော့ဖို့ ဝန်မလေးဘူး။ သူ့ကိုတော့ အမှန်မှာ ထောင်ချလိုက်တာပဲ။ သူ ခံထိုက်တာဆိုတာလေး သိသွားလိုက်တဲ့အခါကျတော့ ပြီးတော့ တရားသူကြီးကလဲ သူ့အပေါ်မှာ မတရားလုပ်တာ မဟုတ်ဘူး၊ တကယ်တော့ မေတ္တာနဲ့လုပ်တယ်ဆိုတာ သိတဲ့အခါကျတော့ ထိုင်ပြီး ကန်တော့ဖို့ ဝန်မလေးဘူးပေါ့။ အဲဒီသဘောမျိုးတွေပေါ့ကွာ။ လောကကြီးမှာ အခြေခံချုပ်လိုက်တဲ့အခါကျတော့ မင်းတို့ကို ပြောချင်တာ မေတ္တာတရားပါပဲ။ အဲဒီမေတ္တာတရားပါလာလို့ရှိရင် တစ်ယောက်နဲ့တစ်ယောက် ဒီတပည့်နဲ့ ဆရာနဲ့ နားလည်မှုရှိလာတယ်။ အလွန်ကြည်နူးဖို့ ကောင်းတယ်လို့ ငါတော့ ထင်တာပဲ။ အဲဒီ ခုနက ရိုက်နေတဲ့မအေကို ဖက်ပြီးတော့ ငိုနေတဲ့ကလေးလိုပေါ့ကွာ။ အမေကတော့ နောက် ဒီလိုလုပ်ဦးမလားဆိုပြီးတော့ တင်ပါးလေးတွေကို စပ်စပ်ထိအောင် ရိုက်တာပေါ့ကွာ။ လက်ဝါးလေးဘာလေးနဲ့ပေါ့။ ခုန ကလေးဆိုတော့ လက်ဝါးလေးနဲ့ရိုက်တာလဲ နာတာပေါ့ကွာ။ သို့သော်လဲ မအေကို ဖက်ထားတယ်။ ပြီးလဲပြီးရော မအေက ကောက်ချီတဲ့ပြီးတော့ သူ့ကို မျက်ရည်လေးသုတ်၊ နှပ်ကလေးသုတ် ပြီးတော့ ခေါ်သွားတာပဲ။ အဲဒီ နှစ်ယောက်ရဲ့ကြားထဲမှာရှိတဲ့ မေတ္တာတရားက ငါ တော်တော် အံ့ဩဖွယ်လို့ ထင်တယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဖက်နဲ့တစ်ဖက် ထားတဲ့ မေတ္တာတရားပေါ့။ အဲဒါအရေးကြီးတာပါပဲ။ ဒါတွေက ထားပါတော့ ငါလဲ စကားတွေ တော်တော်များကုန်ပြီ။ မင်းတို့ အဲဒီတော့ ဆက်ပြီးစဉ်းစားကြဖို့ ပြောတာပါ"

*

www.burmeseclassic.com

www.burmeseclassic.com

# (၁၄)

"ကိုင်း - အရင်တစ်ပတ်တုန်းက မင်းတို့ကို သင်ခဲ့တဲ့ ဥစ္စာက အနန္တောအနန္တ ငါးပါး ဟုတ်လား၊ အဲဒါ သင်ခဲ့ပြီ။ အဲဒီဥစ္စာ ရတနာသုံးပါး၊ မိဘ၊ ဆရာသမား။ အရင်တစ်ပတ်တုန်းက မိဘကိုယ်စား စောင့်ရှောက် သင်ကြားပေးတဲ့ ဆရာအဖြစ်နဲ့ ပြောခဲ့တယ်။ အဲဒီမှာ မင်းတို့စိတ်ထဲမှာ ဆရာလို့ တွက်လိုက်လို့ရှိရင် စာသင်ခန်းထဲမှာသင်တဲ့ ဆရာလောက်ပဲ သွားသွား မြင်မြင်နေတယ်။ အဲတော့ မဟုတ်သေးဘူးကွ။ အဲဒီထက်ပိုတာ ရှိသေးတယ်။ ဥပမာ - မင်း ဝပ်ရှော့မှာသွားပြီး တပည့်ခံတယ်ပေါ့။ အဲဒီပိုင်ရှင် ပညာရှင်ပေါ့ကွာ။ ပိုင်ရှင်ဆိုတာ သူဌေးကိုပြောတာ မဟုတ်ဘူး။ ဝပ်ရှော့ ပညာနဲ့ပတ်သက်တဲ့ သင်ပေးတဲ့ ပညာရှင်ပေါ့။ အဲဒီလိုဆရာတွေကလဲ ဆရာပဲကွ။ ဒါမှမဟုတ်လို့ရှိရင်လဲ ပန်းထိမ်ဖိုတစ်ခုမှာ သွားပြီးတပည့်ခံလို့ရှိရင် သူလဲ ဆရာပဲပေါ့။ အဲဒီမှာ ရှိတဲ့ ရွှေရောင်းရွှေဝယ်တို့ ပန်းထိမ်လုပ်နည်းတို့ အဲဒီမှာ ဆရာပဲပေါ့။ အဲဒီလိုပေါ့ လုပ်ငန်းဆိုင်ရာ ဆရာတွေက ရှိသေးတာကို။ တချို့ကျတော့လဲ ပွဲရုံတို့ ဘာတို့ပေါ့။ ဆရာသမားအဖြစ်နဲ့ သတ်မှတ်ရတယ်။ သင်ပေးသွားတာ။ အဲဒီလို သင်ပေးသွားတဲ့ဆရာမျိုးကျတော့ ကိုယ်က အမြဲတမ်း သူ့ကျေးဇူးကို ဘယ်တော့မှ မမေ့ရဘူး။

"ငါ့သူငယ်ချင်းတစ်ယောက် ရှိတယ်။ သူက အဲဒီပန်းထိမ်ဖိုမှာ လုပ်တာ။ ပန်းထိမ်တတ်တော့ ငွေတော်တော်များများရလာပြီ။ ရတဲ့အခါ သူက သူ့ စီးပွားရေးသူ လုပ်ချင်လာပြီ။ သူ့သင်ပေးတဲ့ဆရာကြီးကလဲ အသက်ကြီးပြီ။ အဲဒီအခါ ဆရာ ကျွန်တော် ဆရာ့ကိုပုန်ကန်တာ မဟုတ်ပါဘူး။ကျွန်တော် ဖိုလေးတစ်ခုထောင်ချင်တယ်ဆိုပြီး ထောင်တာ။ ထောင်တာက နေပြီးတော့





ရွှေရောင်းရွှေဝယ်လေးပါရောပြီး ကိုင်တဲ့အခါကျတော့ တော်တော်ကြီးကို ကြီးပွားချမ်းသာလာတယ်။ အဲဒီဥစ္စာနော် သူ့ဆရာကို ဘယ်တော့မှ မမေ့ဘူး။ ခနမကောင်းဘူးဆို သူ ရောက်လာပြီ။ ငွေရေးကြေးရေးပါ အသင့်ပါလာပြီး နောက်တစ်ခုက ဒီလို သီတင်းဝါလကျွတ်တဲ့အခါမျိုးဆို ပုံမှန်ကန်တော့တယ်။ မမေ့ဘူးပေါ့ကွာ။ အဲဒီဥစ္စာမျိုးက မင်းတို့လဲ နောင်အခါကျတော့ အဲဒီလိုပဲ လုပ်ငန်းတွေကို လုပ်ကြရလိမ့်မယ်။ အဲဒီအခါကျ ကိုယ့်ကို သင်ပေးလိုက်တဲ့ ဆရာကို ဘယ်တော့မှ မမေ့ရဘူး။ အဲဒီဟာ သတိထား။ ဆရာလို့ဆိုလိုက်တဲ့ အခါကျတော့ အတန်းထဲ သင်နေမှ ဆရာမဟုတ်ဘူး။ လောကမှာ ကိုယ့်ဘဝ ကိုယ် ရပ်တည်နိုင်အောင်လုပ်ပေးတဲ့ အဲဒီ ကုန်သွယ်ခြင်းအတတ်တို့ လက်မှု ပညာအတတ်တို့ နှုတ်မှုပညာအတတ်တို့ အဲဒီအတတ်တွေ သင်ပေးတဲ့ဆရာ တွေကိုလဲ မမေ့ရဘူး။ ဥပမာဆိုပါတော့ ဇာတ်သမားကြီးတွေ ဘာကြီးတွေ ဆိုလို့ရှိရင်လဲ ရွှေမန်းတင်မောင်တို့၊ ဖိုးစိန်တို့လိုဟာမျိုးတွေ သူတို့ကို ဒီဇာတ်ပညာနဲ့ ပတ်သက်တဲ့ ဆရာတွေကို ဘယ်တော့မှ မမေ့ဘူး။ အမြဲတမ်း ဘာရိုတသေနဲ့ ခြေဆုပ်လက်နယ်ပြုပြီး ကန်တော့ကြတယ်။ အဲဒီဟာမျိုးတွေကို မင်းတို့က တန်ဖိုးထားရမယ်။ တစ်ပါးသူရဲ့ကျေးဇူးကို အသိအမှတ်ပြုခြင်း၊ သတိရခြင်း၊ မမေ့လျော့ခြင်းပေါ့နော်။ အဲဒါမျိုးထားတာ ကောင်းတယ် ကွနော်။

"ကိုင်း - ထားလိုက်ကြစို့။ ခေါင်းစဉ်တစ်ခု ပြောင်းလိုက်ကြစို့ကွား တို့ဗုဒ္ဓဘာသာမှာ အနန္တောအနန္တငါးပါးရယ်၊ နောက် တိုင်းတာရမဲ့ဥစ္စာ ငါးပါးရှိသေးတယ်ကွ။ ဘာငါးပါးလဲ၊ ကိုင်း-ပြောစမ်းကွာ"

"ငါးပါးသီလ ဆရာ"

"အေး- အဲဒီ ငါးပါးသီလပေါ့ကွ။ အဲဒီငါးပါးသီလရော မင်းတို့ ရကြသေးရဲ့လား"

"ရပါတယ် ဆရာ"

"ပြောစမ်းကွာ"

"သူများအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူများဥစ္စာပစ္စည်းကို ခိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ သူတစ်ပါးရဲ့သားမယားကို ပြစ်မှားမှုမှ ရှောင်ကြဉ်ခြင်း၊ မဟုတ်မမှန်သော စကားကို ဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းတို့ပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးဟုတ်တယ်။ အဲဒီငါးပါးသီလ။ ငါးပါးသီလမှာ ငါးပါးသီလကို လုံသွားလို့ရှိရင် လောကကြီးမှာ ချုပ်သွားတာ ဒီငါးပါးသီလပဲ။ ဒီငါးပါးသီလကို ဥပမာဆိုပါတော့ကွာ၊ တစ်ပါးသူရဲ့အသက်ကို သတ်ခြင်းကို ရှောင်ချင်မှ ရှောင်နိုင်မယ်ပေါ့။ ခြင်တစ်ကောင်လာနားရင် ကိုက်ရမလားဆိုပြီး ရိုက်သတ်လိုက်တာမျိုးပေါ့ကွာ။ အဲဒါမျိုးတွေလဲ ရှိချင်ရှိမှာပေါ့။ သူများရဲ့ပစ္စည်းကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။ အဲဒါမျိုးကျတော့ သိပ်သတိထားရတယ်။ အဒိန္နာဒါနာ ပေါ့ကွာ။ သူတစ်ပါးရဲ့ပစ္စည်းကို ခိုးယူမှုမှ ရှောင်ကြဉ်တာ။ အဲဒီဥစ္စာ သိပ်သတိထားရတယ်။ အဲဒီဥစ္စာမှာ မင်းတို့ ကိုယ်မရသင့်မရထိုက်တာကို ယူတာဟူသမျှသည် ခိုးယူတဲ့အထဲမှာ ပါတယ်။ ကုန်ကုန်ပြောလိုက်မယ်ကွာ မင်း လာဘ်ပေးလာဘ်ယူလုပ်ခြင်းဟာ ခိုးခြင်းထဲမှာပါတယ်။ မရသင့်မရထိုက်တာ။ အဲလိုဟာမျိုးတွေပေါ့။ ခိုးခြင်း ၂၅ ပါးတောင်ရှိတယ်။ လျှောက်ပြောနေ အရှည်ကြီးဖြစ်မယ်။ ဆိုလိုတာက ချုပ်လိုက်လို့ရှိရင် မင်း မရသင့် မရထိုက်တဲ့ပစ္စည်းကို မင်း ဘယ်တော့မှ မယူနဲ့။ အဲဒီဥစ္စာ မင်း တစ်သက်လုံး လုံအောင်ထိန်းနိုင်လေ ကောင်းလေပဲ။ အဲတော့ ဒါမျိုးတွေနဲ့ ပတ်သက်ပြီးတော့ တစ်ခါတလေကျတော့ ဟောပြောပွဲတွေမှာလဲ ပြောဖူးတယ်။ စာအုပ်လေးတွေထဲမှာလဲ ရေးဖူးပါတယ်။

"ဒီကုမ္ပဏီတွေမှာလုပ်တဲ့ ကလေးတွေ။ အဲဒါမျိုးတွေပေါ့နော်။ ကုမ္ပဏီပိုင်ရှင်ကလဲ ပစ္စည်းရှင်ကွ။ ဘယ်ကောင်ရိုးဖြောင့်သလား၊ မရိုးဖြောင့်သလား သိတာပဲ။ မရိုးဖြောင့်ဘူးထင်ရင် လခကလေးရှင်းတဲ့ပြီးတော့ ကဲ ဒီလဒီမျှပဲ မင်း သွားတော့။ သူကတော့ သိန်းချီပြီးချမ်းသာမှာပေါ့။ ဒါပေမဲ့ နှစ်ပြားတစ်ပဲ ပစ္စည်းလေးကို စီစစ်ခဲ့လို့ ချမ်းသာလာတာကိုး။ အဲတော့ ခုနပြောတဲ့ သူများပစ္စည်းကို ခိုးယူခြင်း။ တစ်ခါတလေကျ တစ်ပါးသူရဲ့ပစ္စည်းကို ခိုးယူလို့ စားရတဲ့ဥစ္စာမျိုး မရောက်ခဲ့ရတာ ငါ ကိုယ့်ကိုယ်ကိုယ် သိပ်ဝမ်းသာတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလို မတရားတဲ့နည်းမျိုးနဲ့ ပိုက်ဆံတစ်ခါမှ မရှာခဲ့ဘူး။ ငါ့ကိုယ်ငါ သိပ်ကျေးဇူးတင်တယ်၊ ဝမ်းသာတယ်၊ ငါ့ကံကို။ မင်းတို့လဲပဲ အဲဒါပဲပေါ့။ **ကိုယ်မရသင့်မရထိုက်တာ ဘယ်တော့မှ မယူချင်နဲ့။ မင်း မရသင့် မရထိုက်တာကို သွားယူရင် မင်းမလိုချင်တာတွေ အများကြီး ပါလာတတ်တယ်။ ဘယ်တော့မှ ဒီလိုမနေဘူး။ နောက်က အရိပ်ပမာလိုက်တာ။** မင်း လုပ်ထားတဲ့ကိစ္စတွေဟာ အဖျင်းဆုံး



BURMESE CLASSIC .com



သူများမသိရင်တောင် မင်း သိတယ်ကွာ။ တစ်ခါတုန်းက မင်းတို့ မှတ်မိပါလိမ့်မယ်။ တို့ငယ်ငယ်တုန်းကတော့ ဒေါင်းဖတ်စာထဲမှာ ပါတယ်ကွ။ ဒီသာပါမောက္ခ ဆရာကြီးဆီမှာ တပည့်တွေရှိတယ်။ သူ့သမီးကို သူက တပည့်ထဲက တော်ပေ့ဆိုတဲ့တပည့်နဲ့ ပေးစားချင်တယ်။ ပေးစားချင်တဲ့အခါကျတော့ မင်းတို့ အိမ်ကနေပြီးတော့ ဘယ်သူမှ မသိအောင် အဖိုးတန်တဲ့ပစ္စည်း၊ ရွှေငွေ ရတနာပေါ့ကွာ၊ အဲဒါ ယူခဲ့ရမယ်လို့ ပြောတဲ့အခါကျတော့ အသီးသီးယူလာကြတာပေါ့ကွာ။ တစ်ယောက်သော တပည့်ကြီးက ဘာမှ ယူမလာဘူး။ မင်း ဘာဖြစ်လို့ ယူမလာတုံး ဆိုတဲ့အခါကျတော့ ကျွန်တော့်ဆရာကြီးက မှာလိုက်တာ ဘယ်သူမှမသိအောင်လို့ ပြောပါတယ်တဲ့။ ကျွန်တော် ဘယ်သူမှမသိအောင် ယူလို့မရပါဘူးတဲ့။ အဖျင်းဆုံး သိတဲ့လူ တစ်ယောက်တော့ ရှိနေတာပဲ။ အဲဒါ ကျွန်တော်ပဲတဲ့။ အဲဒီမှာ ဆရာကြီးက သူ့ကို ကျေနပ်လို့မို့ သူနဲ့သမီးကို ပေးစားလိုက်တယ်ပေါ့ကွာ။

"ခပ်ငယ်ငယ်မှာ ခုနပြောတဲ့ ပုံပြင်မျိုးတွေဟာ သိပ်စွဲလန်းကြတယ်။ ဟုတ်တာမဟုတ်တာတွေ အပထား။ သိပ်စွဲလန်းတယ်၊ ငါတို့ငယ်ငယ်က အဲဒါမျိုးလေးတွေ ခဏခဏသင်ရတယ်။ မင်းတို့ သင်ရိုးညွှန်းတမ်းတွေမှာကျတော့ စာရိတ္တနဲ့ပတ်သက်တဲ့ပုံပြင်မျိုးတွေ၊ အဲဒါမျိုးတွေ တော်တော်ခေါင်းပါးသွားတယ်။ စာအုပ်တွေလှန်လှန်ကြည့်တော့ သိပ်မပါဘူး။ ရေအကြောင်း၊ မီးအကြောင်း၊ မီးတောင်အကြောင်း ဒါမျိုးတွေပဲ ပါနေတယ်။ အဲဒါတွေက တစ်သက်လုံးသင်ပါလေ့ဗျာ။ တကယ့်ကို အရိုးနှုန်းမှာစွဲသွားလောက်အောင် ခုနကပြောတဲ့ ဝတ္ထုတွေ၊ ပုံပြင်တွေ စာရိတ္တလောင်းပေးတဲ့ ပုံသွင်းပေးတဲ့ ဝတ္ထုတွေ။ အဲဒါတွေက နည်းသွားပြီ။ တစ်ခါတလေကျတော့ ငါ အားမရဘူး။ သူတို့လဲ ပညာရှင်တွေက လုပ်ထားတာဆိုတော့ ငါ ဘာမှ မပြောတော့ဘူး။ စိတ်ထဲမှာတော့ အဲဒါဘက်က အားနည်းနေတယ်လို့ ထင်တာပဲ။

"အဲဒီ ငါးပါးသီလမှာ အထူးသတိပေးချင်တာကတော့ သူရာမေရိယလို့ ခေါ်တဲ့ အရက်သေစာ သောက်စားခြင်းပေါ့။ ဒီဥစ္စာကတော့ တို့ဒီခေတ်မှာ တော်တော့်ကို ပေါ်ပြူလာဖြစ်နေတယ်လို့ ပြောမလား မသိဘူး။ အဲဒါကြောင့် အဲဒီဥစ္စာကို တော်တော်လေး သတိထားကြဖို့ ကောင်းလိမ့်မယ် ထင်တယ်။ မင်းတို့ စဉ်းစားကြဖို့ လိုပြီလို့ ပြောတာ။ အဲဒါနဲ့ပတ်သက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါတစ်ခု ကြားဖူးတာလေး ပြောလိုက်ရဦးမယ်။ ဒကာတစ်ယောက်က သင်္ဃာဆရာတော်ကြီးကို လျှောက်တယ်။ အရှင်ဘုရားတဲ့ အရက်တို့၊ ထန်းရည်တို့သောက်တဲ့ဥစ္စာကို ဘာဖြစ်လို့ ငါးပါးသီလထဲမှာ ထည့်တာလဲတဲ့။ သူများကိုလဲ ထိခိုက်တာမဟုတ်ဘူး။ ကိုယ့်ဘာကိုယ် သောက်တဲ့ကိစ္စ။ သူ့ဟာသူ အိပ်ချင်လဲ အိပ်နေမယ်ပေါ့။ သူများပစ္စည်းလဲ မထိခိုက်ပါဘူး။ ဘာဖြစ်လို့ ဒီလိုဟာ ထည့်သလဲဆိုတဲ့ အခါကျတော့ သင်္ဃာဆရာတော်က ဥပမာလေးတစ်ခု ပြောပြတာ။ တစ်ခါက အဖိုးကြီးတစ်ယောက်ရှိတယ်တဲ့။ အဲဒီအဖိုးကြီးက အိမ်အောက်မှာ၊ သူတို့က ရှေးတုန်းကတော့ အိမ်အောက်မြေကြီးပေါ်မှာ နွားတွေကို ထားလေ့ရှိတာကိုး။ တင်းကုပ်လို လုပ်ထားတာကိုး။ နွားကျောင်းတဲ့အခါကျတော့ မြေးလေးလုပ်တဲ့သူက နွားခြံသွင်းပြီးပြီဆိုလို့ရှိရင် နွားခြံကို ပိတ်ရတယ်။ အဖိုးကြီးက မေးတယ်တဲ့။ ငါ့မြေးရေ၊ ချိုထောင်ကလေး ချည်ပြီးပြီလားပေါ့။ ချည်ပြီးပါပြီ အဘပေါ့။ အဲဒါ ညတိုင်းညတိုင်း ချိုထောင်ကလေး ချည်ပြီးပြီ လားကွဲ့။ ချည်ပြီးပါပြီ အဘရဲ့ အဘကလဲ ချည်ပြီးပါပြီဆိုမှပဲ ဒီချိုထောင်ကလေးပဲ မေးနေတော့တယ်။ တခြားနွားတွေကျတော့ မမေးဘူးဆိုတော့၊ မဟုတ်ဘူး ငါ့မြေးရဲ့တဲ့။ ဒီချိုထောင်ကလေးက အလွန်ဆော့တယ်တဲ့။ သူ့ချည်ထားမှ၊ မဟုတ်ရင် တခြားနွားတွေ လိုက်လိုက်ခွေ့တော့ ဒီပြင်နွားတွေ အိပ်ရေးပျက်တယ်တဲ့။ အဲဒီလိုပဲတဲ့ ဒီသုရာမေရိယဆိုတဲ့ဥစ္စာလဲပဲ ချိုထောင်လေးလိုပဲတဲ့။ သူ့ကို ချည်ထားမှ မချည်ထားလို့ရှိရင် သူက လိုက်လိုက်ပြီးတော့ ခွေ့တဲ့အခါကျတော့ တခြားသီလတွေ အိပ်ရေးပျက်တာပေါ့ကွယ်တဲ့။

"အဲတော့ ဒါက မင်းတို့ အရက်ရဲ့သဘောကိုပြောတာ။ အဲတော့ အရက်မှ မဟုတ်ဘူး။ ထန်းရည်မှ မဟုတ်ဘူး။ ဘုရားဟောတဲ့ဥစ္စာက မေ့လျော့စေသော၊ ထုံထိုင်းစေသော ကုသိုလ်၊ အကုသိုလ်ဟူသမျှကို မခွဲခြားစေနိုင်သော အကုန်လုံးပါတယ် မင်းတို့။ အဲဒါ သုရာမေရိယထဲ အကုန်လုံးစာရင်းဝင်သွားတာပဲ။ မင်းတို့လဲ အဲဒီတော့ အရက်တို့၊ ဘိယာတို့ကတစ်ဆင့်နောက်ကျတော့ သူက ချိုထောင်ကလေးဆိုတော့ တဖြည်းဖြည်းနဲ့ ချိုထောင်ကြီးကို ရောက်သွားတာ။ ချိုထောင်ကြီးဆိုတာ နံပါတ်ဖိုးပေါ့ကွာ။ ခုနောက်ပိုင်းတော့ ငါလဲ နာမည်တွေတောင် မသိတော့ပါဘူး။ ဆေးပြားတွေ၊ ဆေးရည်တွေ၊ ထိုးဆေးတွေ အဲဒါတွေထိအောင် ရောက်ရောက်သွားတာကို။





ဒီနေရာရောက်လို့ရှိရင် သူက ပိုပြီးပြင်းထန်တဲ့နေရာတွေ ရောက်ရောက်သွားတဲ့အခါကျတော့ မင်းတို့ စောစောစီးစီး အဲဒီချိုထောင်ကလေးကို ငြိမ်အောင်လုပ်ထားဖို့ လိုလိမ့်မယ်။ တကယ်လို့ ခုခေတ်ဆိုတာ အပေါင်းအသင်းနဲ့ စကားပြောလို့ဆိုလို့ကောင်းအောင်ပေါ့။ အဲဒီကနေတစ်ဆင့် လွန်လွန်လာတာ။ ဘဝရည်မှန်းချက်ကြီးကို ပျောက်သွားတဲ့အထိပဲ။ တစ်နေ့လုံးမှာ ဘာမှမစဉ်းစားတော့ဘဲ၊ အဲဒီကိစ္စသာ စဉ်းစားနေတော့တာ။ ဒါကြောင့်မို့ မင်းတို့ သတိထားပြီး ထိန်းကြ။ ငါ အဲဒါမျိုးလေးတွေကတွေ့ဖူးလှပြီကွ နော်။ တက္ကသိုလ်ကျောင်းမှာတောင် တွေ့ခဲ့ဖူးတယ်။ တချို့မိန်းကလေးတွေတောင် ပါသွားတယ်။ အဲတော့ အဲဒါမျိုးတွေက ချိုထောင်ကလေး၊ ကြပ်ကြပ်ထိန်းကြ။ ချိုထောင်ကလေးကို မထိန်းလို့ရှိရင်တော့ ကျန်တဲ့သီလတွေ အိပ်ရေးပျက်မှာပဲ။

"ဟိုး အင်္ဂလိပ်ခေတ်တုန်းက Police Report ခေါ်တာပေါ့။ ရဲအစီရင်ခံစာတွေမှာ မကြာခဏ ငါတွေ့ရဖူးတယ်။ မြန်မာပြည်မှာ ရာဇဝတ်မှု အထူပြောဆုံးရာသီဟာ ဘယ်အချိန်လဲဆိုတော့ တပို့တွဲ၊ တပေါင်း တန်ခူးကနေ ကဆုန်ပေါ့။ အဲဒီလောက်ထိအောင်ပေါ့။ ဘာကြောင့် ထူပြောသလဲဆိုတော့ အဲဒီအချိန်မှာ လုပ်ငန်းတွေက အားသွားပြီ။ တပို့တွဲဆိုတာ ထန်းပြင်တဲ့လလို့ ခေါ်တယ်။ ထန်းရည်က လှိုင်လှိုင်ထွက်တယ်။ အလုပ်က အားနေတာရယ်၊ ထန်းရည်လှိုင်လှိုင်ထွက်တဲ့အချိန်ဆိုတော့ ရာဇဝတ်မှု အထူပြောဆုံးအချိန်လို့ ဆိုတယ်။ တစ်ယောက်နဲ့တစ်ယောက် ခုတ်ကျထစ်ကျ ရန်ဖြစ်ကြ။ အဲဒီအချိန်မှာ အထူပြောဆုံးလို့ဆိုတယ်။ အဲဒီအချိန်မှာ ရဲဘက်က သူတွေပေါ့။ ဒီရာဇဝတ်ဝန်ရုံးကလူတွေပေါ့။ ဒီစခန်းမှူးတွေ ဘာတွေပေါ့။ အဲဒီအချိန်တုန်းကဆိုရင် တထိတ်ထိတ်နဲ့ နေကြရတာ။ ဘယ်နေရာက ဘာဖြစ်မယ်။ အမြဲတမ်းစောင့်ပြီး ကြည့်နေရတယ်။ ခြုံလိုက်တဲ့အခါကျ ထန်းရည် အရက်ပဲ။ ထန်းရည် အရက်ကနေပြီးတော့ ရာဇဝတ်မှုထိအောင် ဖြစ်သွားတာပဲ။ မူးပြီး လူသတ်မှုဖြစ်တဲ့ဥစ္စာတွေ မကြာခဏပဲ။ မူးပြီးဖြစ်တဲ့ဥစ္စာများတာပဲ။ မင်းတို့ အဲဒါလေးတော့ ဂရုစိုက်ကြ။ မင်းတို့ ငါပြောတာကို ပြန်ချုပ်လိုက်လို့ရှိရင် ဘယ်တော့မဆို အကျိုးတရားကိုတွေ့ရင် အကြောင်းတရားကို ရှာပါ။ လူနဲ့တိရစ္ဆာန်နဲ့ ကွာခြားတဲ့ အချက်ထဲမှာ ဘာလဲဆိုတော့၊ တိရစ္ဆာန်ထက်သာတဲ့အချက် (၃)



www.burmeseclassic.com

www.burmeseclassic.com



ချက်ပဲရှိတယ်ဆိုတာ ပြောခဲ့ပြီးပြီ။ ပထမတစ်ချက် ကျိုးကြောင်းပညာကြီးမှု၊ နှစ်အချက်က ကိုယ်ကျင့်တရားရှိမှု၊ သုံးအချက်က အလှအပကို ခံစားတတ်မှု၊ ဖန်တီးတတ်မှု။ နောက်ဆုံး အလှအပခံစားတတ်ခြင်း၊ ဖန်တီးတတ်ခြင်းဆိုတာ ငါ ဒီမှာ မပြောတော့ဘူး။

"နောက်ပြီးတော့မှ လူမှာ ကိုယ်ကျင့်တရားနဲ့ပတ်သက်တဲ့ဥစ္စာ ပြောတဲ့အခါကျတော့မှ အနန္တောအနန္တနဲ့ ပတ်သက်တာလေး ပြန်ပြီး သတိရ။ အထူးသဖြင့် ရတနာသုံးပါး၊ မိဘ၊ ဆရာ။ မိဘနဲ့ဆရာကို ဘာကြောင့် ဘုရားနဲ့ တစ်ဂိုဏ်းတည်း ထည့်ထားသလဲဆိုတာ လေးလေးနက်နက် သိဖို့လို့ ပြောတာ။ နောက်တစ်ချက်က ငါးပါးသီလ။ အဲဒီဥစ္စာကို တတ်နိုင်သမျှ လုံအောင်ထိန်းဖို့ အဓိပ္ပာယ်ကတော့ ချုပ်လိုက်တော့ မိမိ အပြုအမူကြောင့် တစ်ပါးသူကို မထိခိုက်အောင် နေတာပါပဲ။ လူဆိုတာ ကိုယ့်အတွက်ကို ကြည့်စမြဲပါပဲ။ ကိုယ့်အတွက်ကို ကြည့်ရင်းကနေပြီးတော့ တစ်ပါးသူကို မထိခိုက်အောင် ထိန်းသိမ်းတဲ့ဥစ္စာ အဲဒါ သီလပါပဲ။ အဲဒီလိုပဲ ကိုယ်ကိုယ်တိုင်လဲပဲ တကယ်လို့ မင်း နောင်အခါကျ တစ်နေ့ကျရင် မိဘ ဖြစ်လာလိမ့်မယ်။ မိဘတွေက မင်းကို လူလားမြောက်အောင် ကျွေးမွေးသလို၊ စောင့်ရှောက်သလို မင်းမိဘတွေက မင်းအပေါ်မှာ တာဝန်ကြီးသလို မင်းကလဲ မင်းသားသမီးတွေအပေါ်မှာ တာဝန်ယူရလိမ့်မယ်။ အိုမင်းမစွမ်း ဖြစ်လာခဲ့ပြီဆိုရင် မင်းမိဘတွေကိုလဲ ပြန်ကြည့်ရလိမ့်မယ်။ မင်း ဖတ်ဖူးလား မသိဘူး။ တို့ငယ်ငယ်တုန်းကတော့ ဖတ်စာထဲမှာပါတော့။ ကေဒါရကျေးမင်း ဆိုတာ။ သူ့အကြောင်းရှိတယ်။ ပုဏ္ဏားတစ်ယောက်ရဲ့ လယ်ကွင်းရှိတော့ အဲဒီလယ်ကွင်းမှာ ကျေးငှက်ပေါ့။ ကျေးကြီးတစ်ကောင်က လယ်ထဲမှာ သူစားရုံတင်မကဘူး။ ပြန်သွားတော့ စပါးနှံတွေကို ချီချီသွားတယ်။ ချီချီသွားတဲ့အခါကျ ဘာလို့ ကိုယ့်ဘာသာ စားရုံတင်မပြီးဘဲနဲ့ သူက ပုဏ္ဏားက စားချင်လဲ စားပါစေဆိုပြီးထားတာ အနှံတွေကိုက်ကိုက်ပြီး ချီသွားတဲ့ အခါကျတော့ တစ်နေ့ကျတော့ အဲဒီငှက်ကို ဖမ်းစမ်းဆိုပြီး ဖမ်းခိုင်းတာ။ ဖမ်းခိုင်းတဲ့အခါကျတော့ မိတယ်ဆိုပါတော့။ မိတော့ သင်ဟာ ဘာဖြစ်လို့ ဒီစပါးနှံတွေကို ချီသွားတာလဲ။ သင် ဝအောင်စားတာ တော်ရောပေါ့။ သင် ကျေးငှက်မှာ တိုက်တာ ကျီကျ ဂိုထောင်တွေရှိလို့လား။ ဘာဖြစ်လို့ယူတာလဲဆိုတော့ မဟုတ်ပါဘူး၊ ကျွန်ုပ်ဟာ ကြွေးဟောင်းများကိုလဲ ဆပ်ရပါတယ်၊ ကြွေးသစ်





များကိုလဲ ချရပါတယ်။ နေစမ်းပါဦး၊ သင်တို့ငှက်တွေမှာ ကြွေးဟောင်းကြွေးသစ်ဆိုတာ ရှိသလားတဲ့။ ရှိပါတယ်တဲ့ ကြွေးဟောင်းများကို ဆပ်ရတယ်ဆိုတာ သူငယ်စဉ်အခါတုန်းက အစာလေးတွေ ရှာဖွေကျွေးခဲ့တဲ့ မိဘတွေအခု အိုမင်းနေတဲ့အခါကျတော့ မပျံနိုင်တော့ဘူး။ အဲဒါကြောင့် သူတို့ကိုလဲ ကျွေးဖို့ ယူသွားရပါတယ်တဲ့။ ကြွေးဟောင်းတွေဆပ်တယ်ဆိုတာ အဲဒါကို ပြောချင်တာပါတဲ့။ ကြွေးသစ်တွေချရတယ်ဆိုတာ ဘာလဲဆိုတော့ ကျွန်ုပ်မှာ သားသမီးတွေရှိပါတယ်တဲ့။ ခုထက်ထိ အတောင်အလက် မစုံသေးပါဘူး။ ခုထိ မပျံနိုင်သေးပါဘူးတဲ့။ သူတို့ကိုလဲ ကျွေးရပါတယ်တဲ့။

"တစ်နေ့ကျလို့ရှိရင် သူတို့ဟာ ကျွန်ုပ်ကို ကြွေးဟောင်းဆပ်သလို ကျွန်ုပ် အိုမင်းမစွမ်းရှိလာလို့ရှိရင် ကျွေးပါလိမ့်မယ်။ ကိုင်း-အဲဒီလိုဆိုရင် ငါ့ရဲ့ လယ်တစ်ကွက်လုံး အတားအဆီးမရှိ မင်း ကြိုက်သလို ယူပေတော့ဆိုပြီး ခွင့်ပြုလိုက်တယ်တဲ့။ အဲဒါတော့ တို့တွေက မြို့ဟောင်းလဲ ဆပ်ရတယ်၊ မြို့သစ်လဲ ချရတယ်၊ မင်းတို့လဲပဲ ကြွေးဟောင်းတွေကို ဆပ်ပါ၊ ကြွေးသစ်တွေကိုလဲ ချပါ၊ သားသမီးဝတ္တရားလဲ ကျေပါစေ၊ မိဘဝတ္တရားလဲ ကျေပါစေလို့ ပြောလိုက်ရပါတယ်၊ ငါးပါးသီလနဲ့ ပတ်သက်လို့လဲ ချိုထောင်လေးလိုပဲ မြဲမြဲနိုင်နိုင် ချည်နိုင်ပါစေလို့ ငါဆုတောင်းလိုက်ရပါတယ်"

*

www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

● ခုအချိန်ထိ မင်းတို့ကို ဘာတွေ ဖိသင်နေသလဲ။

■ အကျိုးအကြောင်းဆင်ခြင်မှုပါ ဆရာ။

● အေး- မငြီးငွေ့ကြပါနဲ့ကွ။ အလွန်ကိုအရေးကြီးတဲ့ကိစ္စ၊ အထူးသဖြင့် ပညာရှာဖွေရာမှာ အလွန်ကိုအရေးကြီးတဲ့ကိစ္စ ဖြစ်တဲ့အပြင် နေ့စဉ်ဘဝကိစ္စတွေမှာလဲ အကျိုးအကြောင်းဆက်စပ်မှုက အရေးကြီးတာကြောင့် ကျိုးကြောင်းဆင်ခြင်မှုကို သင်ပေးနေရတာ။ ပြည့်စုံအောင်တော့ဖြင့် သင်ပေးလို့ မရနိုင်ဘူးပေါ့ကွယ်။ ဒါပေမဲ့ ဘယ်ကိစ္စ၊ ဘယ်အရေးအရာမှာမဆို အကျိုးသင့်အကြောင်းသင့် ဆင်ခြင်စဉ်းစားတတ်တဲ့ အလေ့အကျင့်ကလေး ပါသွားရင် ကောင်းတာမို့ အရေးပေးပြီး သင်ပေးနေရတာပါ။

■ အကျိုးသင့်အကြောင်းသင့် စဉ်းစားဆင်ခြင်တတ်ရင် ပညာတတ်ဖို့၊ ပညာပြည့်စုံဖို့ လုံလောက်ပြီလား ဆရာ။

● ပညာတတ်ဖို့၊ ပညာပြည့်စုံဖို့အတွက် ထိုက်သင့်သလောက် ပြည့်စုံပြီလို့ ဆိုနိုင်တယ်။ ဘဝအတွက်တော့ဖြင့် မလုံလောက်သေးဘူး။

■ ဘဝအတွက်ဆိုတာက စီးပွားရေးတွေ၊ ဝင်ငွေတွေအတွက် ဆိုလိုတာလား ဆရာ။

● အဲဒါလောက်ကလေးဆိုရင် စကားထဲတောင် ထည့်ပြောမနေဘူး။ လွယ်လွယ်ဥပမာတစ်ခုကို ပေးလိုက်ပါမယ်။ လူတစ်ယောက် သေသွားတယ်။ သားသမီးတွေ၊ မိဘတွေ စတဲ့ ဆွေမျိုးသားချင်းတွေက မငိုကြဘူးလား။





■ ငိုကြပါတယ် ဆရာ။

● သူတို့ ငိုင်းငိုနေကြပေမဲ့ သေတဲ့သူဟာ ပြန်ရှင်မလာနိုင်ဘူးဆိုတာ သူတို့ မသိကြဘူးလား။

■ သိကြတာပေါ့ ဆရာ။

● သူတို့ ငိုနေတာ ဘာအကျိုးမှ ပေါ်မလာနိုင်ဘူးဆိုတာ သူတို့ သိနေကြတာပဲ။ အဲဒါကို ဆင်ခြင်မှုကင်းမဲ့ကြတယ်လို့ ပြောနိုင်မလား။

■ မပြောနိုင်ပါဘူး ဆရာ။

● သေသူက ပြန်ရှင်မလာနိုင်မှန်း သိနေကြပါလျက် ဘာကြောင့် ငိုင်းငိုနေကြတာလဲ။

■ ချစ်လို့၊ လွမ်းလို့၊ နှမြောလို့ဖြစ်မှာပေါ့ ဆရာ။

● မှန်တယ်။ အကျိုးအကြောင်းဆိုတာ ပညာဆည်းပူးမှုမှာ အလွန်ကိုအရေးကြီးပါတယ်။ သို့ပေမဲ့ လူ့ဘဝ၊ လူ့လောကမှာက အပေါ်ယံကျိုးကြောင်းဆင်ခြင်မှုလောက်နဲ့ နားလည်လို့မရနိုင်တာတွေကလဲ အများကြီးရှိနေသေးတာကိုးကွဲ့။ ခုနက ပြောခဲ့ကြတဲ့စကားကိုပဲ ပြန်ပြီး စဉ်းစားကြည့်ကြရအောင်။ လူတစ်ယောက်သေသွားတယ်။ ဆွေမျိုးသားချင်းတွေက ငိုင်းငိုကြတယ်၊ ငိုင်းငိုလို့ ပြန်မရှင်နိုင်ဘူးဆိုတာကို သူတို့အားလုံး သိနေကြတယ်။ ကျိုးကြောင်းဆင်ခြင်မှုရှိကြပါလျက် ဘာကြောင့် ငိုကြသလဲလို့ မင်းတို့ကို ငါ မေးခဲ့တယ်။ မင်းတို့ ဘယ်လိုပြောခဲ့သလဲ။

■ ချစ်လို့၊ လွမ်းလို့၊ နှမြောလို့, လို့ ဖြေခဲ့ပါတယ် ဆရာ။

● သေချာပြန်စဉ်းစားကြစမ်း။ 'ဘာကြောင့်ငိုကြသလဲ' ဆိုတဲ့ မေးခွန်းဟာ 'ငိုခြင်းရဲ့အကြောင်းရင်း' ကို အရှာခိုင်းတာ မဟုတ်လား။

■ ဟုတ်တယ် ဆရာ။

● ဒီတော့ အကြောင်းရင်းက ချစ်လို့၊ လွမ်းလို့၊ နှမြောလို့ဆိုတာတွေကို အကြောင်းရင်းအဖြစ် မင်းတို့က ဖြေကြတယ်။ ကိုင်း - ဆက်ပြီး ဘာလို့ချစ်သလဲ။ ဘာလို့ လွမ်းသလဲ စသည် ဆက်ခါဆက်ခါ မေးလိုက်မယ်ဆိုပါတော့ အကြောင်းရင်းတွေကို ရှာဖို့ သိပ်ခက်သွားပြီ မဟုတ်လား။ ဗုဒ္ဓဘာသာသဘောနဲ့သွားရင်တော့ 'တဏှာ' ဆိုတဲ့ အရင်းခံအကြောင်းတရားကို ရောက်သွားတော့မှာပေါ့။ ဟဲ- အဲဒါ



www.burmeseclassic.com

တွေကို ထားလိုက်ပါတော့။ ဖြတ်ပြီး မေးလိုက်ချင်သေးတယ်။ တကယ့်ကို အနုပညာမြောက်တဲ့ ရုပ်ရှင်ကားတွေ၊ ဗီဒီယိုကားတွေကို ကြည့်ရတဲ့အခါ သနားစရာ ရင်နင့်စရာအခန်းကို ကြည့်လိုက်ရရင် မင်းတို့ ကိုယ်တိုင် မျက်ရည်လည်လာတာမျိုး မကြုံဖူးဘူးလား။

■ ကြုံဖူးပါတယ် ဆရာ။

● အေး- မင်းတို့ ငါတို့ မပြောနဲ့။ ပြောနေရင်း ဘိုကလေးတင့်အောင် ရေးတဲ့ ဆောင်းပါးတစ်ပုဒ်ကို သွားပြီး သတိရမိတယ်။ အဲဒီခေတ်က တော့ မှင်းသမီးကြည်ကြည်ဌေးခေတ်ပေါ့ကွယ်။ ပြဇာတ်တစ်ခုမှာ ကြည်ကြည်ဌေး လွမ်းလိုက်တာ အမူအရာရော အသံပါ ကောင်း လွန်းလို့ ပွဲကြည့်ပရိသတ်ကို မပြောနဲ့တော့ ကားဆွဲ၊ ကားထိုးတွေ၊ မီးထိုးတဲ့သူတွေပါ မျက်ရည်ကျပြီး လွမ်းနေတာနဲ့ ကားဆွဲ၊ ကားထိုး တွေကို သတိပေးယူရတယ်ဆိုပဲ။ ဒီတော့ မင်းတို့ကို မေးချင်တာက ကြည်ကြည်ဌေး တကယ်ဖြစ်နေတာ မဟုတ်ဘူး။ ပြဇာတ်သရုပ် ဆောင်နေတာသာ ဖြစ်တယ်ဆိုတာကို သူတို့ မသိကြဘူးလား။ သူတို့ကို ကျိုးကြောင်းဆင်ခြင်ဉာဏ်မဲ့တဲ့သူတွေလို့ ဆိုကြမလား။

■ မဆိုနိုင်ပါဘူး ဆရာ။

● အေး- ဟုတ်တယ်။ ငါတို့ ဗုဒ္ဓဘာသာအမြင်နဲ့ ပြောရရင်တော့ ဘုရား ရဟန္တာမှအပ ပုထုဇဉ်ဟူသမျှမှာ ဒီလိုခံစားမှုမျိုး၊ တုန်လှုပ်မှုမျိုး ရှိ ကြတာချည်းပဲ။ အဲဒါတွေအတွက် အကြောင်းရင်းက 'တဏှာ'လို့ ခေါ် ရတော့မှာပေါ့။ သို့သော်လဲ ငါက တရားပြနေတာ မဟုတ်ဘူး။ ကမ္မဋ္ဌာန်းကျင့်စဉ် ပြောနေတာ မဟုတ်ဘူး။ လူ့ဘဝ လူ့လောကမှာ ကျိုးကြောင်းနဲ့ချည်း သွားလို့မရတဲ့ နယ်တွေ ရှိသေးကြောင်း ပြော ပြတာ။

ကဲ- ထားလိုက်ပါတော့ကွယ်။ ငါတို့ သင်ခန်းစာအစပိုင်းကို ပြန်ကောက်ကြည့်ရအောင်။ မင်းတို့ မှတ်မိကြသေးရဲ့လားတောင် မသိတော့ပါဘူး။ တိရစ္ဆာန်တွေက လူတွေထက် သာတာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ တိရစ္ဆာန်တွေကို လူတွေက လွှမ်းမိုး နိုင်ခဲ့တယ်။ 'လူ'က ဘယ်တိရစ္ဆာန်ထက်မဆို သာတဲ့အချက် (၃)ချက် ရှိတယ်လို့ ပြောခဲ့တယ်။ အဲဒါတွေကို မှတ်မိကြသေးလား။





■ မှတ်မိပါတယ် ဆရာ။

● ဘာတွေလဲ ပြောစမ်းကွာ။

■ ကျိုးကြောင်းပညာကြီးခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း၊ အလှအပကို ခံစားဖန်တီးတတ်ခြင်းပါ ဆရာ။

● အေး- ဟုတ်တယ်။ ကျိုးကြောင်းပညာကြီးတဲ့နေရာမှာ ဘယ်တိရစ္ဆာန် မှ လူကို မမီနိုင်ကြဘူး။ ဒီတစ်မျိုးတည်းနဲ့ ပြီးရောလားလို့ စဉ်းစား လိုက်တော့ မဟုတ်သေးဘူးကွဲ့။ စကားပြောနေရင်း သတိရလာလို့ ပြောလိုက်ရဦးမယ်။ ငါက အိမ်ဝရန်တာမှာ ကော်ဖီသောက်နေ တယ်။ ထောပတ်မုန့်ကွပ်ကလေးကိုလဲ စားနေတယ်။ အဲဒီမှာ မုန့်ကွပ် အကြွေစလေး၊ အမှုန့်ကလေးတစ်ခု ကျသွားတယ်။ ပုရွက် ဆိတ်ကလေးတစ်ကောင်က တွေ့သွားလိုက်တော့ ချီတဲ့ပြီး ပြေးလိုက် တာကွယ်။ ငါဖြင့် ကြည့်နေရင်း အံ့ဩလို့မဆုံးနိုင်ဘူး။ မင်းတို့လဲ ဒါမျိုးတွေ တွေ့ဖူးကြမှာပါ။ ဒီပုရွက်ဆိတ်ဟာ သူ စားဖို့အတွက် သိုလှောင်ထားဖို့လား။ မဟုတ်ဘူး။ မင်းတို့သိတဲ့အတိုင်း သူဟာ သူ့အသိုက်အအုံ၊ သူ့အဖွဲ့အစည်းဝင်တွေအားလုံး စားဖို့ အတွက် အပြေးအလွှားသယ်ဆောင်တာ။ ငါ့မှာလေ အဲဒီပုရွက် ဆိတ်ကလေး ကို ကြည့်နေရင်း ငါတို့လူတွေဟာ ကိုယ့်အဖွဲ့အစည်း ကိုယ့်အသိုက် အအုံအတွက် ပုရွက်ဆိတ်လောက် မေတ္တာစိတ်ရှိကြပါရဲ့လားလို့ တွေးနေခဲ့မိတယ်။

■ မရှိဘူးဆရာ။ ဒါကြောင့် လူကြ၊ ယက်ကြ၊ ခိုးကြ၊ ဝှက်ကြ၊ သတ်ကြ ဖြတ်ကြနဲ့ စစ်တွေဖြစ်နေကြတာပေါ့။

● အေး- ဟုတ်တယ်။ ကျားတွေ ခြင်္သေ့တွေက သမင်၊ ဒရယ်ဆိုတာ တွေကို သတ်ပြီးစားတယ်။ ဒါဟာ သဘာဝကျတယ်။

■ ဘာကြောင့် သဘာဝကျတယ်လို့ ပြောတာလဲ ဆရာ။

● အေး- မင်းမေးတဲ့မေးခွန်း ကောင်းတယ်။ ဒီလိုကိုးကွ။ ငါတို့ ကမ္ဘာ မြေကြီးမှာရှိတဲ့ သက်ရှိလောကကြီးကို သေချာကြည့်လိုက်ရင် ကမ္ဘာမြေကြီးကို မှီပြီး အသက်ရှင်ကြရတာ မဟုတ်လား။ ကမ္ဘာ မြေကြီးက ပေးတဲ့အောက်စီဂျင်၊ ဟိုက်ဒရိုဂျင်၊ နိုက်ထရိုဂျင်၊ ထိုး ခတ်၊ မီးစုန်းခတ် စတာတွေကို စားသုံးပြီး အသက်ရှင်ကြရတာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကိုး။ သစ်ပင်တွေလဲ ဒီလိုပဲ အသက်ရှင်ကြရတယ်။ ဒါပေမဲ့ သစ်ပင် မြက်ပင်တွေက မြေကြီးထဲက အဲဒီဓာတ်တွေကို တိုက်ရိုက်စားသုံးနိုင်ကြတယ်။ ငါတို့လို သက်ရှိသတ္တဝါတွေက မြေကြီးထဲက ဓာတ်တွေကို တိုက်ရိုက်မစားသုံးနိုင်ကြဘူး။ သစ်ပင်သစ်ရွက်၊ သစ်သီးတွေ မြေကြီးထဲက နှိုက်ထုတ် ဓာတ်ပြုထားတာတွေကို တစ်ဆင့် ခံစားသုံးကြရတယ်။ အဲ - ကျားတို့ ခြင်္သေ့တို့လို အသားစားတိရစ္ဆာန်တွေကျတော့ အသီးအရွက်တွေကို စားလို့ မရဘူး။ သူတို့မှာ အသီးအရွက်ကို အစာခြေနိုင်တဲ့ အင်္ဂါရပ်ကို မပါတော့ဘူး။ ဒါကြောင့် ကမ္ဘာမြေကြီးကပေးတဲ့ ဓာတ်အစုစုကို အသီးအရွက်စားတိရစ္ဆာန်တွေရဲ့ အသားကို စားခြင်းဖြင့် သူတို့ အသက်ကို ရှင်အောင်မွေးကြရတယ်။ ဒါကြောင့် အဲဒီသားစား တိရစ္ဆာန်တွေက အသားစားတာ သဘာဝကျတယ်လို့ ပြောခဲ့တာပါ။ ငါတို့ မြန်မာစကားမှာ 'သားကောင်' လို့ ခေါ်တာရယ်၊ 'သားရဲ' လို့ ခေါ်တာရယ် ရှိတယ် မဟုတ်လား။ ကျားတို့ ခြင်္သေ့တို့ကို 'သားရဲ' ပေါ့။ သမင်တို့ ဒရယ်တို့ဟာ 'သားကောင်' ပေါ့။ 'စွန်ရဲ' ဆိုတဲ့ အသုံးဟာ အဲဒါကြောင့်သုံးတာ။ သူက တခြားငှက်ငယ်၊ သားကောင်ငယ်တွေကို စားတတ်တယ် မဟုတ်လား။

- ■ လူကတော့ အစုံစားပေါ့နော် ဆရာ။
- ● အေး- ဟုတ်တယ်၊ လူက အသားကိုလဲ စားတယ်။ အသီးအရွက်ကိုလဲ စားတယ်။ မင်းတို့ကို ဒီအကြောင်းတွေ ပြောနေရင်း ဟာသလေး တစ်ခုကိုသွားပြီး သတိရမိတယ်။ မင်းတို့ လူသားစားလူရိုင်းတွေ ဆိုတာ ကြားဖူးတယ် မဟုတ်လား။
- ■ ကြားဖူးပါတယ် ဆရာ။
- ● အဲဒီလို လူသားစား လူရိုင်းတစ်ယောက်နဲ့ အမေရိကန်တစ်ယောက်နဲ့ စကားပြောကြတော့ အမေရိကန်က ပြောတယ်။ မင်းတို့ဟာ လူတွေကို သတ်စားကြတာ အလွန်ရိုင်းတယ်ပေါ့။ အဲဒီတော့ လူရိုင်းက မင်းတို့လဲ စစ်ဖြစ်လာရင် လူတွေကို သတ်တာပဲ မဟုတ်လားလို့ ပြန်မေးတယ်။ ဒီတော့ 'အေး- ဟုတ်တယ်၊ သတ်ကြတယ်။ ဒါပေမဲ့ ငါတို့က အသားမစားဘူး' လို့ ပြန်ပြောတယ်။ ဒီတော့ လူရိုင်းက





'ဟာ- ငါတို့က အသားစားဖို့သတ်ကြတာ၊ မင်းတို့က အသားလဲ မစားဘဲနဲ့ ဒီတိုင်းသက်သက်မဲ့ သတ်နေကြတာ၊ မင်းတို့ကမှ ရိုင်းတာကွ' လို့ ပြန်ပြောလိုက်တယ်။ ဘယ့်နှယ်လဲ ဒီဟာသလေး မကောင်းဘူးလား။

- ■ သိပ်ကောင်းတယ် ဆရာ။
- ● ဟိုလူရိုင်းက ပြန်ပြောလိုက်တော့ အကျိုးသင့်အကြောင်းသင့် ဖြစ်ရဲ့လား။
- ■ ဖြစ်ပါတယ် ဆရာ။
- ● ကမ္ဘာ့သမိုင်းမှာ စစ်ပွဲကြီးတွေ ဖြစ်ခဲ့ကြတယ်။ ဒီကနေ့ထိလဲ စစ်တွေဖြစ်နေဆဲပဲ။ လူတွေ သတ်နေဆဲ၊ လူသတ်လက်နက်အမျိုးမျိုးကို ကြံစည်တီထွင်နေကြဆဲပဲ။ ဒီတော့ ကြံစည်တီထွင်တယ်ဆိုတာက ကိုးကြောင်းပညာကြီးတဲ့သဘောကို ညွှန်းတယ်။ လူတွေအချင်းချင်း သတ်နေကြတယ်ဆိုတာက ရိုင်းစိုင်းတယ်ဆိုတဲ့ သဘောကို ပြနေတာ မဟုတ်လား။
- ■ ဟုတ်ပါတယ် ဆရာ။
- ● ဘာကြောင့် ဒီလိုသတ်ဖြတ်နေကြသလဲဆိုတာကို ဆန်းစစ်ကြည့်လိုက်တော့ လောဘ၊ ဒေါသ၊ မောဟတွေကြောင့် ဒီလိုဖြစ်လာရတာ။ ဒါကြောင့် ဘာသာတရားတွေကို ဟောကြားတဲ့ ဘုရား အစရှိတဲ့ ခေါင်းဆောင်တွေက မေတ္တာတရားကို ဦးစားပေး ရှေ့တန်းတင်ပြီး ဟောကြတာပဲ။ နောက်တစ်ပတ်မှ ဆက်ပြီး ဆွေးနွေးကြဦးစို့ကွာ။

*

www.burmeseclassic.com

www.burmeseclassic.com

## (၁၆)

■ အရင်တစ်ပတ်က မင်းတို့ကို ပြောခဲ့တဲ့ လူသားစားလူရိုင်း တစ်ယောက်နဲ့ လူယဉ်ကျေးအမေရိကန်တစ်ယောက် အပြန်အလှန် ပြောဆို ငြင်းခုံကြတဲ့ ဟာသကလေးကို မှတ်မိကြသေးလား။

● မှတ်မိပါတယ် ဆရာ။ ဘယ်တော့မှ မေ့မှာမဟုတ်တော့ပါဘူး။ ငါတို့က လူသားကို စားချင်လို့သတ်တာ၊ မင်းတို့က အသားလဲစားတာ မဟုတ်ဘဲနဲ့၊ ဒီအတိုင်း စစ်ဖြစ်ပြီး သက်သက်မဲ့ သတ်ချင်လို့ သတ်နေကြတာ။ မင်းတို့က ပိုရိုင်းတယ်' လို့ ပြောတာကို မှတ်မိနေပါတယ်။

● လူတွေရဲ့အသက်ကို လွယ်လွယ်ကူကူ သတ်နိုင်အောင် 'လူအများကြီး သတ်နိုင်အောင် လက်နက်အမျိုးမျိုးကို တီထွင်ကြတယ်။ အဲဒီလို ကြံဆတီထွင်နိုင်စွမ်းဟာ ကျိုးကြောင်းပညာကြီးခြင်းပဲ မဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။

● ကဲ- အဲဒါတစ်မျိုးထဲရှိရုံနဲ့ လူ့လောကကြီး ပြည့်စုံပါ့မလား။

■ မပြည့်စုံနိုင်ပါဘူး ဆရာ။ အရင်တစ်ပတ်က ဆရာပြောခဲ့သလို စစ်ကြီးတွေဖြစ်ရတာ၊ ခိုးကြ၊ ဝှက်ကြ၊ လိမ်ကြကောက်ကြဆိုတာ မျိုးတွေ များပြားနေရင် လောကကြီး မကောင်းတော့ဘူးပေါ့ ဆရာ။

● အေး- အဲဒါကြောင့် **အထိန်းအကွပ်မဲ့သော 'ကျိုးကြောင်းပညာကြီးခြင်းသက်သက်ဟာ အရှိုးလက်ကိုင်မပါတဲ့ ဓားသွားနဲ့တူတယ်။ ကိုင်သူရဲ့လက်ကို အန္တရာယ်ပြုတတ်တယ်'** လို့ ဘင်္ဂါလီကဗျာဆရာကြီး 'တဂိုး' က ပြောဖူးတယ်။ အလွန်မှတ်သားဖို့





ကောင်းတဲ့ စကားလေးပါပဲ။ ငါတို့ ဒီသိပ္ပံခေတ်သစ် ကမ္ဘာကြီးဟာ အရိုးမပါတဲ့ ဓားသွားတွေကို ကိုင်နေကြသလိုပဲ။

■ ဘာသာရေးဟာ အရိုးလက်ကိုင်အဖြစ်နဲ့ လူ့လောကကို ထိန်းသိမ်းပေးတာလို့ ဆိုနိုင်သလား ဆရာ။

● အေး- ဆိုနိုင်တယ်။ အခြေခံသဘောတွေကို ပြန်ပြီး စဉ်းစားလိုက်ရင် လူဟာ တစ်ယောက်တည်း မနေနိုင်ဘူး။ စုပေါင်းဖွဲ့စည်းပြီးနေရတယ်။ ဒီတော့ ကိုယ့်ကြောင့် တစ်ပါးသူမှာ မထိခိုက်အောင် အဖွဲ့အစည်းက ပြဋ္ဌာန်းထားတဲ့ စည်းကမ်းကိုတော့ လိုက်နာကြရမှာပဲပေါ့။ ဥပမာဆိုပါတော့ကွယ်။ စာအုပ်တစ်အုပ်ထဲမှာ ဖတ်လိုက်ဖူးတယ်။ ရှေးခေတ်လူရိုင်းအုပ်စုပါပဲ။ သူတို့ အစားအသောက်ရှာဖွေတဲ့ တောထဲမှာ ငှက်ပျောပင်ကို တွေ့တယ်။ အသီးအခိုင်နဲ့။ ဒါပေမဲ့ မမှည့်သေးဘူး။ ဒီတော့ ပထမတွေ့တဲ့လူက ငှက်ပျောပင်တွေကို မြားနဲ့ပစ်ပြီး မှတ်သွားတယ်။ နောက်တွေ့တဲ့လူက အဲဒီမြားကို မြင်ရင် ငှက်ပျောသီးကို မယူတော့ဘူး။ တစ်ပါးသူရဲ့ ပစ္စည်းပေါ့။ ကဲ- အဲဒါ ဘာသာရေးလား။

■ မဟုတ်ပါဘူး ဆရာ။ စည်းကမ်းပေါ့ ဆရာ။

● အေးပေါ့ကွ၊ အဖွဲ့အစည်းအသိုက်အအုံက သတ်မှတ်ထားတဲ့ စည်းကမ်းပဲပေါ့။ လူ့အဖွဲ့အစည်း၊ အသိုက်အအုံက ကြီးမားလာရင်တော့ 'ဥပဒေ' ဆိုတာမျိုး ဖြစ်လာရတော့မှာပေါ့။

■ ဘာသာရေးဆိုတာလဲ လူ့လောကအတွက် စည်းကမ်းပဲပေါ့ ဆရာ။

● ဘာသာရေးမှာတော့ဖြင့် အဲဒီထက် အများကြီးနက်နဲ သိမ်မွေ့လာပြီ။ ဥပမာ-ငါတို့ဗုဒ္ဓဘာသာမှာ 'သီလ' ဆိုတာ ရှိတယ်။ ငါးပါးသီလဆိုတာတွေ၊ ဆယ်ပါးသီလဆိုတာတွေ မင်းတို့ ကြားဖူးမှာပေါ့။ ဒီလိုပဲ ခရစ်ယာန်မှာလဲ ရှိတာပဲ။ ပညတ်တော်ဆယ်ပါး စသည်အားဖြင့်ပေါ့။

■ အစ္စလမ်ဘာသာမှာကော ရှိသလား ဆရာ။

● သူ့နည်းသူ့ဟန်နဲ့ရှိတာချည်းပဲကွ။ အသားစားဖို့ တိရစ္ဆာန်တွေကို သူတို့ ထုံးတမ်းစဉ်လာအရ 'ဟာလာ' လုပ်ပြီး လည်လှီးတာလေးကိုသာ ကြည့်မနေနဲ့။ လူအချင်းချင်း ကြင်နာရတယ်၊ မေတ္တာထားပေးကမ်းစွန့်ကြရတယ်။ သူတို့မှာ 'ဇကာတ်' ဆိုတာ ရှိတယ်။ အဲဒါက



www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ် မင်း ပိုင်ဆိုင်သမျှ ငွေကြေးစည်းစိမ်ရဲ့ ၂ ဒသမ ၅ ရာခိုင်နှုန်းကို ဆင်းရဲသားများကို ပေးလှူစွန့်ကြဲရတယ်။ ကိုယ့်သားမြေးကို ပေးတာဆိုရင် 'ဇကာဒ်' မမြောက်ဘူး။ ငွေတိုးချေးမစားရဘူး။ ဒါတွေဟာ သူတို့ဘာသာရဲ့ ပညတ်ချက်တွေပေါ့။ ပြောချင်တာက ဘာသာရေးပညတ်ချက်ဟူသမျှရဲ့ အခြေခံသဘောက လူသားအချင်းချင်း ငြိမ်းချမ်းစွာ ပူးတွဲနေနိုင်အောင် ထိန်းကွပ်ပေးထားတာချည်းပါပဲ။

■ ဒါပေမဲ့ ဆရာ ဘာသာရေးစစ်ပွဲတွေလဲ ဖြစ်တာပဲ။

● အေးလေ- အဲဒါ ရိုင်းနေတဲ့သဘောပဲ မဟုတ်လား။ ဒါကြောင့် ငါ ရှေ့ပိုင်းက ပြောခဲ့တဲ့ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြီးခြင်း၊ ကိုယ်ကျင့်တရားရှိခြင်းဆိုတာမှာ၊ အဲဒါ ကိုယ်ကျင့်တရားပေါ့။ ကိုယ်ကျင့်တရားပျက်လို့ မိမိကိုယ်တိုင်က တန်ခိုးဩဇာကြီးချင်တာကြောင့် သူတစ်ပါးရဲ့ နယ်ပယ်ကို သိမ်းပိုက်တာတွေ၊ လူဖြူတွေက လူမည်းတွေကို ဖမ်းပြီး ကျေးကျွန်လုပ်ခဲ့တာတွေ ကျွန်ကုန်ကူးတာတွေ အားလုံးဟာ ရိုင်းပျတဲ့ လက္ခဏာတွေပဲပေါ့။

■ အဲဒီလို ရိုင်းပျတာတွေ၊ လူအချင်းချင်းဖိနှိပ်တာတွေ ပပျောက်အောင် တားဆီးဖို့ ဘာသာရေးပေါ်လာရတာလား ဆရာ။

● အေး- အဲဒီလို တွေးမယ်ဆိုရင်လဲ တွေးနိုင်တာပါပဲ။ သို့သော်လဲ ဘာသာရေးခေါင်းဆောင်မဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်၊ လူ့အဖွဲ့အစည်းခေါင်းဆောင်တွေထဲမှာလဲ အဲဒီလိုမေတ္တာ၊ ကရုဏာထားဖို့ ဟောပြောကျင့်သုံးခဲ့တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိပါတယ်။ ပမာအားဖြင့် အိန္ဒိယပြည်ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီတို့၊ အမေရိကန်သမ္မတကြီး လင်းကွန်းတို့ပေါ့။ မဟတ္တမဂန္ဒီဆိုလို့ရှိရင် တိုင်းပြည်လွတ်လပ်ရေး လိုချင်တယ်။ ဒါပေမဲ့ သွေးထွက်သံယိုမဖြစ်အောင် အစွမ်းကုန် ဟောပြောနားချခဲ့ရှာတယ်။ နောက်ဆုံးမှာ အစွန်းရောက်လူငယ်တစ်ဦးက လုပ်ကြံလို့ ကွယ်လွန်ခဲ့ရှာတယ်။ သမ္မတကြီးလင်းကွန်းလဲ ဒီလိုပဲ။ လူဖြူလူမည်း နှိမ့်ချဆက်ဆံတာတွေကို ဆန့်ကျင်ခဲ့တယ်။ ဒါကြောင့် အမေရိကန်ပြည်ထောင်စုမှာ တောင်ပိုင်း-မြောက်ပိုင်း ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရသေးတယ်။ နောက်ဆုံးမှာ သူလဲပဲ အစွန်းရောက်လူသတ်သမားကြောင့် ကွယ်လွန်ခဲ့ရတာပဲ။





■ ဆရာပြောလိုက်မှပဲ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြီးမားရုံနဲ့ ပြီးပြည့်စုံခြင်း မရှိဘူးဆိုတာ ကွက်ကွက်ကွင်းကွင်း ပေါ်လာတာပဲ ဆရာရယ်၊ ကိုယ်ကျင့်တရားလဲ လိုတာပဲနော်။

● အေးပေါ့ကွဲ့၊ ဒါပေမဲ့ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြောင့်ပဲ ကိုယ်ကျင့်တရား ပေါ်လာရတာပဲ။

■ ဟုတ်ပြီ ဆရာ။ ထပ်ပြီး ရှင်းပြပါဦး။

● ငါက မင်းပစ္စည်းတစ်ခုကို အတင်းလုယူတယ်။ မင်း ကြိုက်မလား၊

■ ဘယ်ကြိုက်နိုင်မလဲ ဆရာ။ ဒေါသဖြစ်မှာပေါ့။

● ဒီတော့ မင်းက 'ငါ့ပစ္စည်းကို တစ်ပါးသူက အတင်းလုယူတာကို ငါ မကြိုက်ရင် သူတစ်ပါးပစ္စည်းကို ငါက လုယူရင်လဲ သူက ကြိုက်မှာ မဟုတ်ဘူး' လို့ စဉ်းစားမိမှာပေါ့။

■ ကိုယ်ချင်းစာတရားပေါ့ ဆရာ။

● ကိုယ်ချင်းစာတရားတော့ မှန်ပါတယ်။ ဒါပေမဲ့ ရိုးရိုးဖျတ်ခနဲ ပေါ်လာတာ မဟုတ်ဘူး။ ကျိုးကြောင်းဆင်ခြင်မှုကြောင့် ပေါ်လာတာ။ အဲဒီလိုပဲ မေတ္တာထားဖို့၊ ကရုဏာထားဖို့ဆိုတာတွေဟာလဲ ကျိုးကြောင်းဆင်ခြင်မှုကြောင့် ပေါ်လာတာတွေပဲ။ အဲဒါတွေကို ပြောလိုက်ရင် ငါက ဗုဒ္ဓဘာသာဝင်မို့ ပြောတာမဟုတ်ပါဘူး။ မြတ်စွာဘုရားကို သိပ်အံ့ဩတာပဲ။ တစိမ့်စိမ့်ကိုပဲ အံ့ဩတာပါ။

■ ပြောပါဦး ဆရာ၊ ဘာကြောင့်လဲ။

● ဒီလိုကွဲ့။ ဒီအကြောင်းတွေကို ငါကိုယ်တိုင်လဲ 'မျိုးဆက်သစ်အတွက် ပိဋကတ်မိတ်ဆက်' ဆိုပြီး ဆောင်းပါးရေးခဲ့ဖူးပါသေးတယ်။ အလွန်ထင်ရှား လူသိများတဲ့ ဒေသနာလေးပါ။ ကေသမုတ္တိနိဂုံးမှာ ဆွေးနွေးတာဖြစ်လို့ 'ကေသမုတ္တိသုတ်' လို့လဲ ခေါ်တယ်။ အဲဒီရွာက 'ကာလာမ ပုဏ္ဏား' တွေကို အကြောင်းပြုပြီး ဟောတာမို့ 'ကာလာမသုတ်' လို့လဲ ခေါ်တယ်။

■ ကြားဖူးတယ် ဆရာ။

● အေး- အဲဒီ ကာလာမသုတ်ဟာ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကို ကျကျနနကြီး ထွန်းလင်းစေတဲ့ သုတ်ပဲ။

■ ဘယ်လို ထွန်းလင်းစေတာလဲ ဆရာ၊ ပြောပါဦး။



www.burmeseclassic.com

www.burmeseclassic.com



● အတိုချုပ်ပြီး ပြောပါရစေကွယ်။ ကာလာမပုဏ္ဏားတွေကလဲ ပညာတတ်တွေ မဟုတ်လား။ 'သင့်အယူဝါဒကို သိပါရစေ ရှင်းပြစမ်းပါ' လို့ မေးတယ်။ ဒီတော့ ဘုရားက 'ကာလာမတို့ သင်တို့ကို မေးပါရစေ။ လူတွေဟာ တစ်ဦးပစ္စည်းကို တစ်ဦးက အဓမ္မလုကြ၊ ခိုးကြ၊ ဝှက်ကြ လုပ်ကြတယ်၊ အဲဒီလို ဘာကြောင့်လုပ်တာလဲ'၊ ဒီတော့ ပုဏ္ဏားတွေက 'လိုချင်တပ်မက်လို့ပေါ့၊ လောဘကြောင့်ပေါ့' လို့ ပြောတယ်။ ဘုရားက ဒီတော့ ဆက်မေးတယ်။ 'အဲဒီလို လုပ်တာကောင်းသလား' ပေါ့။ ဒီတော့ ပုဏ္ဏားတွေက 'မကောင်းပါဘူး' ပေါ့။ 'ဒါဖြင့် လောဘဆိုတာ မကောင်းဘူးပေါ့၊ ဟုတ်လား' ဆိုတော့ ကာလာမပုဏ္ဏားတွေက 'ဟုတ်တယ်၊ မကောင်းပါဘူး' လို့ ဖြေကြတာပေါ့။ ဒီတော့မှ ဘုရားက ဆက်မေးတယ်။ 'ကာလမတို့ သေချာစဉ်းစားဖြေကြနော်။ လောဘ မကောင်းဘူးဆိုရင် လောဘရဲ့ဆန့်ကျင်ဘက် အ,လောဘဟာ ကောင်းရမှာပေါ့'၊ 'ဟုတ်ပါတယ်။ အ,လောဘဟာ ကောင်းပါတယ်'၊ ဘုရားက 'ကာလာမတို့ အ,လောဘရဲ့ လက္ခဏာဟာ ဘာတွေလဲ၊ စဉ်းစားကြည့်စမ်း၊ ပေးဆပ်ခြင်း၊ စွန့်ကြခြင်း၊ ဒါနပြုခြင်းဟာ အ,လောဘရဲ့ လက္ခဏာတွေ မဟုတ်လား'၊ 'ဟုတ်ပါတယ် ဘုရား'၊ 'ကောင်းပြီ ကာလာမတို့ ဒါကြောင့် လောဘကို ငြိမ်းစေလော့၊ အ,လောဘကို ပွားစေလော့လို့ ငါ ဘုရားဟောတယ်'

■ ကောင်းလိုက်တဲ့ ကျိုးကြောင်းပြစကားတွေ ဆရာရယ်။ သိပ်ကို စိတ်ဝင်စားဖို့ ကောင်းတာပဲ။ ဆက်ပါဦး ဆရာရဲ့။

● ဘုရားက ဆက်ပြီး မေးပြန်တယ်။ 'ကာလာမတို့ တစ်ပါးသူကို နှိပ်စက်၊ ညှဉ်းပန်း၊ သတ်ဖြတ်ခြင်းဟာ ကောင်းသလား' ဆိုတော့ 'မကောင်းပါဘူး ဘုရား' ပေါ့။ 'အေး-ဒါဖြင့် အဲဒါရဲ့ အကြောင်းရင်းဟာ ဘာလဲ၊ ဘာကြောင့် ဒီလို ပြုမူကြသလဲ'

■ ဒေါသပေါ့ ဆရာ။

● ဒါပေါ့ကွ။ ဒါပဲဖြေရမှာပေါ့။

■ ဒေါသဆိုတာ မကောင်းရင်၊ သူ့ရဲ့ဆန့်ကျင်ဘက် အ,ဒေါသ -

● အေး- ဟုတ်တယ်။ မင်းတို့ ကျိုးသင့်ကြောင်းသင့် တွေးတောဆင်ခြင်မှုကို သဘောပေါက်လာကြပြီ။ ဘုရားက ဆက်မေးတယ်။ 'ကာလာမ





တို့ အ,ဒေါသရဲ့ လက္ခဏာတွေက ဘာတွေလဲ'။ ကာလာမပုဏ္ဏားတွေက 'မေတ္တာ၊ ကရုဏာ၊ ချစ်ခင်ခြင်း၊ သနားကြင်နာခြင်းတွေ ဖြစ်ပါတယ်'၊ 'မှန်တယ်၊ ဒါကြောင့် ဒေါသတရားကို ပယ်ကြလော့၊ အ,ဒေါသဖြစ်အောင် ပွားများကြလော့လို့ ငါဟောတယ်' လို့ ပြောတယ်။

■ ဆက်ပါဦးဆရာ 'မောဟ' ကျတော့ ဘယ်လိုဟောသလဲ။

● အေး- ဟုတ်တယ်။ မောဟအလှည့်ပေါ့ကွာ။ ဘုရားက မေးတယ်၊ 'ကာလာမပုဏ္ဏား မှန်မှား၊ ကောင်းဆိုး ခွဲခြားနိုင်မှုမရှိခြင်းဟာ ကောင်းသလား'၊ 'မကောင်းပါ ဘုရား'၊ 'အဲဒါတွေရဲ့ အကြောင်းရင်းက ဘာလဲ'၊ 'မောဟပါ ဘုရား'၊ 'မှန်တယ်၊ ကာလာမတို့ ဒါကြောင့် မောဟ၏ ဆန့်ကျင်ဘက် အ,မောဟ-ဝိဇ္ဇာ-သိခြင်း ဖြစ်အောင် အားထုတ်ကြလော့လို့ ငါဘုရား ဟောတယ်'

■ ကောင်းလိုက်တဲ့ ကျိုးကြောင်းပြ ဆရာရယ်။

● အေး- အဲဒီလိုပဲ ကာလာမပုဏ္ဏားတွေကလဲ 'အရှင်ဘုရား အရှင်ဘုရား၏တရားတော်သည် ကောင်းလှပါပေ၏။ တပည့်တော်တို့အား အရှင်ဘုရား၏ ဥပသကာအဖြစ် သတ်မှတ်တော်မူပါ' လို့ လျှောက်ထားကြတယ်။

ကဲ- ငါပြောချင်တာက ကျိုးကြောင်းဆင်ခြင်မှုတင် ရပ်ထားမယ်ဆိုရင် ပညာအရာကို မရောက်ဘူး။ ဆက်ပြီး ကိုယ်ကျင့်သီလဆိုတာတွေ တည်ကြည်မှုတွေ၊ ဆင်ခြင်မှုတွေထိအောင် တက်သွားနိုင်မှသာ ပညာအဆင့်ကို ရောက်တယ်။

ကဲ- နောက်တစ်ပတ်မှ ဆက်ကြဦးစို့ကွာ။

*

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

● မင်းတို့နဲ့ ဆွေးနွေးနေတာမှာ ကျိုးကြောင်းသင့်ဆင်ခြင်မှုဟာ အရေးကြီးကြောင်းကို အထပ်ထပ်ပြောခဲ့တယ်။ 'ကျိုးကြောင်းသိမြင်ပညာရှင်' ဆိုတဲ့ စကားကိုလဲ ပြောခဲ့တယ်။ သို့သော်လဲ ကျိုးကြောင်းဆင်ခြင်ဉာဏ်ရှိရုံ သက်သက်သာဆိုရင် 'အရိုးလက်ကိုင်မပါတဲ့ ဓားသွားလို ကိုင်သူကို အန္တရာယ်ပြုတတ်တယ်' ဆိုတာလေးကိုလဲ ပြောခဲ့တယ်။ မှတ်မိကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။

● အေး- သေချာမှတ်ထားကြစေချင်တယ်။ ငါက မင်းတို့ကို စာသင်တယ်ဆိုသော်လဲ တွေးပုံမြင်နည်းသိအောင် 'စိတ်' ကိုပါ သင်ပေးနေတာ။ နောက်ပြီး ငါ့ပဓာနတာဝန်က မင်းတို့ကို မြန်မာစာ သင်ပေးဖို့ ပဓာနသာလျှင် ဖြစ်တယ်။ သို့သော် ယပင့်၊ ရရစ်၊ ပသတ်၊ တ,သတ် လောက်နဲ့ ပြီးနေတာမျိုးကိုသာ ငါက သင်ပေးချင်တာ မဟုတ်ဘူး။ **'စာသင်တာ စိတ်တတ်'ဖို့ စာသင်တာ။ 'စာတတ်' ပြီး 'စိတ်မတတ်' ရင် 'ပညာတတ် လူပေါကြီး' (educated fools)တွေ ဖြစ်သွားတတ်တယ်**။ ဒါလဲပဲ ငါ့အကြောင်းကို သိနေတဲ့ မင်းတို့ အုပ်စုလေးမို့လို့သာ ဒီလိုသင်လို့ ဖြစ်တာပါ။ တစ်ချို့ကျောင်းသားတွေကတော့ သင်ရိုး မကုန်သေးဘူးဆိုတာတွေ၊ မှတ်စုပေးပါဆိုတာမျိုးတွေ ဖြစ်လာတတ်တယ်။ အဲဒါမျိုးတွေကျတော့ ငါလဲ စိတ်မရှည်တော့ဘူး။ သူတို့ လိုချင်တဲ့ မှတ်စုဖြေလွှာတွေကို စာကူးစက်လှည့်ပြီး ပေးလိုက်တာပဲ။ မင်းတို့လဲ အဲဒါမျိုးလောက်ပဲ လိုချင်တာဆိုရင် အချိန်မရွေးပြော။ ငါ လုပ်ပေးမယ်။





■ မလုပ်ပါနဲ့ ဆရာ။ အဲဒီလို စာမေးပွဲမှတ်စုတွေက စာအုပ်ဆိုင်တွေမှာ သွားဝယ်လိုက်ရင် တစ်ပုံကြီးရပါတယ်။ ဆရာ အခုလို ကျောင်းစာ သင်နေရင်း ကြုံသလို ဆွေးနွေးသွားတာတွေနဲ့ကိုပဲ ကျွန်တော်တို့မှာ စာစီစာကုံးရေးဖို့ အချက်အလက်ရှာနည်းတွေ ရနေပါပြီ။ စာစီစာကုံးတွေကို ဒီအတိုင်း ကုန်းကျက်မနေရတော့ဘူးပေါ့ ဆရာ။

● အေး- ကျေးဇူးတင်တယ်။

■ ဟာ- ဆရာကလဲ ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ။

● မဟုတ်သေးဘူးကွ။ ငါကလဲ ကျေးဇူးတင်ရတာပဲ။ ငါ သင်ချင်တာ ပြောချင်တာလေးတွေကို ပြောခွင့်ရတာကိုးကွဲ့။ နို့မဟုတ်ရင် ငါက ရှေ့က ဆို၊ မင်းတို့က နောက်ကလိုက်အော်နဲ့ ငါ့မှာ သူငယ်တန်း ဆရာကြီးဖြစ်နေတော့မှာပေါ့။ ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောတာပါ။ အေး- ဒီတော့ ငါတို့ သင်ကြားဆွေးနွေးချက်တွေဟာ မြင့်မှန်းမသိ မြင့်လာပြီနော်။ သတိထားမိရဲ့လား။

■ ထားမိပါတယ် ဆရာ။

● အရင်တစ်ပတ်က ကျိုးကြောင်းဆင်ခြင်မှုကြောင့်ပဲ ကိုယ်ကျင့်တရား ပေါ်လာခဲ့ရတယ်ဆိုတာ ဘုရားဟော 'ကာလာမသုတ္တန်' နဲ့ ပြောခဲ့တယ်။ မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။

● အချင်းကာလာမတို့ တစ်ဦးကိုတစ်ဦး သတ်ဖြတ်ညှဉ်းပန်းခြင်း၏ အကြောင်းရင်းမှာကား 'ဒေါသ' ဖြစ်၏။ ထို့ကြောင့် ဒေါသသည် မကောင်း။ 'ဒေါသ' ၏ ဆန့်ကျင်ဘက်သည် 'အ,ဒေါသ' ဖြစ်၏။ ထို့ကြောင့် 'အ,ဒေါသ' သည် ကောင်း၏။ 'အ,ဒေါသ' ၏ လက္ခဏာတို့ကား 'မေတ္တာ၊ ကရုဏာ' ဖြစ်၏။ ထို့ကြောင့် ဒေါသကို ငြိမ်းကြစေလော့။ 'မေတ္တာ၊ ကရုဏာ' ကို ပွားများကြစေကုန်လော့။ ကဲ- ဒီကျိုးကြောင်းဖြစ်ကဲ မကောင်းပေဘူးလား။ မခိုင်မာပေဘူးလား။

■ ကောင်းပါတယ် ဆရာ၊ ခိုင်လဲ ခိုင်မာပါတယ် ဆရာ။

● လိုက်နာကျင့်သုံးခြင်းကော မပြုအပ်ဘူးလား။

■ ပြုအပ်ပါတယ် ဆရာ။

● လိုက်နာကြသလား။



www.burmeseclassic.com

www.burmeseclassic.com



■ မလိုက်နာကြဘူး ဆရာ။ ဒါကြောင့် စောစောက ပြောခဲ့ကြသလို စစ်ကြီးတွေ ဖြစ်နေတာပေါ့ ဆရာ။

● ကောင်းပြီ၊ နောက်တစ်ဆင့်တက်လိုက်ကြဦးစို့။ အသက်ကို သတ်ဖြတ်သူနဲ့ အသက်ကို ကယ်သူ၊ ဘယ်သူ့ကို ပိုပြီး ချီးကျူးအပ်သလဲ။ ဘယ်သူ့ကို ပိုပြီး အလေးအမြတ်ပြုအပ်သလဲ။

■ အသက်ကယ်သူကို ပိုပြီး ချီးကျူးအပ်ပါတယ်။ ပိုပြီး အလေးအမြတ်ပြုအပ်ပါတယ် ဆရာ။

● ကောင်းပြီ။ ရှေ့ဆက်စဉ်းစားကြရအောင်။ ကမ္ဘာ့သမိုင်းမှာ သူရဲကောင်းပါပဲရယ်လို့ ကြေးရုပ်တွေသွန်းကြ၊ ကျောက်ရုပ်ကြီးတွေ ထုကြနဲ့ အထိမ်းအမှတ် အမျိုးမျိုးလုပ်ကြတယ်။ သမိုင်းမှာကြည့်လိုက်ရင် ဂျူးလီယက်ဆီဇာ၊ အလက်ဇန္ဒာသဂရိတ်၊ နပိုလီယံ စသည်အားဖြင့် စစ်ဗိုလ်ချုပ်ကြီးတွေအကြောင်းကို ရေးလို့ မဆုံးနိုင်ဘူး။ သူတို့အကြောင်းတွေကို မှတ်တမ်းတင်ထားတဲ့ စာအုပ်စာတမ်းတွေဟာ ထောင်သောင်းချီပြီး ရှိတယ်။ သမိုင်းစာအုပ်ကို ကောက်ကိုင်လိုက်ရင် သူတို့အကြောင်းရေးထားတဲ့ စာမျက်နှာတွေက အများကြီးကို ဖြစ်နေတယ်။ စင်စစ်အားဖြင့် စစ်ဘုရင်ကြီးတွေပဲ မဟုတ်လား။

■ ဒါပေမဲ့ ဆရာရယ်၊ ကိုယ့်တိုင်းကိုယ့်ပြည်ကို လာရောက်ထိပါးတိုက်ခိုက်တာမို့ ပြန်ပြီးခုခံတော်လှန်ရတဲ့ စစ်ပွဲတွေ၊ တိုက်ပွဲတွေလဲ ရှိသေးတာပဲ မဟုတ်လား ဆရာ။

● မှန်တယ်၊ မင်းတော်တယ်။ အဲဒီလို အဘက်ဘက်က လှမ်းပြီး စဉ်းစားတတ်ဖို့ အရေးကြီးတယ်။ ကောင်းပြီ၊ မင်းခုနက ပြောခဲ့တယ်နော်။ ကိုယ့်တိုင်းကိုယ့်ပြည်ကို လာရောက်ထိပါး တိုက်ခိုက်ရင် ကောတဲ့။ ဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။

● အေး- အဲဒါကို ခုခံစစ်လို့ ခေါ်တယ်။ တိုက်ရမှာပေါ့။ သို့သော်လဲ ကျူးကျော်စစ် မပေါ်ဘဲနဲ့ ခုခံစစ်ဆိုတာ ပေါ်ပေါက်နိုင်မလား။

■ ဟုတ်ပါတယ် ဆရာ။ ကျူးကျော်စစ်ကြောင့် ခုခံစစ် ပေါ်ရတာပေါ့။

● မင်းတို့ အဖေကြီးကို စဉ်းစားနေစရာ မလိုပါဘူး။ ငါတို့ မြန်မာပြည်ကို ကျွန်ပြုဖို့ အင်္ဂလိပ်က ကျူးကျော်ဝင်ရောက်ခဲ့တယ်။ ငါတို့ကလဲ





ခုခံခဲ့ရတယ်။ တွန်းလှန်ခဲ့ရတယ်။ သေလိုက်တာလဲ ပြောမနေနဲ့တော့။ ဒီအချိန်မှာ အင်္ဂလန်ပြည့်ရှင်က ဝိတိုရိယဘုရင်မကြီး။ သို့သော် သူက အတိုက်ခိုင်းလို့ အင်္ဂလိပ်စစ်တပ်က ဝင်တိုက်တာ မဟုတ်ဘူး။ ဘုံဘေဘားမားစတဲ့ သစ်ကုမ္ပဏီကြီးတွေနဲ့ ပြဿနာဖြစ်ရာကစပြီး စစ်ဖြစ်လာရတာ။ အဓမ္မ မတရားအလုခံရတဲ့ သဘောပဲ။ ငါပြောချင်တာက နိုင်ငံရေးမဟုတ်ဘူး။ လူတွေရဲ့ လောဘဒေါသကြောင့် သတ်မှုဖြတ်မှုကြီးတွေ ပေါ်ပေါက်လာရတယ်။ ကာလာမပဋ္ဌာနတွေကို ဘုရားရှင်က မေးသလိုပဲ မေးလိုက်ရဦးမယ်။ အဲဒီလို သတ်တာဖြတ်တာတွေဟာ ကောင်းသလား။

■ မကောင်းပါဘူး ဆရာ။ ဒါပေမဲ့ -

● ဒါပေမဲ့ လုပ်မနေနဲ့ဦးကွာ။ ငါပြောချင်တဲ့စကား မျက်ခြည်ပြတ်သွားလိမ့်မယ်။ ဖီးလ်ဒင်ဟောလ်(Fielding Hall)ရေးတဲ့စာအုပ်တစ်အုပ် The Soul of A People လား၊ မမှတ်မိတော့ဘူး။ ပြန်ရှာရင်တော့ တွေ့မှာပါ။ သူက အထက်မြန်မာပြည်သိမ်းတဲ့ စစ်ပွဲမှာပါလာခဲ့ရတဲ့ သူ။ သူတို့အင်္ဂလိပ်စစ်သားတွေလဲ ဒဏ်ရာရကြ၊ ဖျားကြ၊ နာကြပေါ့ကွာ။ အများစုက ဖျားကြနာကြတယ်။ ရေမြေရာသီဥတုအပြင်၊ အစားအသောက် အအိပ်အနေကလဲ မမှန်ကြဘူးပေါ့။ သူတို့က ဒေသတစ်ခုခုကို ရောက်ရင် စခန်းချရတာ များသောအားဖြင့် ရွာဦးဘုန်းကြီးကျောင်းတွေမှာ စခန်းချကြတယ်။ ဘယ်ဒေသမှာမဆို ဘုန်းကြီးကျောင်းဝင်းဆိုတာဟာ အရိပ်အာဝါသကောင်းတယ်၊ ကျယ်ဝန်းတယ်၊ ရေ အသင့်ရနိုင်တယ်။ ခေတ္တနေစရာ ဇရပ်ရှိတယ်။ ဒါကြောင့် ဘုန်းကြီးကျောင်းဝင်းတွေမှာ စခန်းချကြတာဟာ သဘာဝကျပါတယ်။ ဆယ့်လေးငါးရက်တန်သည်ရှိတော့ ဘုန်းကြီးတွေ၊ ကိုရင်တွေနဲ့လဲ မျက်မှန်းတန်းမိသလို ဖြစ်ချင်ဖြစ်လာမှာပေါ့။ ဖျားနာနေတဲ့ စစ်သားတွေကို ဘုန်းကြီးက ဆေးကုပေးတယ်။ စာရေးသူရဲ့ ခံစားမှုက 'ငါတို့ဟာ သူတို့တိုင်းပြည်ရေမြေကို ကျူးကျော်တိုက်ခိုက်ကြတယ်။ ငါတို့တစ်တွေဖျားတော့နာတော့လဲ ဒီဘုန်းကြီးတွေက လာပြီး ဆေးကုပေးပြန်တယ်။ ဒီလိုလူမျိုးတွေအပေါ်မှာ ငါတို့လုပ်နေပုံဟာ အဟုတ်မှ ဟုတ်ပါ့မလားရဲ့



www.burmeseclassic.com

www.burmeseclassic.com



လား' လို့ အောက်မေ့သတဲ့။ ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်ဘုန်းကြီးရယ်လို့ မပါပါဘူး။ ဟိုနေရာ၊ ဒီနေရာ၊ မကြာခဏကြုံရတာဖြစ်မှာပေါ့။ ကဲ- ကောင်းပြီ၊ ငါ မင်းတို့ကို မေးချင်တာက အဲဒီဆေးသွားကုတဲ့ ဘုန်းကြီးကို ငါတို့က အမျိုးသားသစ္စာဖောက်လို့ စွပ်စွဲရှုတ်ချကြမလား ဆိုတာပဲ။

■ အဲဒီလိုတော့ ဘယ်ပြောလို့ဖြစ်မလဲ ဆရာ။ လူသားအချင်းချင်း ကရုဏာထားတဲ့ သဘော မဟုတ်လား။

● တိုက်ပွဲခိုက်ပွဲဖြစ်နေလို့ သွေးပူနေတုန်းဆိုရင်တော့ ဒီဘုန်းကြီးကိုယ်တိုင်ကလဲ 'မိစ္ဆာတွေ' ဆိုပြီး ဓားနဲ့ဝင်ခုတ် လုပ်တန်ရင် လုပ်မိမှာပဲပေါ့။ သွေးအေးနေတဲ့ အခါန်၊ ဒေါသကင်းနေတဲ့ အချိန်မှာတော့ မေတ္တာတရား၊ ကရုဏာတရားဆိုတာ ပေါ်လာတာပါပဲ။ မေတ္တာတရား၊ ကရုဏာတရားဆိုတာ ဒေါသဖုံးလိုက်ရင် ပျောက်ကွယ်သွားတတ်တာ မဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။

● ငါ ပြောချင်တာက အခုမှစတော့မှာ -

■ ဆက်ပြောပါ ဆရာ.

● အယ်ကိုးရာစုအလယ်ပိုင်းလောက်ဆီက ပြင်သစ်နဲ့ ဩစတြီးယားနဲ့ စစ်ဖြစ်ကြတယ်။ တိုက်ပွဲတွေဟာ ရက်စက်ပြင်းထန်လွန်းတော့ အသေအကြေကလဲ ကြောက်ခမန်းလိလိများတယ်။ ဒီစစ်ပွဲကို အမိန့်ပေးခဲ့တဲ့ ပြင်သစ်ရှင်ဘုရင် တတိယ နပိုလီယံကတောင် ကြမ်းတမ်းလွန်း လှပါတယ်လို့ ညည်းတွားယူရတယ်လို့ ဆိုပါတယ်။ ဆော်လ်ဖာရီးနိုးဆိုတဲ့ ဒေသမှာ ဖြစ်လိုက်တဲ့ တိုက်ပွဲဟာ မီးကုန်ယမ်းကုန်သတ်ကြဖြတ်ကြပေါ့။ တိုက်ပွဲကြီးပြီးသွားတော့ လူတွေဟာ အတုံးအရုံး ပိုးလိုးပက်လက် မြင်မကောင်းဘူး။ သေတဲ့လူကတော့ သေပြီး၊ မသေသေးတဲ့သူတွေက အော်ကြ၊ ဟစ်ကြ၊ ညည်းကြနဲ့ပေါ့။ ဒီအခါမှာ ဟင်နရီဒူးနန့်ဆိုတဲ့ လူတစ်ယောက်က အဲဒီနေရာကို ရောက်လာတယ်။

■ ကြက်ခြေနီဖခင် ဟင်နရီဒူးနန့်လား ဆရာ။

● အေး- သူပေါ့ကွဲ့။ အမှန်က သူက ဘာမှ ဆိုင်တာမဟုတ်ဘူး၊





ဆွစ်ဇာလန်က။ ကုန်သည်သူဌေးပေါက်စလေးပါ။ သူ့ကိစ္စနဲ့သူ ရောက်လာတာ။ သို့သော်လဲ ဒဏ်ရာတွေရ၊ သွေးသံရဲရဲနဲ့ လဲကျနေပြီး ကယ်သူမဲ့၊ ပြုစုသူမဲ့ဖြစ်နေတဲ့လူတွေကို တွေ့လိုက်တော့ သူ့ခမျာ မနေနိုင်တော့ဘူး။ သူကိုယ်တိုင် တစ်ယောက်တည်းလဲ မတတ်နိုင်တော့ ရွာနီးချုပ်စပ်ကလူတွေကိုပါ တောင်းပန်စည်းရုံးပြီး လူနာတွေကို ပြုစုတယ်။ အနားမှာရှိတဲ့ ဘုရားကျောင်းတို့လိုနေရာမျိုးတွေမှာ ပြင်သစ်လူနာရော၊ ဩစတြီးယန်းလူနာရော ခွဲမနေနိုင်ဘူးပေါ့၊ ဒီဘက်လူနာက ပြင်သစ်၊ ဟိုဘက်လူနာက ဩစတြီးယန်း အရောရောအထွေးထွေးပဲ ထားရတာပေါ့။ မကြာသေးမီက တိုက်ပွဲကြီးမှာတော့ သူသေကိုယ်သေတိုက်ခဲ့ကြတာပဲ၊ အခုလို ဒဏ်ရာရပြီး လဲကျန်ခနေရစ်ခဲ့တော့ ဘယ်ဘက်ကမှ ဂရုမစိုက်ကြတော့ဘူး ဒီတော့ လူနာတွေမှာလဲ ရန်သူတွေဘာတွေ မရှိတော့ဘူး။ သေဖို့ကို စောင့်ခနေကြရပြီ၊ ရိုးရိုးစောင့်ရတာ မဟုတ်ဘူး ဝေဒနာပြင်းထန်စွာခံစားရင်း စောင့်ခနေရတာ။ သူတို့ကို ဂရုစိုက်ပြုစုနေတာက ဟင်နရီဒူးနန့်နဲ့ ဘာမဆိုင်ညာမဆိုင် ရပ်သူရွာသားတွေသာ ဖြစ်နေတာ

■ သူနာပြုတွေဘာတွေ မရှိသေးဘူးပေါ့ ဆရာ

● နောက်တန်းဘက်မှာတော့ဖြင့် ဆေးရုံဆေးခန်း သူနာပြု စသည်အားဖြင့် ထိုက်သင့်သလောက် ရှိကြမှာပေါ့ကွယ်။ ဒါပေမဲ့ ဒါက စစ်မြေပြင်ကွ။ ဒီတော့မှ ဟင်နရီဒူးနန့်က သက်ဆိုင်ရာရှင်ဘုရင်တွေ အာဏာပိုင်တွေဆီသွားပြီး စစ်မြေပြင့်မှာ သူနာပြုဖို့၊ လူနာတွေ ဒဏ်ရာရသူတွေ လိုက်လံသယ်ယူဖို့ နှစ်ဦးနှစ်ဘက်က ခွင့်ပြုသင့်ကြောင်း တောင်းပန်ရတာ။ သူလဲ ဘဝကို ပျက်သွားတာပဲ။ နောက်ပိုင်း အတော်ကြီးကြာမှ သူ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဆွစ်ဇာလန်နိုင်ငံအလံတော်ရဲ့အရောင် အနီခံ အဖြူရောင်ကားတိုင်ကို ပြောင်းပြန်လုပ်ပြီး အဖြူပေါ်မှာ ကြက် ခြေနီ တင်ထားလိုက်တာ။ ငါတို့ကသာ ကြက်ခြေနီလို့ ခေါ်တာကိုးကွဲ့။ အမှန်ကတော့ ခရစ်တော်ရဲ့ အထိမ်းအမှတ် လက်ဝါးကပ်တိုင် တော်ပါပဲ။ အစ္စလန်တွေကတော့ ခရစ်တော်ရဲ့ကားတိုင်ကို သင်္ကေတမလုပ်ဘဲ 'လခြမ်းနီ' လုပ်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



■ ကျွန်တော်တို့ မြန်မာပြည်ကတောင် 'ဟင်နရီဒူးနန့်ဘွဲ့' ကို ရဖူးသေးတယ်နော် ဆရာ။

● အေး- ဟုတ်တယ်။ မြစ်ကြီးနားဘက်က ရှမ်းမြန်မာ စိုင်းအောင်လှိုင်မြင့် ဆိုတဲ့ သူငယ်ပဲ။ ကြက်ခြေနီအမြင့်ဆုံးဘွဲ့ ဟင်နရီဒူးနန့်ဘွဲ့ကို သူရတဲ့ ၁၉၈၁ မှာ တစ်ကမ္ဘာလုံးမှာ ၁၈ယောက်ပဲရှိတယ်။ အာရှတိုက်က နှစ်ယောက်ရတယ်။ ဂျပန်တစ်ယောက်နဲ့သူပဲ။ သူက အသက် ၂၂နှစ်ပဲ ရှိသေးတော့ အငယ်ဆုံးပေါ့။

■ သူကရော စစ်မြေပြင်မှာပဲလား ဆရာ။

● မဟုတ်ပါဘူး။ မော်တော်ကားတစ်စီး မြစ်ထဲထိုးကျသွားတော့ ရဲဘော်တစ်ယောက်ပါသွားတယ်။ အားလုံးက သေပြီလို့ထားတာ။ သူက ကြိုးစားပမ်းစား ရေအောက်ငုပ်ဆယ်ပြီး ပြုစုလို့ အသက်ရှင်ရတယ်။ သူလဲပဲ အတော်ကြာလေး ဆေးကုလိုက်ရတယ်လို့ ပြောတယ်။ မသေရုံတမယ်ပေါ့ကွာ။

■ အတော့်ကို မလွယ်တဲ့ဆုပဲပေါ့ ဆရာ။

● အေးပေါ့ကွ။ ကဲ- ထားလိုက်ပါတော့ကွာ။ ငါတို့ ဆွေးနွေးနေကြတဲ့ မူလအကြောင်းအရာ မျက်ခြည်ပြတ်သွားလိမ့်မယ်။ ငါတို့ စဉ်းစားသင့်တာက အဲဒီတိုက်ပွဲကြီးမှာ တိုက်ကြခိုက်ကြတဲ့ လူတွေဟာ ရဲရင့်ပြောင်မြောက်တဲ့ သတ္တိခဲတွေ ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ စစ်ပွဲကြီးကို ဖြစ်စေခဲ့တဲ့ ရှင်ဘုရင်တွေဟာလဲ ဘုန်းတန်ခိုးကြီးကြပါလိမ့်မယ်။ ဩဇာထက်မြက်ကြပါလိမ့်မယ်။ သို့သော် သူတို့အတွက် စစ်မြေပြင်တိုက်ပွဲဝန်းကျင်မှာ ဒဏ်ရာအနာတရနဲ့ ကျန်ရစ်သူတွေကို လှည့်ကြည့်ဖော်မရဘူးဆိုတာဟာ အလွန်ကို ရင်နာဖို့ကောင်းတယ်။ ဘာမဆိုင်ညာမဆိုင် ဝင်ပြီးပြုစုပေးတဲ့ ဟင်နရီဒူးနန့်လို လူမျိုးကိုကျတော့ ငါတို့လူ့လောကကြီးက ထိုက်သင့်သလောက် ဂုဏ်ပြုခြင်း၊ မြှောက်စားခြင်း မလုပ်ကြဘူးလို့ ထင်တယ်။ လူ့လောကကြီးကိုက သေစေသူကို ရှင်စေသူထက်ပိုပြီး အာရုံပြုကြသလားလို့ ထင်မိတယ်။ အ,ဒေါသသမားထက် ဒေါသသမားကို ပိုပြီး အထင်ကြီး တတ်ကြသလားလို့ ထင်မိလာတယ်။ မင်းတို့ စဉ်းစားကြဖို့ ပြောတာပါ။ စိတ်ဝင်စားစရာ မကောင်းဘူးလား။





■ ကောင်းပါတယ် ဆရာ။ တဖြည်းဖြည်းလေးနက်လာပြီနော်။

● အေးပေါ့။ အဲဒီလို သိလာကြရင် ငါ ဝမ်းသာတယ်။ ဆက်ကြသေးတာပေါ့ကွာ . . . ။

*

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

● မင်းတို့ကို နောက်ဆုံးဆွေးနွေးခဲ့တဲ့အကြောင်းကို မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။ ဟင်နရီဒူးနန့်တို့ စိုင်းအောင်လှိုင်မြင့်တို့ အကြောင်းပါ။

● အေး- ဟုတ်တယ်။ ဒါပေမဲ့ ဟင်နရီဒူးနန့်တို့၊ စိုင်းအောင်လှိုင်မြင့်တို့ဆိုတာတွေက သာဓကတွေသာ ဖြစ်တယ်။ ပဓာနဆိုလိုရင်း သဘောတရားကို စဉ်းစားစမ်း။

■ လူ့လောကကြီးဟာ သတ်တဲ့ဖြတ်တဲ့သူတွေကို ပိုပြီး အာရုံပြုနေကြသလို ဖြစ်နေတယ်။ အသက်ကယ်တဲ့သူတွေကို ထိုက်သင့်သလောက် မလေးစားကြဘူးဆိုတဲ့အချက်ကို ပြောချင်တာပါ။

● အေးကွဲ့၊ အဲဒီလို လိုရင်းအချက်ကို မြင်တတ်အောင်လဲ စိတ်ကို အလေ့အကျင့်လုပ်ရတယ်။ ကဲ- ထားလိုက်ပါတော့ လိုရင်းအချက်ကို ပြန်ကောက်ကြရအောင်။ လောကကြီးကို သတ်ပုတ်ဖျက်ဆီးတဲ့ 'ဒေါသသမား'တွေကို မေတ္တာကရုဏာထားတဲ့ 'အ‌ဒေါသသမား' တွေထက် ပိုပြီး အာရုံထားတတ်ကြတယ်။ အဲဒါ ဘာကြောင့်လို့ ထင်သလဲ၊ စဉ်းစားကြစမ်းကွာ။

■ လောကလူသားတွေကိုယ်တိုင်က 'ဒေါသသမား'တွေ များနေလို့ ဖြစ်မှာပေါ့ ဆရာ။

● သိပ်ကောင်းတဲ့အဖြေပဲ။ အဲဒီလိုဆင်ခြင်တတ်တာ၊ ကောက်ချက်ဆွဲတတ်တာကို ဆရာ သိပ်သဘောကျတယ်။ ဒါဟာ အမှန်ပဲ။





ဒီပြင်ဟာကို မပြောနဲ့၊ မင်းတို့နဲ့အနီးစပ်ဆုံး လက်တွေ့ သာဓကတွေကို စဉ်းစားကြည့်ပါလား။ မင်းတို့လူငယ်တွေ ကြိုက်တတ်ကြတဲ့ ရုပ်ရှင်ကားတွေ၊ ဗွီဒီယိုကားတွေဟာ ဘယ်လိုကားမျိုးတွေလဲ မှန်တဲ့အတိုင်း ပြောစမ်းကွာ။

■ ဇာတ်ကြမ်း၊ ဇာတ်ရမ်း အသတ်အပုတ် လျှို့ဝှက်သည်းဖိုပါတဲ့ ဇာတ်လမ်းတွေပေါ့ ဆရာ။

● မင်းတို့အကြိုက်ဆုံး ရုပ်ရှင်သရုပ်ဆောင်တွေကကော -

■ အထိုးအကြိတ်အသတ်အပုတ်ကောင်းတဲ့ ရုပ်ရှင်မင်းသားတွေနဲ့ သီချင်းဆိုကောင်းတဲ့ မင်းသားတွေပေါ့ ဆရာ . . .

● အေး . . . သီချင်းဆိုကောင်းသူတွေအကြောင်း၊ သီချင်းရုပ်ရှင်တွေ အကြောင်းကိုတော့ နောက်ပိုင်းကျမှ အလှည့်ရောက်လာလိမ့်မယ်။ ကဲ- ရုပ်သံလွှင့်မှာ မြဝတီရုပ်သံက ဆရာတော်ရှင်ဇနကာဘိဝံသရဲ့ ထေရုပ္ပတ္တိကို လွှင့်နေမယ်။ မြန်မာ့ရုပ်သံက စုံထောက်ကားကို လွှင့်နေမယ်ဆိုရင် မင်းတို့ ဘယ်ဟာကို ကြည့်ကြမလဲ။

■ စုံထောက်ကားကို ကြည့်ကြမှာပေါ့ ဆရာ။

● မှန်တယ်၊ သဘာဝကျပါတယ်။ ငါမြင့် အဲဒီအကြောင်းတွေကို စဉ်းစားမိတိုင်း၊ ဆွေးနွေးမိတိုင်း တက္ကသိုလ်ကျောင်းသားဘဝမှာ ယုတ္တိဗေဒ (Logic)ကို သင်ရတော့ တွေ့ခဲ့ရတဲ့ Human = animalty + rationalty (လူ = တိရစ္ဆာန်သဘာဝ + ဆင်ခြင်တုံတရား)ဆိုတဲ့ ညီမျှခြင်းလေးကို သတိရနေမိတတ်တယ်။ လူသားရဲ့ တိရစ္ဆာန်သဘာဝကို ကလေးတွေမှာ ပိုပြီး ထင်သာမြင်သာ ရှိတယ်။ သူတို့ လိုချင်တာကို ကုတ်ကပ်ပြီး အရယူချင်တယ်၊ လုချင်တယ်၊ မရရင် ငိုမယ်။ ကလေးချင်းကစားစရာလုရင် ကုတ်ချင်ဖဲ့ချင်တယ်။ တိုက်ခိုက်ချင်တဲ့ စိတ်တွေပေါ့။ နောက်ပိုင်း အသက်ကလေးကြီးလာလို့ စိတ်ဓာတ်နည်းနည်းရင့်ပြီး ဆင်ခြင်တတ်လာတော့မှ သူ့ပစ္စည်းကိုယ့်ပစ္စည်းရယ်လို့ ခွဲပြီး သိလာတတ်ကြတယ် မဟုတ်လား။ သို့သော်လဲ တိရစ္ဆာန်စိတ်က လုံးဝကြီးပျောက်သွားတာတော့ မဟုတ်ဘူး။ မိမိကိုယ်မိမိ ဆင်ခြင်တုံတရားနဲ့ သတိထားပြီး ထိန်းသိမ်းနေရတာ။ ငါတို့ဗုဒ္ဓဘာသာ အယူအဆအရဆိုရင် ဘုရားဟောတဲ့ဆိုဇဉ် ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ အဲဒါပဲလို့ ငါ သဘောပေါက်မိတယ်။ အနိုင်ယူချင်တာတွေ၊ သတ်ချင်ပုတ်ချင်စိတ် ရှိနေတာတွေဟာ ဘယ်မှာသိသာနေသလဲ ဆိုတော့ လက်ဝှေ့ပွဲတွေပဲ။ လက်ဝှေ့ပွဲမှာ ထိုးနေတဲ့ လက်ဝှေ့သမား တွေရော၊ အော်ဟစ်အားပေးနေတဲ့ ပရိသတ်တွေဟာ သတ်ချင် ပုတ်ချင်စိတ်၊ အနိုင်ယူချင်စိတ်က လှုံ့ဆော်နေလို့ ဒီလိုဖြစ်လာတာပဲပေါ့။

■ ဘောလုံးပွဲကော ဆရာ။

● ဘောလုံးပွဲလဲ ဒီစိတ်ပါပဲ။ ဒါပေမဲ့ လက်ဝှေ့လောက်တော့ စိတ်ရိုင်း မဝင်ဘူးဆိုရမှာပေါ့။ ဒါတောင် ကမ္ဘာ့ဖလားဘောလုံးပွဲမှာ 'ဇီဒန်း' က တစ်ဘက်က ဘောလုံးသမားကို အသားလွတ်ခေါင်းနဲ့ ဆတ်ပစ် တာ ကြည့်ပါလား။ ဟိုဘောလုံးသမားက မခံမရပ်နိုင်အောင် ဆဲ တယ်လို့ပြောတာပဲ။ ဘာပဲဖြစ်ဖြစ် အနိုင်ယူလိုတဲ့စိတ် ကိန်းအောင်း နေတာကိုတော့ ထင်ရှားစေတာပဲ။

■ ဒါပေမဲ့ ဆရာ တစ်ဖက်နဲ့တစ်ဖက် လက်နက်တွေနဲ့ ပစ်ခတ်သတ် ဖြတ်တာလောက်တော့ မဆိုးဘူးပေါ့ ဆရာ။

● အေးလေ၊ ဒါကြောင့် အားကစားနည်းနဲ့ တိရစ္ဆာန်စိတ်ကို ထွက် ပေါက်ပေးဖို့ ကြိုးစားနေကြတာပေါ့။ ဘွိုင်လာအိုးမှာ ရေနွေးငွေ့ ထုတ်ပေးတဲ့ ထွက်ပေါက်ကလေး ပေးထားသလိုပေါ့။ 'ရှူး' ဆို ပန်းထွက်လိုက်တော့ ဘွိုင်လာအိုးမကွဲတော့ဘူးပေါ့ကွာ။

■ ဒါဖြင့် 'အားကစား' ဟာ စစ်ကို တားနိုင်တာပေါ့ ဆရာ။

● ဒီလောက်ကြီးတော့လဲ ခရီးမရောက်လှဘူးကွ။ အားကစားကို အားပေးနေရင်းကပဲ စစ်တွေကလဲ ဖြစ်နေတာပဲ။ အဲဒီစစ်ပွဲတွေ အကြောင်း တိုက်ပွဲတွေအကြောင်း၊ တိုက်ပွဲသူရဲကောင်းတွေရဲ့ စွန့်စား ခန်းတွေကိုလဲ ရုပ်ရှင်တွေ၊ ဗွီဒီယိုတွေက ရိုက်နေကြတာပဲ။ အဲဒီကားတွေကိုလဲ လူတွေက ကြိုက်နေကြတာပဲ။ အားပေးနေကြ တာပဲ။ အေးလေ လိုရင်းအချက်ကို ပြန်ပြီးကောက်လိုက်ကြရ အောင်။ မင်းတို့ ဖန်မီးအိမ်နဲ့ မိန်းမပျို (The Lady With the Lamp) လို့ အမည်တွင်တဲ့ ဖလောရင့်စ်နိုင်တင်ဂေးလ်အကြောင်း ကြားဖူးကြမှာပေါ့။

■ ကြားဖူးပါတယ် ဆရာ။





● သူ့အကြောင်းကို ရုပ်ရှင်ရိုက်မယ်ဆိုရင် ဂျိမ်းစ်ဘွန်းလောက် လူကြိုက် များမယ် ထင်သလား။

■ မထင်ဘူး ဆရာ။

● အေး- မှန်တယ်။ လူတွေက ဒေါသကို နှစ်သက်ကြတယ်။ ခိုးကျူးကြ တယ်။ အ,ဒေါသကို ထိထိခိုက်ခိုက် မခံစားတတ်ကြဘူး။ ဘာကြောင့် ဒီလိုဖြစ်လာရသလဲ။ ဘာကြောင့် တိုက်ခိုက်သတ်ဖြတ်တာတွေကို လူတွေ စိတ်ဝင်စားကြသလဲဆိုတာ ငါလဲ မမိမကမ်း လှမ်းပြီး တွေး နေမိတတ်ပါတယ်။ လူသတ္တဝါတို့ရဲ့ ဗီဇမှာပါလာတဲ့ 'အောင်နိုင် လိုစိတ်' ကြောင့် ထင်တာပဲ။

■ 'အောင်နိုင်လိုစိတ်' ဆိုတာ ဘယ်လိုဟာမျိုးလဲ ဆရာ။

● ဆိုကြပါစို့ကွယ်။ ငါတို့ရဲ့ ကလေးဘဝကို ပြန်ပြီးစဉ်းစားကြည့်ကြ ရအောင်။ ပြောနေရင်း သတိရလာမိပြန်တယ်။ ငါ့မြေးလေး အငယ် ဆုံးကောင်က ခုတော့ဖြင့် ခုနစ်တန်း ရောက်သွားပါပြီ။ သူ့အသက် သုံးလေးနှစ်သာသာလောက်မှာ ဝရန်တာက လက်တန်းကို ဟီးလေး ခိုတဲ့ပြီး၊ ခြေထောက်နှစ်ဘက်ကို ကွေးထားတယ်။ 'ဖိုးဖိုး - ဒီမှာ ကြည့်ကြည့်' လို့ အော်ပြောတယ်။ ခြေမထောက်ဘဲ လက်နဲ့တင် တန်းကို ခိုထားနိုင်ကြောင်း အစွမ်းပြတာပေါ့လေ။ ကလေးဘဝ ကတည်းက မိမိကိုယ်စွမ်းကိုယ်စကို ထုတ်ပြချင်တယ်။ ကလေးချင်း ခြေတစ်ပေါင်ကျိုး မတ်တပ်ရပ်ပြိုင်ကြတယ်။ ကင်းမြီးကောက် ထောင်ကြတယ်။ ဒါတွေအားလုံးဟာ မိမိလက်ခြေကို အောင်နိုင် ခြင်း၊ ကိုယ်စွမ်းကိုယ်စပြနိုင်အောင် ကြိုးပမ်းခြင်းတွေပဲပေါ့။

■ ကိုယ့်အားကိုယ်ကိုးခြင်း၊ ကိုယ့်ဘာသာကိုယ် သီးခြားရပ်တည်နိုင် အောင် လေ့ကျင့်ခြင်းကော မဖြစ်နိုင်ဘူးလား ဆရာ။

● ဟုတ်တာပေါ့။ အဲဒါလဲ ပါတာပေါ့။ 'ငါတကား' ဆိုတဲ့ မာန်လဲ ပါနေ တာပေါ့။ ဒါပေမဲ့ တစ်ခုသတိပြုသင့်တာက မိမိကိုယ်လက်အင်္ဂါကို အောင်နိုင်မှုကတစ်ဆင့် တစ်ပါးသူကိုပါ အောင်နိုင်ချင်စိတ်ဝင် လာတတ်တာတွေပေါ့။ ဒါကြောင့် ကလေးတွေရဲ့ လောကမှာလဲ စိမ်ပြေးတာတို့၊ နပမ်းလုံးတာတို့၊ လက်လုံတာတို့ ပေါ်လာခဲ့တာပေါ့။ အဲဒီကမှတစ်ဆင့် မခံချင်စိတ်နဲ့ ရန်ဖြစ်ကြတာတွေ အောင် ရောက်ချင်လဲ ရောက်သွားတတ်တာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



■ ဟုတ်တယ် ဆရာ။ နည်းနည်းအတန်းကြီးလာတော့ ဟိုဘက်ကျောင်းနဲ့ ဒီဘက်ကျောင်း၊ ကျောင်းသားအုပ်စုချင်း ရိုက်ပွဲတွေဘာတွေတောင် ဖြစ်လာတတ်ပါတယ်။

● အေးပေါ့ကွ၊ ကလေးတွေရဲ့ အသေးစားစစ်ပွဲကလေးတွေပေါ့။ အဲဒီလို ဒေါသပွဲတွေအပြင် အ,ဒေါသပွဲတွေလဲ ရှိတတ်ပါသေးတယ်ကွ။ စဉ်းစားကြည့်ကြပါဦး။

■ ရှိတယ် ဆရာ။ သူနာပြုကြက်ခြေနီတပ်ဖွဲ့တို့၊ စုပေါင်းသန့်ရှင်းရေးလုပ်ပြီး လမ်းပြင်တာတို့၊ မြောင်းဖော်တာတို့၊ သစ်ပင်စိုက်တာတို့လို အလုပ်မျိုးတွေပေါ့ ဆရာ။ အဲဒါတွေကတော့ ဆရာပြောခဲ့သလို မေတ္တာ၊ ကရုဏာလို့ ပြောသင့်တဲ့ အ,ဒေါသပွဲတွေပေါ့ ဆရာ။

● အေး- တစ်ခုပဲ မင်းတို့သတိထားသင့်တာက ဘယ်နေရာမှာမဆို အားထုတ်မှု၊ ကြိုးပမ်းမှုကို သုံးနေရတာချည်းပဲဆိုတဲ့ အချက်ပဲ။ လွယ်လွယ်ပြောရရင် 'အားပြိုင်မှု' ပါနေတာချည်းပဲ။ ဝတ္ထုတို့၊ ရုပ်ရှင်တို့စတဲ့ ဇာတ်လမ်းတွေမှာလဲ လူကောင်းနဲ့လူဆိုး၊ မြင့်မြတ်မှုနဲ့ ယုတ်မာမှု၊ ရိုးသားမှုနဲ့ ကောက်ကျစ်မှု စသည်ဖြင့် အားပြိုင်နေရတာချည်းပဲ။ အားပြိုင်မှုမပါရင် ဇာတ်လမ်းကောင်း မဖြစ်နိုင်တော့ဘူး။ အားပြိုင်မှု ကောင်းလေလေ၊ အားပြိုင်မှု ထက်မြက်လေလေ ပရိသတ်က မချင့်မရဲဖြစ်လေလေ၊ ပရိသတ် မချင့်မရဲဖြစ်လေလေ လူကြိုက်များလေလေ ဖြစ်ရတာ ခမ္မတာပါပဲ။ အားပြိုင်မှုမှာ အကြိတ်အနယ်ဖြစ်လေလေ အောင်ပွဲမှာ အရသာရှိလေလေ ဖြစ်တာဟာ သဘာဝလို့ ပြောရမယ်ထင်တယ်။ တကယ့်ဘဝမှာလဲ ဒီအတိုင်းပဲ မဟုတ်လား။ လွယ ်ပမာပြရရင် မင်းတို့ ရှစ်တန်းစာမေးပွဲအောင်တာနဲ့ ဆယ်တန်းစာမေးပွဲအောင်တာမှာ စာမေးပွဲချင်းတူပေမဲ့ ဘယ်သင်းကို ပိုပြီး ဝမ်းသာကြသလဲ။

■ ဆယ်တန်းပေါ့ ဆရာ။ ဆယ်တန်းစာမေးပွဲ အောင်လိုက်ပြီဆိုရင် ဖြေသူသာမကဘဲ တစ်အိမ်သားလုံး ဝမ်းသာကြတာပဲ။

● အေးပေါ့ကွ။ တိုက်ပွဲကြီးလေ၊ အားပြိုင်မှုကြီးလေ၊ အားပြိုင်မှုကြီးလေ အောင်ပွဲကြီးလေပေါ့။ ကိုင်း - ငါတို့ စကားလမ်းကြောင်းရဲ့ မူရင်းကို ပြန်ပြီး လှည့်လိုက်ကြဦးစို့။ မင်းတို့လဲ ကြည့်ဖူးကြမှာပါ။ စစ်ကားတွေမှာ အလွန်ကို ပရိယာယ်များတဲ့ ရေငုပ်သင်္ဘောနဲ့၊ တိုက်သင်္ဘော အားပြိုင်ကြတာတွေ၊ အလွန်ကို ကောက်ကျစ်စဉ်းလဲတဲ့ လူဆိုးနဲ့ ရဲစုံထောက်နဲ့ အားပြိုင်တာတွေ၊ ပါးနပ်နေတဲ့ လူသားစားကျားနဲ့ မုဆိုး အားပြိုင်ကြတာတွေ ကြည့်ကြဖူးမှာပေါ့။





■ ကြည့်ဖူးပါတယ် ဆရာ။

● မကြိုက်ကြဖူးလား။ သည်းထိတ်ရင်ဖိုတွေလေ။

■ ကြိုက်ပါတယ် ဆရာ။

● ကောင်းပြီ။ စိုင်းအောင်လှိုင်မြင့်က ရေထဲကိုငုပ်ပြီး မော်တော်ကားနဲ့အတူ နစ်ပါသွားတဲ့ တပ်မတော်သားရဲဘော်ရဲ့အသက်ကို ကယ်ဖို့ ကြိုးစားတဲ့အခါမှာကော အသက်စွန့်ရတဲ့ အားပြိုင်မှု မဟုတ်ဘူးလား။

■ ဟုတ်ပါတယ် ဆရာ။ သက်စွန့်ဆံဖျား ကယ်ရတာပါ။

● သူ့အသက်၊ ကိုယ့်အသက်ပဲ မဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။

● ဒါပေမဲ့ ကျားဆိုးကို လိုက်ချောင်းရတဲ့ မုဆိုးတစ်ယောက်ရဲ့ သူ့အသက် ကိုယ့်အသက် စွန့်စားပုံမျိုးနဲ့ တူသလား။

■ မတူဘူး ဆရာ၊ မုဆိုးက သူ့အသက်ကို သတ်နိုင်ဖို့ ကိုယ့်အသက်ကို စွန့်တာ။ စိုင်းအောင်လှိုင်မြင့်က သူ့အသက်ကို ကယ်ဖို့အတွက် ကိုယ့်အသက်ကို စွန့်တာပါ။

● အေး- အဲဒီပမာနက္ခာခြားချက်ကြီးကို သတိပြုမိဖို့ လိုတယ်။ လူကတိရစ္ဆာန်အားလုံးထက် သာတယ်ဆိုတဲ့ အချက်သုံးချက်မှာကိုယ်ကျင့်တရားရှိခြင်းဆိုတာကို မင်းတို့ သိခဲ့ကြပြီး ဖြစ်တယ်။ လူမှာကော အနိုင်ယူလိုစိတ်၊ အောင်နိုင်လိုစိတ်၊ ရယူလိုစိတ် စတဲ့ လောဘ၊ ဒေါသတရားတွေ မရှိဘူးလား။ ရှိတာပဲ။ တိရစ္ဆာန်စိတ်တွေ ကိန်းအောင်နေတာပဲ။ ဒါပေမဲ့ အဆင့်မြင့်တဲ့ လူသားတွေကျတော့ အဲဒီ တိရစ္ဆာန်စိတ်ကို အောင်နိုင်ကျော်လွှားနိုင်ဖို့ အားထုတ်ကြတယ်။ လောဘစိတ်၊ ဒေါသစိတ်တွေကို အောင်နိုင်ခြေမှုန်းပြီး အ,လောဘ၊ အ,ဒေါသစိတ်ကို ထူထောင်လာကြတယ်။ သူတို့အားပြိုင်မှုက လောဘကို အောင်နိုင်ဖို့ အားပြိုင်မှု၊ ဒေါသကို အောင်နိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



အားပြိုင်မှု။ တစ်နည်းအားဖြင့် ပြောရရင် လောဘနဲ့ အ,လောဘ အားပြိုင်မှု၊ ဒေါသနဲ့ အ,ဒေါသအားပြိုင်မှု။ တပ်မက်ခြင်းကို တွန်းလှန်ပြီး ချုပ်တည်းခြိုးခြံမှု၊ ရောင့်ရဲမှု၊ စွန့်ကြဲမှုတွေ ဖြစ်လာတယ်။ အ,လောဘရဲ့ အောင်နိုင်မှုပေါ့။ အတ္တ၊ မာန၊ အမျက်ဒေါသတွေကို အောင်နိုင်ပြီး သည်းခံမှု၊ ခွင့်လွှတ်မှု၊ မေတ္တာကရုဏာထားမှု အ,ဒေါသ ဖြစ်လာပြန်တယ်။ တစ်နည်းအားဖြင့်ဆိုရင် ဇိရစ္ဆာန် စိတ်တွေ လျော့ပါးလာတယ်။ ဆင်ခြင်တုံတရား လွှမ်းမိုးလာတယ်။ animalty နည်းပါးပြီး rationalty ပွားများလာတယ်။ စင်စစ်အား ဖြင့် ငါတို့ ဗုဒ္ဓဘာသာမှာ ဘုရားအလောင်း ဘဝပေါင်းများစွာ ပါရမီ တော်ဖြည့်ကျင့်ခဲ့တယ်ဆိုတာ အဲဒါမျိုးတွေပါပဲ။

■ ဒါနပါရမီ ခန္တီပါရမီဆိုတာမျိုးတွေလား ဆရာ။

● အေး- အဲဒါတွေပေါ့ကွဲ့။ ငါပြောခဲ့တာမှာ ပါရမီဖြည့်ကျင့်တယ်လို့ ပြောခဲ့တယ်နော်။ 'ကျင့်တယ်' ဆိုတဲ့ စကားလုံးကို သတိထားကြကွ။ သိရုံနဲ့မရဘူး။ ကျင့်ယူရတယ်။ မင်းတို့ကို စောစောပိုင်းသင်ခဲ့တဲ့ ကျိုးကြောင်းဆင်ခြင်မှုဆိုတာတွေက အမှန်ကို သိရုံသာ ရှိသေးတာ။ သိရုံသာ မဟုတ်ဘူး။ ကျင့်သုံးနေထိုင်ရတာကလဲ ရှိသေးတာကိုး ကွယ့်။ မင်းတို့နားလည်အောင် လွယ်လွယ်ပြောရရင် ကလေးဘဝမှာ ရှူးပေါက်ချင်လဲ ပေါက်ချလိုက်တာပဲ။ အီးပါချင်လဲ ပါချလိုက်တာပဲ။ လူရှေ့သူရှေ့မှာဆိုပြီး ချုပ်တည်းတာမျိုး ရှိသလား။

■ မရှိဘူး ဆရာ၊ မထိန်းနိုင်ဘူး ဆရာ။

● အခုကော။

■ အခုတော့ ထိန်းနိုင်တာပေါ့ ဆရာ။

● အဲဒီလို မင်းရဲ့ကိုယ်ခန္ဓာကြွက်သားတွေကို ထိန်းနိုင်အောင် လေ့ကျင့် ခဲ့ရသလို စိတ်ကြွက်သားတွေကိုလဲ ထိန်းဖို့ လေ့ကျင့်ခဲ့ရတာပဲ။ ဒေါသထွက်တယ်၊ ထိန်းလိုက်တယ်။ လောဘထွက်တယ်၊ ထိန်းလိုက် တယ်။ 'ကျင့်' ယူရတာတွေပဲပေါ့ကွ။ လောဘဆိုတာ မကောင်းမှန်း ငါတို့ သိကြသားပဲ။ ဒေါသဆိုတာ မကောင်းမှန်းလဲ ငါတို့ သိကြ တာပဲ။ သိရုံသာ သိတာကိုးကွဲ့။ ကျင့်တာထိအောင် ရောက်ဖို့ ကြိုးပမ်းရတာကိုး။





■ ဆရာ ကျွန်တော်တို့ ဆယ်တန်းအောင်ချင်တာလဲ လောဘပဲ မဟုတ် လား ဆရာ။

● မှန်တယ်။ ဒါပေမဲ့ သူတစ်ပါးပစ္စည်းလိုချင်တာနဲ့ တူသလား။

■ မတူဘူး ဆရာ။ ကိုယ့်ဘာသာကိုယ် ဘယ်သူ့ကိုမှ မထိခိုက်ဘဲ ကြိုးပမ်းယူရတာပါ။

● အဲ- စာမေးပွဲအောင်ချင်လို့ ခိုးချရင်တော့ မတော်လောဘ ခေါ် တယ်။ ပါဠိလိုတော့ 'ဝိသမလောဘ'ပေါ့ကွယ်။ အေးလေကွယ်၊ အားလုံးကို ပြန်ပြီး နိဂုံးချုပ်ရရင်တော့ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကို ချည်း အားမကိုးဘဲ ကိုယ်ကျင့်ဆိုတာလေးကိုပါ ထည့်ပြီး စဉ်းစားပါမှ လူ ပီသတယ်၊ လူပီသမှလဲ လူ့လောကကြီးက ကြည်ဖြူတယ်၊ လူ့ လောကကြီးက ကြည်ဖြူမှလဲ လူ့ဘဝဟာ ပျော်စရာကောင်းတယ်လို့ ပြောချင်တယ်။

အေး- ဆက်ကြသေးတာပေါ့ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

● ကဲကွာ . . . ပြီးခဲ့တဲ့အပတ်က ဆွေးနွေးခဲ့တဲ့ သင်ခန်းစာတွေကို ပြန်ပြီး အနှစ်ချုပ် ကြည့်လိုက်ကြဦးစို့။ ငါတို့တစ်တွေမှာ ပုထုဇဉ် အနိုင်းစိတ်တွေက လွှမ်းမိုးနေကြတယ်။ ဒါကြောင့် ဒေါသစိတ်နဲ့ အနိုင်ယူချင်ကြတယ်။ တစ်ဖက်သားကို အောင်နိုင်ချင်ကြတယ်။ ဒါပေမဲ့ အ,ဒေါသလို့ ခေါ်နိုင်တဲ့ မေတ္တာ၊ ကရုဏာတရား မရှိဘူး လားဆိုတော့လဲ ရှိကြပြန်တာပဲ။ လောဘဆိုတဲ့ တပ်မက်မှုရှိသလို ပေးကမ်းစွန့်ကြဲခြင်းဆိုတာတွေလဲ ရှိကြပြန်တာပါပဲ။ အ,လောဘ တရားတွေပေါ့ကွယ်။ ငါတို့တစ်တွေဟာ စစ်ပွဲအလီလီကို အောင်နိုင် ခဲ့တဲ့ စစ်ဗိုလ်ကြီးတွေ၊ စစ်ဘုရင်ကြီးတွေကို ချီးကျူးဂုဏ်ပြုကြတယ်။ ကြေးရုပ်တွေ သွန်း၊ ကျောက်ရုပ်တွေထုပြီး မော်ကွန်းတင်ကြတယ်။ ဘာကြောင့် ဒီလိုဖြစ်လာရသလဲ စဉ်းစားကြစမ်းလို့ မေးလိုက်တော့ မင်းတို့က 'ကျွန်တော်တို့လူသားတွေ ကိုယ်တိုင်က ဒေါသစရိုက် ထူပြောနေလို့ပါ ဆရာ'လို့ ပြောခဲ့ကြတယ်။ မှတ်မိကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။ လက်ဝှေ့ပွဲတို့၊ ဘောလုံးပွဲတို့အကြောင်းတွေကို ပါ ဆရာ ပြောခဲ့ပါသေးတယ်။

● ကောင်းပြီ။ ငါတို့ ဆက်ပြီး စဉ်းစားကြရအောင်။ သေချာစဉ်းစားပြီးမှ ဖြေကြနော်။ အဲဒီ ငါတို့ဂုဏ်ပြုကြတဲ့ ချီးကျူးကြတဲ့ စစ်ဘုရင်တွေ စစ်ဗိုလ်ချုပ်ကြီးတွေကို တကယ့်ကို ချီးကျူးမိကြတာ မှန်ပါတယ်။ သူတို့အကြောင်းကို သမိုင်းတင်ပြီး မော်ကွန်းထိုးကြတာလဲ မှန်ပါ တယ်။ ဒါပေမဲ့ သေချာစဉ်းစားကြစမ်း။ သူတို့ကို ဆည်းကပ်ကိုးကွယ်





ခြင်း ဖြစ်မိကြသလား။ သူတို့ကို အသည်းလိုက် အူလိုက် ကြည်ညို ဆည်းကပ်ခြင်း ဖြစ်မိကြသလား။ သေချာစဉ်းစားပြီး ဖြေကြကွား ကိုယ့်စိတ်ကိုယ် သေချာပြန်မေးပြီးမှ ဖြေကြကွာ။

ဟုတ်ပြီ . . . ဒီတစ်ခါမှာတော့ဖြင့် မင်းတို့ သေချာ စဉ်းစားကြရပြီ မဟုတ်လား။ ရုတ်တရက် ဖြေလို့မရနိုင်တော့ဘူး မဟုတ်လား။ မင်းတို့ အဲဒီလိုဖြစ်နေတာကို ငါ ဝမ်းသာတယ်။ ပညာ သင်တယ်ဆိုတာ အဲဒါပါပဲ။ အခြေခံသဘောကတော့ ကျောင်းသား ကို စဉ်းစားတတ်အောင် စဉ်းစားစရာနဲ့ ရင်ဆိုင်ပေးခြင်းပါပဲ။ ဒီတော့ မင်းတို့လဲ စဉ်းစားကြပေါ့ကွာ။

■ ကျွန်တော် စဉ်းစားမိပြီ ဆရာ။

● ပြောကွာ။

■ ခုနကပြောခဲ့တဲ့ စစ်ဗိုလ်ကြီးတွေ၊ စစ်ဘုရင်ကြီးတွေကို အထင်ကြီးမိ တာတော့ အမှန်ပဲ။ ဒါပေမဲ့ ဆည်းကပ်ကိုးကွယ်ခြင်းအဆင့်ကိုတော့ ရောက်မလာတာ အမှန်ပဲ။

● ကောင်းပြီ။ ဘာကြောင့် ဒီလိုဖြစ်လာကြရသလဲ။ စဉ်းစားကြကွာ။ တော်တော့်ကို အရေးကြီးတဲ့ လမ်းစကို ရောက်လာပြီကွ။ သေချာ စဉ်းစားကြစမ်း။

■ သူတို့က မေတ္တာတရားမပါဘူး ဆရာ။

● အေး- ဟုတ်တယ်။ အရေးအကြီးဆုံးအချက်က အဲဒါပဲ။ လူတွေ အားလုံး အတောင့်တဆုံး၊ အနှစ်သက်ဆုံးအရာဟာ မေတ္တာတရား ပါပဲ။ ငါတို့ ဗုဒ္ဓဘုရားရှင်ဟာ လူသတ္တဝါအားလုံးကို မေတ္တာတရားနဲ့ အောင်နိုင်သွားခဲ့တာပဲ။ မင်းတို့သိတဲ့အတိုင်း အင်္ဂုလိမာလတို့လို လူကြမ်းသူကြမ်းတွေကိုလဲ မေတ္တာနဲ့ အောင်နိုင်ခဲ့တာပါပဲ။ ဘုရားရှင် သွန်သင်ဆုံးမခဲ့တဲ့ တရားတော်တွေမှာ မေတ္တာဟာ ထိပ်ဆုံးက ပါနေ တာကို မင်းတို့ သိကြပါတယ်။ ရုပ်မြင်သံကြားကနေပြီး အမြဲတမ်း လွှင့်နေတဲ့ မင်းကွန်းဆရာတော်ကြီးရဲ့ မေတ္တာဖြန့်ဝေနေပုံကိုလဲ မင်းတို့ သိနေကြတာပါပဲ။ ခရစ်တော်ဆိုရင် သူ့ကို နှိပ်စက်ကလူ ပြုပြီး သတ်ဖြတ်ခဲ့တဲ့ ရန်သူတွေအတွက်တောင် 'အဘဘုရားသခင် ဤသူတို့အား ခွင့်လွှတ်တော်မူပါ။ သူတို့ လုပ်နေကြသည့် အချင်း



www.burmeseclassic.com

www.burmeseclassic.com



အရာများကို သူတို့ နားမလည်ကြပါ' လို့ အဲဒီလူတွေအတွက်တောင် ခွင့်တောင်း အသနားခံပေးခဲ့တယ် မဟုတ်လား။

ဒီတော့ မင်းတို့ပြောခဲ့သလို မေတ္တာတရားကြောင့် လူအများက ချစ်ခင်ကြတယ်။ အဲဒီအပြင် နှလုံးသားကို နူးညံ့ပျော့ပျောင်းလာအောင် သင်ကြားပေးတယ်။ မာခီယာဗယ်လီ (Machiavelli) ဆိုတဲ့ အီတလီနိုင်ငံရေးခေါင်းဆောင်တစ်ဦးရေးခဲ့တဲ့ The Prince (မင်းဧရာဇ်)ဆိုတဲ့ ရာဇဝေါဒကျမ်းဟာ အနောက်တိုင်းမှာ အလွန်ကို နာမည်ကြီးပါတယ်။ အဲဒီထဲမှာရေးတဲ့ စာကလေး တစ်ကြောင်းကို ငါ မှတ်မိနေသေးတယ်။ 'မင်းဧရာဇ်တို့မည်သည် ပြည်သူကချစ်နေဖို့ မလို၊ ကြောက်နေဖို့သာ လို၏'လို့ကို ရေးထားတယ်။ ငါက ခပ်ငယ်ငယ်တက္ကသိုလ်ကျောင်းသားဘဝမှာ ပထမဆုံး ဖတ်လိုက်ရတော့ လန့်တောင်သွားမိခဲ့ပါတယ်။

■ မြန်မာရှင်ဘုရင်တွေလဲ ဒီလိုပဲလား ဆရာ။

● မြန်မာရှင်ဘုရင်ပဲဖြစ်ဖြစ်၊ ကုလားရှင်ဘုရင်ပဲဖြစ်ဖြစ် အသက်ဦးဆံပိုင် အာဏာရှင်ဖြစ်နေသမျှ ဒီလိုချည်းပါပဲ။ အမိန့်တော်ပြန်တမ်းတွေ ဘာတွေမှာတော့ဖြင့် သတ္တဝါအများ၊ တိုင်းသူပြည်သားတို့ကို ရင်ဝယ်သားကဲ့သို့ မဟာကရုဏာထားတော်မူသော ဘာညာနဲ့ ရေးထားတာပေါ့ကွာ။ ဒါပေမဲ့ ထီးနန်းအာဏာနဲ့ ပတ်သက်လာရင်တော့ သားအဖချင်းတောင် ချမ်းသာပေးကြတာ မဟုတ်ဘူး။

■ လောဘကြောင့်ပဲပေါ့ ဆရာ။

● အဲဒါလဲ ဟုတ်သင့်သလောက်တော့ ဟုတ်တယ်။ ဒါပေမဲ့ ကိုယ်က ထီးနန်းအာဏာကို မက်မောတာချည်းမဟုတ်ဘဲ အာဏာကို ကြောက်တာလဲ ပါသေးတယ်ကွယ့်။

■ အာဏာကို ကြောက်တယ်ဆိုတာက . . .

● ဒီလိုကွယ့်၊ ထီးရှင်နန်းရှင် ရှင်ဘုရင်က အာဏာပိုင် မဟုတ်လား။ ဒီတော့ ရှင်ဘုရင်က ကိုယ့်ကို အမျက်တော်ရှပြီဆိုတာ သိလိုက်တော့ 'သူသေကိုယ်သေ' ဖြစ်လာကြပြီ။ ဒီတော့ ရှင်ဘုရင်က ကိုယ့်ဖအေဖြစ်နေစေဦးတော့ ကိုယ်က လက်ဦးအောင် လုပ်ကြံကြရတော့တာပေါ့။ ပုန်ကန်ကြတော့တာပေါ့။ 'သေမြေကြီး ရှင်ရွှေထီး' ဇာတ်ထုပ်





ကို ခင်းရတော့တာပေါ့။ ဒီတော့ အာဏာထီးနန်းကို မက်မောလွန်းလို့ မဟုတ်ဘဲ ကိုယ်သေရမှာကို ကြောက်လို့ ဖြစ်ပေါ်လာရတဲ့ ပုန်ကန်မှုဆိုတာ ထင်ရှားမနေဘူးလား။ ဒါကြောင့် အာဏာတို့၊ ထီးနန်းတို့ ဆိုတာမျိုးတွေဟာ မက်မောစရာလဲ ကောင်းတယ်၊ ကြောက်စရာလဲ ကောင်းတယ်။ အခြေခံကတော့ ငါတို့ စောစောပိုင်းက ပြောခဲ့သလို လောဘ၊ ဒေါသတွေဟာ အရင်းခံပဲပေါ့။

■ ဆရာပြောခဲ့တဲ့ တိရစ္ဆာန်စိတ်၊ အနိုင်ယူလိုစိတ်တွေပေါ့ ဆရာ။

● အေး - ဟုတ်တယ်။ မင်း မျက်ခြည်မပြတ်ဘူး။ အဲဒါ အလွန်ကို အရေးကြီးတယ်။ ငါလဲ မူလပြောလိုရင်းအကြောင်းအရာ ခေါင်းစဉ်ကို မျက်ခြည်မပြတ်အောင် အမြဲသတိထားနေရတာပဲ။ အဲဒီလို မဟုတ်ဘဲ ခုနစ်စဉ်အမျှင်တန်း တွေ့ကရာလျှောက်ပြောနေရင်း မူလအကြောင်းကို ပြန်မရောက်တော့ဘဲ ဘေးချော်သွားရင် 'သဝေထိုး' သွားတယ်လို့ ခေါ်တယ်။

■ ဘာပြုလို့လဲ ဆရာ။

● တို့များငယ်ငယ်က ဝလုံး ရေးတယ် မဟုတ်လား။ ဝလုံးဆိုတာ အစနဲ့ အဆုံး ပြန်ဆုံရတယ် မဟုတ်လား။ ပြန်မဆုံဘဲ ဘေးချော်သွားတော့ 'သဝေထိုး' ဖြစ်သွားတာကိုးကွဲ့။ ကဲ- ဘယ်ခေါင်းစဉ်ကို ပြောနေရင်း ဒီအကြောင်းတွေကို ရောက်လာခဲ့ကြသလဲ ပြန်စဉ်းစားစမ်း။

■ ဒေါသအခြေခံတဲ့ အောင်မြင်မှု၊ မေတ္တာအခြေခံတဲ့ အောင်မြင်မှုတွေကို ပြောနေတာပါ ဆရာ။

● အေး - ဟုတ်တယ်။ လူမှာ ဗီဇက ပါလာတဲ့ တိရစ္ဆာန်စိတ်ကို နိုင်နင်းတဲ့သူက မေတ္တာသမားပဲ။ အဲဒီ တိရစ္ဆာန်စိတ်အတိုင်း ကျင့်ကြံသူတွေဟာ လောဘသမား၊ ဒေါသသမားတွေပဲပေါ့။ အဲဒီ လောဘဒေါသကို နိုင်နင်းနှိပ်ကွပ်နိုင်ရင် ကိုယ်ကျင့်တရားကောင်းသူတွေ ဖြစ်လာတာပါပဲ။ အဲဒီ ကိုယ်ကျင့်တရားဆိုတာဟာ လွယ်လွယ်လေး ပြောလိုက်ရင် သီလပါပဲ။ မင်းတို့လဲ သိကြသားပဲ။ ငါးပါးသီလ၊ ဆယ်ပါးသီလ ဆိုတာတွေဟာ ကိုယ်ကျင့်တရားတွေပါပဲ။ သီလ ဟူသမျှရဲ့ အခြေခံတွေက အ,လောဘ၊ အ,ဒေါသတွေပါပဲ။ ခြေခြေမြစ်မြစ် ပြန်ပြီး စဉ်းစားလိုက်တော့ စောစောပိုင်းက ပြောခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဟော 'ကာလာမသုတ္တန်' ကို ပြန်ရောက်သွားပြန်တော့ တာပေါ့။

■ ဟုတ်ပါတယ် ဆရာ။ နားလည်ပါပြီ။

● ဒီတော့ ဆက်ပြီး စဉ်းစားကြဦးစို့။ မင်းတို့နဲ့ ဆွေးနွေးလက်စ တစ်ပိုင်း တန်းလန်းကျန်ရစ်ခဲ့တာ တစ်ခုရှိသေးတယ်။ စောစောပိုင်းက ပြောခဲ့တဲ့ စစ်ဗိုလ်ကြီးတွေ ဧကရာဇ်ကြီးတွေကို မင်းတို့ ငါတို့ အားလုံးက အထင်ကြီးကြတယ်။ အလေးအမြတ်ပြုကြတယ်။ ကျောက်ရုပ် ကြေးရုပ်တွေ ထုကြတယ်။ ဒါပေမဲ့ အဲဒီ ဒါပေမဲ့ကို သတိထားပြီး နားထောင်ကြ။ ဒါပေမဲ့ အဲဒီကျောက်ရုပ်၊ ကြေးရုပ်တွေကို ငါတို့ ရှိခိုးကြသလား။

■ ရှိမခိုးဘူး ဆရာ။

● အေး - အဲဒါဟာ ပမာနခြားနားချက်ကြီးပဲ။ ရှိခိုးတယ်ဆိုတာ ကိုးကွယ်ခြင်းရဲ့ သဘောပဲ။ ဆည်းကပ်ခြင်းရဲ့သဘောပဲ။ လူအချင်း ချင်း အထင်ကြီးရတဲ့ 'လူစွမ်းကောင်း' အဆင့်ကို ကျော်လွန်သွားခဲ့ ပြီ။ 'လူစွမ်းကောင်း' တစ်ယောက်ကို အထင်ကြီးပြီး လက်ခုပ်တီးချင် တီးကြမှာပေါ့။ ဒါပေမဲ့ ရှိခိုးတယ်ဆိုတာမျိုး မရှိဘူး။ ကောင်းပြီ၊ ဆက်ပြီး စဉ်းစားကြစို့။ မင်းတို့ ဘုရားဆင်းတုကိုကော ရှိခိုးသလား။

■ ရှိခိုးတာပေါ့ ဆရာ။ ကျွန်တော်တို့ ဗုဒ္ဓဘာသာပဲဟာ။ အိမ်မှာတောင် ဘုရားစင်ထားပြီး ဆွမ်းတော်၊ ပန်းတော်တင်၊ ရေချမ်းကပ် လုပ်ကြ တာပဲ။

● အေး - မင်းက ဗုဒ္ဓဘာသာဝင်ကိုး၊ ခရစ်ယာန်ကျပြန်တော့လဲ ခရစ်တော်အသက်စွန့်လွှတ်တော်မူခဲ့ရာ 'ကားတိုင်တော်'ကို အိမ်ဦးမှာ ထားပြီး ကိုးကွယ်ကြတာပဲ။ ဆည်းကပ်ကြတာပဲ။ ကဲ- ခုနက ပြောခဲ့ တဲ့ စစ်ဘုရင်ကြီးတွေ၊ ဧကရာဇ်ကြီးတွေ သူ့ရဲကောင်းကြီးတွေကို ရှိသေလေးစားပုံနဲ့ တူသလား။

■ မတူပါဘူး ဆရာ။

● ကောင်းပြီ၊ ဘယ်သူက မြင့်သလဲ။

■ ဗုဒ္ဓမြတ်ရှင်တို့ ခရစ်တော်တို့က ပိုမြင့်တာပေါ့ ဆရာ။

● ကိုင်း- ကောင်းပြီ၊ ငါတို့ ဆက်စဉ်းစားကြစို့။ စောစောပိုင်းက ပြောခဲ့





ကြတယ်။ လူတွေမှာ တိရစ္ဆာန်စိတ်က များနေတာကြောင့်၊ လောဘ ဒေါသတွေ ပွားနေတယ်။ ဒါကြောင့် ဒေါသအခြေခံတဲ့ တိုက်ပွဲ၊ ခိုက်ပွဲတွေကို အောင်နိုင်တဲ့ အောင်ပွဲရသူတွေကို ဝိုင်းဝန်းချီးကျူး ကြတယ်။ ရုပ်ရှင်ဇာတ်လမ်းတွေမှာတောင် ထိုးကြိတ်သတ်ပုတ် လျှို့ဝှက်သည်းဖို ပါတာတွေကို နှစ်သက်ကြတယ် ဆိုတာတွေကို ပြောခဲ့ကြတယ်။ မှတ်မိကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။

● ကောင်းပြီ ဆက်စဉ်းစားကြရအောင်။ အဲဒီ ရုပ်ရှင်ထဲမှာတောင် မင်းတို့ ဗီလိန်လို့ ခေါ်ကြတဲ့ လူကြမ်းနဲ့ ဇာတ်လိုက်မင်းသားနဲ့ တိုက် ကြခိုက်ကြရင် ဘယ်သူ့ကို နိုင်စေချင်သလဲ။

■ ဇာတ်လိုက်မင်းသားကိုပေါ့ ဆရာ။

● ဗီလိန်သေတော့ ဝမ်းနည်းသလား။

■ မနည်းပါဘူး ဆရာ။ ပျော်တောင်ပျော်လိုက်သေးတယ်။

● အဲဒါဘာကြောင့်လဲ။ စဉ်းစားကြကွာ။

နောက်တစ်ပတ်ဆက်ကြသေးတာပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

● မင်းတို့တစ်တွေနဲ့ ဆွေးနွေးခဲ့ကြတာတွေကို ပြန်ပြီး ခြေရာကောက်ကြည့်ကြရအောင်။ လူက ဘယ်တိရစ္ဆာန်ထက်မဆို သာတဲ့အချက်သုံးချက်ကို မှတ်မိကြသေးသလား။

■ မှတ်မိပါတယ် ဆရာ။ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြီးခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း၊ အလှအပကို ခံစားဖန်တီးနိုင်ခြင်းတွေပါပဲ။

● အေး- အဲဒါအရေးကြီးတယ်ကွဲ့။ နောက်ပြီး ဗုဒ္ဓမြတ်ရှင်က ကေသမုတ္တိနိဂုံးမှာ ကာလာမပုဏ္ဏားတွေကို အမေးအဖြေလုပ်ပြီး ဆုံးမခဲ့တဲ့တရားတွေကိုလဲ မမေ့ကြနဲ့ဦး။ မှတ်မိကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။ လောဘ၊ ဒေါသ၊ မောဟတို့သည် မကောင်း၊ သူတို့နှင့် ဆန့်ကျင်ဘက် အလောဘ၊ အဒေါသ၊ အမောဟတို့သည် ကောင်းမြတ်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့သည် ကောင်း၏ ဆိုတာတွေပါ ဆရာ။

● အေး- ဟုတ်တယ်။ သို့သော် ငါတို့ရဲ့ မွေးရာပါစိတ်ခေတ်ကြီးမှာ တိရစ္ဆာန်အငွေ့တွေ လွှမ်းမိုးလွန်းအားကြီးတာကြောင့်၊ ငါတို့ဟာ တစ်ဖက်သားကို အနိုင်ယူချင်တယ်။ ဗိုလ်ကျချင်တယ်။ ဒါကြောင့် စစ်ဘုရင်တွေ၊ စစ်ဇကရာဇ်တွေကို အံ့သြလေးစားကြတယ်။ စစ်ပညာဆိုတာဟာ (အဲ - စစ်ပညာဆိုတာကို ပြောလိုက်မှ သတိရလာလို့ ပြောလိုက်ရဦးမယ်။) ဗမာ့ကာကွယ်ရေးတပ်မတော် စစ်လေ့ကျင့်ရေးစခန်းကို ဗိုလ်ချုပ်အောင်ဆန်းရောက်လာသတဲ့။ ဒီတော့ ရဲဘော်လေးတွေ လေ့ကျင့်နေတာကို လာကြည့်ရင်း အမှတ်မထင်ပြောသွား





တာက 'စစ်ပညာရဲ့အခြေခံက ရန်သူကို မှန်အောင်ပစ်၊ ကိုယ့်ကို မမှန်စေနဲ့ ကွ' တဲ့။ အဲဒါကို ကြားခဲ့ရတဲ့ ရဲဘော်ကြီးတစ်ယောက်တ ငါ့ကို ပြန်ပြောလို့ မှတ်သားလိုက်ရဖူးတာပါ။

ထားလိုက်ပါတော့ကွယ်။ ငါဟာ အကြောင်းအားလျော်စွာ သေနင်္ဂဗျူဟာကျမ်းတွေကို ဖတ်ခဲ့မိဖူးပါတယ်။ ဒီကျမ်းတွေရဲ့ အချုပ်ကတော့ ရန်သူကို သေအောင် သတ်၊ ကိုယ် မသေစေနဲ့ ဆိုတာမျိုးတွေပါပဲ။ ငါ့မှာ ကမ္ဘာ့စစ်ပွဲများ၏ ဗျူဟာသမိုင်း စီဒီတစ်ချပ်တောင် ဝယ်ထားမိတယ်။ ပျင်းရင် တစ်ခါတလေကြည့်နေမိတတ်ပါတယ်။ ငါတို့ဆွေးနွေးပွဲမှာ ပြောချင်တာက ငါတို့ဟာ သမိုင်းတစ်လျှောက်မှာ ပြောင်မြောက်အောင် သတ်နိုင်တဲ့ လူတွေကို ချီးကျူးကြတယ်။ ဒါပေမဲ့ ဟင်နရီဒူးနန့်လို၊ စိုင်းအောင်လှိုင်မြင့်လို တစ်ပါးသူရဲ့ အသက်ကို ကယ်ဖို့အတွက် ကိုယ့်အသက် ကိုယ့်ဘဝကို စွန့်လွှတ်ကြိုးပမ်းခဲ့တဲ့သူတွေကို ထိုက်သင့်သလောက် ရိုသေဂုဏ်ပြုခြင်း မရှိခဲ့ကြဘူး ဆိုတာတွေ ပြောခဲ့တယ်။ အကြောင်းရင်းတွေကို စဉ်းစားဖို့လဲ ပြောခဲ့ကြတယ်။ ဘာကြောင့်လဲ။

■ ဒေါသထူပြောတာကြောင့် လောဘထူပြောတာကြောင့်ပါပဲ ဆရာ။

● အေး- ငါတို့ဟာ ရုပ်ရှင်တို့ဘာတို့ ကြည့်ကြတာမှာတောင် အတိုက်အခိုက်၊ အထိုးအကြိတ်၊ အသတ်အဖြတ်တွေပါတာကို ပိုပြီး စိတ်ဝင်စားကြတယ် မဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။

● အဲဒါ- တိရစ္ဆာန်အငွေ့အသက်တွေပေါ့ကွယ်။ ရုပ်ရှင်တွေဘာတွေကြည့်ရင်လဲ လူကြမ်း(အဲ- မင်းတို့စကားနဲ့ပြောရရင်) ဗီလိန်ပေါ့ကွယ်။ ဗီလိန်နဲ့ လူကြမ်းတိုက်ကြရင်၊ အဲ - နောက်ဆုံးပွဲသိမ်းတိုက်ပွဲမျိုးကို ရောက်လာပြီဆိုရင် ဘယ်သူ့ကို နိုင်စေချင်ကြသလဲ။

■ ဇာတ်လိုက်နိုင်စေချင်တာပေါ့ ဆရာ။

● အေး- ဟုတ်တယ်။ ဒို့များငယ်ငယ်ကတော့ ရုပ်ရှင်မင်းသားတွေက တင်မွေ၊ ချစ်ရွှေ၊ ဘတင့်စသည်ဖြင့်ပေါ့။ လူကြမ်းတွေက စံရွှေကြီး၊ အေးငွေကြီး စသည်ဖြင့်ပေါ့ကွယ်။ မင်းတို့ခေတ်မှာတော့ဖြင့် ရန်အောင်၊ ဒွေး၊ ကျော်သူဆိုတာတွေပေါ့။ ဗီလိန်တွေတော့ဖြင့် ငါ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမသိတော့ဘူး။ ကောင်းပြီ။ ငါတို့ လိုရင်းအချက်ကို ပြန်ပြီး ကောက်ကြရအောင်။ မင်းတို့က ဇာတ်လိုက်နဲ့ လူကြမ်း တိုက်ကြခိုက်ကြပြီဆိုရင် (အထူးသဖြင့် ပွဲသိမ်းတိုက်ပွဲမှာဆိုရင်) ဇာတ်လိုက်ကို နိုင်စေချင်တယ်။ လူကြမ်းကို မုန်းတယ်။ ဗီလိန်ကို မုန်းတယ်။ ဘာကြောင့် ဗီလိန်ကို မုန်းကြသလဲ။

■ သူက မဟုတ်မတရားတာကို လုပ်လို့ပါ ဆရာ။

● ဇာတ်လိုက်ကျတော့ကော မုန်းသလား၊ သနားသလား။

■ ဇာတ်လိုက်ကိုတော့ သနားတာပေါ့ ဆရာ။

● ဘာကြောင့်သနားသလဲ။

■ သူက မဟုတ်မတရားလုပ်တာကို ခံရတာကိုး ဆရာ။

● ဒီတော့ ဇာတ်လိုက်က 'ဓမ္မ'၊ လူကြမ်းက 'အဓမ္မ'ပေါ့။ ကဲ- ဆိုကြပါစို့ကွာ။ ရုပ်ရှင်ထဲမှာ 'အံ့ကျော်'က လူကြမ်းဗီလိန်လုပ်ရတယ် ဆိုပါတော့။ ရုပ်ရှင်ထဲက အံ့ကျော်ကို မင်းတို့ မုန်းကြမှာပဲ။ အပြင်မှာ ရှိနေတဲ့ ကိုအံ့ကျော်၊ ဦးအံ့ကျော်ကို မုန်းမိကြသလား။

■ ဟာ- ဘာလို့မုန်းရမှာလဲ။ ပြောင်မြောက်တဲ့ အနုပညာရှင်အဖြစ်နဲ့ ချစ်တောင်ချစ်မိကြဦးမှာပေါ့။

● ကောင်းပြီ- အဲဒီသဘောကို ဆက်ပြီးစဉ်းစားလိုက်တော့ မင်းတို့ ငါတို့ဟာ လူကို မုန်းတာ မဟုတ်ဘူး၊ မတရားမှုကို မုန်းကြတာ။ လူကို ချီးကျူးတာ မဟုတ်ဘူး။ တရားဖြောင့်မတ်မှုကို ချီးကျူးတာ။ အားပြိုင်မှု ဖြစ်လာရင်လဲ 'ဓမ္မ'ကို နိုင်စေချင်တယ်။ 'အဓမ္မ' ကို ရှုံးစေချင်တယ်ဆိုတာ ထင်ရှားမလာပေဘူးလား။

■ ဟုတ်ပါတယ် ဆရာ။ 'အဓမ္မ'ကို မုန်းတီးပြီး 'ဓမ္မ'ကို ချစ်မြတ်နိုးကြတယ်ဆိုတာ ထင်ရှားပါတယ် ဆရာ။

● အဲဒီမှာ ဘယ်အချက်က ထင်ရှားလာပြန်သလဲဆိုတော့ လူတွေဟာ ပကတိအားဖြင့် (ပင်ကိုအားဖြင့်)ဆိုရင် တရားမျှတမှု 'ဓမ္မ'ကို တန်ဖိုးထားတတ်ကြတာ အမှန်ပဲ။ လူရဲ့ ပင်ကိုစိတ်ရင်းဟာ ကောင်းမြတ်တဲ့ဘက်ကို ညွှတ်ပျောင်းကြတာ အမှန်ပဲ။

■ ပင်ကိုဓာတ်ခံအားဖြင့် လူတွေဟာ 'ဓမ္မ' ကို ရှိသေကြပါလျက် ဘာကြောင့် လောကကြီးမှာ 'အဓမ္မ' တွေ ပေါ်ပေါက်လာတာလဲ ဆရာ။





● အေး- မင်းတို့ စဉ်းစားလာကြပြီ။ ဝမ်းသာတယ်ကွာ။ ဒီလိုကိုးကွဲ့၊ ရုပ်ရှင်ထဲ၊ ဇာတ်ပွဲထဲမှာ ကြည့်ရမြင်ရတဲ့သူတွေ၊ ဖြစ်ရပ်တွေက ငါတို့ ဘဝနဲ့ မပတ်သက်ဘူး။ သူတို့ဘာသာ သူတို့လောကမှာ ဖြစ်နေကြတာ။ ငါတို့က ဘေးက ကြည့်နေရုံသက်သက်ပဲ။ ဒီတော့ ဓမ္မဒိဋ္ဌာန်ကျကျ ကြည့်လို့ရတယ်။ ဓမ္မနဲ့ အဓမ္မကို မှန်မှန်ကန်ကန်ခွဲခြားနိုင်တယ်။ ဘေးက ကြည့်နေရတာချင်းတူပေမဲ့ ဘောလုံးပွဲဆိုရင်ပဲ 'ဘက်လိုက်' ပြီး ကြည့်တဲ့ သဘောက ပါလာပြီ။ မြန်မာနဲ့တခြားနိုင်ငံတစ်ခုနဲ့ ဘောလုံးကန်ကြပြီဆိုရင်ပဲ မြန်မာက နိုင်စေချင်တာမျိုး ဖြစ်လာတာပေါ့။

ရုပ်ရှင်နဲ့ပတ်သက်တာကိုတောင် ပြောလိုက်ရဦးမယ်။ မကြာသေးမီက 'ရာဇာနေဝင်း'ရဲ့ အင်တာဗျူးတိုတိုလေးတစ်ခုကို ဖတ်လိုက်ရပါသေးတယ်။ သူ့ဖခင် 'ကောလိပ်ဂျင်နေဝင်း' ပါဝင်တဲ့ ရုပ်ရှင်ကားတွေကို သိပ်မကြည့်ဖြစ်ဘူးတဲ့။ အကြောင်းက သူ့ဖခင် စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေရတဲ့အခန်းတွေကို ကြည့်လိုက်ရရင် သူ့ဖခင်အတွက် စိတ်ဆင်းရဲခြင်း ဖြစ်ရလွန်းလို့ပါပဲ။ သို့ပေမဲ့ ခုတော့ဖြင့် အနုပညာအဖြစ်နဲ့ ဒီကားတွေကို ပြန်ပြီး ကြိုးစားကြည့်ရမှာပဲလို့ ပြောသွားပါတယ်။ မင်းတို့ ငါတို့ကတော့ ကောလိပ်ဂျင်နေဝင်းကို ဒီလိုပဲကြည့်ပြီး ခံစားလိုက်ကြတာပါပဲ။ ရာဇာနေဝင်းကျတော့ တစ်မျိုးဖြစ်သွားပြန်ပြီ။ ဘာကြောင့်လဲ စဉ်းစားကြည့်ကြစမ်း။ ရအောင်စဉ်းစားကြစမ်း။ ငါ အချိန်ပေးလိုက်ပါမယ်။

■ သိပါပြီဆရာ။ ကျွန်တော်တို့က ကိုယ့်ဘဝနဲ့ မပတ်သက်ဘူး။ ရာဇာနေဝင်းကျတော့ သူ့ဘဝနဲ့ ဆက်စပ်နေတယ်။ သူ့ဘဝနဲ့ ပတ်သက်နေတယ်။

● အေး- ဒါပေါ့ကွ။ အတ္တသဘော ပါလာတာကိုး။ အတ္တသဘော ပါလာလိုက်ပြီဆိုရင် ဓမ္မ၊ အဓမ္မဆိုတာတွေ ပျောက်သွားတတ်တာပါပဲ။ ငါတို့ တောင်တွင်းကြီး နတ်မှီဆရာတော်ပြောတာကို မကြာခဏ သတိရမိတယ်။ ငါတို့တောင်တွင်းကြီးရဲ့ အရှေ့ဘက်မှာ ကန်တော်ကြီးဆိုတာရှိတယ်။ နတ်မှီတောရက ကန်တော်ကြီးရဲ့ အရှေ့ဘက်မှာ ရှိလေတော့ မြို့နဲ့ တစ်မိုင်သာသာလောက်ဝေးပါတယ်။ ဆရာတော် ပြောတာက -



www.burmeseclassic.com

www.burmeseclassic.com



'အောင်သင်းရ- ဘာပဲဖြစ်ဖြစ် 'ငါ' တပ်လိုက်မိရင် ဒုက္ခရောက်တော့တာပဲကွ။ ခုနေမှာ မင်းတို့ တောင်တွင်းကြီး မြို့မဈေးကြီးကို မီးထလောင်ပြီဆိုပါတော့။ မီးခိုးလုံးတွေက သဲသဲမဲမဲ တက်လာနေပြီဆိုပါတော့။ ငါက ဒီကလှမ်းမျှော်ကြည့်ပြီး မီးကလဲ တယ်ကြီးပါလားလို့ အောက်မေ့ရုံပဲရှိမှာပေါ့။ တစ်ဈေးလုံး ပစ္စည်းကုန်စည်တွေ ပါသွားဦးတော့ ငါ့မှာ ဘာမှတုန်လှုပ်မှု မရှိလှဘူးပေါ့။ သို့သော်လဲ ငါက ကျောင်းပေါ်က ဆင်းအလာမှာ ဖိနပ်တစ်ဖက် ခွေးချီသွားလို့ ရှာမတွေ့ရင် ငါ့မှာ ပျာယာခတ်နေပြီ။ ဘာကြောင့်လဲဆိုတော့ ခွေးချီသွားတာက ငါ့ဖိနပ်ကွ။ ရှေ့က 'ငါ' တပ်ထားတဲ့ ဖိနပ်လေ။ ဒီတော့ အောင်သင်းရေ အတ္တသဘော 'ငါ' တပ်လိုက်မိရင် ဒုက္ခက မဆုံးတော့ဘူးကွ'

အဲဒါ နတ်မှီဆရာတော်ကြီး ပြောဖူးတာပါပဲ။ ဒီတော့ ပြောချင်တာက ရုပ်ရှင်၊ ပြဇာတ်တွေထဲက အဖြစ်အပျက်တွေက ကိုယ်နဲ့ မဆိုင်ဘူး။ ကိုယ့်မှာလဲ တာဝန်မရှိဘူး။ ဒီတော့ ဓမ္မ၊ အဓမ္မကို သန့်သန့်စင်စင် ခွဲခြား မြင်နိုင်သိနိုင်တယ်။ အပြင်မှာကျတော့ ကိုယ့်ဘဝက ရောထွေးပါလာပြီ။ အမှုတစ်ခုမှာ တရားခံက ထွက်ဆိုနည်းမျိုးပေါ့ကွာ။ 'သူက လက်သီးကြီးနဲ့ လာထိုးလို့ ကျွန်တော်မျိုးက ဓားကလေးနဲ့ ပြန်ခုတ်လိုက်မိပါတယ်' ဆိုတာမျိုးပေါ့။ ဒီတော့ တရားသူကြီးကလဲ 'အော်- ဟိုက လက်သီးလေးနဲ့ ထိုးတာလောက်ကို မောင်မင်းက ဓားကြီးနဲ့ တောင်ပြန်ခုတ်လိုက်သပေါ့' လို့ မေးတာပေါ့။ ဒီစကားနှစ်ခုလုံးမှာ အတ္တသဘောတွေပါနေတယ် မဟုတ်လား။ တရားခံကလဲ သူ့ကိုယ်သူ ညာတာထွက်ဆိုကြောင်း သိသာတယ်။ တရားသူကြီးရဲ့ စိတ်တိုတဲ့ အသံကလဲ သိသာတာပဲ။

ဒီဖြစ်ရပ်ကလေးက ချဲ့ချဲ့ကားကား ဟာသလုပ်ထားတာ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ လူတွေရဲ့ အတ္တသဘာဝကို ထင်ရှားစေတာလဲ အမှန်ပဲ။ ဒီလိုပဲ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံကြီးမှာလဲ တရားသော စစ်၊ မတရားသော စစ်၊ ကျူးကျော်သော စစ်၊ ခုခံတွန်းလှန်သော စစ်၊ လက်ဝဲသွေဖည်ရေး၊ လက်ျာသွေဖည်ရေး စသည်ဖြင့် အော်ကြဟစ်ကြ၊ စွပ်စွဲကြတာတွေ ပေါ်နေတာပါပဲ။ ဒါတွေအားလုံး





ကို ပြန်ပြီး ချုပ်ကြည့်လိုက်တော့ 'အတ္တ' သဘာတွေပဲပေါ့။ ဒါကြောင့် ဓမ္မ၊ အဓမ္မကို မခွဲခြားနိုင်တော့ဘူး။ အတ္တကြောင့် ဒေါသတွေ လောဘတွေ ဝင်လာရတယ် မဟုတ်လား။

ကဲ- ထားလိုက်ဦးစို့။ ငါတို့ဟာ ဘယ်တိရစ္ဆာန်ထက်မဆို လူက သာလွန်တဲ့ အချက်သုံးချက်အကြောင်းကို ဆွေးနွေးနေကြတယ် မဟုတ်လား။ အခု ဘယ်အချက်အကြောင်းကို ဆွေးနွေးကြရင်း ဒီပြဿနာကို ရောက်လာကြသလဲ။

■ ကိုယ်ကျင့်တရားပါ ဆရာ။

● ကိုယ်ကျင့်တရားမရှိရင် အဲဒီလူဟာ တိရစ္ဆာန်နဲ့ ဘာမှ မထူးတော့ဘူး။ ဒါကြောင့် ဒီအပိုင်းကို ကြိုးကြိုးစားစားဆွေးနွေးပေးနေတာ။ ဆက်ကြသေးတာပေါ့ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

● မင်းတို့နဲ့ ငါ ဆွေးနွေးခဲ့တာ ဘယ်အကြောင်းအရာကို ရောက်သွားပြီလဲ။ မှတ်မိကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။ အတ္တကြောင့် ကိုယ်ကျင့်တရားတွေ ပျက်လာကြရတယ်ဆိုတဲ့ အကြောင်းပါ။

● အေး - ဟုတ်တယ်။ ဘာကြောင့် ဒါကို ထပ်ကာထပ်ကာ ပြောနေရသလဲဆိုတာကိုကော သိကြရဲ့လား။

■ ပြောပြပါ ဆရာ။ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်။

● မင်းတို့ကို လူဖြစ်သန်စေချင်လို့ပါ။

■ လူဖြစ်သန်စေချင်တယ်။ လူဖြစ်သန်တယ်ဆိုတာ . . .

● အေး- လူဖြစ်သန်တယ်ဆိုတာ . . . ကိုယ်ကာယ တောင့်တင်းခိုင်မာတာ၊ ဗလကောင်းတာလောက်ကို ပြောတယ်မထင်ကြနဲ့။ စိတ်ဓာတ်ပါ အားကောင်းမောင်းသန်ဖြစ်လာမှ လူဖြစ်သန်တယ်လို့ ပြောနိုင်တာ။ ကြားထဲမှာဖြတ်ပြီး ပြောလိုက်ရဦးမယ်။ ငါ စာပေဟောပြောပွဲတွေမှာ ပြောလေ့ရှိတဲ့ စကားလေးပါပဲ။ ငါ ဖတ်ခဲ့မှတ်ခဲ့ဘူးတာလေးပါပဲ။ ဘယ်သူဘယ်ဝါက ရေးခဲ့ပြောခဲ့ဖူးတယ်ဆိုတာတော့ မေ့နေပြီကွာ။ ပြန်ရှာရင်တော့ တွေ့မှာပါ။ အဲဒါက **လောကကြီးမှာ 'လူတစ်မျိုးပဲ ရယ်တတ်တယ်၊ ရယ်စရာကောင်းတာလဲ လူပါပဲ'** တဲ့။ ဟုတ်တယ်ကွဲ့။ ခွေးတို့၊ ကြောင်တို့၊ ကျားတို့၊ ငါးတို့ စတဲ့ သတ္တဝါတွေဟာ မရယ်တတ်ဘူး။ လူသာ ရယ်တတ်တာ။ အဲ- ရယ်စရာကောင်းတာလဲ လူတစ်မျိုးပဲတဲ့။ အဲဒါလဲ ဟုတ်တာပဲ။





ဆိုပါစို့၊ ကျားတစ်ကောင်က သမင်တစ်ကောင်ကို ကိုက်သတ်ပြီး စားတယ်။ ဝသွားရင် ထားပစ်ခဲ့တာပဲ။ ကျန်တာကို ခွေးစားစားလင်းတဆွဲဆွဲ မစဉ်းစားတော့ဘူး။ လူကတော့ ကိုယ်စားလို့ ဝနေပါလျက် သူများစားတာကို မကြိုက်ကြဘူး။ 'ငါမှငါ' ဆိုတဲ့ အတ္တစိတ်ဟာ လူတွေနဲ့ တိရစ္ဆာန် ဘယ်သူက ပိုပြီးကြီးသလဲဆိုတာ ခန့်မှန်းဖို့တောင် ခက်တယ်။ အဲဒီ **အတ္တစိတ် နည်းသွားသူဟာ 'လူဖြစ်သန်' တာပါပဲ။** ဒီတော့ မင်းတို့က ငါ့ကို 'ဆရာကော လူဖြစ်သန်သလား။ အတ္တစိတ်နည်းသွားသလား' လို့ မေးစရာဖြစ်လာပြန်တယ်။

■ ဟုတ်ပါတယ် ဆရာ။

● အေးပေါ့။ မေးချင်မှာပေါ့။ ငါ့မှာလဲ အတ္တစိတ်ရှိတာပါပဲ။ ငါဆိုတဲ့စိတ်ကို မဖျောက်နိုင်ပါဘူး။ ဒီထက် ဝန်ခံလိုက်ရရင် စာရေးဆရာလောကမှာ ငါဟာ မာန်မာနခက်ထန်သူရယ်လို့ နာမည်ဆိုးတောင် ထွက်လောက်အောင် မာနကြီးပါတယ်။ အတ္တသဘာဝ ပြင်းထန်ပါတယ်။ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်မယ်။ **ငါဟာ ဘယ်သူ့အပေါ်ကိုမှ မဟုတ်မတရားမလုပ်ဘူး။ ငါ မရသင့် မရထိုက်တာကို ဘယ်တော့မှ မယူဘူးဆိုတဲ့ မာနတော့ရှိနေတယ်။ အဲဒီမာနဟာ လူဖြစ်သန်တဲ့မာနလို့ ငါက ပြောချင်တာပဲ။** အေးကွာ ပြောနေရင်း ငါ စိတ်မှာ စွဲနေတဲ့ ဗုဒ္ဓဘာသာက ရှင်သာရိပုတ္တရာအကြောင်းကို ပြန်ပြောရတော့မှာပဲ။ ပါရာယန ဝတ္ထုမှာပါတာလေးပါ။ ရှင်သာရိပုတ္တရာ ကြုံးဝါးတဲ့စကားလေးကို သတိရမိလို့ပါ။ သူ ကြုံးဝါးတာက 'ငါ၏ ဝမ်းဗိုက်တွင် ရှိသော အအူအခွေတို့သည် မွတ်သိပ်လှသောကြောင့် အပြင်သို့ ထွက်ပြီး ကျက်စားလိုက ကျက်စားပစေ၊ ငါမူကား ဝိနည်းတော်နှင့်မညီသော အစားကို မစားတော့ပြီ' တဲ့။ ငါ့မှာလေ- အဲ- ငါ့ဘဝမှာလေ အဲဒီစာကြောင်းလေးဟာ ဩဇာအတော်ကို ကြီးခဲ့ပါတယ်။ အဲဒါကို မင်းတို့က ငါ့ကို အတ္တကြီးသော သူလို့ ပြောကြမလား။

■ မပြောနိုင်ပါဘူး ဆရာ။

● အေးပေါ့ကွ။ အဲဒီလို ပြောစတမ်းဆိုရင် ဘုရားအလောင်းသိဒ္ဓတ္ထဟာ 'ဘုရားမဖြစ်သမျှ ဤနေရာက ငါမထ' လို့ ဓိဋ္ဌာန်တာလဲ



www.burmeseclassic.com

www.burmeseclassic.com



အတ္တကြီးလှချည့်လားလို့ ပြောရမလို ဖြစ်နေမှာပေါ့။ ငါက မင်းတို့ကို အဲဒီလို မာနမျိုး ရှိစေချင်တယ်။ ငါတို့ ဗမာစကားမှာ 'လျှာမြက်ပင်ပေါက်ပစေတော့' ဆိုတဲ့ ဆိုရိုးစကားရှိတယ်။ ငတ်သေပစေ မဟုတ်မတရား လုပ်မစားဘူးဆိုတာမျိုးပေါ့ကွယ်။ အဲဒီစကားဟာ အလွန်ကောင်းတဲ့မာနကို ဖော်ပြတာပါပဲ။ ငါက အဲဒီလိုလူမျိုးကို 'လူဖြစ်သန့်တယ်' လို့ ပြောချင်တာ။ ငါက မင်းတို့ကို လူဖြစ်သန့်စေချင်တာ။ ကိုင်း - ငါတို့ဆွေးနွေးခဲ့ကြတာတွေကို ပြန်ပြီး ကောက်ကြရအောင်။ ငါတို့ ဘာအကြောင်းကို ဆွေးနွေးနေကြတာလဲ။

■ လူက တိရစ္ဆာန်ထက်သာတဲ့ အချက်သုံးခုမှာ ကိုယ်ကျင့်တရားအကြောင်းကို ဆွေးနွေးနေတာပါ ဆရာ။

● အေးကွဲ့။ ကိုယ်ကျင့်တရား မာနမကြီးရင် လူဖြစ်မသန့်ဘူး။ ဒါကြောင့် မင်းတို့ကို ကိုယ်ကျင့်တရားမာနကြီးစေချင်တယ်။ လူတွေက မာနကြီးတတ်ကြတယ်။ မိဘ စည်းစိမ်နဲ့ ပတ်သက်လို့ မိဘရဲ့ ရာထူးဂုဏ်ရှိန်နဲ့ ပတ်သက်လို့ မောက်မာတတ်ကြတယ်။ မာနကြီးတတ်ကြတယ်။ မင်းတို့လဲ တွေ့ကြဖူးမှာပါ။ အထူးသဖြင့် မင်းတို့ လူငယ်တွေ လောကမှာ ပိုပြီး ဖြစ်တတ်ကြပါတယ်။ တကယ်ဆိုတော့ ရှက်စရာကောင်းပါတယ်။ ဖြစ်သင့်တာက စာရိတ္တ၊ ကိုယ်ကျင့်တရား မာနပေါ့ကွဲ့။ စကားဖြတ်ပြီး ငါ့ရဲ့ ငယ်စဉ်ပုံပြင်ကလေးတစ်ခုကို ပြောခဲ့ဖူးပါသေးတယ်။ ငါတို့ငယ်ငယ်က ဖတ်စာထဲမှာ ပါတာပါ။

ဒီသာပါမောက္ခဆရာကြီးက သူ့တပည့်တွေကို 'အိမ်က အဖိုးတန်ဆုံး ပစ္စည်းရတနာကို ဘယ်သူမှ မသိအောင် ယူခဲ့ကြစမ်း' လို့ခိုင်းတဲ့ ဝတ္ထုလေးပေါ့။

ပုံဝတ္ထုက ပဓာနမဟုတ်ပါဘူး။ မိမိကိုယ်ကို လေးစား ရိုသေခြင်းက ပဓာနဖြစ်ပါတယ်။ အဲဒါဟာ ကိုယ်ကျင့်မာနတရား ဖြစ်ပါတယ်။ မင်းတို့တစ်တွေကို အဲဒီမာနမျိုးနဲ့ လူဖြစ်သန့်ကြီးပွားလာတဲ့ မျိုးဆက်တွေ ဖြစ်စေချင်တယ်။

ကဲ - ငါပြောတဲ့ မာနမျိုး မရှိသင့်ဘူးလား။ အဲဒါမျိုးကို အတ္တကြီးတယ်လို့ ခေါ်သင့်သလား။

■ မခေါ်သင့်ပါဘူး ဆရာ။ တကယ်ရှိသင့်တဲ့ မာနပါပဲ။





● နောက်တစ်ခု သမိုင်းဖြစ်ရပ်ကလေးတစ်ခုကို ပြောချင်ပါသေးတယ်။ ငါတို့ မြန်မာ့သမိုင်းတော့ မဟုတ်ပါဘူး။ ကမ္ဘာ့သမိုင်းထဲမှာ တွေ့ဖူးတာပါ။ အဲဒါလဲ အင်္ဂလိပ်ဖတ်စာအုပ်ကလေးထဲမှာ တွေ့ခဲ့ဖူးတာပါ။ ဘယ်ဖတ်စာအုပ်လဲ မမေးနဲ့တော့ကွာ။

■ ရပါတယ် ဆရာ။ အရေးကြီးတာက ဖြစ်ရပ်နဲ့မှတ်သားစရာပါ။

● အေး - အဲဒီလို ခွဲသိတာကောင်းတယ်ကွ။ ဖြစ်ရပ်က ပြင်သစ်ပြည် နပိုလီယံနန်းကျပြီးစအချိန်ပါ။ နပိုလီယံက ဝါတာလူးစစ်ပွဲကြီးမှာ အရေးနိမ့်သွားတယ်။ သူ့ကို နိုင်အောင် တိုက်ခဲ့တဲ့ အင်္ဂလိပ်စစ်ဗိုလ်ကြီးက လော့ဒ်ဝယ်လင်တန်ဆိုတာပါပဲ။ ဝယ်လင်တန်က ပြင်သစ်မှာ ရှိနေခိုက် သမင်လိုက် အမဲကစားဖို့ထွက်တယ်။ မြင်းကိုယ်စီနဲ့ပေါ့။ အဲဒီမှာ သမင်က တောင်ယာခြံကြီးတစ်ခုထဲကို ခုန်ဝင်ပြေးသွားတယ်။ ဒီတော့ နောက်ကလိုက်လာတဲ့ ဝယ်လင်တန်နဲ့ အခြံအရံတွေက ခြံတံခါးကိုဖွင့်ပြီး ဝင်ဖို့လုပ်တယ်။ ခြံစောင့်တဲ့ကလေးက တံခါးကို လုံးဝအဖွင့်မခံဘူး။ ဒီတော့ အခြံအရံတစ်ယောက်က ယာစောင့်လူငယ်လေးကို 'မင်း တံခါးကို ဖွင့်ပေးပါ။ အခုလာတာ စစ်ဗိုလ်ချုပ်ကြီး ဝယ်လင်တန်ဖြစ်တယ်လို့' ပြောလိုက်တယ်။ ဒီတော့ လူလင်ငယ်လေးက 'ဘယ်သူလာလာ ဖွင့်မပေးရဘူးလို့ ကျွန်တော့်ကို သခင်က မှာထားတယ်။ ဘယ်သူလာလာ ကျွန်တော် မဖွင့်နိုင်ဘူး' လို့ ပြောတယ်။ နောက်လိုက် စစ်သည်တော်တစ်ဦးက အတင်းဖွင့်မယ် လုပ်တယ်။ ဗိုလ်ချုပ်ဝယ်လင်တန်က တားတယ်။ ပြန်လှည့်လာကြတယ်။ အဲဒီထိအောင်က အရေးမကြီးသေးဘူး။ အဲဒီကောင်လေးက သူ့ဆရာသမားကို လှမ်းပြောလိုက်တဲ့ အသံကို ကြားလိုက်ရမှ ဗိုလ်ချုပ်ဝယ်လင်တန်က ဟက်ဟက်ပက်ပက် ရယ်မောတော့တယ်။ ကောင်လေးပြောလိုက်တာက

'ဆရာရေ၊ နပိုလီယံတောင် ရှုံးနိမ့်ခဲ့ရတဲ့ အင်္ဂလိပ်ဗိုလ်ချုပ်ကြီးကို ကျွန်တော် မောင်းထုတ်လိုက်ပြီ' တဲ့။

ဗိုလ်ချုပ်ကြီးဝယ်လင်တန်က ရယ်မောလိုက်တဲ့ပြီး မှတ်ချက်ချလိုက်တဲ့ စကားက -

'ဒီလိုလူငယ်မျိုး တပ်ရင်းတစ်ခုစာလောက်ရှိရင် ကမ္ဘာကြီး တစ်ခုလုံး ငါ သိမ်းနိုင်ပါတယ်ကွယ်' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း - ကြည့်စမ်း။ စာရိတ္တသတ္တိ၊ စာရိတ္တမာန မကြီးကြပေဘူးလား။ ယာစောင့်ကောင်လေးသာ မဟုတ်ဘူး။ ဗိုလ်ချုပ်ဝယ်လင်တန်ကကော စာရိတ္တမာန မကြီးပေဘူးလား။ **နပိုလျံကို နိုင်အောင် တိုက်ခဲ့တယ်။ အနိုင်ယူခဲ့တယ်။ ဒါပေမဲ့ ယာစောင့်ကလေးငယ်ကိုတော့ အနိုင်မကျင့်ပေဘူး။**

ငါက မင်းတို့တစ်တွေကို အဲဒီလို စာရိတ္တမာန၊ ကိုယ်ကျင့်သတ္တိ တစ်ခဲနက် ပြည့်ဝနေတဲ့ မျိုးဆက်သစ်တွေ ဖြစ်လာစေချင်တာကြောင့် ဒါတွေကို ပြောပြနေတာ။

ကောင်းပြီ။ မျက်ခြည်ပြတ်သွားမှာ စိုးတာကြောင့် မူလပြောနေတဲ့ စကားကို ပြန်ကောက်ကြဦးစို့၊ ငါတို့ ဘာအကြောင်းကို ပြောနေကြတာလဲ။

■ တိရစ္ဆာန်အားလုံးထက် လူက သာတဲ့အချက်သုံးချက်မှာ ကိုယ်ကျင့်တရားအကြောင်းကို ပြောနေတာပါ ဆရာ။

● အေး - ဟုတ်တယ်။ ကိုယ်ကျင့်တရားမရှိတော့ဘူးဆိုရင် လူပင်ဖြစ်နေသော်လဲ လူဖြစ်သန်သူ မဟုတ်တော့ဘူး။

■ သီလဆိုတာလဲ ကိုယ်ကျင့်တရားပဲပေါ့နော် ဆရာ။

● အေးပေါ့ကွဲ့။ ဗုဒ္ဓဘာသာမှာ သီလလို့ ခေါ်တာပေါ့။ ခရစ်ယာန်မှာ ပညတ်တော် စသည်အားဖြင့် ဘာသာတရားအလိုက် ခေါ်ကြမှာပေါ့။ ဒါပေမဲ့ အကျဉ်းချုပ်ကြည့်လိုက်ရင် ကိုယ်ကျင့်တရားပါပဲ။ အဲဒီကိုယ်ကျင့်တရားဆိုတာရဲ့ ရင်းမြစ်ကို ပြန်ရှာကြည့်လိုက်တော့လဲ . . .

■ ဟုတ်ကဲ့ ဆရာ . . . တကယ်စိတ်ဝင်စားဖို့ကောင်းပါတယ်။ ကိုယ်ကျင့်တရားရဲ့ အရင်းအမြစ်က . . .

● မိမိကြောင့် တစ်ပါးသူကို မထိခိုက်စေတာပေါ့ကွယ်။ ဒီလိုကွယ် - 'လူ' ဟာ မိမိတစ်ယောက်တည်းနေနိုင်သလား . . .

■ မနေနိုင်ပါဘူး ဆရာ။ အဖွဲ့အစည်းနဲ့အတူ ရောပြီး နေရတာပါ။

● အဖွဲ့အစည်းနဲ့ နေရပြီဆိုတော့ လူ့အဖွဲ့အစည်းရဲ့ စည်းကမ်းကို လိုက်နာရတော့မှာပေါ့။ ဒါပေမဲ့ လူတိုင်းမှာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားတွေက ရှိနေကြတာကိုး။ လိုချင်စရာ၊ မက်မော





စရာ ပစ္စည်းကို တွေ့လိုက်ရင် လိုချင်မက်မောတာပေါ့။ ဒါပေမဲ့ သူတစ်ပါးပစ္စည်း ကိုယ်က ရပိုင်ခွင့်မရှိတဲ့ ပစ္စည်းဖြစ်နေရင် မယူရဘူး။ မယူဘူး။ ကိုယ့်လောဘကို ချုပ်တည်းလိုက်တယ်၊ **ကိုယ့်ဘာသာကိုယ် ဆုံးမရတဲ့တရား**။ ဒါကြောင့် ကိုယ်ကျင့်တရားလို့ ပြောရတာ။ စောစောပိုင်းက မင်းတို့ကို ငါ ပြောခဲ့ဖူးပါတယ်၊ ကလေးတွေဟာ သူတို့လိုချင်တာကိုပဲ သိတယ်။ ကိုယ့်ပစ္စည်း သူ့ပစ္စည်းရယ်လို့ မခွဲခြားနိုင်ဘူး။ နည်းနည်းအသိစိတ်ရင့်ကျက်လာမှ ဒီသဘောကို နားလည်လာကြတယ်ဆိုတာ မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။

● အေး - ကလေးတွေဟာ နောက်တစ်ဆင့် ရင့်ကျက်လာတော့ သူ့ပစ္စည်း၊ ကိုယ့်ပစ္စည်း ခွဲခြားနိုင်လာကြသလို လူကြီးတွေမှာလဲ လူဖြစ်သန်လာတဲ့ လူကြီးတွေဟာ ကိုယ်ရပိုင်ခွင့် ဟုတ် မဟုတ် ခွဲပြီး သိလာတတ်ကြတာပဲ မဟုတ်လား။ အဲဒါ ကိုယ်ကျင့်စောင့်စည်းမှုပေါ့။

ကဲ - တော်ကြဦးစို့ကွာ။ နောက်တစ်ပတ်ပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

- ● မင်းတို့နဲ့ ဆွေးနွေးခဲ့တဲ့ ပဓာနအချက်ကြီးတွေကို မျက်ခြည်မပြတ်ကြစေနဲ့ကွ။ ပဓာနအချက်ကြီးတွေကို မမေ့ကြနဲ့။ ဘာတွေလဲ မှတ်မိကြသေးလား။
- ■ မှတ်မိပါတယ် ဆရာ။ လူက တိရစ္ဆာန်ဟူသမျှထက် သာတဲ့ အချက်ကြီး သုံးချက်ပါ။
- ● ဘာတွေလဲ။ ပြောကြဦး။
- ■ ကျိုးကြောင်းဆင်ခြင်ဉာဏ်ပညာကြီးခြင်း၊ ကိုယ်ကျင့်တရားရှိခြင်း၊ အလှအပကို ခံစားဖန်တီးနိုင်ခြင်းပါ ဆရာ။
- ● အေး- ဟုတ်တယ်။ အခြေခံက ဒီအချက်သုံးချက်ပဲ ရှိတယ်။ အဲဒီအချက်သုံးချက်ကို ဥပမာတွေ၊ သာဓကတွေနဲ့ ရှင်းလင်းပြီး မင်းတို့ကို သင်ကြားပေးနေတာပါပဲ။ ငါပြောသမျှတွေကို လိုရင်းပြန်ချုပ်လိုက်ရင် အဲဒီသုံးချက်ပါပဲ။ အဲဒီသုံးချက်မှာ တစ်ချက်လျော့သွားရင် လူဖြစ်မသန်တော့ဘူး။ အထူးသဖြင့်ကတော့ ကိုယ်ကျင့်တရားပဲပေါ့ကွယ်။ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီးတော့လဲ အတော်လေး ရှင်းပြခဲ့ပြီးပါပြီ။ ဒီတော့ နောက်ဆုံးအချက်ကို သွားကြစို့ရဲ့။ နောက်ဆုံး တတိယအချက်က ဘာလဲ။
- ■ အလှအပကို ခံစားနိုင်ခြင်း၊ ဖန်တီးနိုင်ခြင်းပါ ဆရာ။
- ● ဘယ်လိုဟာမျိုးတွေလဲ ပြောကြည့်ကြစမ်းကွာ။
- ■ ပန်းချီ၊ ပန်းပု စတဲ့ အနုပညာတွေပေါ့ ဆရာ။
- ● မင်းအဖြေက အဆင့်တွေအများကြီး ကျော်သွားပြီကွ။ အဲဒါတွေက





ဖန်တီးတဲ့အဆင့်ကို ရောက်နေပြီ။ ခံစားတဲ့အဆင့်ကို စဉ်းစားစမ်းပါဦး။

- ■ ပန်းချီ၊ ပန်းပုစတဲ့ အနုပညာတွေကို ခံစားနိုင်တာပေါ့ ဆရာ။
- ● ဒါလဲ အဆင့်ကျော်နေသေးတာပဲကွ။ ကဲ - မင်းတို့တစ်တွေ ကိုယ်တိုင် ခံစားမိတဲ့ အလှအပကို စဉ်းစားကြည့်စမ်းပါ။ မင်းတို့ မေ့နေကြလို့ပါ။ ဩကာသလောကလို့ ခေါ်တဲ့သဘာဝအလှတွေကို မင်းတို့ မခံစားမိကြဘူးလား။ ပြန်ပြီး စဉ်းစားကြည့်စမ်းပါ။
- ■ ဟုတ်တယ် ဆရာ။ တိမ်တောက်တာတို့၊ နှင်းကျတာတို့ စတဲ့အလှတွေကို ခံစားမိကြပါတယ် ဆရာ။
- ● အေးပေါ့ကွ။ နေဝင်ချိန်မှာ တိမ်တောက်နေတယ်။ ကိုယ်က အင်းလျားကန်စပ်မှာ ထိုင်နေတယ်။ တိမ်စွယ်တိမ်ရိပ်ရောင်စုံက အင်းလျားရေပြင်မှာ ဟပ်နေတယ်။ ကြည့်လို့မဝနိုင်ဘူး။ ငါတို့ တက္ကသိုလ်ကျောင်းသားဘဝက အင်းလျားကမ်းစပ်မှာ အခုလို စားပွဲရုံတွေ၊ ဈေးဆိုင်တွေ မရှိဘူး။ ရှင်းနေတာပဲ။ တက္ကသိုလ် လှေလှော်ရွက်တိုက်အသင်းရုံ (Boat Club)ကလဲ ရှင်းနေတာပဲ၊ ညတိုင် လသာသာ သန်းကောင်သန်းလွဲထိအောင် အဲဒီ Boat Club ကမ်းစပ်မှာ ထိုင်ပြီးနေတတ်ပါတယ်။ ရုပ်ရှင်ကြည့်ရတာနဲ့လဲ မတူဘူး။ လက်ဖက်ရည်ဆိုင်ထိုင်ရတာနဲ့လဲ မတူဘူး။ လောဘဒေါသလဲ မရှိဘူး။ တကယ်ကို သည်အတိုင်း ကြည်နူးနှစ်သိမ့်နေတာ။ တကယ်လို့ ကိုယ့်မှာ ချစ်ရေးကြင်ရေးနဲ့ ပတ်သက်ပြီး အဆွေးဓာတ်ခံရှိနေရင်တော့လဲ ဆွေးနေလွမ်းနေမှာပေါ့ကွာ။ အဲဒီလိုမဟုတ်ရင် ညခင်းရဲ့အလှနဲ့ လမင်းရဲ့အလှမှာ နှစ်မျောနေဒတော့တာပါပဲ။ အဲဒီလို အလှကို ခံစားနိုင်တာ လူရဲ့ထူးခြားချက်ပါပဲ။
- ■ တိရစ္ဆာန်တွေက အလှကို မခံစားနိုင်ဘူးလား ဆရာ။
- ● မခံစားနိုင်ဘူး၊ မခံစားတတ်ဘူးလို့ပဲ ယူဆရတယ်။ ဥပမာဆိုပါတော့ကွယ်။ ဒေါင်းတွေကို မင်းတို့ သိပါတယ်။ ဒေါင်းဖိုတွေ အမြီးဖြန့်ကားပြီး ကတတ်တာကိုလဲ မင်းတို့ သိပါတယ်။ ဒေါင်းဖိုတွေ ကတာဆိုရင် ငါတို့လူတွေရဲ့ မျက်စိထဲမှာ အလွန်လှတယ် ထင်တာပဲ။ ငါတို့ မြန်မာပြည်ရဲ့ သင်္ကေတဟာ ဒေါင်းကနေဟန်၊ က, ဒေါင်းဖြစ်တယ် ဆိုတာ မင်းတို့ သိသားပဲ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဒေါင်းမရှေ့မှာ ဒေါင်းဖိုက ကတာဟာ လူပျိုလှည့်တဲ့ သဘောနဲ့ အလှပြကြတာလို့ ပြောကြတာပဲ။ ကမ္ဘာ့တွေးခေါ်ပညာရှင်ကြီး ဘာထရမ်ရပ်ဆယ်ကတော့ 'ကျုပ်လဲ ဒေါင်းမရှေ့မှာ ဒေါင်းဖိုက ကနေတာ သတိထားကြည့်ဖူးပါတယ်။ ဒေါင်းမကို သတိထား ကြည့်လိုက်တော့ ဒေါင်းဖိုက ဘယ်လောက်ပဲ ကနေနေ သူက အမှတ်မထင်ပါပဲ။ ဂရုမစိုက်လှပါဘူး။ တအံ့တသြနှစ်သက်တဲ့ လက္ခဏာမပြပါဘူး' လို့ ရေးဖူးပါတယ်။

■ ကြက်တူရွေးတို့လို နှုတ်သီးနီနီ၊ ကိုယ်လုံးစိမ်းစိမ်း၊ ငှက်ခါးတို့လို ပြိုးပြိုးပြောင်ပြောင် အရောင်လက်နေတဲ့ ငှက်တွေကော မလှဘူးလား ဆရာ။

● ဒါက မင်းခံစားမိတာကိုးကွဲ့။ သူတို့ တိရစ္ဆာန်အချင်းချင်းမှာတော့ဖြင့် လှတယ်လို့ ထင်ချင်မှထင်မှာပေါ့။ ကဲ - ခိုလေးတွေကော မလှဘူးလား။ ခြေထောက်ကလေးတွေဆိုရင် ရဲနေတာပဲ။

■ လှပါတယ် ဆရာ။

● အေး - မင်းတို့ကသာ လှနေတာ။ ပြောလိုက်ရဦးမယ်။ ငါ့အိမ်ရှေ့မှာ ပန်းခြံလိုလို၊ ပန်းရုံလိုလို ချုံနွယ်အုပ်အုပ်ကလေးတစ်ခုရှိတယ်။ ငါ့အိမ်က ကြောင်က အဲဒီချုံအုပ်ထဲက ချောင်းပြီး ခိုတွေကို ခုပ်ခုပ်စားတာ ငါသိတာတင် သုံးလေးကောင်ရှိပြီ။ သူတို့က 'ဒီအကောင်တွေ စားလို့ကောင်းမှာပဲ' ဆိုတာမျိုးလောက်ပဲ တွေးမိကြမှာပေါ့။ ဒီ ့ အတောင်ပြာလဲ့လဲ့ အရောင်တွေကို ဂရုစိုက် အရသာခံနေဟန်မရှိပါဘူး။

■ ခွေးတွေကြောင်တွေလဲ ဒီလိုပဲရှိမှာပဲ ထင်တယ် ဆရာ။

● အေး- ငါလဲ အဲဒီလိုပဲ ထင်တယ်။ ငါတို့လူတွေကသာ 'ဟယ်- ကြောင်လေးနှယ် လှလိုက်တာ။ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူပြီး မျက်လုံးနဲ့ နှာရောင်က အနက်ကွက်ကလေးနဲ့ဟဲ့' ဘာညာနဲ့ ပြောကြတာကိုးကွဲ့၊ ခွေးကတော့ဖြင့် ကိုယ့်အိမ်က ကြောင်မဟုတ်ရင် လိုက်ကိုက်မှာပဲ။ ခွေးတွေမှာလဲ ဒီလိုပဲ။ လူတွေကသာ အမွေးစုတ်ဖွားနဲ့ ခွေးလေးကို လှတယ်။ ခွေးသမင်တွေကိုလဲ မြီးတန်ကြော့ကြော့၊ ခါးကော့ကော့နဲ့ လှလိုက်တာ ဘာညာနဲ့ ပြောနေကြတာကိုး။





သူတို့ခွေးချင်းမှာတော့ဖြင့် ခွေးထီးက ခွေးမတွေကြားထဲမှာ ကိုယ်လုံးကိုယ်ပေါက် ကြော့ကြော့ရှင်းရှင်းလှနေတဲ့ ခွေးမရယ်လို့ ခွဲခြားနေဟန်မတူပါဘူး။

■ တိရစ္ဆာန်တွေဟာ ခုနကပြောခဲ့တဲ့ တိမ်တောက်တာတို့ ဘာတို့ဆိုတဲ့ သဘာဝအလှကိုလဲ မခံစားနိုင်ဘူး ထင်တယ်။

● ငါလဲ အဲဒီလိုပဲ ထင်တယ်။ မခံစားနိုင်ကြပါဘူး။

■ ဒါပေမဲ့ အဲဒီအခါမျိုးတွေမှာ သာသာယာယာ တွန်ကြကူးကြတယ် ဆရာ။

● အဲဒါက အလှအပကြောင့်မထင်ဘူး။ ရာသီဥတုသာယာလို့ နေကောင်းထိုင်သာရှိတာကြောင့် မြူးကြွေးတာဖြစ်မှာပါပဲ။

■ ပန်းရောင်စုံတွေ စိမ်းလန်းစိုပြေတဲ့သစ်ရွက်တွေရဲ့ အလှကိုကော ခံစားနိုင်မယ်ထင်သလား ဆရာ။

● ငါတော့ မထင်ဘူး။ ပန်းတွေကြောင့် ကြည်နူးတာ မဟုတ်ဘဲ ပန်းတွေကို ဝတ်ရည်လာစုတ်တဲ့ ပျားတို့လို အကောင်လေးတွေကို ပေါပေါများများ စားရလို့ ပျော်နေကြတာ ဖြစ်ကောင်းဖြစ်မှာပေါ့။

■ ကျီးကန်းတွေကိုလဲ ကျန်တဲ့ငှက်တွေက အရုပ်ဆိုးတယ်လို့ ထင်ချင်ထင်မှာပေါ့ ဆရာ။

● ကျီးကန်းကို အရုပ်ဆိုးတယ်ဆိုတာကလဲ မင်းက ထင်နေတာကိုး၊ မင်းရဲ့ စိတ်ထင် ပြောတာကိုး။ သူတို့ငှက်ချင်းကျတော့ အဲဒီလို ထင်ချင်မှ ထင်မှာပေါ့။ သတိရလာလို့ ပြောလိုက်ရဦးမယ်။ ငါ့အိမ်မှာ ဝရန်တာလေးရှိပါတယ်။ အဲဒီ ဝရန်တာမှာ ပက်လက်ကုလားထိုင်တစ်လုံး ချထားတော့ အဲဒီမှာ ငါက စာဖတ်လေ့ရှိပါတယ်။ ဝရန်တာနဲ့ တစ်ပြေးတည်းလောက်မှာ တယ်လီဖုန်းကြိုးတန်းလေးရှိတယ်၊ ငါနဲ့ လေးငါးခြောက်ပေလောက်ကွာပါတယ်။ အဲဒီမှာ ကျီးကန်းတွေ လာနားတတ်တယ်။ ငါ့ကို အန္တရာယ်မပြုတတ်တဲ့ လူမှန်း သိလေတော့ အေးအေးဆေးဆေးနားရင်းက ဟိုကြည့်လိုက်၊ ဒီကြည့်လိုက်၊ ငါ့ကို ကြည့်လိုက်၊ ခေါင်းကလေးကို ငဲ့ကာငဲ့ကာ ကြည့်နေပုံဟာ အတော်လေး ကြည့်လို့ကောင်းတယ်။ သေချာကြည့်တော့မှ သူတို့ အမွေးအတောင်တွေဟာ အထူးသဖြင့် ခေါင်းနား၊ နှုတ်သီးနားက



www.burmeseclassic.com

www.burmeseclassic.com



အမွေးတွေဟာ နတ်မှောင်ပြီး အရောင်တောက်နေတယ်။ အတော်လေးကိုလှတဲ့ အရောင်ပါပဲ။

■ ကျွန်တော်တို့ကဖြင့် လှတယ်မထင်ပါဘူး ဆရာ။

● မင်းတို့ငါတို့စိတ်ထဲမှာ အရုပ်ဆိုးတယ်လို့ထင်သွားရတာက ကျီးကန်းရဲ့ ကိုယ်ကျင့်တရားကြောင့်ကွ။ ဒီအကောင်က အလစ်သုတ်တတ်တယ်။ သတ္တိကောင်းတယ်။ သူက မျက်စိရှင်တော့ လူရိပ်လူကဲ အလစ်ကို ကြည့်တတ်တယ်။ လစ်ရင်သုတ်တော့တာပဲ။ သူ့ကို ပစ်ဖို့ ခတ်ဖို့ကလဲ မလွယ်ဘူး။ ဒီတော့ လူက ခံပြင်းတာပေါ့ကွာ။ ခံပြင်းတော့ မုန်းတာပေါ့။ ဒီနေရာမှာ ကိုယ်ကျင့်တရားဆိုတာက ဝင်လာပြန်ရော။ ကျီးကန်းကိုသာ မဟုတ်ဘူး၊ လူအချင်းချင်းမှာလဲ ကိုယ်ကျင့်တရားပျက်ရင် အထင်သေး ရွံမုန်း ဖြစ်လာတတ်တာပဲ။ မိန်းကလေး၊ သို့မဟုတ် ယောကျ်ားလေးတစ်ယောက်ဟာ မျက်နှာသွင်ပြင်၊ ကိုယ်ပေါက်ကိုယ်ရောက် ဘယ်လောက်ပဲ လှနေစေဦးတော့ အကျင့်ယုတ်တယ်ဆိုတာ သိလာရရင် ချောတယ်လှတယ် မထင်တော့ဘူးကွ။ ကျီးကန်းကို အရုပ်ဆိုးတယ်လို့ထင်တာက သူ့ကိုယ်ကျင့်ကြောင့်ကွ။

■ ကိုယ့်ကျင့်ကြောင့်ချည်းပဲလား ဆရာ။ ကျွန်တော်တို့ လူတွေက လင်းတဲ့အရောင်ကို မှောင်တဲ့အရောင်ထက် ပိုကြိုက်တတ်ကြတယ် ထင်တယ်။

● အေး - မင်းပြောတာလဲ စဉ်းစားစရာပဲ။ ငါတို့ တက္ကသိုလ် စိတ်ပညာဌာန လက်တွေ့စမ်းသပ်ခန်းမှာ ကြွက်တွေနဲ့ စမ်းသပ်ဖို့ ကြွက်ဖြူလေးတွေကို မွေးထားလေ့ရှိတယ်။ ဒါနဲ့ ငါက စိတ်ပညာဌာနက ဆရာကြီးတစ်ယောက်ကို 'ကြွက်အမည်းတွေနဲ့ကော စမ်းလို့မရဘူးလား' ပေါ့။ ဆရာကြီးပြောတာက 'အတူတူပဲပေါ့ ဆရာရယ်။ ဒါပေမဲ့ ကျောင်းသူမိန်းကလေးတွေလဲ ပါတယ်မဟုတ်လား။ သူတို့က ကြွက်အမည်းဆိုရင် ကြောက်သလိုလို ရွံ့ရှာသလိုဖြစ်ပေမဲ့ ကြွက်ဖြူလေးတွေကျတော့ ချစ်တတ်ကြတယ်ဗျ။ ဒီတော့ ကြွက်ဖြူက လုပ်ငန်းအတွက် အသုံးတည့်နေတယ် မဟုတ်လား' လို့ ပြန်ဖြေဖူးပါတယ်။ ဒီတော့ မင်းတို့ပြောသလို လူတွေက အမှောင်ထက် အလင်း





ကို ပိုပြီး နှစ်သက်တဲ့ [illegible] အမှန်ပဲလို့ ငါ ယူဆပါတယ်။ ခုနက ငါပြောခဲ့တဲ့ နွယ်ချိုကလေးထဲကို လက်မလောက် ငှက်တွေလဲ လာတတ်တယ်။ မည်းနက်နေတာပဲ။ သူတို့က အလွန်ကို ရှက်တတ်ကြောက်တတ်သလိုပဲ။ လူက သူတို့ကို ဂရုတစိုက်ကြည့်နေမှန်းသိရင် သစ်ရွက်တွေကြားထဲ ပုန်းရှောင်သွားတတ်တယ်၊ သို့မဟုတ်ရင်လဲ လှစ်ခနဲ ပျံပြေးတော့တာပဲ။ မည်းနက်နေပေမဲ့ အဲဒီငှက်ကလေးတွေကျတော့ ချစ်သနားနေမိပြန်ရော။ ဒီတော့ ကျီးကန်းကို မုန်းတာကတော့ ကိုယ်ကျင့်တရားနဲ့ ပိုဆိုင်တယ်လို့ ထင်မိတာပဲ။ မင်းတို့လဲ ဆက်ပြီး စဉ်းစားကြဦးပေါ့ကွာ။ ငါပြောတာကို တရားသေမှတ်ဖို့မဟုတ်ပဲ။

အရေးကြီးတဲ့အချက်က လူတွေဟာ အလှအပကို ခံစားတတ်တယ်။ ဩကာသလောကကြီးမှာရှိတဲ့ သက်မဲ့ပစ္စည်း၊ သက်ရှိပစ္စည်းတွေ အားလုံးရဲ့ အလှအပကိုရော၊ အကျည်းတန်ရုပ်ဆိုးမှုကိုရော ခံစားတတ်တယ်ဆိုတဲ့ သဘောကို ပြောပြတာပါ။

■ အကျည်းတန်အရုပ်ဆိုးတာကိုကော ခံစားမိသလား ဆရာ။

● ခံစားမိတာပေါ့ကွဲ့။ မင်းတို့ကိုယ်တိုင် ခံစားမိနေတာတွေကို မေ့နေကြလို့ပါ။ ငါပြောပြလိုက်ရင် လက်ခနဲ သိမှာပါပဲ။ ကဲကွယ် - ရွံ့တွေ ဗွက်တွေ အမှိုက်သရိုက်တွေနဲ့ ပြည့်နေတဲ့လမ်းကို မြင်ရတာနဲ့ သန့်ရှင်းပြောင်စင်နေတဲ့လမ်းကို မြင်ရတာချင်း တူသလား။

■ ဟုတ်ပါ့ ဆရာ။ ကျွန်တော်တို့က မျက်စိအောက် အမြဲတမ်းတွေ့နေရပါလျက်၊ ခံစားမိနေပါလျက် ဆရာပြောသလို မေ့နေတယ် ဆရာ။ အဲဒါဆိုရင် အကျည်းတန်အရုပ်ဆိုးတာကိုလဲ ခံစားမိတာပေါ့နော်။

● အေးပေါ့ကွ။ နှစ်သက်တဲ့ ခံစားမှုကို ဣဋ္ဌာရုံလို့ ခေါ်တယ်။ မနှစ်သက်တဲ့ခံစားမှုကိုတော့ အနိဋ္ဌာရုံလို့ ခေါ်တယ်။ နှစ်မြို့ဖွယ်သော အာရုံ၊ မနှစ်မြို့ဖွယ်သော အာရုံ။ လူဟာ အလှအပကို ခံစားတတ်တယ်ဆိုကတည်းက အရုပ်ဆိုးအကျည်းတန်တာကိုလဲ ခံစားနိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်သွားတာပေါ့။

■ အလှအပကို ခံစားနိုင်တယ်၊ ဖန်တီးနိုင်တာတွေကို ဆက်ပါဦး ဆရာ။

● မင်းတို့ကို ခုနကပြောခဲ့တဲ့အထဲမှာ ရွံ့တွေ၊ ဗွက်တွေ အမှိုက်သရိုက်တွေနဲ့ ပြည့်နေတဲ့လမ်း။ ရှင်းလင်းပြောင်စင်နေတဲ့ လမ်းလို့ ပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်။ ရှင်းလင်းပြောင်စင်နေတဲ့ လမ်းဟာလဲ လူတွေ ဖန်တီးတာပဲ မဟုတ်လား။ မင်းတို့ကော မကြိုက်ဘူးလား။

■ ကြိုက်တယ် ဆရာ။ လှလဲ လှတယ်။ ဣန္ဒြေရှိပေါ့ ဆရာ။

● အဲဒီလို လမ်းမကြီးတွေမှာသာ မဟုတ်ဘူး။ မင်းတို့အိမ်မှာလဲ ပြန်ကြည့်လိုက်ပါလား။ ဧည့်ခန်းဆိုရင်ပဲ ပြောင်လက် သန့်ရှင်းနေအောင် တံမြက်လှည်းထားတယ်။ ပျဉ်ခင်းဆိုရင်လဲ ရေဖတ်တိုက်ကြတယ်။ စားပွဲလေးကုလားထိုင်လေးတွေကို ပြောင်လက်တောက်ပနေအောင် လုပ်ထားတယ်။ စားပွဲပေါ်မှာ ပန်းအိုးလေးတောင် တင်လိုက်ကြသေးတယ်။ အဲဒါတွေအားလုံးဟာ အလှအပကို ဖန်တီးတာတွေပဲ မဟုတ်လား။

■ မြို့နယ်စည်ပင်၊ ရပ်ရွာစည်ပင်တို့ လုပ်နေကြတာတွေပေါ့။

● အေး - သူတို့ကတော့ အလှအပကိုသာလျှင်မကဘူး။ ကျန်းမာသန့်ရှင်းရေးကိုပါ ရည်ရွယ်ဆောင်ရွက်ကြတာပေါ့ကွာ။ အလှအပသဘောကတော့ နေရာတကာမှာ လွတ်ကိုမလွတ်ပါဘူး။ လမ်းဘေးရေအိုးစင်ကလေးက စလို့ ထုံးသုတ်၊ ဆေးသုတ် လုပ်တတ်ကြတယ် မဟုတ်လား။

ဖြတ်ပြီးပြောလိုက်ရဦးမယ်။ ငါ စာတစ်အုပ်ထဲမှာ ဖတ်လိုက်ရဖူးတယ်။ လူတွေဟာ ကိုယ်တိုင်ပစ္စည်းတွေကို စတင် ဖန်တီးချိန်ကစပြီး ကိုယ်လုပ်တဲ့ပစ္စည်းကို အသုံးဝင်ရုံသာမက လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်အောင်ဆိုတဲ့ စေတနာပါလာတယ်လို့ ဆိုတယ်။

ဆိုပါစို့ကွယ်၊ မြေအိုးမြေခွက်လုပ်တယ် ဆိုပါတော့။ အိုး၊ ခွက်ဆိုတာ ထည့်ဖို့လုပ်တာပဲ။ ထည့်ဖို့သာမက လှပဖို့ကိုလဲ အာရုံပြုလာတယ်လို့ ပြောတာပါ။ အိုးကိုပဲ လုံးလုံးကလေးလုပ်တယ်။ ရှည်ရှည်လေးလုပ်တယ်။ ခွက်ကိုလည်း နှုတ်ခမ်းမှာ အတွန့်ကလေးတွေ ထည့်မယ် စသည်အားဖြင့်ပေါ့။ ကဲ - မင်းတို့ ခဲတန်တွေ ဘောလ်ပင်တွေမှာရော ရေးလို့ဖြစ်ရုံပဲ လုပ်ထားသလား။

■ မဟုတ်ဘူး ဆရာ။ လှအောင်လဲ လုပ်ထားတယ်။

● အေးပေါ့ကွာ။ ကဲ - ဆက်ကြသေးတာပေါ့ကွာ။

*

(၂၃)

● အရင်တစ်ပတ်က 'လူတွေဟာ ဝတ္ထုပစ္စည်းတွေကို ကိုယ်တိုင်လုပ်ကြပါပြီဆိုကတည်းက အသုံးဝင်စေရုံသာမကဘဲ လှပတင့်တယ်အောင်၊ ကြည့်လို့ကောင်းအောင်ဆိုတဲ့ စေတနာပါလာကြတယ်' လို့ ပညာရှင်များက ဆိုကြပါတယ်။ ဟုတ်ပေမှာပဲ။ ကျောက်ခေတ်က လူတွေဟာ ကျောက်သားစူးချွန်ကို သစ်သားတုတ်တန်ထိပ်မှာ ချည်နှောင်ပြီး လှံတို့ စူးတို့လုပ်တတ်ကြကြောင်း မင်းတို့သိကြပါတယ်။ ကျောက်ခေတ်ဦးက လက်နက်မာတ်ပုံတွေ၊ ရုပ်ပုံတွေ မင်းတို့ တွေ့ဖူးကြမှာပေါ့။

အဲဒီမှာတောင် လူတွေဟာ မာကျောတဲ့ ကျောက်သားချင်းတူရင် အရောင်အသွေးလှတဲ့ ကျောက်ကို ရွေးကြမယ် ထင်မိတာပဲ။

■ ဟုတ်လောက်တယ် ဆရာ။ ကျွန်တော်တို့လဲ ငယ်ငယ်က ကျောက်စရစ်ခဲတွေနဲ့ ကစားကြရင် အရောင်အသွေးလှတဲ့ ကျောက်စရစ်ခဲလေးတွေကို မက်မောကြတာပဲ။ ကျွန်တော်တို့အိမ်က ဧည့်ခန်းစားပွဲမှာ ပန်းထိုးတဲ့ဖန်အိုးလေးရှိတယ်။ အဲဒီ ဖန်အိုးထည့်တဲ့ ဖန်ကလပ်ကလေးထဲမှာ ကျောက်စရစ်လှလှလေးတွေကို ထည့်ပြီး ရေစိမ်ထားတယ်။ လှတာအမှန်ပဲ ဆရာ။

● အဲဒီလို လှအောင် ဘာကြောင့်ဖန်တီးကြသလဲဆိုရင် သြကာသလောကလို့ခေါ်ကြတဲ့ ပတ်ဝန်းကျင်တောတောင်ရေမြေ သစ်ပင်ပန်းပင်တွေရဲ့အလှကို ခံစားတတ်ကြလို့ပဲပေါ့။ မင်းတို့ ငါတို့သာမန်လူတွေကို မဆိုထားနဲ့ မြတ်စွာဘုရားသခင်တောင်မှ ခံစားသက်ခြင်းဖြစ်တယ်။

ငှန်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



■ မြတ်စွာဘုရားလဲ အလှအပကို ခံစားတော်မူတာပေါ့နော်။

● ဟုတ်တယ်။ သို့သော်လဲ မင်းတို့ငါတို့ နှစ်သက်ခံစားမှုမျိုးနဲ့တော့ မတူနိုင်ပေဘူးပေါ့။ ဒါပေမဲ့ သြကာသလောကရဲ့ ငြိမ်းချမ်းနေခြင်းကို ဘုရားရှင်နှစ်သက်တော်မူတာ အမှန်ပဲ။ တစ်ခါမှာ ရဟန်းတွေ ကျယ်ကျယ်လောင်လောင် စကားပြောကြတော့ ဘုရားက ဈေးထဲမှာ ငါးစိမ်းသည်တွေ ငါးလုကြသလိုပဲလို့ မောင်းမဲပြစ်တင်တော်မူဖူးတယ်။ နောက်ပြီး တစ်ခါမှာ သူနဲ့ အယူမတူတဲ့ တိတ္ထိတွေဆီကို ကြွသွားတယ်။ တိတ္ထိတွေ အချင်းချင်း 'ဂေါတမဗုဒ္ဓကြွလာတယ်။ သူသည် တိတ်ဆိတ်ခြင်းကို နှစ်သက်၏။ ဆိတ်ငြိမ်စွာနေကြလော့' သတိပေးကြတယ်။

■ ဘုရားက တိတ္ထိတွေဆီကို ကြွသလား ဆရာ။

● ကြွပါတယ်။ မကြာခဏဆိုသလို တိတ္ထိတွေနဲ့ စကားစမြည်ပြောပြီး ငြိမ်းချမ်းစွာ ဆက်ဆံတတ်ပါတယ်။ သူဟာ ဗုဒ္ဓဘာသာဝါဒတရားတော်ကြီးကို စတင်တည်ထောင်သူပါပဲ။ ဒါပေမဲ့ ငါ့တရားမှ တရား၊ ငါ့ဝါဒမှ ဝါဒမှန်ဆိုတာမျိုး ဘယ်တော့မှ မကျင့်သုံးပါဘူး။

ကဲ - ထားလိုက်ပါတော့ကွယ်။ မြတ်စွာဘုရားကိုယ်တော်တိုင်ကလဲ သြကာသ သက်မဲ့လောက တောတောင်ရေမြေ သစ်ပင်ပန်းပင်တို့ရဲ့ ဆိတ်ငြိမ်စွာ လှပတင့်တယ်ခြင်းကို နှစ်သက်ချမ်းမြေ့ခြင်းဖြစ်တော်မူပါတယ်။ မင်းတို့ငါတို့နှစ်သက်ခြင်းမျိုးနဲ့တော့ မတူပေဘူးပေါ့။

အဲဒါ ဘယ်နေရာမှာ သိသာသလဲဆိုတာကို ရှင်းပြချင်ပါသေးတယ်။ မြတ်စွာဘုရား ဘုရားအဖြစ်ကို ရောက်တော်မူပြီးတော့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ကပိလဝတ်ပြည်ကို ကြွတော်မူပါမည့်အကြောင်း တမန်တော်တွေ စေလွှတ်ပြီး ပင့်လျှောက်တယ်။ အဲဒီတမန်တော်တွေက ရဟန္တာဖြစ်ကုန်ကြပြီး ကပိလဝတ်ပြည်ကို ပြန်မလာကြတော့ဘူး။ ဘုရားရှင်လဲ ကြွလာတော်မမူဘူး။ နောက်ဆုံး ဘုရားရှင်နဲ့ ဖွားဖက်တော်ဖြစ်တဲ့ ကာဠုဒါယီအမတ်ကြီးကို တမန်တော်အဖြစ် စေလွှတ်ပြီး ပင့်လျှောက်စေပါတယ်။ ရွှေမန်းတင်မောင်ရဲ့ ဗုဒ္ဓဝင်မှာပါတဲ့ နာမည်ကြီးမောင်ကာဠုပေါ့ကွဲ့။





အဲဒီကျတော့မှ ကာဠုဝါယီအမက်က ဘုရားသခင်ကို ကပိလဝတ်ပြည်သို့ ကြွရန် လျှောက်ထားတယ်။ တပေါင်းလသို့ ရောက်ပြီဖြစ်တဲ့အတွက် လမ်းပန်းရာသီဥတုအစစမှာ ပြေပြစ်တင့်တယ်ပါကြောင်း၊ ရွက်ဟောင်းကြွေ ရွက်သစ်ဝေစမှာ ပန်းဖူးပန်းငုံအစုံစုံတို့ဖြင့် သာယာလှပါကြောင်း၊ ကပိလဝတ်ပြည်သို့ ကြွမြန်းရန် အလွန်သင့်လျော်သော အချိန်ဖြစ်ပါကြောင်း ဂါထာပေါင်း ၆၀ နဲ့ လျှောက်ထားတယ်။ ပါဠိလို ဂါထာဆိုတာ ဗမာလိုတော့ 'ကဗျာ' ပါပဲ။ လင်္ကာဖွဲ့နွဲ့ပြီး လျှောက်ထားတာပါ။

စကားစပ်လာလို့ ပြောလိုက်ရဦးမယ်။ သီတဂူဆရာတော်ရှင်ဉာဏိဿရဆိုတာ မင်းတို့ မသိရင်တောင်မှ ကြားဖူးကြပါလိမ့်မယ်။ မြန်မာ့ရုပ်သံကနေပြီး ဗုဒ္ဓဂယာခရီးအကြောင်းနဲ့ ဆရာတော်ကိုယ်တိုင် ဗုဒ္ဓဂယာဒေသတွေအကြောင်းကို အသံလွှင့်ပါတယ်။

အဲဒီမှာ မြတ်စွာဘုရားသခင်ကို ကာဠုဒါယီက လျှောက်ထားတဲ့ ဂါထာ ၆၀ ကို ပါဠိလိုရွတ်လိုက်၊ ဗမာလိုအနက်ပြန်လိုက်နဲ့ ရွတ်ပြသွားတာ ဘယ်လိုကြည်နူးဖို့ကောင်းမှန်း မသိဘူး။ ငါဖြင့် ဘုရားရှင်ရဲ့ လောကဝန်းကျင်ကို မှန်းပြီး လွမ်းလာလေ့ရှိပါတယ်။ ဆရာတော်က အသံသြဇာကလဲ အလွန်ကောင်းတယ် မဟုတ်လား။ ကြုံလာရင် တစ်ခါလောက် အာရုံစိုက်ပြီး နားထောင်ကြည့်ကြစမ်းကွာ။ တကယ်ကို လှလို့ပြောနေတာပါ။

■ 'ဂါထာ ၆၀ ပျို့' ဆိုတာ အဲဒါလား ဆရာ။

● အေးပေါ့ကွ။ တောင်တွင်းကြီးက 'ရှင်အုန်းညို' ဆိုတဲ့ ဆရာတော်ရေးဖွဲ့ခဲ့တာပေါ့။ ကာဠုဒါယီရဲ့ ဂါထာ ၆၀ ဟာ ရှင်အုန်းညိုကိုသာမကဘူး၊ ရှင်ဥတ္တမကျော်ကိုလဲ တောလားရတုတွေ ရေးဖြစ်အောင် လှုံ့ဆော်ခဲ့တာပဲ။ ရှင်မဟာရဋ္ဌသာရရဲ့ ရွှေစက်တော်သွားတောလားဆိုရင်လဲ ဂါထာ ၆၀ ရဲ့ သြဇာတွေပဲ။ မင်းတို့လဲ အလယ်တန်းလောက်မှာ ဖတ်ခဲ့ရသေးတယ် မဟုတ်လား။ 'တိမ်ညိုမိုလ္လာ၊ တိမ်စုကာနှင့်၊ တိမ်ပြာရောယှက်၊ မရမ်းဖက်၍၊ တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်၊ မှောင်ခဲ့တချို့၊ ညို့ခဲ့တလီ' ဆိုတာတွေဟာ ရှင်ဥတ္တမကျော်ရဲ့ တောလားထဲက မဟုတ်လား။ ဂါထာ ၆၀ ရဲ့ သွန်သင်ပေးတဲ့သြဇာတွေပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ဩကာသပတ်ဝန်းကျင်အလှကို မြင်တတ်ပြီး၊ ချစ်တတ်ကြည်နူးတတ်အောင် ဖန်တီးပေးခဲ့တာတွေပေါ့။

နောက်ပိုင်း ရတုစာဆိုကျော်တွေဖြစ်တဲ့ နဝဒေးတို့ နတ်သျှင်နောင်တို့ ရတုတွေမှာဆိုရင်လဲ ဩကာသပတ်ဝန်းကျင်ရဲ့အလှကို ဖွဲ့ထားတာ တွေ့ရမှာပါပဲ။

နောက်ပိုင်း တောင်တွင်းဦးကြော့ရဲ့ လေးချိုးတွေမှာ ဆိုရင်တော့ ပိတောက်တို့၊ သဇင်တို့လို လူသိများထင်ရှားတဲ့ပန်းတွေကို သာမက ရင်ခတ်ပန်း၊ ဒဟတ်ပန်း၊ မိကျောင်းပန်းတို့လို သာမညတောပန်း တောင်ပန်းကလေးတွေရဲ့ ချစ်စရာကောင်းတဲ့အလှတွေကို တလေးတစား စာဖွဲ့ခဲ့ကြတယ်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် စာပေတွေပေါ့ကွယ်။

■ ဆရာ - ကျွန်တော်တို့ နားမလည်နိုင်တော့ဘူး ဆရာ။ တောပန်းတောင်ပန်းအဖွဲ့နဲ့ နိုင်ငံချစ်စိတ်နဲ့ အလှမ်းကွာလှချည့်လားလို့ ထင်မိတယ်။

● အေး - ဟုတ်လောက်ပါတယ်။ ငါလဲ လူလတ်ပိုင်းရောက်မှ သဘောပေါက်ခံစားလာမိတာပါ။ ပထမ ငါကိုယ်တိုင် ကလေးသာသာဘဝမှာ ခံစားခဲ့မိဖူးတာလေးကို ပြောပြပါဦးမယ်။ ငါ့မိခင်က ငါ ၁၁ နှစ်သားမှာ ကွယ်လွန်သွားပါတယ်။ ဒီတော့ ကြို့ပင်ကောက်မြို့မှာနေတဲ့ ငါ့ဖခင်ရဲ့အစ်ကို ဘိသိက်ဆရာကြီးဦးခင်လတ်ဆိုတာက ငါ့ကို မွေးစားမယ်ဆိုပြီး ကြို့ပင်ကောက်ကို ခေါ်သွားပါတယ်။ ငါ့အသက်က ၁၂ နှစ်ထဲလောက် ရောက်ပါပြီ။ တစ်ခါတစ်ရံ ငါ့မှာလေ တောင်တွင်းကြီး ငါ့ရပ်ရွာကို လွမ်းလိုက်တာ အသည်းထဲ အူထဲက လှိုက်လာအောင်ပါပဲ။ အိမ်ရှေ့က မန်ကျည်းပင်ကြီး ဒီအချိန်ဆို မန်ကျည်းသီးတွေ မှည့်နေပြီ။ သူငယ်ချင်းတွေကတော့ ခပ်လှမ်း လှမ်းမှာရှိနေတဲ့ အဖိုးကြီးတစ်ယောက် အိမ်ရှေ့က ဆီးပင်မှာ ဆီးသီးတွေ ခဲနဲ့ ပစ်စားကြပြီ ထင်တယ်။ အိမ်တောင်ဘက်နားက ဆီးဖြူပင်ကြီးကလဲ အသီးတွေ ကြွေနေရော့မယ် စသည်ဖြင့် တွေးပြီး လွမ်းခဲ့ရတာ မှတ်မိနေသေးတယ်။





ရှင်ဥတ္တမကျော်တို့၊ ရှင်မဟာရဋ္ဌသာရတို့၊ နဝဒေး နတ်သျှင်နောင်တို့ ဦးကြော့တို့ ဆိုတဲ့ စာဆိုတွေဟာ ငါတို့တစ်တွေကို ကိုယ့်ပတ်ဝန်းကျင် အလှ၊ တောတောင်ရေမြေပတ်ဝန်းကျင်အလှကို ချစ်တတ်အောင် သင်ပေးခဲ့တာ။ ကိုယ့်ရေ ကိုယ့်မြေကို မြတ်နိုးတတ်အောင် သင်ပေးခဲ့တာ။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပတ်ဝန်းကျင်ကို ချစ်ခင်တွယ်တာမှုကို တိုင်းချစ်ပြည်ချစ်စိတ်မခေါ်ရင် ဘယ်လိုခေါ်ကြမလဲ။

သတိရလာလို့ ပြောလိုက်ရဦးမယ်။ ငါတို့ မြန်မာလူငယ်လုံမငယ်လေးတွေဟာ အလုပ်အကိုင်အတွက် ပညာရေးအတွက် စသည်အားဖြင့် အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံတွေမှာ ရောက်နေကြတယ်။ သူတို့နဲ့ စကားစမြည်ပြောဖူးပါတယ်။ သူတို့လဲ ဘာသားထုထားတာ မှတ်လို့ လူတွေပဲ မဟုတ်လား။ ဧပြီလကို ရောက်လိုက်ရင် သင်္ကြန်ပွဲကို မလွမ်းတဲ့လူ တစ်ယောက်မှ မရှိဘူး။ ဒါကြောင့် သူတို့ဘာသာ လူစုပြီး မြန်မာသံရုံးမှာ အလွမ်းပြေသင်္ကြန်ပွဲလေး လုပ်ကြတာပေါ့။ ရေပက်ကြတာပေါ့။

ဒါကြောင့် ဩကာသလောကဝန်းကျင်ကို ချစ်တတ်၊ မြင်တတ်အောင် စာဆိုတော်ကြီးများက သင်ကြားပေးရင်း တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ကို သွင်းပေးခဲ့တယ်လို့ ငါပြောခဲ့တာပါ။ မင်းတို့ ပြောသလို အလှမ်းဝေးသလား။

● မဝေးတဲ့ပြင် တစ်ဆက်တည်းဆိုတာ သဘောပေါက်ပါပြီ ဆရာ။

■ လူတွေဟာ ဝတ္ထုပစ္စည်းတွေကို မိမိကိုယ်တိုင်ဖန်တီးနိုင်တဲ့ အချိန်ကစပြီး ကိုယ်ဖန်တီးတဲ့ပစ္စည်းကို အသုံးဝင်ရုံသာမက လှပတင့်တယ်စေဖို့ ဆိုတာကိုလဲ အာရုံပြုခဲ့ကြတယ်လို့ စောစောက ပြောခဲ့တာ မှတ်မိကြသေးလား။

● မှတ်မိပါတယ် ဆရာ။ ကျောက်ခေတ်ဦးကတည်းကဆိုတာ မှတ်မိပါတယ်။

■ ဒီတော့ နေဖို့ အိမ်ဆောက်ကြတယ်၊ တဲဆောက်ကြတယ်။ မိုးလုံလေလုံဖို့သာ အဓိက မဟုတ်လား။ ဒါပေမဲ့ ကိုယ့်အိမ်ကလေးကို လှအောင်၊ ကိုယ့်တဲကလေးကို လှအောင် ကြိုးပမ်းကြပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ရှုလို့တင့်တယ်သပ်ရပ်အောင် အားထုတ်ကြပြန်တယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ သပ်ရပ်သန့်ရှင်းမှုကို လိုလားတော်မူတယ်။

- ● ကျောင်းဆောက်တာတွေ ဘာတွေမှာလား ဆရာ။
- ■ မဟုတ်ဘူးကွဲ့။ ရဟန်းတော်တွေ ကျင့်သုံးဖို့ ပညတ်ထားတာတွေဆို ပါတော့ကွယ်။ ဒါထက် မင်းတို့ 'ပံ့သကူ' ပစ်တယ်ဆိုတာ ကြားဖူးကြလား။
- ● ကြားတော့ကြားဖူးတယ် ဆရာ။ ဘာမှန်းတော့မသိဘူး။
- ■ ဒီလိုကွဲ့။ ပံ့သကူဆိုတာ 'ပံသုကူန- မြေမှုန်တို့လိမ်းကျံပေရေသော' ဆိုတဲ့ အဓိပ္ပာယ်ရှိတယ်။ အဓိပ္ပာယ်ကတော့ 'လူအများ အလိုမရှိ၍ စွန့်ပစ် ထားသော' ဆိုတဲ့ သဘောပါပဲ။ အဲဒီလို အဝတ်စ၊ ဖျင်စတွေကို ကောက်ယူဝတ်ဆင်ရတယ်။ ဘုရားက အဲဒီလို သင်္ကန်းမျိုးကို ပိုပြီးချီးမွမ်းတော်မူတယ်။ မာန်မာနမရှိ၊ နှိမ့်ချကြစေချင်လို့ပေါ့။

ငါတို့ခေတ်မှာလဲ ကိုယ်အင်မတန်လျှချင်တဲ့ ဆရာတော်ကြီးများ ကုဋီအိမ်သွားရာလမ်းမှာ နံနက်စောစောသင်္ကန်းတွေ ဘာတွေကို ပစ်ချထားတတ်တယ်။ ဆရာတော်ကြီးက တွေ့လိုက်ရင် ပံ့သကူပစ္စည်းပဲဆိုပြီး ကောက်ယူသုံးစွဲတော်မူတာပေါ့။

ဘုရားလက်ထက်တော်ကတော့ သင်္ချိုင်းမှာ စွန့်ပစ်ထားခဲ့တဲ့ သူကောင်ထုပ်တဲ့ (အလောင်းထုပ်တဲ့) အဝတ်တွေကို ကောက်ယူကြတယ်။ သို့သော်လဲ အဝတ်တွေက သစ်တာရော၊ ညစ်တာရော၊ အရောင်လွင်တာရော၊ အရောင်လွင့်တာရော စုံနေတာ မဟုတ်လား။ အဲဒါကို တွဲစပ်ပြီး အပ်နဲ့ချုပ်ရတာ။ ဒါကြောင့် ပရိက္ခရာရှစ်ပါးမှာ 'အပ်' ပါနေတာပေါ့။ ကောင်းပြီ၊ အဝတ်တွေက အရောင်အသွေးမတူကြဘူး။ ကြည့်လို့ မတင့်တယ်တော့ဘူး။ ဒါကြောင့် ဘုရားရှင်က အရောင်တညီတည်းဖြစ်သွားအောင် ပိန္နဲခေါက်တို့၊ ညောင်ခေါက်တို့နဲ့ သစ်ခေါက်အဆိုးခိုင်းတာ။ ရဟန်းတော်တွေကို ကြည့်လိုက်ရင် အရောင်တွေက ကြောင်တောင်တောင်မနေဘဲ သပ်ရပ်ပြေပြစ်နေအောင် ပညတ်တာပေါ့။

နောက်ပြီး သင်္ကန်းကို အဝန်းညီစွာဖြစ်အောင် ရုံရ ဝတ်ရ





တယ်။ တရွတ်ဆွဲနေတာမျိုး၊ တစ်ဖက်တိုတစ်ဖက်ရှည်ဖြစ်နေတာမျိုး မဖြစ်အောင် ပညတ်ခဲ့တာပဲ။ လမ်းသွားရင်လဲ တောင်ကြည့် မြောက်ကြည့် ကျီးကန်း တောင်းမှောက်ဖြစ်မနေရဘူး။ ရှေ့ကို ၄ တောင်ပဲ ကြည့်ရမယ်။ လမ်းဆုံလမ်းခွမျိုးကို ရောက်မှသာ ယာဉ်ရထားလူသူသွားလာမှု ရှင်းမရှင်း သိရအောင် ဝဲယာကြည့်ရမယ်ဆိုတာမျိုးတွေကို သင်ကြားဆုံးမထားတယ်။ အဓိပ္ပာယ်ကတော့ ရဟန်းတို့၏ တင့်တယ်ခြင်းကို စောင့်ထိန်းရတယ်။

ပြောချင်တာက မြတ်စွာဘုရားသခင်သော်မှလဲ အလှအပ မဟုတ်စေကာမူ တင့်တယ်သပ်ရပ်ခြင်းကို အလေးထားပြီး ရဟန်းတို့ လိုက်နာစေရန် ပညတ်တော်မူခဲ့တယ် ဆိုတာပါပဲ။

မင်းတို့ ပဓာနထားပြီး မှတ်သားထားဖို့က လူတိုင်းဟာ တင့်တယ် သပ်ရပ်ခြင်းကို နှစ်သက်ကြတယ်။ ဘုရားရှင်က ဒါကို သိနေတာကြောင့် သူ့နောက် ရဟန်းသံဃာတော်များကို လူတွေ အထင်သေး အမြင်သေးဖြစ်မှာကို စိုးရိမ်တော်မူတယ်။ ဒါကြောင့် အဝတ်အစား ဝတ်ဆင်မှု၊ အစားအသောက်သုံးဆောင်မှုတွေကို စည်းကမ်းပေး သွန်သင်ခဲ့တာ ဖြစ်တယ်။

ကဲ - အလှအပကို ခံစားတတ်ခြင်း၊ ဖန်တီးတတ်ခြင်း ဆိုတာ မှာ ပန်းချီ ပန်းပုလောကတင် မကဘူးဆိုတာ ထင်ရှားမလာဘူးလား။

- ■ ထင်ရှားပါတယ် ဆရာ။ တကယ်ကျတော့ ကျွန်တော်တို့ ကျောင်းသားတွေမှာ လုံချည်စိမ်း၊ အင်္ကျီဖြူဆိုတဲ့ ယူနီဖောင်းဟာလဲ ဒီသဘောပဲ မဟုတ်လား ဆရာ။
- ● ဒါပေါ့ကွယ်။ ကဲ - ရှေ့တစ်ပတ်ဆက်ကြသေးတာပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

- အရင်တစ်ပတ်က ငါတို့ ဆွေးနွေးကြတာမှာ မြတ်စွာဘုရားသခင် ကိုယ်တော်တိုင်လဲ ဩကာသလောက တောတောင်ရေမြေသစ်ပင် ပန်းမန်ဝန်းကျင်ကို နှစ်သက်တော်မူတယ်။ ကာဠုဒါယီအမတ်က ကပ္ပိလဝတ်နေပြည်တော်သွားရာ ခရီးလမ်းတစ်လျှောက် သာယာ တင့်တယ်ပုံကို ဂါထာ ၆ဝ နဲ့ ဖွဲ့ပြီး လျှောက်ထားမှ ကြွရောက် တော်မူကြောင်း ပြောခဲ့တယ်။

■ မှတ်မိပါတယ် ဆရာ။ ဂါထာ ၆ဝ ဖွဲ့စတဲ့ လင်္ကာတွေအကြောင်းကိုလဲ မှတ်မိပါတယ် ဆရာ။ တောတောင်ရေမြေရဲ့ အလှကို ဖွဲ့ပြရင်း တိုင်းချစ်ပြည်ချစ်စိတ်၊ ကိုယ့်မြေကိုယ့်ရေကို ချစ်ခင်မြတ်နိုးစိတ်ထိ အောင် ခရီးရောက်ကြောင်းကိုလဲ မှတ်မိပါတယ်။

- အေး - မှန်တယ်။ မြတ်စွာဘုရားသခင်ဟာလဲ အလှအပတပ်မက် ခြင်းကို အပြစ်တင်တော်မမူစေကာမူ သပ်ရပ်တင့်တယ်ခြင်းကို အလိုရှိ ကြောင်းလဲ ပြောခဲ့ပါသေးတယ်။ မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။ ရဟန်းတော်များကို သင်္ကန်းရုံတာကအစ အဝန်းညီစွာ ရုံကြလေအောင်၊ သပ်ရပ်တင့်တယ်အောင် ဂရုပြုစေဖို့ စည်းကမ်းများ သတ်မှတ်ကြောင်းကို ပြောခဲ့ပါတယ်။

- အဲဒီလို သပ်ရပ်တင့်တယ်ခြင်း ချီးမွမ်းတာ မှန်တယ်။ ဒါပေမဲ့ အလှအပကို တပ်မက်တာကျပြန်တော့ ဘုရားရှင်က ရှုတ်ချတော်မူ ပြန်တယ်။ ဒီတော့ သပ်ရပ်တင့်တယ်ရန် ကြိုးပမ်းအားထုတ်မှုနဲ့ လှအောင်ပအောင်အားထုတ်မှုတွေဟာ တူမယောင်နဲ့ အလွန်ကွဲပြား နေတာကို တွေ့လာရလိမ့်မယ်။





■ ဟုတ်ပါတယ် ဆရာ၊ မိန်းကလေးတွေ အလှပြင်တာ မိမိကိုယ်ကို လှသထက်လှအောင် ကြိုးပမ်းတာမျိုးကျတော့ သပ်ရပ်တင့်တယ်မှုကို လွန်သွားတာပေါ့ ဆရာ။

- မိန်းကလေးတွေမှ မဟုတ်ဘူး။ ငါတို့ယောက်ျားတွေလဲ ဒီအတိုင်း ပါပဲ။ လှချင်ပချင်စိတ်က အတော်လေးကို လွန်ကဲပါတယ်။ ငါလဲ ခပ်ငယ်ငယ် မင်းတို့အရွယ်ကတော့ လှချင်ပချင်စိတ် ရှိခဲ့တာပါပဲ၊ ဆံပင်ညှပ်ရတာနဲ့၊ ခေါင်းဖြီးရတာနဲ့၊ မှန်တကြည့်ကြည့်ဖြစ်ခဲ့ဖူးတာ ပါပဲ။ အဝတ်အစားဝတ်တယ်ဆိုရင်လဲ သပ်ရပ်ရုံသာမကဘူး လှအောင်ပအောင် တတ်နိုင်သမျှ ကြိုးစားခဲ့ဖူးပါတယ်။

မြတ်စွာဘုရားသခင်ကတော့ သူ့ရဲ့တပည့်ရဟန်းတော်များကို ဘာကြောင့် သင်္ကန်းဆိုတဲ့ အဝတ်အထည်ကို သုံးစွဲရတယ်ဆိုတဲ့ ပဓာနအချက်ကြီးကို မျက်ခြည်မပြတ်အောင် သတိပေးတော်မူတယ်။ ရဟန်းတော်များဟာ သင်္ကန်းဝတ်တိုင်း စိတ်ထဲမှာ အာရုံပြုဖို့ကိုလဲ သတ်ပေးတော်မူတယ်။ အာရုံပြုကြရတာက 'ငါသည် ဤသင်္ကန်းကို ဝတ်ဆင်ရာ၌ လှပခြင်းအလို့ငှာ မဝတ်ဆင်ပါ။ အပူအအေးမှ ကာကွယ် ရန်လည်းကောင်း၊ မှက်၊ ခြင်၊ ယင်၊ လေ၊ မြွေ၊ ကင်း၊ သန်း တို့ကို ကာကွယ်ရန်လည်းကောင်း အရှက်အကြောက် ကျဉ်းမြောင်းရာ တို့ကို ဖုံးလွှမ်းရန်လည်းကောင်းသာလျှင် ဝတ်ဆင်ပါသည်' လို့ အာရုံပြုပြီး ဝတ်ဆင်ကြရတယ်။ သင်္ကန်းကို ကိုင်တွယ် ပြုပြင်လိုက်တိုင်း ဒီအချက် ကို အာရုံပြုရတယ်။ ဒီတော့ မင်းတို့ ခေတ်လူငယ်တွေ ဝတ်စား ဆင်ယင်မှု အာရုံပြုကြတာနဲ့ အလွန်ကို ကွာနေတယ် မဟုတ်လား။

■ မိန်းကလေးတွေကတော့ လှရင်ပြီးရော။ မလုံချင်နေပစေဆိုတာမျိုး ဖြစ်နေပါပြီ ဆရာရယ်။

- မိန်းကလေးတွေချည်း ပြောမနေနဲ့။ မင်းတို့ယောက်ျားလေးတွေလဲ လွန်လွန်ကဲကဲ လှချင်ပချင်စိတ်ရှိနေတာပါပဲ။ ခေတ်စားပုံအမျိုးမျိုး ကလဲ ငါဖြင့် နားမလည်နိုင်လောက်အောင်ပါပဲ။ ဂျင်းဘောင်းဘီ အကောင်းကြီးကိုတောင်မှ သံဘရပ်ရှ်နဲ့ တိုက်လိုတိုက်၊ ဒူးခေါင်းနေရာ မှာ ဖြဲလိုဖြဲထားကိုးကွဲ့။ တို့များခပ်ငယ်ငယ် ကလေးဘဝလောက်က အကျီပါးပြဿနာအကြီးအကျယ်ပေါ်ခဲ့ဖူးတယ်။ မိန်းကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အကျီပါးဝတ်တာကို ရှုတ်ချတဲ့ လှုပ်ရှားမှုတွေပေါ့။ ဂျာနယ်မဂ္ဂဇင်းတွေမှာဆိုရင်လဲ အကျီပါးဝတ်တဲ့ မိန်းကလေးတွေကို ရှုတ်ချတဲ့ ကဗျာတွေ စာစောင်တိုင်းလိုလို ပါခဲ့တယ်။ အရှက်မဲ့တဲ့သူတွေ၊ မြန်မာအမျိုးသမီးတွေရဲ့ ဂုဏ်ကျက်သရေကို မဲ့စေသူတွေအဖြစ် ရေးကြတာပေါ့။

အဲဒီမှာ အခုမှ ပြန်ပြီး စဉ်းစားမိတာက မိန်းကလေးတွေက သူတို့ရဲ့ ကိုယ်လုံးကိုယ်ထည်စတဲ့ မွေးရာပါပစ္စည်းတွေကို တတ်နိုင်သမျှ ပြစားချင်တယ်ဆိုတာ ပေါ်လာတယ်။ သူတို့ကိုယ်တိုင် လှချင်စိတ်သာမကဘဲ သူတို့ရဲ့အလှကို မြင်သူ (အထူးသဖြင့် ယောကျ်ားလေးတွေက) တပ်မက်စေချင်တဲ့စေတနာက ပိုပြီး များတယ်ဆိုတာ ပေါ်လာတာပဲ။

ပဓာနထားပြီး ပြောချင်တာက အဝတ်အစားဝတ်ဆင်တာနဲ့ပတ်သက်ပြီး ရှေ့နောက်ဆင်ခြင်တုံတရားရှိတဲ့သူများက ပတ်ဝန်းကျင်က လူအများ ကြည့်လို့မြင်လို့ တင့်တယ်သပ်ရပ်အောင်သာလျှင် အာရုံပြုကြတယ်။ သာမန်လူတွေကတော့ ပတ်ဝန်းကျင်က ချီးကျူးအံ့သြအောင် အာရုံပြုကြတယ်။ လူငယ်လူရွယ်များမှာတော့ဖြင့် ကာမဂုဏ် တပ်မက်မှုကို နိုးကြွစေချင်ကြတယ်။

ကောင်းပြီ မင်းတို့ကို ငါမေးချင်တာက အစားနဲ့အဝတ် ဘယ်သင်းက အရေးကြီးသလဲ။ ဘယ်သင်းက ပိုပြီး ပဓာနကျသလဲ။

■ အစားက ပိုပြီး ပဓာနကျတာပေါ့ ဆရာ။

● အေး - ဟုတ်တယ်။ အစားက ပဓာနကျတာပေါ့။ သို့သော်လဲ ငါကိုယ်တိုင် သိလာရတာလေးကို ပြောလိုက်ရဦးမယ်။ ရန်ကုန်က စီးပွားရေးကုမ္ပဏီတွေမှာ နယ်က မိန်းကလေးတွေလာပြီး အလုပ်လုပ်ကြတယ်။ အိမ်ခန်းလေးတစ်ခုကို စုပေါင်းစပ်ပေါင်းငှားပြီး နေကြရတာပေါ့။ ထမင်းလဲ ကိုယ့်ဘာသာကိုယ် ချက်စားကြရတာပေါ့။ လပေး ထမင်းချိုင့် ဘယ်မှာယူနိုင်ပါ့မလဲ။ သူတို့ရတဲ့ လခက တစ်လကို အလွန်ဆုံး သုံးသောင်းပါပဲ။ အိမ်ခန်းလခလဲ ပေးရသေးတယ်။

ဒီတော့ ထမင်းစားတာမှာ ဖြစ်သလိုစားကြတာ။ လက်ဖက်





သုပ်ကလေး၊ ကြက်သွန်ကြော်၊ ဘူးသီးကြော်လေးတစ်ခုနဲ့ ပဲသီးကြော်လေးတစ်ခွက်နဲ့ စသည်အားဖြင့် ဖြစ်ကတတ်ဆန်း စားကြတယ်။ ဒါပေမဲ့ ဖိနပ်ကျတော့ဖြင့် ၇၀၀၀/-ကျော်တန်ဖိနပ်ကို စီးတား စားတာကို လူမမြင်ဘူး၊ ဝတ်တာကို လူမြင်တယ်ဆိုတဲ့သဘောပေါ့ကွယ်။ နောက်ဆုံးမှာတော့ **အဝတ်အစားဝတ်တာဟာ ကိုယ့်အတွက် ဝတ်တာမဟုတ်ဘဲ သူများအတွက် ဝတ်တာဖြစ်လာတော့တာပေါ့။ တကယ်ဆိုတော့ စားတာကမှ ကိုယ့်အတွက် စားတာ မဟုတ်လား။ ဒီကိုယ်ခန္ဓာကြီး ရှင်သန်နေဖို့ အာဟာရက အရေးကြီးတယ် မဟုတ်လား။** အာဟာရချောတ်ချို့တဲ့လာတော့ ခန္ဓာကိုယ်ရဲ့ ကြံ့ခိုင်မှုက နည်းလာရော။ ဒီတော့ တော်ကြာ အလုပ်ကခွင့်ယူလိုက်၊ ဆေးခန်း ကို ပြေးလိုက်၊ လစာကို ဖြတ်လိုက်နဲ့ ပတ်ချာလည်လိုက်လာကြ ပြန်တော့တာပဲ။

■ ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့နဲ့ နီးစပ်တဲ့အထဲမှာလဲ အဲဒီလိုမျိုးတွေ တွေ့ဖူးတယ်။

● အေးကွဲ့။ သာမညနဲ့ ပဓာနကို မခွဲခြားနိုင်ဘဲ ဖြစ်သွားတာတွေပေါ့။ ထားလိုက်ပါတော့ကွယ်။ ငါတို့ဆွေးနွေးနေတာ ဘယ်အကြောင်းက စပ်ပြီး ဒီထိအောင် ရောက်သွားခဲ့တာလဲ။

■ လူတွေ အလှအပကို ခံစားတတ်တယ်၊ အလှအပကို ဖန်တီးတတ်တယ်ဆိုတဲ့အချက်ကို ဆွေးနွေးရင်း စကားစပ်မိတာပါ ဆရာ။

● မှန်တယ်။ ဘယ်တိရစ္ဆာန်ထက်မဆို သာတဲ့အချက်ကြီးတစ်ခုပဲ။ ဒါပေမဲ့ ပုထုဇဉ်တို့ဘာဝ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ ကာမဆိုတာက မကင်းလေတော့ အလှနောက်ကို ကောက်ကောက်ပါအောင် လိုက်နေရင်း ကိုယ်ကျိုးနည်းသွားတတ်တာကို သတိထားမိကြအောင်၊ လူငယ်တို့ဘာဝ အလှနောက်ကို လိုက်နေမိပြန်ရင်လဲ သတိရပြီး အချိန်မီသတိထား ဘရိတ်အုပ်တတ်အောင်လို့ ထည့်ပြီး ဆွေးနွေးလိုက်ရတာပါ။ လူငယ်ဆိုတာ ကြီးမြင့်တဲ့ ဘဝရည်မှန်းချက်ရှိစမြဲပါပဲ။ အဲဒီဘဝရည်မှန်းချက် ပျက်သွားလောက်အောင်တော့ဖြင့် အလှဖမ်းစားမှုမှာ မမျောသင့်ပေဘူးပေါ့။ ဘုရားရှင်ပညတ်ထားကြားခဲ့တဲ့ ရှဟန်းတော်များ သင်္ကန်းသုံးဆောင်ပုံမျိုးလောက်ထိအောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘယ်မှာကျင့်ကြံနိုင်ပါ့မလဲ။ သို့သော်လဲ အဲဒီအခြေခံလိုအပ်ချက်၊ ပဓာနဦးတည်ချက်တွေကို သိထားတော့ ကိုယ့်စိတ်ကိုယ် သတိထားပြီး အလွန်အကျွံမဖြစ်အောင် ထိန်းသိမ်းနိုင်တာပေါ့။ ဒါကြောင့် ဒီလောက် ရှည်ရှည်လျားလျား ဆွေးနွေးလိုက်ရတာပါ။

■ ကောင်းပါတယ် ဆရာ။ ဆရာပြောခဲ့တဲ့ အဝတ်အစားဟာ ကိုယ့်အတွက် ဝတ်တာလား၊ သူများအတွက် ဝတ်တာလား။ တစ်ပါးသူရဲ့ တပ်မက်စိတ်ကို နှိုးဆွချင်လို့လားဆိုတာ စဉ်းစားရကောင်းမှန်းသိလာပါတယ်။

● ကဲကွာ၊ ထားလိုက်တော့။ စောစောပိုင်းက မင်းတို့ပြောခဲ့ကြတဲ့ ပန်းချီ ပန်းပုဆိုတာတွေဆီကို သွားလိုက်ကြဦးစို့။

■ ဟုတ်တယ် ဆရာ၊ အဲဒါတွေလဲ အလှဖန်တီးတာတွေပဲ မဟုတ်လား။

● အေး - ဟုတ်ပါတယ်။ အနုပညာပဲရယ်လို့ ငါတို့ သတ်မှတ်သမျှအရာတွေဟာ အလှဖန်တီးမှုတွေချည်းပါပဲ။ မင်းတို့ပြောတဲ့ နေဝင်ချိန် တိမ်တောက်တာကို ပန်းချီရေးထားတဲ့ ပန်းချီကားဆိုပါတော့ တကယ့်အပြင်မှာ တိမ်တောက်နေတာနဲ့ ပန်းချီကားနဲ့ ဘယ်လိုကွာသလဲ။ စဉ်းစားကြစမ်းကွာ။

■ အပြင်မှာ တိမ်တောက်နေတာက သဘာဝ ဆရာ။ ပန်းချီကားက လူက ဖန်တီးထားတာ။

● အဲဒီပြင်ကောကွာ။

■ အဲဒီအပြင်တော့ . . . အင်း . . . အဲ အပြင်မှာ တိမ်တောက်တာက ခဏရှိရင် ပျောက်သွားတာ။ ပန်းချီကားက ခိုင်ပြီး ကျန်ရစ်ခဲ့တယ်။

● အေးပေါ့ကွ။ အဲဒီလိုစဉ်းစားရမှာပေါ့။ ပန်းချီကားမှာ တိမ်တောက်တာက စွဲမြဲကျန်ရစ်ခဲ့တဲ့ ပြင်၊ မင်းရဲ့အိမ်ခန်းထဲကို ယူထားနိုင်တယ်။ အဲဒီကားကို တစိမ့်စိမ့်ကြည့်ပြီး ကြည်နူးနေနိုင်တယ်။ စိတ်ကူးတွေ တလွင့်လွင့်နဲ့ ပန်းချီကားဆောင်ရာကို ပါသွားနိုင်တယ်။ အပြင်မှာ တိမ်တောက်တဲ့အခါ တိမ်ရောင်ချင်း ဟပ်ပုံစပ်ပုံကို စောင့်ကြည့်နေလို့ ကြာရှည်မရနိုင်ဘူး။ တိမ်တွေအရောင်တွေက ပြောင်းလဲနေတာကိုး။ ပန်းချီကားမှာတော့ အသေးစိတ်သေချာကြည့်လို့ရတယ်။





အချိန်မရွေး ကြိုက်တဲ့အချိန်မှာ ကြည့်လို့လဲ ရတယ်။ ကြည့်နေရင်း ပန်းချီဆရာရဲ့ အနုပညာစွမ်းရည်ကို နှစ်သက်ခြင်းဖြစ်လာရပြန်တယ်။ အဲဒီက တစ်ဆင့် 'ငါလဲ ဒီလိုပန်းချီကားမျိုးလေးတွေ ရေးတတ်လိုက်ချင်ပါဘိတော့' ရယ်လို့ အနုပညာမွတ်သိပ်စိတ်ဖြစ်လာတယ်။ မင်းတို့ကော အဲဒီလို မဖြစ်ဘူးလား။

■ ဖြစ်တယ် ဆရာ။ အခု ဆရာပြောသလိုဖြစ်တာ အမှန်ပဲ။ ကိုယ့်ဘာသာကိုယ် သတိမထားမိဘူး၊ ဆရာပြောလိုက်တော့မှ ပြန်စဉ်းစားမိတယ်။ အဲဒီလို ပန်းချီကားကောင်းတွေကို မြင်လိုက်ရင် ပန်းချီ သိပ်တတ်ချင်တာပဲ ဆရာ။

● အေး . . . ငါတို့လဲ အဲဒီလိုဖြစ်တာပါပဲ။ ငါတို့မှ မဟုတ်ပါဘူး လူတိုင်း အဲဒီလို ခံစားမိကြတာပါပဲ။ အဲဒါဟာ အလှအပကို ဖန်တီးချင်တဲ့ စိတ်ပေါ့ကွဲ။ ဒါထက် မင်းတို့ ဘီလူးဆိုတာ သိကြမှာပေါ့၊ မြင်တော့ မမြင်ဖူးကြဘူးပေါ့ကွယ်။ ဒါပေမဲ့ အလွန်ကို အရုပ်ဆိုးလွန်းလို့ ကြည့်လို့မကောင်း၊ မြင်လို့မကောင်း၊ ကြောက်စရာကောင်းတဲ့ သတ္တဝါကြီးလို့ အားလုံးနားလည်ကြတယ်။ ဒါပေမဲ့ ငါတို့ မြန်မာလူမျိုး ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတမော့စတဲ့ အနုပညာရှင်တွေ ဖန်တီးလိုက်တဲ့ ဘီလူးရုပ်တွေကို သတိထားမိမှာပေါ့။ နှာခေါင်း၊ မျက်လုံး၊ ပါးစပ်၊ အစွယ် ဘာတစ်ခုမှ လှတာ တင့်တယ်တာ မပါဘူး ဒါပေမဲ့ ကနုတ်တွေ၊ အကောက်အကွေ့တွေနဲ့ ကြည့်လို့ကောင်းနေတာပဲ။ ဒီဘီလူးရုပ်တွေကို ဘုရားပုထိုးတွေမှာရော၊ ဘုန်းတော်ကြီးကျောင်းတွေမှာပါ တွေ့နိုင်ကြတာပဲ။ ရာမဇာတ်တော်ကို ခင်းကျင်းပြသကြရင်လဲ ဘီလူးခေါင်းဆောင်းထားတဲ့ ဒသဂီရိကကြီးကကွက်ကို ငါတော့ဖြင့် ရာမ၊ လက္ခဏာကကွက်ထက် ပိုပြီး စိတ်ဝင်စားမိတယ်။

■ ဟုတ်တယ် ဆရာ၊ ကျွန်တော်တို့လဲ ဒီလိုပဲဖြစ်ပါတယ်။

● မင်းတို့တစ်တွေ မြန်မာတို့ရဲ့ ဘီလူးရုပ်ကို သတိထားကြည့်ရင် တွေ့လိမ့်မယ်။ ရုပ်ကတော့ တကယ်ဆိုးပြီး ကြမ်းတမ်းတာ။ ဒါပေမဲ့ သူ့မျက်နှာပေါ်မှာ ရေးခြယ်ထုထွင်းထားတဲ့ မျဉ်းကြောင်း(Line) တွေဟာ ပျော့နွဲ့နေတာ တွေ့ကြရလိမ့်မယ်။ ဘီလူးဆိုတဲ့ဇာတိရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုလဲ မပျောက်အောင်၊ နှစ်လိုဖွယ်လဲ ဖြစ်အောင် ရေးခြယ်ထုထွင်းထားတဲ့ အနုပညာပဲကွဲ့။

ဩော်-ဒါထက် သတိရလာပြန်လို့ ပြောလိုက်ရဦးမယ်။ မင်းတို့တစ်တွေ ဝေါ့လ်ဒစ္စနေက ရိုက်တဲ့ Beauty and the Beast ဆိုတဲ့ ကာတွန်း ရုပ်ရှင်ကားကို ကြည့်ဖူးကြလား။

■ ကြည့်ဖူးပါတယ် ဆရာ။

● အေး - မကြည့်ဖူးသေးတဲ့ကောင်တွေပါရင် အဲဒါကို ရအောင်ရှာကြည့်စမ်း။ ငါဖြင့် ကြည့်မိတာ ဘယ်နှခါရှိမှန်းတောင် မသိတော့ဘူး။ အဲဒီထဲမှာ မင်းသားလေးက ကျိန်စာမိပြီး ဘီလူးဖြစ်သွားတာ။ ဆိုးလိုက် ကြမ်းတမ်းလိုက်တဲ့ ရုပ်ကတော့ ပြောလို့မဖြစ်အောင်ပါပဲ။ ဒါပေမဲ့ သူ့ဆီရောက်လာတဲ့ မင်းသမီးလုံမငယ်လေးကို ချစ်တဲ့စိတ်ကြောင့် နူးညံ့သိမ်မွေ့တဲ့သူတစ်ယောက်အဖြစ် ပြောင်းသွားတာတွေ၊ သူ့ဘဝသူ ပြန်ပြီး ကြေကွဲတာတွေကို သရုပ်ဖော်သွားတာ ဘယ်လိုကောင်းမှန်းမသိဘူး။ ကြည့်ရတဲ့သူတွေဟာ သူ့ကို လူတွေရေးထားတဲ့အရုပ်လို့ကို မထင်တော့ဘူး။ အရုပ်တွေဆိုတာကို မေ့သွားကြတယ်။ သူ့အပေါ်မှာ (ဒီလောက်ထိအောင် ကြောက်မက်ဖွယ်ရာရုပ်ဆင်းအင်္ဂါရှိသူရဲ့အပေါ်မှာ) ချစ်စိတ်ကြင်နာစိတ်တွေ ဝင်လာမိကြတယ်။

ငါဖြင့်လေ အဲဒီကားကို ကြည့်လိုက်မိတိုင်း အနုပညာရဲ့သဘောကိုလဲ အံ့သြမိတယ်။ အဲဒီ ရုပ်ရှင်ကားကို ဖန်တီးတဲ့ အနုပညာရှင်တွေကိုလဲ လေးစားရိုသေနေမိတယ်။ တခြားစကားလုံးမတွေ့လို့ သာ အများခေါ်ကြသလို ကာတွန်းကားလို့ ခေါ်နေရတာ။ စိတ်ထဲက အဲဒီစကားလုံး သုံးလိုက်ရတဲ့အတွက် အဲဒီအနုပညာရှင်တွေကို အားနာနေမိတယ်။ ဘာကြောင့်လဲဆိုတော့ ကာတွန်းဆိုတာက မြန်မာလိုမှာ 'ရုပ်ပြောင်' မဟုတ်လား။ သူတို့ဖန်တီးထားလိုက်တာက ရုပ်ပြောင်မှ မဟုတ်ဘဲ၊ 'ရုပ်ပီ' တွေ မဟုတ်လား။ ထားပါတော့ကွယ်။ လူဟာ အလှကို ခံစားတတ်တယ်၊ အလှကိုဖန်တီးတတ်တယ်ဆိုတဲ့ သဘောကို နားလည်သဘောပေါက်ကြပြီ မဟုတ်လား။

■ အတော်ကြီးကို သဘောပေါက်လာပါပြီ ဆရာ။ ကိုယ်တိုင်ကြုံတွေ့





ခံစားနေရပါလျက် မှတ်မှတ်ထင်ထင် သတိမထားမိတာတွေ ဆရာပြောပြမှ နိုးနိုးကြားကြား သိလာသလိုပါပဲ ဆရာ။

● အေး- ဒီနေ့တော့ကြစို့ကွယ်။ နောက်တစ်ပတ်ဆက်ကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

- အရင်တစ်ပတ်က အလှုအပကို ခံစားနိုင်ခြင်း၊ ဖန်တီးနိုင်ခြင်းတို့ကို ဆွေးနွေးကြရာမှာ ပန်းချီအကြောင်းကို ပြောသွားခဲ့တယ်။ အဝတ်အစားတွေကို လှပတင့်တယ်အောင် ဖန်တီးလုပ်ကိုင်ကြပုံတွေ အကြောင်းကိုလဲ ပြောခဲ့တယ်။ တင့်တယ်သပ်ရပ်မှုထက် ကျော်လွန်ပြီး အလှအပနောက်ကို လိုက်လွန်းအားကြီးခြင်းရဲ့ အန္တရာယ်တွေ အကြောင်းကိုလဲ ပြောခဲ့ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တောင်မှ သူ့ရဲ့တပည့်ရဟန်းသံဃာတွေကို တင့်တယ်သပ်ရပ်စွာ ဝတ်ဆင်အပ်ကြောင်း စည်းကမ်းထားခဲ့တယ်ဆိုတာ မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံကြရမယ်ဆိုတာတွေ သပ်သပ်ရပ်ရပ် တင့်တင့်တယ်တယ် ရှိစေရမယ်၊ မျက်လုံးနေပုံကအစ ကျိုးကန်းတောင်းမှောက်မကြည့်ရဘူးဆိုတာတွေပါ ဆရာ။

- တင့်တယ်သပ်ရပ်မှုဆိုတာကလဲ အလွန်ကို အရေးကြီးတယ်ကွ။ လူတွေကို မဆိုထားနဲ့ ခွေးကတောင် သပ်သပ်ရပ်ရပ်ကြိုက်တယ်။

■ သူတို့အမွေးအမျှင်တွေကို သပ်သပ်ရပ်ရပ် ဖြီးသင်ပေးတာမျိုးကို ကြိုက်တယ်လို့ ပြောတာလား ဆရာ။

- မဟုတ်ဘူးကွ။ လမ်းထဲ၊ ရပ်ကွက်ထဲမှာ လူစိမ်းဝင်လာရင် သူတို့က အနံ့ကို သိတယ်။ အဲဒီလူစိမ်းက သပ်သပ်ရပ်ရပ် တင့်တယ်နေရင် မဟောင်ဘူး။ အဲ- အင်္ကျီလုံချည်က ဖရိုဖရဲ တို့လို့တွဲလဲဖြစ်နေရင် ဝိုင်းပြီး ဟောင်ကြတော့တာပဲ။ ပလပ်စတစ်တို့ ဘာတို့ ကောက်တဲ့





ကောင်လေးတွေ၊ မိန်းမတွေဆိုရင် သဲသဲမဲမဲ ဝိုင်းပြီး ဟောင်ကြတော့တာပဲ။ အဲဒီလူတွေပုံစံကိုလဲ ကြည့်ဦးလေ။ သူတို့က လွယ်အိတ်နဲ့ ကျောပိုးအိတ်နဲ့ လက်ထဲမှာ ခွေးမောင်းတုတ်က ပါလိုက်သေးတယ်။ ဒီတော့ ဦးပုညပြောသလို 'မွဲရင်ဖြင့် လူ့ဘောင်မှာ၊ ခွေးတောင်မှမလေး' ဆိုတာမျိုး ဖြစ်လာတာပေါ့။ လူမလေး ခွေးမခန့်ဆိုတာ အဲဒါပဲ၊ ဒါပေမဲ့ ရပ်ထဲရွာထဲမှာ သူစိမ်းရဟန်းတော်တွေ ဖြတ်သွားတာကျတော့ ဘယ်ခွေးကမှ မဟောင်ဘူး။ သပ်သပ်ရပ်ရပ် ရှိနေတာရယ်၊ သွားပုံလာပုံ ဣန္ဒြေရတာရယ်၊ သီးသန့်ယူနီဖောင်း ဖြစ်နေတာရယ်၊ လူတွေအားလုံးက ရိုသေစွာ ဆက်ဆံတတ်ကြတာရယ်တို့ သတိထားမိတာကြောင့် ဖြစ်မယ်ထင်တာပဲ။
(သူတို့အားလုံး နှစ်ခြိုက်စွာရယ်မောကြပါသည်။)

■ ကျွန်တော်တို့ ရယ်တာက ဆရာပြောတာကို သဘောကျလွန်းလို့ ရယ်မိတာပါ ဆရာ။ ကျွန်တော်တို့လဲ တွေ့ကြုံနေရတာပါပဲ။ ဒါပေမဲ့ ဆရာ့လောက် စေ့စေ့စပ်စပ် မတွေးမိကြပါဘူး။ ဆရာပြောခဲ့တဲ့အထဲမှာ ခွေးတွေက ရပ်ကွက်လမ်းထဲကို လူစိမ်းဝင် လာရင် အနံ့ကြောင့်လဲ သိနိုင်တယ်လို့ ဆိုတယ်။ ဟုတ်သလား ဆရာ။

- ငါ ရှေ့ပိုင်းမှာ ပြောခဲ့တုန်းက အယ်လ်ဇေးရှင်းခွေးတွေဟာ လူသုံးလေးရာ အနံ့ထဲမှာ ကိုယ့်သခင်ရဲ့ အနံ့ကို ခွဲခြားသိနိုင်တယ်လို့ ဆိုကြောင်း ပြောခဲ့တယ်။ အနီးဆုံးလက်တွေ့ဖြစ်ခဲ့တာ တစ်ခုကို သာဓကပြမယ်။ ကွန်မြူနစ်ခေါင်းဆောင် သခင်သန်းထွန်းဟာ တောထဲမှာ လုပ်ကြံခံရလို့ သေသွားတယ်။ သူ့ရဲ့အလောင်းကို ဘယ်လိုလုပ်လိုက်ရမှန်း မသိတာနဲ့ အလောင်းကြီးကို ထမ်းပြီး ဟိုသွားဒီလာလုပ်နေရတယ်။ နောက်ဆုံး တစ်နေရာမှာ မြှုပ်ခဲ့ရတယ်။ ဒီအကြောင်းကို လက်နက်ချဝင်လာတဲ့ (ဖမ်းမိတဲ့) လူတစ်ယောက်က ပြန်ပြောတယ်။ သူလဲ ညအခါကြီးဖြစ်လေတော့ နေရာကို မမှတ်မိတော့ဘူး။ အဲဒီမှာ စစ်ခွေးတပ်က စစ်ခွေးတွေကို သုံးပြီး ရှာရတာ၊ အလောင်းကို တွေ့တယ်။ အသားမရှိတော့ဘူး။ အရိုးကျန်နေပြီ ဒါပေမယ့် မျက်နှာ၊ မေးရိုးစတာတွေကို ကြည့်ပြီးတော့မှ သခင်သန်းထွန်းအလောင်းမှန်ကြောင်း အတည်ပြုလိုက်ရတာ၊ ခွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အနံ့ခံမှု အလွန်ထက်မြက်တယ်။ ဒါကြောင့် တိရစ္ဆာန်တွေက လူထက်သာတဲ့အချက်တွေ အများကြီးပဲလို့ ပြောခဲ့တာပေါ့။

■ အံ့ဩစရာပဲ ဆရာ။

● အေးပေါ့ကွ။ ငါတို့ ဘာအကြောင်းဆွေးနွေးနေကြတာလဲ။ စပ်မိစပ်ရာ ပြောကြဆိုကြရင်းက မူလဆွေးနွေးရင်းအကြောင်းကို မျက်ခြည်ပြတ်သွားမှာလဲ စိုးရသေးတယ်။

■ အဝတ်အစားအကြောင်းပါ ဆရာ။ သပ်သပ်ရပ်ရပ် တင့်တင့်တယ်တယ် ဝတ်ဆင်အပ်ကြောင်းပါ ဆရာ။

● အေး - ဟုတ်တယ်။ သပ်ရပ်တင့်တယ်ခြင်း စတဲ့ အလှအပကို လူတွေက ခံစားနိုင်တယ်၊ လှပတင့်တယ်အောင်လဲ ဖန်တီးတတ်တယ်။ ဒါကြောင့် ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ပန်းတမော့ စတဲ့ ပညာတွေ ပေါ်လာရတယ်။ အဲဒါတွေကိုကော မှတ်မိကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။ သဘာဝတိမ်တောက်နေတာကို ကြည့်ရတာနဲ့ တိမ်တောက်နေပုံကို ဆွဲထားတဲ့ ပန်းချီကား ကွာခြားပုံကိုလဲ ဆရာ ပြောခဲ့ပါသေးတယ်။

● အေး - အဲဒီပန်းချီကားတွေ၊ ပန်းပုရုပ်တုတွေက မျက်စိနဲ့မြင်ရတာကွဲ့။ နားနဲ့ကြားရတဲ့ အလှလဲ ရှိသေးတယ်။

■ ဂီတလား ဆရာ။

● အေးပေါ့ကွဲ့။ ဂီတပေါ့။ ဂီတမရှိတဲ့ လူမျိုးရယ်လို့ မရှိဘူး။ တူရိယာပစ္စည်းမှာ စောင်း၊ ပတ္တလား၊ စန္ဒရားဆိုတာတွေ မရှိစေဦးတော့ ခေါင်းထွင်းသစ်တုံးကို ခေါက်တာ၊ ဝါးလုံးခေါင်းထွင်း သုံးလေးလုံးကို တန်းစီပြီး စည်းကျဝါးကျ မှန်မှန်ခေါက်သွားတာမျိုးလောက်တော့ ရှိခဲ့ကြတာပါပဲ။ ခုခေတ်မှာတော့ဖြင့် ကမ္ဘာကြီးက ကျဉ်းမြောင်းသွားပြီမို့ ဂီတသံစဉ်တွေလဲ အရောရောအနှောနှော ဖြစ်လာသည်ထိအောင် ကူးစက်သွားကြပါပြီ။ အာဖရိကဂီတသံတွေဆိုရင် မင်းတို့ကိုယ်တိုင်တောင် ဆိုနေတီးနေကြပြီ မဟုတ်လား။

■ ကမ္ဘာဦးက လူတွေလဲ ဂီတကို နှစ်သက်ဖန်တီးခဲ့သလား ဆရာ။

● ကမ္ဘာဦးလူပေါ်စမှာတော့ဖြင့် မဆိုနိုင်ဘူး။ ကျောက်ခေတ်သစ်မှာတော့ ပေါ်တာသေချာတယ်။ ကျောက်ဂူနံရံတွေမှာ တီးမှုတ်ကခုန်တဲ့





အရုပ်တွေကို တွေ့ကြရတယ်။

■ ဂီတသံကို ဘယ်လိုများ စတွေ့ကြသလဲ မသိဘူးနော်။

● အဲဒါတော့ ငါလဲ မပြောတတ်ဘူးပေါ့ကွယ်။ ပညာရှင်တွေလဲ 'အနုမာန၊ မျက်ရမ်းဆ' ဆိုသလို မှန်းကြည့်ကြတာပါပဲ။ ငါကိုယ်တွေ့ ဆင်ခြင်မိသလောက်ကို ပြောရရင်တော့ 'အူသံ' ပေးတာက စသလားလို့တောင် အောက်မေ့မိပါတယ်။

■ အူသံ ဟုတ်လား ဆရာ။ လူက 'အူ' တာလား။

● အေး - လူတွေကအူတာ။ အူသံပေးတယ်ဆိုတာကို မင်းတို့ နားလည်မှာ မဟုတ်ဘူး။ ဂျပန်ခေတ် ငါ လူပျိုပေါက်မရှိတရှိမှာ ကုန်တွေ ဘာတွေကို သယ်ပြီး တောလမ်းခရီး တောင်ပေါ်ခရီးတွေကို သွားခဲ့ဖူးတယ်။ တောင်ပေါ်တောထဲမှာ ခရီးသွားတော့ ခြေလှမ်းသွက်တဲ့ လူရှိတယ်။ ခြေလှမ်းလေးတဲ့ လူရှိတယ်။ ဒီတော့ လူအုပ်ချင်းကွဲပြီး မျက်ခြည်ပြတ်သွားတတ်တယ်။ တောင်ပေါ်တောထဲမှာ မျက်ခြည်ပြတ်သွားပြီဆိုရင် လူရိပ်လူခြည် ဘာမှကိုမမြင်ရတော့တာ။ အဲဒီကျရင် နောက်ကျန်ရစ်ခဲ့တဲ့ အုပ်စုက အသံပေးပြီး ရှာရတယ်။ အသံပေးတော့ 'အောင်သင်းရေ' လို့ နာမည်အော်ခေါ်လို့ မကြားနိုင်ဘူး၊ တောကိုမပေါက်ဘူး။ အဲဒီတော့ ခွေးများအူသလို 'ဦး . . . အူ . . . အူ' လို့ သံရှိန်ပေးပြီး အူရတယ်။ အူတယ်ဆိုတဲ့အတိုင်း လည်ချောင်းထဲက အသံမျိုးမဟုတ်ဘဲ ဝမ်းခေါင်းထဲကအသံ အူထဲကအသံနဲ့ အူရတာ။ အဲဒီအူသံက သိပ်ပြေးတာပဲ။ ဟိုဘက်တောင်နဲ့ ဒီဘက်တောင်ကိုတောင် လှမ်းကြားရတယ်။ ဒီတော့မှ ကိုယ့်လူတွေ သမ်းသိတဲ့လူတွေ ဘယ်ဘက်ဆီမှာ ရှိတယ်ဆိုတာကို သိရမှာကိုး၊ ရှေ့က လူတွေက ပြန်အူလိုက်တော့မှ အဲဒီအူသံဆီကို မှန်းပြီး သွားရတာ။ အဲဒီ အူသံရဲ့ခရီးရောက်ပုံကို ငါက ကိုယ်တိုင်ကြုံခဲ့ဖူးတာ။

■ အဲဒီ အူသံနဲ့ ဂီတနဲ့ ဆက်စပ်ပုံက ဘယ်လိုလဲ ဆရာ။

● ဒီလိုကွ၊ အဲဒီလို တောင်ပေါ်တောမြိုင်ထဲမှာ အူသံပေးကြတော့ တချို့လူတွေ အူတာ သံနိမ့်သံမြင့်လေး ပြောင်းသွားတာ သိပ်နားထောင်လို့ ကောင်းတာပဲ။ မင်းတို့ ခွေးတွေအူတာကို သတိထားနားထောင်ကြည့်ပါလား။ တချို့ခွေးတွေမှာ သံနိမ့်သံမြင့်ပါလာ



www.burmeseclassic.com

www.burmeseclassic.com



တတ်တယ်။ သံနိမ့်သံမြင့်သဘောပါလာပြီဆိုကတည်းက ဂီတသဘောဝင်လာပြီလို့ ဆိုရမှာပေါ့။

ဒီတော့ ကမ္ဘာဦးလူတွေဟာလဲ ကိုယ့်လူကိုယ့်အုပ်စုနဲ့ ကွဲတဲ့အခါ အူသံပေးကြတယ်လို့ ထင်တယ်။ အဲဒီမှာ သံနိမ့်သံမြင့်နဲ့ အူကြတာကို နှစ်သက်တာမျိုးဖြစ်လာနိုင်တယ်။ ဒီတော့ ဘာသာစကားမပေါ်မီ တော်တော် စောစောကြီးကတည်းက ဂီတပေါ်နေခဲ့ပြီလို့ ထင်မိတာပဲ။ ဒါတွေအားလုံးက ငါ့ရဲ့ရော်ရမ်းတွေးတောချက်တွေသာဖြစ်ပါတယ်။ မှန်ပြီလို့ မယူဆကြပါနဲ့။

■ စည်းချက်ဝါးချက်ကကော ဆရာ။

● စည်းချက်ဝါးချက်ဆိုတာက ငါတို့မြန်မာဂီတမှာ ချွင်-ခေါက်ဆိုပြီး စည်းနဲ့ဝါးကို သုံးလို့ စည်းဝါးလို့ခေါ်နေကြတာကိုးကွဲ့။ စင်စစ်မှာတော့ စစ်သားတွေ ဘယ်ညာလျှောက်သလို၊ ငါတို့တစ်တွေ ခြေလှမ်းမှန်မှန်လျှောက်ကြသလို အချိန်မှန်မှန်ကြီး ဖြစ်နေတဲ့သဘောပါပဲ။ ငါတို့ရဲ့ နှလုံးသားက အချိန်မှန်ခုန်နေလို့ပဲလားမသိ။ ငါတို့ဟာ စည်းဝါးအချိန်မှန်ခြင်းကို သွေးထဲသားထဲက အလိုလိုသိလာနေတယ် ထင်မိတာပဲ။

ဆိုကြပါစို့ကွယ်။ ကလေးပုခက်ထဲမှာ ထည့်ပြီး လွှဲသိပ်ကြတယ်။ ပုခက်ရဲ့ ဟိုဘက်ဒီဘက်ရွေ့လျားနေတာကိုက အချိန်မှန်မှန်ကြီး ဖြစ်နေတာပဲ။ ဒါကြောင့် ကလေးတွေဟာ အဲဒီစည်းချက်ဝါးချက်မှာ မျောပါပြီး အိပ်သွားသလားတောင် ထင်မိတယ်။ ပုခက်နဲ့ မသိပ်ဘဲ မိခင်က ပုခုံးပေါ်မှာတင်ပြီး တင်ပါးလေးကို ပုတ်သိပ်ပြန်ရင်လဲ မိခင်လက်က မှန်မှန်လေးပုပ်ပေးနေတယ်။ မိခင်က သူ့ပုခုံးလေးကို အချိန်မှန်လေး လွှဲပြီး ယိမ်းပေးနေတယ်။ ပါးစပ်ကလဲ အိုလေလေး အို့အို ဆိုတာလေး မြည်ပေးနေတယ်။ ခဏရှိတော့ ကလေးက အိပ်ပျော်သွားတာပေါ့။

■ သဘာဝမှာလဲ ဒီလိုမျိုးရှိဘာပဲလား ဆရာ။

● ရှိတာပေါ့ကွဲ့။ ပမာအားဖြင့်ဆိုပါတော့ ရေတံခွန်ကျသံတွေပေါ့ကွယ်။ ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ အမှုထမ်းစဉ်က ရေတံခွန်တွေကို ရောက်ခဲ့ဖူးတယ်။ နာမည်ကြီးရေတံခွန်နှစ်ခုရှိတယ်။ ဘီအီးဖောလ်





ဆိုတဲ့ ရေတံခွန်ရယ်၊ ဓာတ်တော်ချိုင့်ဆိုတဲ့ ရေတံခွန်ရယ်။

အဲဒီ ရေတံခွန်တွေကျသံဟာ မှန်မှန်ကြီးဖြစ်နေတာ။ အဲဒီရေတံခွန်တွေနားမှာ ပက်လက်လှန်ပြီး နားစွင့်လိုက်ရင် အိပ်ပျော်တော့မလိုလို ဖြစ်သွားလေ့ရှိတယ်။ ထားပါစို့ကွာ။ မင်းတို့ ရေတံခွန်တွေဘာတွေ မရောက်ဖူးရင် ရှိပါစေတော့။ မိုးသည်းတဲ့ညတွေမှာ အိပ်မကောင်းဘူးလား။

■ အိပ်ကောင်းတယ် ဆရာ။

● မိုးသည်းတော့ အေးလို့ ကွေးကောင်းတာသာ မဟုတ်ဘူးကွ။ ခေါင်မိုးပေါ်ကို ကျနေတဲ့ မိုးသံတဟဲဟဲက သိပ်ပေးနေတာ။ မီးရထားနဲ့ ခရီးသွားကြရင်လဲ မီးရထားရဲ့ သံမှန်ကြီးရယ်၊ ပုခက်လို လွှဲနေတဲ့ အရှိန်ရယ်ကြောင့် အိပ်ပျော်သွားတတ်ကြတာ။ ဒီတော့ စည်းဝါးစည်းချက် ဝါးချက်ဆိုတာဟာ မှန်မှန်ကြီးဖြစ်နေတဲ့သဘောပါပဲ။

စည်းချက်ဝါးချက်ဆိုတာ မှန်မှန်ကြီးဖြစ်နေတယ်လို့ ပြောခဲ့တယ်နော်။ စည်းချက်ဝါးချက်က အချိန်မှန် ဟုတ်ချင်မှဟုတ်မယ်။ အဲဒီအချိန်မှန်မဟုတ်တာတွေကို ပြန်ပေါင်းလိုက်တော့ အချိန်မှန်နေပြန်တယ်။ ဒီကျတော့ နောက်တစ်ဆင့်ပြောင်းသွားတာပေါ့။

■ မမှန်တာက ပြန်ပြီးမှန်နေတယ်ဆိုတာ နားမလည်ဘူး ဆရာ။

● မင်းတို့ အာရုဏ်တက်မှာ ဘုန်းကြီးကျောင်းက အုန်းမောင်းခေါက်တာကို ကြားဖူးကြမှာပေါ့။

■ ကြားဖူးပါတယ် ဆရာ။

● သတိထားကြည့်ပေါ့။ ပထမ တုံ တုံ တုံ တုံ လို့ အမြန်ခေါက်တယ်၊ နောက်ပြီးမှ တုံးဆို တစ်ချက်ခေါက်တယ်။ နောက်တော့ တုံး . . . တုံ . . . တုံဆိုပြီး တစ်စတစ်စ မြန်လာတယ်။ နောက်ဆုံးမှာမှ တုံး . . . တုံး . . . တုံး လို့ ခေါက်တယ်။ တစ်ချက်နဲ့တစ်ချက် မညီဘူး။ ဒါပေမဲ့ အဲဒီမညီတာတွေချင်း ပြန်ညီနေပြန်တယ်။ တစ်ကာစမြန်လာတာ မညီလို့ပေါ့။ တစ်ချက်နဲ့တစ်ချက် မြန်ပုံက ညီနေပြန်တာကိုးကွ။ အဲဒါတွေက နားနဲ့ကြားရတဲ့ စည်းဝါး။ မျက်စိနဲ့ မြင်ရတဲ့ စည်းဝါးရှိသေးတယ်။

■ ပြောပါဦး ဆရာ။ စိတ်ဝင်စားဖို့ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



● ပန်းပွင့်လေးတွေက ရွက်ဖပ်ကလေးတွေဟာ ပုံပန်းသွင်ပြင် ညီမနေဘူးလား။ အဲဒါက ညီနေတာ။ မင်းတို့ လုံချည်က အကွက်တွေကို သေချာကြည့်စမ်းပါလား။ တစ်ကွက်ချင်းမှာ အနီတစ်တန်း၊ အဖြူတစ်မျှင်၊ အနက်တစ်ကြောင်းဆိုတော့ ညီမှမညီပဲ။ ဒါပေမဲ့ တစ်ကွက်ချင်းမှာ မညီပေမဲ့ မညီတဲ့အကွက်တွေ ပေါင်းလိုက်တော့ မညီတဲ့အကွက်ချင်း ညီနေပြန်တယ် မဟုတ်လား။ အဲဒါက အမြင်စည်းဝါးပေါ့ကွ။

■ နားလည်ပြီ ဆရာ။

● မင်းတို့ကို စည်းဝါးအကြောင်း ပြောလိုက်ရတာနဲ့ တစ်ချိန်ကုန်သွားပြီ။ ဂီတကိုတောင် မရောက်တော့ဘူး။ နောက်တစ်ပတ်ပေါ့ကွာ။

*

(၂၆)

● အရင်တစ်ပတ်က ဘာသာစကားမပေါ်မီကကိုပဲ ဂီတသံစဉ်ကို အလှပစ္စည်းတစ်ခုအဖြစ် လူတွေဟာ တန်ဖိုးထားခဲ့ပုံရကြောင်းကို ပြောခဲ့ပါတယ်။ တကယ်ဆိုတော့ တူရိယာပစ္စည်းတွေပေါ်လာပုံ အကြောင်းကို စူးစမ်းလိုက်ရင်ကိုပဲ စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ ဝါးလုံးတွေကို ခေါက်တာ၊ လုံးထွင်းသစ်တုံးတွေကို ခေါက်တာ၊ ကုန်ကုန်ပြောလိုက် ရင် သစ်ရွက်မှုတ်တာစုတ်တာ အစပေါ့ကွာ။

■ သစ်ရွက်မှုတ်တာစုတ်တာဆိုတာ ဘာကို ပြောတာလဲ ဆရာ။

● ဒီလိုကွ၊ ငါကြားဖူးရသလောက် တောလိုက်မုဆိုးတွေရဲ့ဘဝမှာ 'ဂျီစုတ်' တယ် (ချေစုတ်တယ်)ပေါ့ကွာ။ အဲဒီ ဂျီစုတ်တယ်ဆိုတာ ရှိတယ်။ သစ်ရွက်ကို ပါးစပ်မှာကပ်ပြီး စုတ်လိုက်၊ မှုတ်လိုက် အသံထွက်အောင် လုပ်တာပါပဲ။ အဲဒီအသံက ချေပေါက်စလေး မြည်နေတဲ့အသံနဲ့တူသတဲ့။ ဒီတော့ ချေမကြီးက သူ့သားငယ်လေးလား၊ ချေပေါက်စလေးလားဆိုပြီး ရောက်လာတတ်တယ်။ အဲဒီကျတော့မှ ချေမကြီးကို ပစ်ခတ်ပြီး စားကြတာပေါ့ကွယ်။ ဒါပေမဲ့ အလွန်ကို အန္တရာယ်ကြီးတယ်လို့လဲ ပြောတယ်။

■ ဟုတ်လား။ ဘာပြုလို့လဲ ဆရာ။ ချေက အန္တရာယ်ပြုလို့လား။

● မဟုတ်ဘူးကွ။ ချေသူငယ်သံထင်ပြီး ကျားတို့ ကျားသစ်တို့ပါ ရောက်လာတတ်တယ်လို့ ပြောကြတယ်။ သတိရလာလို့ ပြောလိုက်ရဦးမယ်။ ငါတို့ ကာလသားဘဝလောက်မှာ ငါတို့ တောင်တွင်းကြီးမှာ ကိုညွန့်မောင်ဆိုတာ ရှိခဲ့ဖူးတယ်။ သစ်ရွက်မှုတ်တာ သိပ်တော်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ကလေးတစ်ခုကို နှုတ်ခမ်းမှာတေ့ပြီး မှုတ်တာပါပဲ။ သီချင်းကြီး သီချင်းခံ၊ ကာလပေါ်အကုန် ပီပီသသမှုတ်နိုင်တဲ့လူ။ တီးဝိုင်းတွေမှာ ခေါ်ပြီးသုံးရလောက်အောင် ကောင်းတယ်။ သူ့ကို သူငယ်ချင်းတွေက 'ပီပီညွန့်မောင်' လို့ ပြောင်ပြီးခေါ်ရင်းက နာမည်တောင် တွင်သွားပါရောလား။ ကဲ - ထားလိုက်ပါတော့ကွယ်။ ဂီတသံစဉ်ကို စိတ်ဝင်စားလာကြပုံ၊ တူရိယာပစ္စည်းတွေကို တွေ့ရှိလာကြပုံတွေကို တွေးတောကြံဆနေရင် ဆုံးမှာမဟုတ်တော့ဘူး။ ဒါတွေက ရှေးဟောင်းသမိုင်းသုတေသီတွေရဲ့ လုပ်ငန်းတွေပါ။ အရေးကြီးတာက လူတွေဟာ ပေါ်ဦးစကတည်းက ဂီတသံစဉ်ကို အလှပစ္စည်းတစ်ခုအဖြစ် မြတ်နိုးတန်ဖိုးထားခဲ့ကြတယ်ဆိုတဲ့ အချက်ပါပဲ။

- ■ သီချင်းကျတော့ကော ဆရာ။
- ● အေး - သီချင်းကတော့ ဘာသာစကားပေါ်မှ ပီပီပြင်ပြင် ပေါ်လာတာဖြစ်မှာပေါ့။ ဒါပေမဲ့ ဘာသာစကားမပေါ်မီကကိုပဲ ဂီတသံစဉ်နဲ့ လိုက်ဖက်တဲ့ ဝူးဝူးဝါးဝါးသံစဉ်တွေကို အော်ကြဟစ်ကြဟန်တူတယ်။ ငါတို့ငယ်ငယ်က တောတွင်းသား 'တာဇံ' ရုပ်ရှင်တွေကို ကြည့်ခဲ့ရဖူးတယ်။ အာဖရိကမှာရှိတဲ့ လူရိုင်းတွေလဲ ပါတာပေါ့။ သူတို့သီချင်းတွေက ဂီတသံစဉ်နဲ့ ဖက်ထားတဲ့ ဝူးဝါး အူးအား အသံမျိုးတွေက ပိုများတယ်လို့ မှတ်မိနေတယ်။ ဘာသာစကား ပေါ်ပြီးတဲ့နောက်မှာလဲ အဲဒီလို အသံမျိုးတွေကို သုံးနေကြတာပါပဲ။ ငါတို့အိုးစည်ဒိုးပတ်ဝိုင်းတွေမှာ 'ဟေ့လားမောင်ရို့- ဝါး' ဆိုတာမျိုးတွေပေါ့။ အထူးသဖြင့် 'အားညို' တဲ့ အခါမျိုးတွေမှာကျတော့ စည်းမိဝါးမိဖြစ်အောင် သုံးကြရတယ် မဟုတ်လား။ 'အားညို' တယ် ဆိုတာက လေးပင်တဲ့ဝန်စည်ကို တွန်းတဲ့ မ,တဲ့အခါမှာ လူအများကြီး ဝိုင်းပြီး လုပ်ရတယ် မဟုတ်လား။ တစ်ယောက်က မ,လိုက်၊ တစ်ယောက်က ချလိုက်ဖြစ်နေရင် ဘယ်မှာ ဝန်ကို ဆောင်နိုင်ပါ့မလဲ။ ဒီတော့ အားတွေအကုန်လုံး တစ်ပြိုင်တည်းဖြစ်အောင် အချက်ပေးပြီး 'အားညို' လုပ်ဆောင်ကြရတယ်။

ဥပမာ - ငါ မှတ်မိသလောက် ဂေါ်ရင်ဂျီကုလားတွေ ပစ္စည်းတစ်ခုကို ဝိုင်းဝန်းတွန်းရွှေ့ကြရင် တစ်ယောက်က 'မန်ဒါလီရေ' လို့





တိုင်ပေးလိုက်ရင် ကျန်တဲ့ ဂေါ်ရင်ဂျီကုလားတွေက 'ဟေးလား' လို့ ဖောက်ပြီး တွန်းရတယ်။ အဲဒီလို အတိုင်အဖောက် 'မန်ဒါလီရေ့' 'ဟေးလား' နဲ့ လုပ်ကြကိုင်ကြတာပဲ။ 'ဟေးလား' ဆိုတာက အားစိုက်တဲ့အသံပေါ့။ 'မန်ဒါလီရေ့' ဆိုတာက 'စည်းဝါး - အချိန်ပေး' လိုက်တာပေါ့။ အဲဒီလိုပဲ 'ရမ်မာပူလေး ဗေလေဆပ် ဗေလေဆပ်' ဆိုတာလဲ ရှိသေးတာပဲ။

ဂျပန်တွေမှာ အားညိုတဲ့အသံက အတိုင်က 'ယောအိဆေး' အဖောက်က 'ယောအိဆား' တဲ့။ အဖောက်သံ 'ယော' မှာ တစ်ပြိုင်နက် အားစိုက်လိုက်ကြတာပါပဲ။

ငါတို့မြန်မာတွေ လှေလှော်ပြိုင်ရာမှာလဲ တက်ခတ်တာချင်းညီအောင် 'ရိုးလေလေ့-ရိုးလေလေ့' (ဟိုး . . . လေလေ့၊ ဟိုး - လေလေ့) ဆိုတာတွေ ရှိနေတာ ခုထက်တိုင်ပဲ မဟုတ်လား၊ 'ဟိုး တိုက်တယ်' လို့ ခေါ်ကြတယ်။

- ■ ဘာသာစကားမပေါ်ခင်ကလား ဆရာ။
- ● ဘာသာစကားတွေ ပေါ်လာပြန်တော့လဲ ဒါတွေက အသုံးဝင်နေလေတော့ ပျောက်ပျက်မသွားဘဲ ကျန်နေရစ်တာပေါ့။ ပြောချင်တာက ဘာသာစကားမပေါ်မီကကိုပဲ လူတွေဟာ လူ့ရဲ့ 'သံရင်း' နဲ့ ဂီတစည်းဝါးကို အလှအပစ္စည်းအဖြစ် အော်ဟစ်ကြခဲ့ပုံရတယ်လို့ ပြောချင်တာပါ။ မင်းတို့ သတိရစေချင်တာက ငါဟာ ရှေးဟောင်းသမိုင်းသုတေသီပညာရှင် မဟုတ်ဘူး။ ဒါကြောင့် ငါပြောခဲ့တဲ့ သမိုင်းကိစ္စတွေကို အမှန်ပဲရယ်လို့ မယူမှတ်ကြပါနဲ့။ မှန်းဆချက်တွေသာလျှင်ဖြစ်ကြောင်း သတိရကြပါ။ ပဓာနထားပြီး ပြောချင်တာက လူတွေဟာ ဂီတရဲ့အလှကို ခံစားတတ်တယ်။ ဖန်တီးတတ်တယ်ဆိုတဲ့ အချက်ပါပဲ။
- ■ ဘာသာစကားမပေါ်မီက ဝူးဝါး-အူးအား ဆိုတဲ့ အသံတွေနဲ့ပဲ ဂီတသမှုပြီး မြည်တမ်းခဲ့တယ်ဆိုရမှာပေါ့ ဆရာ။
- ● အေး - ငါတော့ဖြင့် အဲဒီလိုထင်တာပဲ။ စဉ်းစားကြပေါ့ကွာ။
- ■ ဘာသာစကား ပေါ်လာပြီးတဲ့နောက်ကော ဆရာ။
- ● ဘာသာစကား ပေါ်လာပြီးတဲ့နောက်မှာတော့ ဂီတသံအလိုက် စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေကို ထည့်တော့တာပေါ့ကွာ။ ဒီတော့ သီချင်းဖြစ်လာပြန်တာပေါ့။ ခုထက်ထိလဲ 'ဟေး' တို့ 'ဝါး' တို့ဆိုတဲ့အသံတွေကို သုံးနေကြတာပါပဲ။ ဘာသာစကားရိုးရိုးနဲ့ သီချင်းနဲ့က မတူပြန်ဘူး။ သီချင်းမှာတော့ စည်းဝါးပါလာပြီ။ သံစဉ်ပါလာပြီ။ ဒီတော့ ရိုးရိုးအပြောစကားလို မဟုတ်တော့ဘူး။ စကားလုံးကျစ်လစ်အောင် တိုတိုနဲ့ ထိထိမိမိဖြစ်အောင် 'စကားလုံးစီ' ကြရတယ်။ 'စကားလုံးရွေး' ကြရပြန်တယ်။ ဘာသာစကားကို အလှဆင်ကြပြန်တာပေါ့။ အဲဒီ ဘာသာစကားမှာကိုပဲ ဂီတသံမဟုတ်ဘဲ စကားသံ ပင်ကိုပါ လှအောင် ကြိုးပမ်းကြတယ်။ အဲဒီကျတော့ 'ကဗျာ' ဖြစ်လာပြန်တာပေါ့။ မင်းတို့ 'ဒသမတန်း' မှာ 'ကဗျာ' အဖြစ်နဲ့ သင်နေကြရတဲ့ 'ရွှေနှင့်ယိုးမှားပန်းစကား' ကို ပြန်စဉ်းစားကြည့်ပါလား။ ခုခေတ်မှာ 'ကဗျာ' လို့ ပြောနေကြပေမဲ့ ရင်းမြစ်က 'သီချင်း' ပါပဲ။ 'နတ်ချင်း' (နတ်ကို ပူဇော်ပသတဲ့သီချင်း) ပေါ့။ ဒီတော့ 'ကဗျာအစ သီချင်းက' လို့ ဆိုနိုင်တယ်။

ငါလဲပဲ စကားစပ်လို့ လျှောက်ပြောလိုက်တာ မူရင်းဦးတည်ချက်တောင် ပျောက်သွားပလား မသိဘူး။

■ မပျောက်ပါဘူး ဆရာ။ လူတွေဟာ အလှမျိုးစုံကို ခံစားတတ်တယ်။ အလှမျိုးစုံကို ဖန်တီးချင်တယ်ဆိုတဲ့ အခြေခံသဘောပါ။

● အေးကွ။ အဲဒါ အလွန်အရေးကြီးတယ်။ ကိုယ်က ပြောရင်လဲ ဥပမာတွေ၊ သာဓကတွေ၊ ရှင်းလင်းချက်တွေ ဘယ်လောက်ပဲများနေစေဦးတော့ နောက်ဆုံးမှာ ဆိုလိုရင်းကို ပြန်ရောက်အောင် ပြောရတယ်။ အစအဆုံးဟာ 'ဝ' လုံး ရေးသလို ဖြစ်နေရတယ်။ 'ဝ' လုံး ရေးတာမှာ ဘေးချော်သွားရင်'သဝေထိုး' ဖြစ်သွားတော့တာပေါ့။ သူများပြောတာ ဆိုရင်လဲ 'ဝ' လုံး ဖြစ်ရဲ့လား၊ 'သဝေထိုး' သွားသလား ဆိုတာကို သတိထားရတယ်။ ကဲ - ဝလုံးဆီ သွားလိုက်ကြဦးစို့။

ခုနက ပြောခဲ့တဲ့ 'ကဗျာ' မှာကျတော့ 'တင်စားမှု' တွေ 'ဥပမာပြုမှု' တွေ စတဲ့ အလင်္ကာတွေ ပါလာပြီ။ ကဗျာသီတဲ့သူရဲ့ စိတ်ကူးဉာဏ် ကောင်းသလောက် တင်စားမှုတွေ၊ ဥပမာပြုမှုတွေ ဆန်းကြယ်လာတယ်။ ဆန်းကြယ်တိုင်းလဲ မဟုတ်သေးဘူး။ လှလဲလှရသေး





တယ်။ အဲဒါမှ အလင်္ကာမြောက်လာတယ်။ အလင်္ကာမြောက်မှလဲ ရသပေါ်လာတာကိုး။ ဒါတွေကို ဆက်လိုက်ရင် ဆုံးမှာမဟုတ်တော့ဘဲ သီးခြားနယ်ပယ်ကို ရောက်သွားလိမ့်မယ်။ ဒီတော့ သီတာ၊ ဆိုတာ၊ ရေးဖွဲ့ကာမှာလဲ အလှဖန်တီးလိုစိတ် လူတွေမှာရှိကြတယ်ဆိုတာ လောက်ကိုသာ မှတ်ထားကြပေတော့။

ပြောခဲ့တာတွေက သီ ဆို ရေးဖွဲ့တာတွေကို ပြောခဲ့တာ။ ငါတို့တွေ သာမန်ပြောစကားတွေမှာလဲ အမှတ်မထင် အလှကို ဖန်တီးနေကြတာ။ အဲဒါကိုလဲ နှစ်သက်နေကြတာပါပဲ။

■ သာမန်စကားပြောကြဆိုကြရာမှာလဲ အလှဖန်တီးမှုသဘောပါနေတယ်လို့ ဆိုလိုတာလား ဆရာ။

● အေးပေါ့ကွ။ မင်းတို့ ငါနဲ့ စကားပြောရင် 'ငါ' လို့ ပြောသလား။

■ မပြောဘူး ဆရာ။ 'ကျွန်တော်' လို့ ပြောတာပေါ့။

● 'ကျွန်တော်' တို့ 'ကျွန်ုပ်' တို့ ဆိုတာတွေရဲ့ ရင်းမြစ်ကို လိုက်ရှာကြည့်လိုက်ရင် ဘုရင်မင်းမြတ်ကို ပြောဆိုလျှောက်ထားတဲ့ စကားသံ မဟုတ်လား။ ဒါပေမဲ့ ခုတော့ မူရင်းအနက် ကွယ်ပျောက်သွားပါပြီ။ သာမန် အင်္ဂလိပ်စကားလုံး 'I' လို ပြောသူနာမ်စားဖြစ်သွားပါပြီ။ ဒီလိုပဲ 'သခင်ဖရား' လို့ ကြားနာသူကို ဂုဏ်ပြုသောအားဖြင့် ဆိုခဲ့တဲ့စကားတွေဟာ သခင်ဖရား>ခင်ဖရား>ခင်ဗျား ရယ်လို့ သာမန် ကြားနာသူ နာမ်စားဖြစ်သွားခဲ့ပါပြီ။ ဒါပေမဲ့ သူ့ခေတ်နဲ့သူ့အခါ စကားလှအောင် သုံးနေတာကတော့ ရှိနေသေးတာပါပဲ။

ပမာအားဖြင့် 'နားထောင်နေကြတဲ့သူအပေါင်းတို့ခင်ဗျား' ဆိုမယ့်အစား 'သောတရှင်အပေါင်းတို့ခင်ဗျား' ဆိုတာက ပိုပြီး နားဝင်ချိုတာပေါ့။ သူတို့ လင်မယားဆိုတာထက် သူတို့မောင်နှံ' 'သူတို့ဇနီးမောင်နှံ' ဆိုတာက ပိုပြီး ယဉ်ကျေးတာပေါ့။

ဆိုကြပါစို့ မင်း ဘတ်စ်ကားစီးတယ်၊ စပယ်ယာက မင်းထက် အသက်ကြီးတယ်။ 'ဟဲ့ - ကောင်လေး၊ ရှေ့ဘက်တိုးကွာ' ဆိုတာနဲ့ 'ညီလေးရေ ရှေ့ဘက်ကို တိုးလိုက်ပါလား။ နောက်ဘက်က ခရီးသည်တွေ များလာလို့ပါ' ဆိုတော့ မင်းလဲပဲ စိတ်လိုလက်ရ တိုးပေးလိုက်မှာပေါ့။ သာမန်အားဖြင့် ပြောရင်တော့ စကားပြောချိုသူတယ်။ အပြောအဆို ယဉ်ကျေးတယ်ပေါ့။ သေချာစဉ်းစားကြည့်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘာသာစကားကို လှလှပပသုံးတတ်တာပါပဲ။ အလှအပတစ်မျိုး ဖြစ်နေတာကို တွေ့ရမှာပေါ့။ နေရာဌာနအလိုက် စကားအသုံး အနှုန်းတွေ ကွဲပြားလာတာတွေကို တွေ့နိုင်ပါတယ်။ ဆိုပါစို့ကွယ့် ဆွမ်းခံတဲ့ ဘုန်းကြီးတစ်ပါးက အိမ်ရှေ့မှာ ဖြတ်သွားတယ်။ မင်းက ကုသိုလ်ယူချင်လို့ ဈေးထဲက ဝယ်လာတဲ့ မုန့်ကလေးတစ်ခုကို ဆွမ်း လောင်းချင်တယ်။ 'ဘုန်းကြီး ခဏနေပါဦး' လို့ ပြောမလား။ ရပ်တော်မူပါဦး ဘုရား' လို့ ပြောမှာပေါ့။

သဘောချင်းကတော့ အတူတူပဲ မဟုတ်လား။ ဒါပေမဲ့ နေရာဌာန အလိုက် ပုဂ္ဂိုလ်အလိုက် အသုံးအနှုန်းတွေ ကွဲပြားနေတာကို တွေ့နိုင် ပါတယ်။ စကားသုံး၊ အပြောအဆို ယဉ်ကျေးတယ်၊ ရိုင်းစိုင်းတယ် ဆိုတာမျိုးတွေ ဖြစ်လာကြတာပေါ့။ သေချာပြန်စဉ်းစားကြည့်လိုက် တော့ ယဉ်ကျေးတယ်ဆိုတာဟာလဲ အလှတစ်မျိုးပါပဲ။

အတိုချုပ်ပြောလိုက်ရရင်တော့ သာမန်ဘာသာစကား ပြော တာဆိုတာမှာတောင် အလှကိုခံစားတတ်ကြတယ်။ လှအောင်ဖန်တီး ချင်စိတ်ရှိကြတယ်ဆိုတဲ့ သဘောပါပဲ။

သို့သော်လဲ ခြွင်းချက်တော့လဲ ရှိသေးတာပေါ့။ ဥပမာ - ဗမာစကားပုံတွေထဲမှာ **'အင်း ကောင်းရင် ဗျာမတန်'** ဆိုတာ ရှိ တယ်။ တစ်ဖက်သားက ပြောဆိုတာကို 'အင်း' လို့ လိုက်ရင် ရိုင်းတာ ပေါ့။ 'ဟုတ်ကဲ့ခင်ဗျား' လို့ တုံ့ပြန်ရင် ယဉ်ကျေးတာပေါ့ကွယ်။ 'အင်း' လို့ ဆိုပေမဲ့ တကယ့်စိတ်ကောင်း စေတနာကောင်းမှန်လို့ရှိရင် 'ဗျာ' လို့ ယဉ်ကျေးစွာ တုံ့ပြန်ခြင်းထက် ပိုပြီး တန်ဖိုးရှိတယ်လို့ ပြောတာ ပါပဲ။

စကားစပ်မိလာလို့ သတိရလာတာကြောင့် ပြောလိုက်ရဦး မယ်။ ငါက ၁၉၆၀ လောက်ဆီမှာ ဟုမ်းလမ်း ကရင်ခြံထဲက ကရင် တွေ၊ ကရင်မတွေကို ဥပစာတန်း (ပထမနှစ်၊ ဒုတိယနှစ်) အလွတ်ဖြေ ဖို့အတွက် မြန်မာစာသင်ပေးခဲ့ရဖူးတယ်။ ဒီတုန်းက 'အဝေးသင်' ဆိုတာ မရှိသေးဘူး။ တက္ကသိုလ်အတွင်းကျောင်းသားတွေနဲ့အတူ ဖြေကြရတာ။ မေးခွန်းတူပဲ။ သူတို့မှာ မြန်မာစာအခက်အခဲတွေ့ကြလို့ ငါက ညကျောင်းမှာ သင်ရတာပေါ့။ ကျောင်းကတော့ 'အလုံ' အထက(၃) ထင်ပါရဲ့။ အဲဒီတုန်းက 'ယူနစ်ကရင်' ကျောင်း U.K လို့ခေါ်ကြတယ်။ ကရင်မလေးတွေ စိတ်ရင်းအလွန်ဖြူကြတယ်။





ငါနဲ့လဲ မျက်မှန်းတန်းမိတာ ကြာလာတော့ ရင်းနှီးလာကြတယ်။ တစ်ခါတစ်ရံ 'ဆရာရေ ငါ နက်ဖြန် ကျောင်းမတက်နိုင်ဘူး၊ ပြန်သင် ပေးရမယ်' လို့ 'ငါ' လို့ သူတို့ ဝသီအတိုင်း ပြောကြတာပဲ။

တစ်ခါမှာတော့ဖြင့် မှတ်မိနေသေးတယ်။ ကရင်မပဲ။ 'နော်ပရှိ ဆီးလာ' တဲ့၊ သူမေးတာက 'ဆရာရေ ငါ့စာအုပ်ထဲမှာ 'သ' ကို ရေးချတာ အပေါ်က မချပဲနဲ့ အောက်ကအထက်ကို ပြန်ချထား တယ်။ ငါ ဘယ်လို ဖတ်ရမှန်းမသိဘူး' တဲ့။ ငါက သိလိုက်ပါပြီ 'ဟဲ့ -ကရင်မရဲ့၊ အဲဒါ ရေးချ မဟုတ်ဘူး။ 'ဿ' ကြီးလို့ခေါ်တယ်။ သနှစ်လုံး ထပ်ထားတာ။ ဒါကြောင့် အသတ်သံနဲ့ဖတ်ရတယ်' လို့ သင်ပေးလိုက် ရတယ်။ ခုထက်ထိမှတ်မိနေသေးတာပါပဲ။ 'ငါ' လို့ သုံးတာဖြစ်သော် လဲ နားဝင်ချိုခဲ့မိတာ အမှန်ပါပဲ။ ခုနက ပြောခဲ့သလို 'အင်း ကောင်း ဗျာမတန်' ပေါ့ကွယ်။

'ဈေးကွက်' ဂျာနယ်မှာ 'မျိုးဆက်သစ်တိုးတက်ရစ်ဖို့' ဆိုတဲ့ အပတ်စဉ် ပုံမှန်ဆောင်းပါးတွေမှာ လူငယ်တွေအတွက်ရေးတာမို့ ကိုယ်တိုင်ကလဲ အသက်ကလေးထောက်လာပြီမို့ ကိုယ့်တူကိုယ့်သား တွေဆီ စာရေးသလို 'မင်း-ငါ' သုံးပြီး ရေးခဲ့တယ်။ ပထမဆုံး ဆောင်းပါးအဖွင့်မှာကိုပဲ လူငယ်တွေကိုသာ အာရုံပြုတာမို့ 'မင်း- ငါ' သုံးပါ့မယ်။ စာဖတ်သူ လူကြီးများအနေနဲ့ ဘေးပရိသတ်လို သဘောထား ခွင့်လွှတ်ပါလို့ ရေးခဲ့ပါတယ်။ ဒါတောင်မှ စာရေး ဆရာတစ်ယောက်စ နှစ်ယောက်စက ငါ့ကို ထိကပါး ရိကပါး ရေးကြ ပါသေးတယ်။ ဘာမှ ပြန်မပြောခဲ့ပါဘူး။

ခုတော့ လူငယ်တွေက ငါ့လေသံကို ရင်းနှီးသွားပါပြီ။ အခု ဒီစာကိုလဲ 'အင်း ကောင်း - ဗျာမတန်' ယုံယုံကြည်ကြည်နဲ့ ရေးနေတာပါပဲ။ သို့သော်လဲ ဒါမျိုးဟာ ခြွင်းချက်သာလျှင် ဖြစ်တယ်။ လူတွေဟာ သာမန် အပြောဘာသာစကားမှာတောင်မှ အလှကို ခံစားမိတတ်တယ်၊ အလှကို ဖန်တီးချင်ကြတယ်ဆိုတာကို နားလည် အောင်လို့ ရေးလိုက်ရတာပါ။

နောက်တစ်ပတ် ဆက်ကြသေးတာပေါ့ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

- ● လူသတ္တဝါတွေဟာ အခြားအခြားသော တိရစ္ဆာန်တွေထက် အလှအပကို ပိုပြီး ခံစားနိုင်တယ်၊ ဖန်တီးကြတယ်ဆိုတဲ့အကြောင်းတွေ ငါ ဆွေးနွေးခဲ့တာ အတော်လေးကို များသွားခဲ့ပြီ။
- ■ ဟုတ်ပါတယ် ဆရာ။ ကျွန်တော်တို့မှာလဲ တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်တွေးရမယ်ဆိုတဲ့ အသိကို ရလာပါတယ် ဆရာ။ ဂီတတို့ သီချင်းတို့အကြောင်းတွေကို ဆရာ ဆွေးနွေးခဲ့ပါတယ်။ အဲဒါတွေနဲ့ စပ်လိုက်တော့ 'အက' ဆိုတာလဲ အလှဖန်တီးမှုပဲပေါ့နော် ဆရာ။
- ● အေးပေါ့ကွ။ ခေါင်း၊ ခါး၊ ခြေ၊ လက် လှုပ်ရှားပုံတွေက စည်းကျဝါးကျဖြစ်ရုံသာမကဘဲ ကြော့ကြော့ရှင်းရှင်း တင့်တင့်တယ်တယ်လှပနေအောင် လှုပ်ရှားရတာ မဟုတ်လား။ ဆိုကရေးတီး ပြိုင်ပွဲတွေမှာ ကကြတဲ့၊ ပြိုင်ကြတဲ့သူတွေကို မဆိုထားနဲ့ ယောကျ်ားတွေ ခြင်းလုံးခတ်တာမှာတောင် ခေါင်း၊ ခါး၊ ခြေ၊ လက် ကြော့ကြော့မော့မော့ဖြစ်အောင် ခတ်ကြတယ် မဟုတ်လား။

ဒီပြင်ဟာကို မကြည့်နဲ့ ဆတ်ကပ်ပွဲကို မင်းတို့သိပါတယ်။ တိုင်ထောက်၊ ကျွမ်းထိုး၊ ကြိုးတန်းလမ်းလျှောက်လုပ်ကြတာပဲ။ သူတို့ရဲ့ ခန္ဓာ ကိုယ်လက်ထိန်းသိမ်းမှု ကျွမ်းကျင်တာကို ပြကြတာပါပဲ။ အဲဒီမှာတောင် ကိုယ်နေဟန်ထားလှအောင်ပအောင် ကြိုးစားပမ်းစား လုပ်တတ်ကြတာကို မင်းတို့တွေ့နေကြတာပဲ။

လမ်းလျှောက်တယ်ဆိုကြပါစို့၊ မင်းတို့ငါတို့ လူတိုင်း လမ်းလျှောက်တတ်ကြသားပဲ။ ဒါပေမဲ့ စစ်သားတွေ တပ်ခွဲလိုက်၊ တပ်ရင်း





လိုက် စုပေါင်း လမ်းလျှောက်ကြတော့ ဘယ်လိုနေသလဲ။ ခြေချ ဘယ်ညာ ညီတာတွေ၊ တပ်စုလိုက် ဘယ်ကွေ့၊ ညာကွေ့လုပ်တာတွေမှာ ကြည့်လို့မကောင်းဘူးလား။ ငါက စစ်တက္ကသိုလ်မှာ အတော်ကြာကြာနေခဲ့ဖူးတော့ ဒါတွေကို သိနေတယ်။ အစုလိုက် အဖွဲ့လိုက် စစ်ရေးပြလမ်းလျှောက်တာကို မပြောနဲ့ တစ်ယောက်ချင်း လမ်းလျှောက်တာမှာတောင်မှ 'အား' မထည့်ဘဲ ပျော့နဲ့နဲ့ လမ်းလျှောက်နေတဲ့ ဗိုလ်လောင်းကို မြင်လိုက်ရင် စီနီယာဗိုလ်လောင်းတွေက 'ဟို ဗိုလ်လောင်း လမ်းလျှောက်တာ ဘယ်လိုလျှောက်နေတာလဲ' လို့ လှမ်းအော်တာ။

ဒီတော့ - ကတယ်ခုန်တယ်ဆိုရင်တော့ ခေါင်းခါးခြေလက်တွေရဲ့ လှုပ်ရှားမှုဟာ ဘယ်လောက် အရေးပါမလဲဆိုတာ စဉ်းစားသာကြည့်ကြပေတော့ကွာ။

- ■ သမိုင်းဦးက လူတွေမှာတော့ ကျွန်တော်တို့ ကတာမျိုး မဟုတ်နိုင်ဘူးပေါ့နော်။
- ● ဘယ်ဖြစ်နိုင်မလဲကွာ။ ငါတို့ခေတ်အကမျိုးဆိုတာကတော့ သမိုင်းနဲ့ချီပြီး စဉ်းစားလိုက်ရင် မနေ့တစ်နေ့ကမှ ပေါ်ပေါက်လာတဲ့ အကမျိုးဆိုရမှာပေါ့။ ငါ ဖတ်မိမှတ်မိသလောက်ကို ပြန်စဉ်းစားကြည့်ရတာကတော့ လူတွေဟာ စည်းဝါးချိန်မှန်ကို သိလာကြတယ်။ စည်းဝါးနဲ့ ရောပြီး ဂီတကို သိလာကြတယ်။ ဂီတနဲ့ ရောပြီး အသံပြုလာတတ်တယ်။ အဲဒီမှာ လူကိုယ်တိုင်ကလဲ စည်းကျဝါးကျ လှုပ်ရှားလာကြတယ်။ နောက်တော့ စုပေါင်းပြီး ညီညီညာညာ လှုပ်ရှားကြတယ်။ ဘယ်လိုပုံမျိုး လှုပ်ရှားကြသလဲဆိုတော့ သူတို့ရဲ့ ဘဝရပ်တည်မှုလှုပ်ရှားလုပ်ကိုင်ရတဲ့ လုပ်ငန်းလှုပ်ရှားမှုတွေကို လုပ်လာကြတယ်။ ပမာအားဖြင့် အမဲလိုက်ဟန်၊ သစ်သီးခူးဟန်၊ သစ်သီးကောက်ဟန်၊ သစ်ပင်ကောက်ပင်စိုက်ဟန် စတာတွေပေါ့။ ငါတို့မှာလဲ ကောက်စိုက်သမယိမ်းဆိုတာတွေ ခုထက်ထိ ရှိနေတာပဲ မဟုတ်လား။

နောက်ပြီး ကိုယ့်ရပ်ကိုယ့်ရွာကို ရန်သူက လာတိုက်လို့ ကာကွယ်ရတာတွေလဲ ရှိသေးတာကိုး။ ဒီတော့ တိုက်ခိုက်ဟန် ကကွက်တွေလဲ ပါလာကြမှာပေါ့။ ငါတို့ဆီမှာလဲ ခုထက်ထိ



www.burmeseclassic.com

www.burmeseclassic.com



ရှမ်းအမျိုးသားအကမှာ ဓားသိုင်းကကွက် ပါနေတတ်တာပါပဲ။ တိုင်းရင်းသား ကကွက်တွေကို အခြေအမြစ်စစ်လိုက်ရင် သူတို့ရဲ့ ဘဝလှုပ်ရှားမှုတွေကို ကြည့်လို့ရအောင် ဖန်တီးသွားတာချည်း ဖြစ်နေတာကို တွေ့ရမှာပါပဲ။

မင်းတို့ကို ပြောနေရင်း မြစ်ကြီးနားကောလိပ်မှာ ကျောင်းအုပ်ကြီး လုပ်သွားတဲ့ ဆရာ 'ဦးဆွန်မလွတ်နော်' ပြောပြတာကို သတိရမိပြန်တယ်။ ကချင်လူမျိုးအကတွေနဲ့ ပတ်သက်ပြီး သူပြောပြတာက 'ဦးအောင်သင်းရေ ကချင်လူမျိုးတွေရဲ့အကတွေထဲမှာ အကောင်းဆုံး၊ ကြည့်တဲ့သူရင်ထဲမှာ အထိခိုက်ဆုံးအကဟာ အသုဘမှာ ကတဲ့အကပဲဗျ' တဲ့။ ငါလဲ အံ့သြသွားပြီး 'ဟုတ်လား ဘာကြောင့်လဲ' ပေါ့။ 'ဒီလိုဗျ ဦးအောင်သင်းရ သူတို့ကတာက သီးခြားကကြိုးကကွက် မဟုတ်ဘူး။ သွားလေသူ သက်ရှိထင်ရှားရှိနေစဉ်က သွားလာလုပ်ကိုင်ပုံ၊ ထူးခြားတဲ့အမူအကျင့်ကလေးတွေ ရှိနေခဲ့ပုံကို ကကြိုးကဟန်နဲ့ သရုပ်ဖော်သွားတာ။ ဒီတော့ ဆွေမျိုးသားချင်း၊ အပေါင်းအသင်းတွေမှာ သွားလေသူကို တမ်းတလွမ်းဆွတ်ပြီး ရင်နင့်ကြရတာပေါ့ဗျာ'

ဆရာဦးဆွန်မလွတ်နော်နဲ့ စစ်တက္ကသိုလ်မှာ အတူနေခဲ့ရတာကိုး။ လူချင်းလဲ အလွန်ရင်းနှီးပါတယ်။ ဒါနဲ့ -

'ဦးဆွန်မလွတ်နော်ပြောတဲ့အတိုင်းဆိုရင် အတော်ကို ထူးခြားတဲ့ ကပွဲလို့ ပြောရမှာပဲ။ ဒါပေမဲ့ အသုဘမှာ သွားလေသူရဲ့အတွက် က,တာဆိုတော့ တစ်ပွဲနဲ့တစ်ပွဲလဲ မတူနိုင်ဘူး။ နောက်ပြီး ပွဲလမ်းသဘင်မှာလဲ က,လို့ မရနိုင်ဘူးပေါ့။ သူက အသုဘနာရေးဖြစ်နေတာကိုး'

'ဟုတ်တယ် ဦးအောင်သင်းရ။ ပွဲသွင်းလို့ မရဘူးပေါ့ဗျာ။ ခုလဲ စကားစပ်လာလို့သာ ကချင်လူမျိုးတွေရဲ့အကောင်းဆုံးအကလို့ ပြောလိုက်ရတာပါ။ ကျွန်တော်ကတော့ ရင်ထဲမှာ အထိခိုက်ရဆုံး အကလို့ ပြောချင်တာပဲ'

အဲဒီတော့မှ ငါ့စိတ်ထဲမှာ စဉ်းစားမိတာက လူတွေဟာ ကိုယ့်စိတ်ကို ထိခိုက်လှုပ်ရှားစေတဲ့ ပျော်တာ၊ ဝမ်းနည်းတာ၊ ထိတ်လန့်တာ၊ ရဲဝံ့စွန့်စားတာ စတဲ့ ခံစားမှုတွေကို ပြန်ပြီး စည်းကျဝါးကျ ဂီတနဲ့





သရုပ်ဖော်လှုပ်ရှားကြရာကနေပြီး အကရယ်လို့ ဖြစ်ပေါ်လာသလားလို့ တွေးနေမိခဲ့ပါတယ်။

ဦးဆွန်မလွတ်နော် ပြောပြတာကို နားထောင်နေရင်း 'ရာမလက္ခဏာ' ဇာတ်တော်ကြီးကိုလဲ သတိရမိပြန်တယ်။ မူလတုန်းက စကားပြောတာဆိုတာတွေပါခဲ့တာ မဟုတ်ဘူး။ ကိုယ်ဟန်လက်ဟန်နဲ့ သရုပ်ဖော်သွားတာ။ ခေါင်းညိတ်မယ်၊ ခေါင်းခါမယ်၊ လက်ခါမယ်၊ လက်တားမယ်၊ လက်ယမ်းမယ် စသည်ဖြင့်ပေါ့။

ယဉ်ကျေးမှုကဇာတ်တွေမှာ ရာမဇာတ်တော်ကြီးကတာကို ငါလဲ နှစ်ကြိမ်လောက် ကြည့်ခဲ့ဖူးပါတယ်။ တင်ဆက်မယ့်အခန်းအကြောင်းကို နည်းနည်းကြိုပြီး ပြောထားရပါတယ်။ ငါတို့က ဇာတ်ကြောင်းကို သိပြီးသားဖြစ်နေလို့ အရေးမကြီးဘူး။ အနောက်နိုင်ငံက နိုင်ငံခြားသားတွေလဲ လာပြီး ကြည့်ကြတာကိုး။ သူတို့သိနေအောင် အင်္ဂလိပ်လိုပါ တင်ဆက်မယ့်အခန်းအကြောင်း အကျဉ်းချုပ် ပြောထားရပါတယ်။ တစ်ခါတစ်ရံ ဇာတ်ကွက်အညွှန်းစာရွက်ကလေးတွေလဲ ပေးဝေထားပါတယ်။

တကယ်ဇာတ်ကွက်ကပြီဆိုတော့ ဇာတ်ရုပ်တွေက စကားတစ်လုံးမှ မပြောပါဘူး။ ဘေးကလဲ ပြောမပြပါဘူး။ အမူအရာလှုပ်ရှားမှုနဲ့ပဲ သရုပ်ဖော်သွားတာပါပဲ။ ဥပမာ-လေးတင်ခန်းဆိုပါတော့၊ ဒသဂီရိရဲ့ မောက်မာဟန်၊ ဘယ်သူကိုမှ ဂရုမစိုက် ထောင်လွှားဟန်တွေကို အကနဲ့ပဲ သရုပ်ဖော်သွားတာပဲ။ လေးကို အပြိုင်တင်ကြတော့ တခြား မင်းသားအပေါင်းတို့ လေးမတင်နိုင်လို့ လက်မှိုင်ချတာ၊ အရေးနိမ့်သွားတာတွေကိုလဲ အမူအရာနဲ့ပဲ သရုပ်ဖော်သွားတာပါပဲ။ အဲ - ဆိုင်းတီးဝိုင်းကတော့ ပတ်မကြီးတီးလိုက်၊ စည်တိုကြီးတီးလိုက်နဲ့ ငြိမ့်ညောင်းဟန်၊ သည်းဖိုဟန်၊ ကြမ်းတမ်းဟန်တွေ ပေါ်လွင်အောင် ပံ့ပိုးပေးရတယ်။

တခြားလူတွေတော့ မသိဘူး၊ ငါကတော့ စကားမပြောတဲ့ ရာမဇာတ်တော်ကို ပိုပြီး အရသာတွေ့တယ်။ သူတို့ဟန်ပန်ကို ကြည့်ပြီး သူတို့ခံစားမှုကို မှန်းဆပြီး ကိုယ်ပါ ရောခံစားရတဲ့အရသာမဟုတ်လား။ ကိုယ်ကလဲ အရသာခံနိုင်ဖို့အတွက် တစ်စိတ်တစ်ဝိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးတာဝန်ယူနေရတယ် မဟုတ်လား။ ဒါကြောင့် ပိုပြီး အရသာတွေ့မိဖလေသလား မပြောတတ်တော့ဘူး။

ငါလဲ အကအကြောင်းကို စကားစပ်ပြီး ပြောလိုက်တာ အတော်လေးကို များသွားခဲ့ပြီ။

■ ဆရာ ဒါဖြင့်ရင် ဇာတ်လမ်းဇာတ်ကွက်တွေဆိုတာကလဲ အလှပစ္စည်းထဲမှာ ပါသွားတာပေါ့နော်။

● အေး- ဟုတ်တယ်။ ဒါပေမဲ့ ဇာတ်လမ်းကျောရိုးလောက်သာ ဆိုရင်တော့ ပွဲမလှမ်းဘူးပေါ့ကွာ။ ပရိသတ်မစွဲမက်ဘူးပေါ့။ အဲဒီထဲမှာ ဇာတ်ကွက်ခွဲတာ၊ ဇာတ်ကွက်အလိုက် အဆိုအငိုတွေ ထည့်လိုက်တော့မှ ဝမ်းသာစရာ၊ ဝမ်းနည်းစရာ၊ ထိတ်စရာ၊ ကြောက်စရာ၊ ရယ်စရာမောစရာတွေပါလာတာကိုး။ အဲဒီကျမှ ပရိသတ်စွဲလာတာပေါ့။

■ ရာမဇာတ်တော်ကြီးက အိန္ဒိယကလာတာမဟုတ်လား ဆရာ။

● ဟုတ်ပါတယ်။ ငါတို့ အိမ်နီးချင်းဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်ပြည်က ငါတို့ထက် သက်တမ်းအားဖြင့်လဲ ရင့်တယ်။ ယဉ်ကျေးမှု၊ ကိုးကွယ်မှုစတာတွေလဲ စောခဲ့တာပါပဲ။ သူတို့ လုပ်ပုံကိုင်ပုံကို ကြည့်ပြီး ငါတို့လဲ ကိုယ်ပိုင်ယဉ်ကျေးမှုကို တည်ဆောက်ခဲ့ရတာပဲ။ အခု ဆိုကရေးတီးမြိုင်ပွဲတွေမှာ မင်းတို့ သတိထားမိကြမှာပေါ့။ ဆိုင်းဝိုင်း ပုံသဏ္ဍာန်နဲ့ ကကြိုးကကွက်တွေဟာ အိန္ဒိယနဲ့လဲ မတူဘူး။ တရုတ်နဲ့လဲ မတူဘူး။ ဗမာ့ဟန် သီးသန့်ဖြစ်သွားပြီ။ အထူးသဖြင့် ပတ်ဝိုင်းပဲ။ ဗုံတွေကို ပတ်စာတပ်၊ အသံညှိပြီး တေးသွားဖြစ်အောင် တီးနိုင်တာ၊ တီးဝိုင်းကြီးတစ်ခုလုံး ပတ်တီးခေါင်းဆောင်က အသံပြုပြီး ဦးဆောင်သွားနိုင်တာ ငါတို့မြန်မာဂီတအနုပညာမှာပဲရှိတယ်။

■ အဲဒါတွေဟာ မြန်မာတွေရဲ့ အလှပစ္စည်းတွေပေါ့နော် ဆရာ။

● အေးပေါ့ကွဲ့။

■ ဒါထက်ဆရာ ဗမာဇာတ်တွေမှာ ကတဲ့ဇာတ်လမ်းဇာတ်ကွက်တွေကတော့ ငါးရာ့ငါးဆယ်နိပါတ်တော်တွေကပဲ ယူသလား ဆရာ။

● အေး -.ငါးရာ့ငါးဆယ် ဇာတ်ကွက်တွေကလဲ ယူတယ်။ ငါတို့ပြည်မှာ ဖြစ်ပျက်ခဲ့တဲ့ သမိုင်းဖြစ်ရပ်တွေ၊ ဘုရားသမိုင်း၊ နတ်သမိုင်းတွေကိုလဲ





ဇာတ်ကွက်ထုတ်ပြီး ကတတ်တာပဲ။ ဥပမာ - မပဒ္မာ၊ ကိုဒါသဆိုရင်ဖြင့် နိပါတ်တော်လာ ပဒ္မာစာရီကို ယူတာပဲ။ ထိလတ်၊ ပိုးအူ ဇာတ်ဆိုရင် ရာဇဝင်မှာပါတဲ့ ဇာတ်ကွက်ကလေးတွေကို ထုတ်ပြီး ကကြတာပဲ။ ဒီလိုပဲ ဆင်ကဲ၊ ဘို့မယ်ဆိုတာလဲ ရာဇဝင်ထဲကထုတ်။ ဗျတ်ဝိ၊ ဗျတ္တာ၊ ရွှေဖျဉ်းညီနောင်ဆိုရင်လဲ ရာဇဝင်ထဲက ထုတ်ပြီး ကကြတာပဲ။

ဒါပေမဲ့ အချို့သော ဇာတ်ဆရာတွေက အနုပညာမှာ ထူးချွန်ကြသော်လဲ ဆင်ခြင်ဉာဏ်မှာ တိမ်ကြတယ်။ ဒါကြောင့် ရွှေဖျဉ်းညီနောင် ဇာတ်ထုပ်မှာဆိုရင် ကျန်စစ်သားမင်းကြီးဟာ လူကြမ်းဗီလိန်ကြီးအဖြစ် လုံးဝရောက်သွားတာပဲ။ ကဲ- ဒါတွေပြောနေရင် ပြီးမှာ မဟုတ်တော့ဘူး။ အရေးကြီးတဲ့အချက် လူဟာ ဘယ်တိရစ္ဆာန်ထက်မဆို အလှအပကို ခံစားတတ်တယ်။ ဖန်တီးတတ်တယ်ဆိုတဲ့ အချက်ကို ထင်ရှားစေတဲ့ သာဓကတွေ အများကြီးပြခဲ့တာပဲ။ လျှောက်ပြောနေရင် မဆုံးတော့ဘူး။ ခုတော့ အိမ်တွင်းအလှပြင်တာတောင်မှ ပညာရပ်ကြီးတစ်ခုဖြစ်နေပြီ။

ရုပ်မြင်သံကြားမှာ သတိပြုမိလိုက်တာတစ်ခု ရှိသေးတယ်။ 'အလှကမ္ဘာဝယ်၊ အလှရှာမယ်' ဆိုတဲ့ အစီအစဉ်ပါပဲ။ ငါလဲ သေချာကြည့်လိုက်ပါတယ်။ မိတ်ကပ်မျိုးစုံကို ကြော်ငြာတာပါပဲ။ ဒါပေမဲ့ အဲဒီ မိတ်ကပ်ပြင်တာကိုက ပညာရပ်ကြီးတစ်ခုဖြစ်နေပြီ။ ဆံပင်ကောက်တာ၊ ဖြောင့်တာတွေကလဲ ရှိသေးတယ်။ ကိုယ်လုံးကိုယ်ဖန် လှအောင် လုပ်တာတွေရောပေါ့။ ဆံပင်ပုံစံသွင်းကြ၊ ဖြတ်ကြ၊ ညှပ်ကြပေါ့။ ကိုယ့်ဆံပင်ကိုသာမဘူး။ ကိုယ်မွေးထားတဲ့ခွေးတောင် စိတ်ကြိုက်ပုံစံဖြစ်အောင် အမွေးတွေကို ညှပ်ပစ်ကြသေးတယ် မဟုတ်လား။

အဲဒါက အမျိုးသမီးတွေကိုသာ ပြောနေတာ။ ငါတို့ အမျိုးသားတွေကျတော့လဲ ကိုယ်ဝတ်တဲ့ဘောင်းဘီ အင်္ကျီကစပြီး ကိုယ်စီးတဲ့ မော်တော်ကားထိအောင် ဒီဇိုင်းလှလှ၊ အရောင်လွင်လွင်ကို ဝယ်ချင်ကြတာပါပဲ။

ကဲ - မင်းတို့ကို အခြေခံသုံးချက်ပဲ ပေးခဲ့တယ်။ ကျန်တာတွေလဲ ပြောကြစမ်း။



www.burmeseclassic.com

www.burmeseclassic.com



- ■ ဘယ်တိရစ္ဆာန်ထက်မဆို လူက သာတာက (၁) ကျိုးကြောင်းဆင်ခြင် ဉာဏ်ပညာကြီးခြင်း (၂) ကိုယ်ကျင့်တရားရှိခြင်း (၃) အလှအပကို ခံစားတတ်၊ ဖန်တီးတတ်ခြင်းပါ ဆရာ။
- ● ကဲ - နောက်တစ်ပတ် ဆက်ကြသေးတာပေါ့ကွာ။

*

(၂၈)

- ● ငါ ဆွေးနွေးခဲ့သမျှ အချက်တွေကို ပြန်ပြီးချုပ်လိုက်ရင် ပဓာနအချက်ကြီးတွေက ဘာတွေလဲ။
- ■ တိရစ္ဆာန်တွေက လူထက်သာတဲ့အချက်တွေ အများကြီးရှိသော်လဲ လူက တိရစ္ဆာန်အားလုံးကို လွှမ်းနိုင်တယ်။ လွှမ်းမိုးနိုင်တဲ့အကြောင်းရင်းကို ရှာကြည့်တယ်။ ဘယ်တိရစ္ဆာန်ထက်မဆို လူကသာတဲ့ အချက် သုံးချက်ပဲရှိတယ်။ အဲဒါတွေကတော့ (၁) ကျိုးကြောင်းဆင်ခြင်ဉာဏ်ပညာကြီးခြင်း (၂) ကိုယ်ကျင့်တရားရှိခြင်း (၃) အလှအပကို ခံစားတတ် ဖန်တီးတတ်ခြင်းပါ ဆရာ။
- ● အဲဒါကို ခဏခဏ ပြန်မေးနေတာကို စိတ်မပျက်ကြနဲ့ကွ။ ငါတို့ရဲ့ ဆွေးနွေးပွဲမှာ အဲဒါတွေက အသက်သွေးကြောကြီးပဲ။ နောက်ပြီး လူတစ်ယောက်ရဲ့ ဘဝမှာလဲ အရေးအကြီးဆုံးပဲ။ လူ့လောကကြီးကို လူသားတွေကို လူမျိုးဆက်တွေကို ဆက်လက်တိုးတက်စေချင်ရင် အဲဒီသုံးချက်ကို မြှင့်တင်ပေးကြရမှာပဲ။ အဲဒါကြောင့် ပြောနေရတာ။ မင်းတို့ကိုယ် မင်းတို့လဲ မြှင့်ချင်ရင် အဲဒါတွေကို နိုးနိုးကြားကြား သတိရနေကြရမှာပဲ။ သို့သော်လဲ ဆက်ပြီး စဉ်းစားရမှာတွေက အများကြီးရှိနေသေးတယ်။

နောက်ပြီး အဲဒီသုံးချက်ဟာ အပြန်အလှန်ဆက်စပ်နေပြန်တာကို သတိထားဖို့ လိုလာပြန်တယ်။ ကဲ - စဉ်းစားကြစို့ဗျား အကျူမြူစွမ်းအင် တွေ့ရှိချက်ဟာ အဲဒီ လူတို့စွမ်းရည် ဘယ်အချက်ကြောင့် တွေ့လာတာလဲ။

ဉာဏ်ပွင့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



■ ကျိုးကြောင်း ဆင်ခြင်ဉာဏ် သိပ္ပံပညာကြောင့် တွေ့ရှိခဲ့တာပါ ဆရာ။

● မှန်တယ်။ အဲဒီ အဏုမြူစွမ်းအင်ကို လူသတ်လက်နက်အဖြစ်လဲ သုံးနိုင်တယ်။ အဲဒီစွမ်းအင်ကို သုံးပြီး စက်ရုံကြီးတွေကို လည်ပတ်စေနိုင်တယ်။ ဆေးဝါးကုသမှုမှာ သုံးနိုင်တယ်။ အတိုချုပ်ပြောရရင်တော့ အဖျက်လုပ်ငန်းတွေမှာ သုံးနိုင်သလို အပြုလုပ်ငန်းတွေမှာလဲ သုံးနိုင်တယ်။ လူသားတွေကို ပျက်စီးသွားအောင်လဲ လုပ်နိုင်တယ်၊ လူသားတွေကို အကျိုးပြုအောင်လဲ လုပ်နိုင်တယ်။ ဘယ်လိုနေရာမှာ သုံးမလဲဆိုတာကို လူတွေကပဲ ရွေးချယ်ကြပြန်တာပဲ။ အဲဒီရွေးပြီဆိုတဲ့အခါကျတော့ လူရဲ့ စေတနာနဲ့သက်ဆိုင်လာပြန်တာပဲ။ ငါတို့ ဆွေးနွေးကြတဲ့ အချက်သုံးချက်မှာ ဘယ်အချက်နဲ့ ဆိုင်နေပြန်သလဲ။

■ ကိုယ်ကျင့်တရားနဲ့ ဆိုင်သွားပြန်ပါတယ် ဆရာ။

● မှန်တယ်။ မေတ္တာစိတ်၊ ကရုဏာစိတ်၊ သည်းခံစိတ်၊ ကိုယ်ချင်းစာစိတ်ဆိုတာတွေဟာ ကိုယ်ကျင့်တရားရဲ့ ရင်းမြစ်တွေပဲ။ ဒီတော့ ကျိုးကြောင်းဆင်ခြင်မှု ဉာဏ်ပညာဆိုတာကလဲ ကိုယ်ကျင့်တရားနဲ့ ဆက်စပ်မှုလာပြန်ဘူးလား။ မင်းတို့ ကမ္ဘာ့ 'နိုဘယ်လ်' ဆိုတာ ကြားဖူးကြမှာပေါ့။ သူက မြေမြှုပ်မိုင်းဗုံးတွေကို စတင်တီထွင်ခဲ့သူပေါ့။ သတ္တုမိုင်းတွေ၊ ကျောက်မိုင်းတွေကို လူတွေ တူးကြရတာမှာ ဆင်းရဲပင်ပန်းကြလွန်းလို့ ကျောက်တောင်မြေစိုင်တွေကို အလွယ်တကူ ခွဲနိုင်အောင်လို့ အဲဒီမြေမြှုပ်မိုင်းဗုံးကို တီထွင်ခဲ့တာပဲ။ ဒါပေမဲ့ နောက်ပိုင်းမှာ မိုင်းဗုံးဟာ မင်းတို့သိတဲ့အတိုင်း လူသတ်လက်နက်တွေ ဖြစ်လာတယ်။ မစ္စတာနိုဗယ်လ်ဟာ အလွန်စိတ်ထိခိုက်သွားတယ်။ သံဝေဂရတယ်ဆိုပါတော့ကွယ်။ ဒါကြောင့် သူပိုင်ငွေကြေးဥစ္စာတွေကို ပဒေသာပင် ပျိုးပြီး လူ့လောက ငြိမ်းချမ်းကောင်းမွန် တင့်တယ်အောင် ကြိုးပမ်းသူဟူသမျှကို ချီးကျူးဂုဏ်ပြုဖို့ နိုဗယ်လ်ဆုကို ပျိုးထောင်ခဲ့တာပဲ။

ကဲ- ဒီတော့ မိုင်းဗုံးကို တီထွင်နိုင်တာဟာ လူ့စွမ်းရည်သုံးချက်၊ တစ်နည်းအားဖြင့် လူတို့ရဲ့ ထူးခြားချက် ဘယ်အချက်နဲ့ ဆိုင်သလဲ။





■ ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြီးခြင်း၊ နံပါတ်(၁) အချက်ပါ ဆရာ။

● ကောင်းပြီ၊ အဲဒီ မိုင်းဗုံးကို လူသတ်လက်နက်အဖြစ် အသုံးပြုတာကျတော့ ဘယ်အချက်နဲ့ ဆိုင်သလဲ။

■ နံပါတ် (၂) အချက် ကိုယ်ကျင့်တရားနဲ့ဆိုင်ပါတယ် ဆရာ။

● အေး - ဒါကြောင့် လူတို့ရဲ့ ထူးခြားတဲ့ စွမ်းရည်သုံးမျိုးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ်လို့ ပြောခဲ့တာပေါ့။

■ ဒါဖြင့် ကိုယ်ကျင့်တရားပျက်ရင်ကော ကျိုးကြောင်းဆက်စပ်မှုကို ထိပါးနိုင်သလား ဆရာ။

● ဆက်စပ်ထိပါးနိုင်တယ်။ ငါ မင်းတို့ကို စောစောက ပြောခဲ့ပါတယ်၊ ကိုယ်ကျင့်တရားဆိုတာ မေတ္တာ၊ ကရုဏာစိတ်တွေအပေါ်မှာ အခြေခံတယ်ဆိုတာတွေပေါ့။ မေတ္တာကင်းမဲ့တော့ မုန်းတီးတယ်၊ ကရုဏာကင်းမဲ့တော့ ကိုယ်ချင်းစာစိတ် ကင်းမဲ့တယ်။ လောဘစိတ်ကြီးလာရင်၊ ဒေါသစိတ်ကြီးလာရင်လဲ ဆင်ခြင်ဉာဏ်ကင်းမဲ့သွားတတ်တယ်။

လူတစ်ယောက်မှာ တစ်နေ့လျှင် ရွှေဥတစ်ဥ ဥပေးတဲ့ ဘဲငန်းတစ်ကောင်ရှိတယ်။ သူက ရွှေဥတွေအများကြီး လိုချင်တဲ့လောဘစိတ်ကြောင့် ဘဲငန်းကို သတ်ပြီး ရင်ခွဲကြည့်တယ်။ ဒီနည်းနဲ့ဆုံးရှုံးသွားတယ်။ အဲဒါဟာ လောဘကြီးတာကြောင့် ကျိုးကြောင်းဆင်ခြင်ဉာဏ်ကင်းမဲ့သွားတာ မဟုတ်လား။

ပြောခဲ့တာကတော့ ပုံပြင်ပဲ ထားလိုက်ကြစို့။

မကြာသေးခင်က ဖြစ်ခဲ့တဲ့ ကမ္ဘာ့သမိုင်းကိုပဲ ပြန်ကြည့်ရအောင်။ ဟစ်တလာဟာ သူ့နိုင်ငံစစ်စွမ်းရည်နဲ့ ဥရောပနိုင်ငံအတော်များများကို သိမ်းပိုက်နိုင်ခဲ့တယ်။ ဒါပေမဲ့ သူ့လောဘကို မသတ်နိုင်ဘူး။ ဒါနဲ့ပဲ စစ်ရှုံးပျက်စီးခြင်းကို ရောက်ခဲ့ရတယ်။

ဂျပန်လဲ ဒီလိုပဲ။ အိန္ဒိယအပါအဝင် အာရှတိုက်ကြီး တစ်ခုလုံးကို သူ့လက်အောက်ခံနိုင်ငံအဖြစ် သိမ်းသွင်းချင်တယ်။ ကိုယ့်နိုင်ငံရဲ့ ပင်ကိုသဘာဝစွမ်းအင်ကို မစဉ်းစားမိတော့ဘူး။ ကျိုးကြောင်းဆင်ခြင်ဉာဏ်ပျောက်သွားတာပေါ့။ အမေရိကန်ကလဲ သူ့ကို ထိပါးလာတော့ မခံမရပ်နိုင်ဖြစ်ပြီး ဒေါသစိတ်နဲ့ ကျိုးကြောင်းဆင်ခြင်



www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကို သုံးပြီး အနုမြူဗုံးကို ရှာတော့တာပဲ။ တွေ့တော့ ဂျပန်လဲ အထိနာပြီး လက်နက်ချရတဲ့အဆင့်ကို ရောက်သွားတော့တာပေါ့။

အဲဒါတွေက သမိုင်းကြောင်းအရ ပြောပြတာပါ။ မကြာသေးမီက အဖြစ်တစ်ခုကို ပြောရဦးမယ်။ 'ကောဓော အတ္တံ န ဇာနာတိ' ဆိုတာ မင်းတို့ ကြားဖူးမလားမသိဘူး။

■ ကြားဖူးသလိုလိုတော့ အရှိသား။ ဘာမှန်းတော့မသိပါဘူး။

● ကောဓော၊ အမျက်သည်၊ အတ္တံ၊ အကျိုးအကြောင်းအစိပ္ပာယ်ကို န ဇာနာတိ၊ မသိတဲ့။ အမျက်ကြီးလျှင် ပြစ်မမြင်ဆိုတာမျိုးပေါ့ကွယ်။ ပြစ်မမြင်ဆိုတာက ကောင်းကျိုးဆိုးပြစ်ကို မမြင်တော့ဘူးလို့ ဆိုလိုတာပါ။

မကြာသေးမီက သတင်းစာထဲမှာ၊ စာစောင်တွေထဲမှာ ဖတ်လိုက်ရတဲ့ တရုတ်တန်းက လူသတ်မှုပါ။ သားကိုရော၊ မိဘနှစ်ပါးကိုပါ သုံးယောက်ပြိုင်သတ်မှုပါပဲ။ ပြစ်မှုစာစောင်တွေ ရေးသားချက်အရ သေသူကောင်လေးက တရားခံ (သတ်သူ) ကောင်လေးရဲ့ ချစ်ရေးဘဝမှာ အတော်လေး ကသိကအောက်ဖြစ်အောင် လုပ်တယ်လို့ ဆိုတယ်။ မခံမရပ်နိုင်လွန်းတော့ ဒေါသဖြစ်ပြီး ကျိုးကြောင်းဆင်ခြင်တုံတရား ပျောက်သွားတာကြောင့် ဒီအမှုကြီးကို ကျူးလွန်မိတာပေါ့။

ဒါကြောင့် လူတို့ စွမ်းရည်သုံးမျိုးဟာ တစ်မျိုးနဲ့တစ်မျိုး ဆက်စပ်နေတတ်ကြတယ်လို့ ပြောခဲ့တာပေါ့။

■ အလှအပနဲ့ကော ဆက်စပ်တတ်သလား ဆရာ။

● အခါခပ်သိမ်းမဟုတ်ရင်တောင်မှ ဆက်စပ်တဲ့ သာဓကတွေ အများကြီး ရှိတတ်ပါတယ်။ ဗုဒ္ဓဝင်ကနေပြီး ပြောမယ်ဆိုရင် ဝိဍူဍဘ မင်းသားအကြောင်းကို ကြားဖူးကြမှာပေါ့။ ဝိဍူဍဘရဲ့ဖခင်က အင်အားကြီးနိုင်ငံရှင်။ ဒီတော့ သူက သာကီမျိုးတွေနဲ့ အမျိုးစပ်ချင်လို့ သမီးကညာတောင်းတယ်။ ဒီတော့ သုဒ္ဓေါဒနဆိုတာက အလွန်ကို ဇာတ်ကြီးတယ် မဟုတ်လား။ ဒီတော့ သာကီစစ်ကို မပေးချင်လို့ ကျွန်မတစ်ယောက်ကို သမီးပါပဲလို့ ပြောပြီး ပေးလိုက်တယ်။ အဲဒီ ကျွန်မက ဝိဍူဍဘကို ဖွားမြင်တယ်။ ဝိဍူဍဘအရွယ်ရောက်လာတော့





ဘိုးတော်ဘုရားကို ကန်တော့ဖို့ လိုပါတယ်။ ကန်တော့ခံတယ်၊ သို့သော် ဖော်ရွေပျူငှာမှုမရှိဘူး။ ဝိဍူဍဘက မသက်ာလို့ သူ့ကျွန် တစ်ယောက်ကို စကားသွင်းပြီး ချန်ထားခဲ့တယ်။ မင်းသား ပြန်သွားတော့ သာကီမျိုးတွေက 'ကျွန်မသားက ရာရာစစ' ဆိုပြီး သူထိုင် သွားတဲ့နေရာကို ကျွဲနို့ကိုးမြူ ရေကိုးမြူနဲ့ ဆေးကြောတယ်လို့ ဆိုတယ်။ အဲဒါကိုလဲ သိလိုက်ရော ဝိဍူဍဘမင်းသားက သာကီမျိုးတွေ အကုန်သတ်မယ်ဆိုပြီး လိုက်သတ်လိုက်တာ သေလိုက်တာလဲ သောက်သောက်လဲ၊ ပြေးလိုက်ရတာလဲ အလဲအကွဲဖြစ်သွားကြတယ်။ ငါတို့ မြန်မာ့သမိုင်းဦးမှာ ပေါ်လာခဲ့တဲ့ 'ကံရာဇာကြီး၊ ကံရာဇာငယ်' ဆိုတဲ့ မင်းသားတွေရဲ့မိခင်က အဲဒီ ဝိဍူဍဘအရေးအခင်းမှာ ပြေးရင်း လွှားရင်း မြန်မာပြည်ဘက်ကို ရောက်လာတယ်လို့ ဆိုတယ်။

လူတွေဟာ အလှအပကို ခံစားတတ်တယ်ဆိုတာ မှတ်မိ ကြသေးရဲ့လား။

■ မှတ်မိပါတယ် ဆရာ။

● တခြားမဆိုထားနဲ့ အပြောဘာသာစကားမှာတောင် အလှအပရှိအောင် ကြိုးစားကြတယ်ဆိုတာကော မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။

● အခုလဲ ကြည့်လေ။ 'ကျွန်မသားက ရာရာစစ ဆိုတဲ့ အကျည်းတန်တဲ့ စကားလေးတစ်ခွန်းကြောင့် သာကီမျိုးတွေ သွေးချောင်းစီးဖြစ်ခဲ့ရ တယ်။ ဝိဍူဍဘရဲ့ အမျက်ကလဲ ပြင်းထန်လိုက်တာ၊ ဘုရားရှင်က သူ့ခရီးမှာ သုံးကြိမ်တိုင်တိုင်တားခဲ့တာတောင် မလျှော့ဘဲ စတုတ္ထ အကြိမ် ရောက်အောင် သွားပြီး သတ်ခဲ့တာပဲ။ ကဲ - လူ့စွမ်းရည် သုံးချက်ဟာ အပြန်အလှန်အကျိုးပြု ဆက်စပ်တတ်တယ်ဆိုတာ မထင်ရှားဘူးလား။

■ ထင်ရှားပါတယ် ဆရာ။

● အေး - အဲဒါက ဗုဒ္ဓဝင်မှာပါတဲ့ ဘုရားလက်ထက်ကဖြစ်ရပ်။ ငါတို့ မြို့ တောင်တွင်းကြီးမှာ ဖြစ်ခဲ့တဲ့ ဟကယ်ဖြစ်ရပ်ကို ပြောပြဦးမယ်။

■ ပြောပါ ဆရာ။ အဲဒါမျိုးတွေကို သိပ်ကြားချင်တာပဲ။

● အဲဒီအခင်းဖြစ်ပွားတော့ ငါက ကလေးသာသာဘဝလောက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဖြစ်ရပ်က ကြီးကျယ်လွန်းတော့ ငါ့အသက် ၄-၅-၆ နှစ်တိုင်အောင် လူကြီးတွေပြောသံဆိုသံကို ကြားနေခဲ့ရလို့ မှတ်မိနေတာပါ။

အတော်လေးကို ပစ္စည်းပစ္စယ ကြွယ်ဝတဲ့ မိသားစုကြီးတစ်ခု ရှိတယ်။ အဲဒီမိသားစုရဲ့ ဦးစီးကြီးက တိတ်တိတ်ပုန်းအမြှောင်မယား တစ်ယောက်ထားတယ်။ တိတ်တိတ်ပုန်းဆိုသော်လဲ လူတိုင်း သိနေကြတာပါ။ တရားဝင်ဇနီးတော့ မဟုတ်ဘူးပေါ့။ အဲဒီဇနီးအငယ်နဲ့ သားတစ်ယောက်ရတယ်။ နာမည်က 'ကိုလေးတင်' တဲ့။ လူကြီးတွေကတော့ 'လေးတင်' လို့ပဲ ပြောနေကြတာပါပဲ။

ဒီလိုနဲ့ သူဌေးကြီးကွယ်လွန်သွားတော့ သမီးရင်းတွေက အမွေခံပေါ့။ သူတို့က ဈေးထဲမှာ အထည်ဆိုင်ကြီးတွေ ထွက်ပါတယ်။ ကိုလေးတင်ကို မုန့်ဖိုးပဲဖိုးလောက်တော့ တစ်ခါတစ်ရံပေး ထင်ပါရဲ့။ အမွေကို ဇယားရှုပ်လာမှာစိုးလို့ သိပ်ပြီး မဆက်ဆံဘူးပေါ့လေ။

တစ်နေ့မှာတော့ ကိုလေးတင်က ဈေးထဲမှာ သွားပြီး စကားပြောတယ်။ 'ခင်ဗျားတို့ဟာ အဖေ့အမွေကို ဒီလောက်တောင် ခံစားနေရတာ၊ ကျုပ်ကိုလဲ နည်းနည်းပါးပါးမျှဖြစ်စေ ပေးဖို့ကောင်းပါတယ်' ပေါ့။ ဒီတော့ ခပ်စွာစွာ သမီးက 'နင့်လိုအုတ်ကြားမြက်ပေါက်က အမွေစကားပြောရသလား၊ လိုချင်ရင် သက်ဆိုင်ရာကနေ ခေါင်းကပ်ပြီး တရားစွဲတောင်း' လို့ ပြောလိုက်တယ်။ ဒီတော့ ကိုလေးတင်က 'ကျုပ်မှာ ပိုက်ဆံမရှိဘူး၊ စက္ကူခေါင်းလဲ မဝယ်နိုင်ဘူး။ ဒီတော့ လူခေါင်းကပ်ဖို့ရှိတာပဲ' လို့ ပြောပြီး ပြန်သွားတယ်။

လူကြီးတွေ ပြောကြတာကတော့ အဲဒီမှာ ကိုလေးတင်က ဓားတစ်ချောင်းကို မြည့်နေအောင် ကိုးရက်လောက် သွေးဆိုပဲ။ ဈေးကြီးနေ့ လူစည်တဲ့အခိုက်မှာ ဈေးထဲဝင်ပြီး သူ့အစ်မတွေကို ခုတ်တာ မိန်းမသုံးယောက် ပွဲချင်းပြီးပဲ။ တစ်ယောက်က တူမလေးပါ။ သူ့အမေကို ခုတ်တော့ သူက မနေနိုင်ဘဲ အဝတ်စတိုင်းတဲ့ သစ်သားကိုက်တောင်နဲ့ ဦးလေးတင်ကို ရိုက်တာနဲ့ ဦးလေးတင်က 'ဟယ် ဒီကောင်မလေး' ဆိုပြီး ဓားနဲ့တွက်လိုက်တာ သေကျန်ရစ်တော့တာပဲ။ ဦးလေးတင်လဲ တစ်သက်တစ်ကျွန်း ကျသွားတာ ဒုတိယစစ်ကြီးဖြစ်ခါနီးမှာ တစ်ကျွန်းမှာပဲ ကွယ်လွန်သွားတယ်လို့ ကြားရတယ်။





ကိုင်း - ဒီတော့ ဝိဥချုပတုန်းက 'ကျွန်မသားက ရာရာစစ' ဆိုတဲ့ စကား၊ ဦးလေးတင်မှာတော့ 'အုတ်ကြားမြက်ပေါက်' ဆိုတဲ့ စကား။

အမွေမပေးချင်တဲ့ အစ်မတွေရဲ့ လောဘ၊ နှုတ်ထွက်မလှတဲ့ ဘာသာစကား၊ ဦးလေးတင်ရဲ့ဒေါသ။ အားလုံးဟာ ပတ်ချာလည် ဆက်စပ်နေတယ် မဟုတ်လား။ သင်ခန်းစာယူဖို့မကောင်းဘူးလား။ ဟုတ်ပါတယ် ဆရာ။ လူကြီးတွေပြောသလို တရားကျစရာတွေပေါ့။ အေးပေါ့ကွဲ့။ တော်ကြဦးစို့ကွာ။ နောက်တစ်ပတ်ပေါ့။

*

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

- ● မင်းတို့ကို လူ့စွမ်းရည်သုံးမျိုးမှာ တစ်မျိုးနဲ့ တစ်မျိုး အပြန်အလှန် ဆက်သွယ်မှု၊ အကျိုးပြုမှုရှိနေကြောင်းတွေကို ဆွေးနွေးခဲ့တယ်။ မှတ်မိကြသေးလား။
- ■ မှတ်မိပါတယ် ဆရာ။ ကျွန်တော် မေးချင်တာရှိသေးတယ် ဆရာ။
- ● အေး - မေးလေကွာ။
- ■ နံပါတ် (၃)အချက်ဖြစ်တဲ့ အလှအပကို ခံစားဖန်တီးနိုင်ခြင်းနဲ့ နံပါတ် (၁)အချက် ကျိုးကြောင်း ဆင်ခြင်မှုကော ဆက်စပ်မှုရှိသေးသလား ဆရာ။
- ● ရှိတာပေါ့ကွ။ သီချင်းဆိုကြတယ်။ ဆိုပြီး ပျောက်သွားတာပဲ မဟုတ်လား။ ဒီတော့ အက်ဒီဆင်လို ကျိုးကြောင်းသင့်ဆင်ခြင်တတ်သူက ဒီလိုသီချင်းသံတွေကို မှတ်တမ်းတင်ထားရင် မဖြစ်နိုင်ဘူးလား လို့ စဉ်းစားတာပေါ့ကွ။ ဒါကြောင့် ဓာတ်စက် ဓာတ်ပြား ပေါ်လာတာ ပေါ့။ နောက်တော့ မင်းတို့သိတဲ့အတိုင်း ရီကော့ဒါတွေ၊ ကက်ဆက်တွေ၊ မင်းတို့သုံးနေကြတဲ့ အမ်ပီသရီးတို့၊ အမ်ပီဖိုးတို့ဆိုတာတွေ ထိအောင် ရောက်လာတော့တာပေါ့။
- ■ ဟုတ်ပြီ ဆရာ။ ကျွန်တော်က အဲဒါတွေကို မေ့နေတယ်။ အဲဒီလို တီထွင်မှုတွေကြောင့် အလှအပကို ထိခိုက်တာတွေကော ရှိသေးလား ဆရာ။
- ● ထိုက်သင့်သလောက်တော့ ရှိခဲ့တယ်လို့ ထင်မိတယ်။ ဆိုကြပါစို့ကွယ်။ ဓာတ်ပြားခေတ်တုန်းက ဓာတ်ပြားတစ်ချပ်၊ ဓာတ်ပြားနှစ်မျက်နှာ





အချိန်က ရှစ်မိနစ်ပဲရှိတယ်။ ဒီတော့ သီချင်းရေးဆရာကလဲ ဘယ်လောက်ပဲ အနုပညာဉာဏ်မြူးနေစေဦးတော့ ရှစ်မိနစ်ထက် ပိုမေးလို့မရဘူးပေါ့။

နောက်ပြီး မင်းတို့ဂီတလောကမှာ သုံးနေကြတဲ့ စန္ဒရား အော်ဂင် စတဲ့ တူရိယာပစ္စည်းတွေကိုလဲ နံပါတ်(၁) ကျိုးကြောင်း ဆင်ခြင်ဉာဏ်က ထွင်ပေးခဲ့တာပဲ မဟုတ်လား။ အဲဒီလိုပဲ ပန်းချီဆိုင်ရာ စုတ်၊ ဆေး၊ စက္ကူ၊ ကင်းဗတ်စ်ဆိုတာတွေကိုလဲ နံပါတ်(၁)သမား တွေဖြစ်တဲ့ ကျိုးကြောင်းဆင်ခြင်ဉာဏ်သမားတွေက လုပ်ပေးခဲ့တာ မဟုတ်လား။ နောက်ပြီး ဓာတ်ပုံ၊ ဘလောက်၊ ပုံနှိပ်စက်ပစ္စည်း အမျိုးမျိုး စသည်အားဖြင့် အကျိုးပြုခဲ့ကြတာပဲ မဟုတ်လား။ ဓာတ်ပုံ တောင်မှ ရုပ်သေကနေပြီး ရုပ်ရှင်ဖြစ်လာအောင်၊ အသံဖမ်းရာကနေ ပြီး အရုပ်ကိုပါ ဖမ်းထားနိုင်အောင် လုပ်လာကြတယ်။ အသံလွှင့်တာ တွေ၊ ရုပ်သံလွှင့်တာတွေ စုံနေတာပါပဲကွာ။

- ■ အဲဒါတွေကကော အလှအပအနုပညာကို ထိခိုက်နိုင်တဲ့ အကျိုးပြု မှုရှိသေးသလား ဆရာ။
- ● ရှိတာပဲကွ။ ဆိုကြပါစို့ကွယ်။ ရှေးခေတ် အဲ - ဖလင်ခေတ်ပေါ့ကွယ်။ ရုပ်ရှင်ကားကြီးတစ်ကားဖြစ်ဖို့ စရိတ်ကလဲ ကြီးတယ်။ အလွှန်လဲ ပင်ပန်းတယ်။ အလွန်ခက်ခဲတယ်၊ မလွယ်ဘူးဆိုပါတော့ကွယ်။ ဗွီဒီယိုစက်တွေပေါ်လာတော့ အလွန်ကိုလွယ်ကူလာတယ်။ ဒီတော့ ဗွီဒီယိုထုတ်လုပ်သူတွေကလဲ မြန်မြန်ပြီးအောင် တွန်းထိုးလုပ်လာ ကြတယ်။ ထုတ်လုပ်ဖို့က အလွန်လွယ်ကူသက်သာလာတယ် မဟုတ် လား။ ဒီတော့ ဗွီဒီယိုကားတွေကို မြန်မြန်များများထွက်လာအောင် ဖုတ်ပူမီးတိုက်လုပ်ကြတဲ့အဖြစ်ကို ရောက်လာတော့တာပေါ့။ ဒီတော့ ဗွီဒီယိုရုပ်ရှင်ကားတွေရဲ့ အရည်အသွေးတွေ ကျလာပြန်တာပေါ့။
- ■ ဟုတ်တယ် ဆရာ။ ဗွီဒီယိုကားတွေ အတော်များများကို ကြည့်ဖူးပါ တယ်။ ဇာတ်လမ်းကလဲ ခိုင်ခိုင်မာမာ မဟုတ်၊ ယုတ္တိလဲ မရှိ။ ဇာတ်ကောင်တွေကလဲ သရုပ်ပီပြင်မှု မရှိကြဘူး။ ငှားကြည့်ရတော့ ပိုက်ဆံကိုတောင် နှမြောလာမိတာပဲ။
- ● ကျိုးကြောင်းဆင်ခြင်ဉာဏ် အားကိုးတဲ့ သိပ္ပံပညာကြောင့်တော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးပေါ့ကွယ်။ ဒါပေမဲ့ သိပ္ပံရဲ့ကျေးဇူးကြောင့် ကုန်စည်တွေကို အချိန်တိုအတွင်းမှာ ပေါပေါများများထုတ်နိုင်ကြတာကြောင့် ဖြစ်လာရတဲ့ အကျိုးဆက်တွေပေါ့။

အဲဒီလို ဖြစ်တာတွေက ရုပ်ရှင်ဗွီဒီယိုလောကမှာသာ မဟုတ်ဘူး။ လွယ်လွယ်ကူကူလုပ်လို့ရရင် အရည်အသွေးကျလာစမြဲလို့ ထင်မိပါတယ်။ ဆိုကြပါစို့ကွယ် ရှေးခေတ်က စာပေးစာယူ စာတိုက်ဆက်သွယ်ရေးဆိုတာ မရှိခဲ့ဘူး။ လူကြုံရှိမှ စာပေးလို့ရတာကိုး။ ဒီတော့ လူကြုံကောင်းကို တွေ့မှ စာပေးလိုက်လို့ရတယ်။ ပမာအားဖြင့် အောက်ပြည်အောက်ရွာမှာ သွားပြီး စီးပွားရှာနေတဲ့ သားဆီကို အညာမှာနေတဲ့ မိခင်က စာပေးချင်တယ်။ လူကြုံကောင်းကလဲ တွေ့နေပြီ။ မိခင်က စာကို ကောင်းကောင်းမွန်မွန်မရေးတတ်ဘူး။ ဒီတော့ စာစီစာရေးကောင်းတဲ့သူဆီ သွားပြီး စာရေးစာစီခိုင်းရတယ်။

စာရေးရတာကလဲ ခုခေတ်လို ဘောလ်ပင်တွေ ဘာတွေက ရှိတာ မဟုတ်၊ စက္ကူလည်း မရှိ၊ ဒီတော့ ပုရပိုဒ်ပေါ်မှာ ကန့်ကူဆံနဲ့ ရေးရတာ။ အားလုံး ခဲရာခက်ဆစ်ချည်းပါပဲ။ ဒီတော့ အစွမ်းကုန်လုပတင့်တယ်အောင် စာစီရေးသားကြရတယ်။ မင်းတို့တစ်တွေ သင်ကြရတဲ့ ကျည်းကန်ရှင်ကြီး မေတ္တာစာတို့၊ ဦးပုည မေတ္တာစာတို့ ဆိုတာတွေဟာ ဂန္ထဝင်စာပေအဖြစ်တောင် ရောက်လာတယ် မဟုတ်လား။ ဒီခေတ်မှာ သိပ္ပံကြောင့် သက်သာလွယ်ကူနေတော့ ပေါ့တီးပေါ့ဆ လုပ်တာတွေ ဖြစ်လာတာပေါ့။

- ■ နံပါတ်(၃)အချက် အလှအပခံစားနိုင်ခြင်း၊ ဖန်တီးနိုင်ခြင်းကကော နံပါတ်(၂) ကိုယ်ကျင့်တရားအပေါ် အကျိုးသက်ရောက်မှုဖြစ်နိုင်သလား ဆရာ။
- ● ဖြစ်နိုင်တာပဲပေါ့။ နာမည်ကြီးတဲ့၊ လူကြိုက်များတဲ့ ရုပ်ရှင်မင်းသားမင်းသမီးတွေရဲ့ ဝတ်ပုံစားပုံကို အတုခိုးတတ်ကြတယ် မဟုတ်လား။ အဲဒီလိုပဲ ရုပ်ရှင်ထဲက စွန့်စားခန်းတွေကိုလဲ အားကျတတ်ကြတာပဲ။ ဒီဘက်ပိုင်းရုပ်ရှင်တွေမှာ နည်းမျိုးစုံနဲ့ သတ်ကြ၊ ဖြတ်ကြ၊ ညှဉ်းပမ်းနှိပ်စက်ကြ၊ လုကြ၊ ယက်ကြ၊ အကြမ်းဖက်ကြတဲ့ လုပ်နည်း ကိုင်ဟန်တွေဟာ လူငယ်တွေအဖို့ အမှတ်မထင် အားကျသွားစေနိုင်တယ်။





ရုပ်ရှင်မင်းသားကြီး ပီတာအိုတူးက ဒီကနေ့လူ့လောကကြီးရဲ့ ကြမ်းတမ်းလာတဲ့ အနိဋ္ဌာရုံတွေကို မြင်ပြီး လေ့လာကြည့်ရင် ရုပ်ရှင်သမားတွေရဲ့ ပယောဂမကင်းဘူးလို့ ရုပ်ရှင်ပွဲတော်ကြီးတစ်ခုမှာ ဝေဖန်ထောက်ပြသွားတယ်။ မြန်မာတွေရဲ့ ဆိုရိုးစကားတစ်ခုဖြစ်တဲ့ 'ဇာတ်သမားလာရင်၊ မှတ်သားစရာ ပါရမယ်။ ဇာတ်သမားပြန်ရင် မှတ်သားစရာ ကျန်ရမယ်' ဆိုတဲ့ စကားဟာ အလှပစ္စည်း၊ အလှဖန်တီးမှု ကိုယ်ကျင့်တရားဆက်စပ်နေပုံကို ညွှန်းနေတယ်လို့ ပြောသင့်ပါတယ်။

ကဲကွယ် လူသားတို့ရဲ့ ဝိသေသစွမ်းရည်သုံးခုက်ဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်နေကြောင်း သိထားဖို့ပါပဲ။ နောက်ဆွေးနွေးချက်တစ်ခု ပြောင်းချင်လို့ပါ။

*

- ● မင်းတို့ မဇ္ဈိမပဋိပဒါဆိုတာကို ကြားဖူးကြလား။
- ■ ကြားဖူးပါတယ် ဆရာ။ ဒါပေမဲ့ ရေရေရာရာတော့ မသိပါဘူး။
- ● အလယ်အလတ်လမ်းစဉ်၊ မယုတ်မလွန်ကျင့်သုံးမှု၊ အတိုင်းအတာကို သိမှုဆိုပါတော့ကွယ်။ တန်ဆေးလွန်ဘေးဆိုတာကိုလဲ သိကြမှာပေါ့။
- ■ အဲဒါတွေကိုတော့ သိကြပါတယ် ဆရာ။
- ● ငါတို့ ဆွေးနွေးခဲ့ကြတဲ့ လူသားတို့ရဲ့ ဝိသေသစွမ်းရည်သုံးချက်ကို တိုးတက်မြင့်မားအောင် ကြိုးဆောင်ကြိုးပမ်းရမယ်လို့ ငါ ပြောခဲ့တယ်၊ ဒါပေမဲ့ ကျင့်သုံးတဲ့အခါမှာတော့ဖြင့် အတိုင်းအတာကို သိသောအားဖြင့် မယုတ်မလွန်ကျင့်တတ်အောင် ချင့်ချိန်ကြရတယ်။ အဲဒါကို အလွန်သတိထားရတယ်။ ဝိသေသစွမ်းရည်ကို ဖွံ့ဖြိုးအောင် လုပ်ကြရမယ်။ ဒါပေမဲ့ ကျင့်သုံးတဲ့အခါမှာ မချိန်ဆတတ်ရင် စွမ်းရည်တစ်ခုကြောင့် တစ်ပါးသော စွမ်းရည်ကို ထိခိုက်တတ်တယ်။
- ■ သိပ်ပြီး နားမရှင်းဘူး ဆရာ။ လူတို့ရဲ့ အကြီးမားဆုံး အင်အားစွမ်းရည်ဟာ အကျိုးအကြောင်း ဆင်ခြင်ပိုင်းဖြတ်တတ်သော ဉာဏ်စွမ်းပဲ မဟုတ်လား ဆရာ။ အဲဒီစွမ်းရည်ကို ကျင့်သုံးတာမှာလဲ တခြားစွမ်းရည်တွေကို ထိခိုက်နိုင်တာမျိုး ရှိသေးသလား ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



● ရှိလာတတ်တာပဲကွဲ့။ အလွယ်ဆုံးဥပမာ ပြောရရင် ဆိုပါစို့ - လူတစ်ယောက် သေသွားတယ်။ သူရဲ့ ဇနီးမယား၊ သမီးသားနဲ့ ဆွေတွေမျိုးတွေက ငိုကြတယ်။ အော်ဟစ်ပူဆွေးကြတယ်။ သူတို့တစ်ဖော့ ငိုကြွေးနေပေမဲ့ သေသူက ပြန်ရှင်နိုင်မလား။

■ မရှင်နိုင်ပါဘူး ဆရာ။

● တစ်စုံတစ်ရာ အကျိုးထူးမလာနိုင်ဘဲ ပင်ပန်းကြီးစွာ ငိုကြွေးနေကြောင်း မထင်ရှားဘူးလား။

■ ထင်ရှားပါတယ် ဆရာ။

● မင်းက အကျိုးမရှိတဲ့လုပ်ငန်းကို လုပ်နေကြတယ်လို့ သူတို့ကို ရှုတ်ချမလား။

■ မရှုတ်ချပါဘူး ဆရာ။ ကိုယ်လဲ သူတို့လိုပဲ ကိုယ်ချစ်ခင်ရတဲ့ မိဘ၊ ဆွေမျိုး၊ ချစ်သူ စသည်တို့ ကွယ်လွန်ရင် ကိုယ်တိုင်လဲ ပူဆွေးမိမှာပါပဲ။

● အေး - အဲဒါ ကိုယ်ချင်းစာစိတ် မေတ္တာတရား၊ ကရုဏာတရားပဲ။ သေပြီးသောသူဟာ ပြန်မရှင်နိုင်တော့ဘူးဆိုတာကို သိလိုက်တာက ကျိုးကြောင်းဆင်ခြင်ဉာဏ်ပဲ။ အကျိုးမဲ့ ငိုကြွေးနေခြင်းကို ကြင်နာတာကျတော့ ကိုယ်ချင်းစာစိတ်၊ မေတ္တာစိတ်။ တစ်နည်းအားဖြင့် လူတွေမှာ ရှိအပ်တဲ့ ကိုယ်ကျင့်တရားပဲ။ ဒီတော့ ကျိုးကြောင်းဉာဏ်ပညာ ဖွံ့ဖြိုးလာသော်လဲ ကျင့်သုံးတဲ့အခါ အတိုင်းအတာသိသောအားဖြင့် မယုတ်မလွန်ကျင့်သုံးရမယ်လို့ ပြောခဲ့တာပေါ့။

■ ဒါဖြင့် ကိုယ်ကျင့်တရား၊ မေတ္တာစိတ်၊ ကရုဏာစိတ်ကိုလဲ မယုတ်မလွန် အတိုင်းအတာကို သိသောအားဖြင့် သင့်တင့်အောင် မကျင့်သုံးတတ်ရင်လဲ တခြား ဝိသေသဂုဏ်တွေကို ထိခိုက်နိုင်တာပဲလား ဆရာ။

● ထိခိုက်နိုင်ပြန်တာပဲ။ ဘုရားဟောပါဠိလေးတစ်ခု ရှိတယ်။ မင်းတို့လဲ ကြားဖူးကြမှာပါပဲ။ 'ကောဓော အတ္ထံ န ဇာနာတိ'တဲ့။ ကောဓော - အမျက်ဒေါသသည်၊ အတ္ထံ - အကြောင်းအကျိုး အကောင်းအဆိုးကို၊ န ဇာနာတိ - မသိတဲ့။ အမျက်ကြီးလျှင် ပြစ်မမြင်ဆိုတာပေါ့။ အမျက်ဒေါသကြောင့် ကောင်းကျိုးဆိုးပြစ်ကို မမြင်နိုင်ဘဲ ဖြစ်သွားတာမျိုးပေါ့။





အမျက်ဒေါသလိုပဲ ဉာဏ်ပညာကန်းသွားစေတဲ့ အကြောင်းတွေလဲ ရှိသေးတာပေါ့။ ဥပမာ - အချစ်-ကာမ ဆိုတာတွေပေါ့။ ကာမဂုဏ် အချစ်မှိုင်းထဲ ရောက်သွားလိုက်ပြီဆိုရင် မိဘရယ်၊ သားသမီးရယ် မသိတော့ဘဲ ကာမတဏှာစေခိုင်းရာကို လုပ်တတ်တာမျိုးတွေပေါ့။ အရက်သေစာ မူးယစ်ဆေးဝါး စတာတွေဟာလဲ ကိုယ်ကျင့်တရားထဲမှာ ပါနေတယ် မဟုတ်လား။ မူးယစ်ဆေးဝါး ဆိုတာဟာ သူရာမျိုးတွေပဲ။ ကုသိုလ်၊ အကုသိုလ်ကို မေ့လျော့စေသော၊ ကျိုးကြောင်း ဆင်ခြင်ဉာဏ်ကို တွေဝေမှောက်မှားစေသော ပစ္စည်းတွေ မဟုတ်လား။ အဲဒီမူးယစ်ဆေးတွေကို သုံးပြန်တော့လဲ ကျိုးကြောင်းဆင်ခြင်ဉာဏ်ဟာ မှေးမှိန်လျော့ပါးသွားစေပြန်တာပဲ။

■ ဒါပေမဲ့ အဲဒီလိုသိလာတာကလဲ ကျိုးကြောင်းဆင်ခြင်ဉာဏ်ပဲ မဟုတ်လား ဆရာ။

● မှန်တယ်။ အကျိုးတရားကို တွေ့လိုက်ရင် အကြောင်းရင်းကို သိခြင်း၊ မည်မျှလောက်အတိုင်းအတာဆိုတာ ချင့်ချိန်နိုင်ခြင်းဆိုတာတွေကိုက ထိုးထွင်းသိမြင်ခြင်း၊ ပိုင်းခြားသိမြင်ခြင်း ဆင်ခြင်နိုင်တဲ့ ဉာဏ်စွမ်းရည်တွေပဲလို့ ဆိုရမှာပေါ့။ တကယ်ဆိုတော့ လူရဲ့ဝိသေသစွမ်းရည်သုံးရပ်မှာ ကျိုးကြောင်းဆင်ခြင်ဝေဖန်တတ်တဲ့ဉာဏ်ဟာ ဦးဆောင်အချုပ်ပါပဲ။

ကိုယ်ကျင့်တရားတို့ အလှအပကို ခံစားဖန်တီးတတ်ခြင်းတို့ဟာ လူသတ္တဝါရဲ့ ဝိသေသစွမ်းရည်တွေ မှန်တယ်။ ဘယ်တိရစ္ဆာန်မှာမှ မရှိတဲ့ ဝိသေသလက္ခဏာတွေလဲ မှန်တယ်။ ဒါပေမဲ့ တိရစ္ဆာန်အားလုံးကို လွှမ်းမိုးနိုင်တာ၊ သဘာဝမှာရှိနေတဲ့ စွမ်းအင်ကြီးတွေကို မိမိအတွက် အကျိုးဖြစ်ထွန်းအောင် သုံးစွဲနိုင်တာ မြေ၊ ရေ၊ လေ၊ မီးဆိုတဲ့ သဘာဝစွမ်းအားကြီးတွေကို မိမိအတွက် အသုံးချနိုင်တာကတော့ဖြင့် ကျိုးကြောင်းဆင်ခြင်ဉာဏ်ကြောင့်ချည်းသာ ဖြစ်ပါတယ်။

■ ဒါဖြင့် ကျန်တဲ့ ကိုယ်ကျင့်နဲ့အလှအပဆိုတာတွေက ကျိုးကြောင်းဆင်ခြင်ဉာဏ်လောက် အရေးမပါဘူးလို့ ဆိုရမှာပေါ့။

● ဒီလိုလဲ ပြောဖို့မလွယ်ဘူး ထင်တယ်။ ဘာကြောင့်လဲဆိုတော့ လူက တစ်ဦးတည်းနေတာ မဟုတ်ဘူး။ အဖွဲ့အစည်းအဖြစ် အများနဲ့



www.burmeseclassic.com

www.burmeseclassic.com



စုပေါင်းနေရတာကိုး။ လူ့အဖွဲ့အစည်းရဲ့ စည်းကမ်း ကိုယ်ကျင့်တရား ပျက်ကွက်ရင်လဲ အဖွဲ့အစည်းပြိုကွဲမှာပေါ့။ အလှအပကို မခံစားတတ်ရင်လဲ စိတ်ချမ်းမြေ့ကြည်နူးမှု ဘယ်မှာရနိုင်တော့မလဲ။ လူ့လောကကြီးကို ငြိမ်းချမ်းပျော်မွေ့ဖွယ်ဖြစ်အောင် ထိန်းသိမ်းပေးတယ်ဆိုရမှာပေါ့။ မင်းတို့နားလည်လွယ်အောင် ပြောရရင်တော့ နံပါတ်(၁)က သိပ္ပံနဲ့တူတယ်။ နံပါတ်(၂)နဲ့ (၃)က ဝိဇ္ဇာနဲ့တူတယ်လို့ ဆိုရမှာပေါ့။ ဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။ နံပါတ်(၁)က နံပါတ်(၃) အလှပစ္စည်းကိစ္စကို ရော အကျိုးသက်ရောက်မှုရှိသလား။

● ရှိနေတာပါပဲ။ အရင်ကဆိုရင် သီချင်းတစ်ပုဒ်ကို ဆိုလိုက်တယ်။ ဆိုပြီး ပျောက်သွားတာပဲ။ နောက်တော့ အက်ဒီဆင်တို့လို သိပ္ပံတီထွင်တဲ့ သူတွေက အသံကို မပျောက်အောင် သိမ်းထားနိုင်ရင် ကောင်းမှာပဲ ရယ်လို့ ဓာတ်စက်ဓာတ်ပြားတွေကို တီထွင်လိုက်တယ်။ နောက်တော့ ရီကော့ဒ်၊ ကက်ဆက်၊ အမ်ပီသရီး၊ အမ်ပီဖိုး ဆိုတာတွေ ပေါ်လာရတယ်။ စန္ဒရား၊ အော်ဂင် စတဲ့ တူရိယာပစ္စည်းတွေကိုလဲ တီထွင်ပေးခဲ့တာပဲ။

ဒီလိုပဲ ပန်းချီအနုပညာမှာဆိုရင်လဲ စုတ်၊ ဆေး၊ စက္ကူ၊ ကင်းဗတ်စ် စတာတွေကို တီထွင်ပေးခဲ့တယ်။ ဓာတ်ပုံကနေပြီး ရုပ်ရှင်ဖြစ်လာတယ်။ ရေဒီယို၊ တီဗွီ၊ ဗွီစီဒီ စတဲ့ စက်တွေ ပေါ်လာရပြန်တယ်။ အများကြီးပါပဲ။ ဒါတွေဟာ နံပါတ်(၁)က နံပါတ်(၃)ကို အကျိုးပြုနေတာတွေလို့ ဆိုရမှာပေါ့။

■ နံပါတ်(၃) အလှအပကလဲ နံပါတ်(၁) ဆင်ခြင်ဉာဏ်ကို ထိခိုက်နိုင်တာပဲလား ဆရာ။

● ရှေ့ပိုင်းက ငါပြောခဲ့သလိုပဲပေါ့။ အတိုင်းအတာပါပဲ။ အတိုင်းအတာကို မသိရင် ကျိုးကြောင်းဆင်ခြင်ဉာဏ်ကို ထိခိုက်နိုင်တာပါပဲ။ 'လှတာမက်တော့ ညစာခက်တယ်'ဆိုတဲ့ စကားလိုပေါ့ကွယ်။ အလှအပမှာချည်းပဲ သာယာနစ်မျောနေရင် ကျိုးကြောင်းဆင်ခြင်ဉာဏ် အားနည်းသွားတတ်တာပဲ။ အလှအပကို ခံစားတတ်တဲ့စိတ် ကင်းမဲ့နေရင်လဲ ဘဝတစ်ခုလုံး ခြောက်သွေ့နေမှာပေါ့။ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း





ဆိုရင် စိတ်အေးလက်အေးရှိတဲ့အခါ တယောထိုးပြီး အပန်းဖြေတယ်လို့ ဆိုတာပဲ။ သူတို့လို လူကြီးတွေ နံနက်ခင်း လမ်းလျှောက်ကြတာ၊ တောလမ်းခရီး သွားကြတာတွေဟာ အညောင်းပြေဖို့သာ မဟုတ်ဘူး။ သြကာသလောကရဲ့ သာယာမှုကို ခံစားကြတာလို့ ဆိုနိုင်ပါတယ်။

နောက်ဆုံးပိတ် တခြားဟာမကြည့်နဲ့တော့ ရုပ်ကွက်မွေ့ရုံမှာ မွေ့စကြာရွတ်ကြတာမှာတောင် အသံညီအောင် သာယာနာပျော်ဖွယ်ဖြစ်အောင် ရွတ်ကြတယ် မဟုတ်လား။ ငါတို့နားထဲမှာ ယောက်ျားတွေ စုပြီး ရွတ်တာထက် မိန်းကလေးတွေစုပြီး ရွတ်တာကို ပိုပြီး နှစ်သက်မိကြတယ် မဟုတ်လား။ အသံအလှပေါ့ကွယ်။

သို့သော်လဲ အဲဒီမှာတောင် အတိုင်းအတာတော့ ရှိသေးတာပဲ။ ည သန်းခေါင်းလောက်ထိအောင် အသံချဲ့စက်ကြီးနဲ့ ရွတ်နေရင် နားညည်းပြီး ခဲနဲ့ပေါက်ချင်စိတ် ပေါ်လာကြမှာပေါ့။

ကဲ - မင်းတို့ကို 'လူ'ဆိုတဲ့ သတ္တဝါရဲ့ ဝိသေသစွမ်းရည် ဂုဏ်သတ္တိတွေကိုလဲ ပြောခဲ့ပြီးပါပြီ။ 'တန်ဆေးလွန်ဘေး'ဆိုတဲ့ အတိုင်းအတာကိုလဲ ပြောခဲ့ပြီးပြီ။

ငါဟာ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်နေလို့ ကိုယ်နဲ့ ကျွမ်းဝင်နေတဲ့ ဗုဒ္ဓဘာသာအဆိုအမိန့်တွေ၊ ဘုရားရှင် မြွက်ကြားတော်မူခဲ့တာတွေကို ဥပမာ၊ သာဓကအဖြစ် ထည့်သွင်းပြောခဲ့ပါတယ်။ တခြားဘာသာဝင် လူငယ်လေးတွေလဲ ပါနေတာမို့ အဲဒါတွေကို ကိုယ်နဲ့ မဆိုင်ဘူး၊ ကိုယ့်ဘာသာမဟုတ်ဘူးရယ်လို့ သဘောမထားဘဲ မွမ်းမံဖွယ်ကျကျ သုံးသပ်နိုင်ကြပါစေလို့ ပြောချင်တယ်။

ဆက်ကြသေးတာပေါ့ကွယ်။

*

www.burmeseclassic.com

www.burmeseclassic.com

## (၃၀)

● ဒီတစ်ပတ်မှာတော့ဖြင့် ငါတို့ ဆွေးနွေးခဲ့တဲ့အကြောင်းအရာကို ခြုံငုံသုံးသပ်ပြီး နိဂုံးချုပ်ကြရင် ကောင်းမယ်လို့ ထင်မိတယ်။

■ တိရစ္ဆာန်စတဲ့ လောကသတ္တဝါအားလုံးထက် လူက သာတယ်ဆိုတဲ့ စွမ်းရည်အကြောင်းကိုလား ဆရာ။

● အေးပေါ့ကွယ်။ မင်းတို့ကို အထပ်ထပ်ပြောပြနေတာကြောင့် အဲဒီလူတို့ရဲ့ ဝိသေသသုံးရပ်ကိုလဲ မေ့နိုင်စရာအကြောင်း မရှိတော့ပါဘူး။

■ အဲဒီ ဝိသေသသုံးရပ်ဟာ ဆက်စပ်နေကြတာ မှန်သော်လဲ အချုပ်ကတော့ဖြင့် '**ကျိုးကြောင်းဆက်စပ်သိထတ်သော ပညာ**' သာလျှင်ဖြစ်ကြောင်းကိုလဲ မမေ့သင့်ကြဘူး။ ဆိုကြပါစို့ကွယ်၊ လောဘကြောင့် ကိုယ်ကျင့်တရားပျက်လာတတ်ကြတယ်။ သူ့ကစ်ပါးရဲ့ ပစ္စည်းကို မတရားယူချင်တယ်။ ခိုးချင်တယ်၊ ဝှက်ချင်တယ်။ ကလိမ်ကကျစ်လှည့်ဖြားချင်တယ်။ ဓားပြတိုက်တယ်။ ခါးပိုက်နှိုက်တယ်။ အဲဒါတွေကိုလဲ ပညာနဲ့ပဲ ထိန်းသိမ်းကြရတယ်။ ဒီလိုပဲ ဒေါသကြောင့် ရန်ငြိုးထားကြတယ်။ သတ်ဟယ်ဖြတ်ဟယ်ဆိုတာမျိုးတွေ ဖြစ်လာကြတယ်။ အဲဒီလိုဖြစ်လာပြန်ရင်လဲ ရှေ့နောက်ကျိုးကြောင်းချင့်ချိန်ပြီး သင့်၏မသင့်၏ စဉ်းစားထိန်းသိမ်းကြရပြန်တာပဲ။ ကာမတဏှာကြောင့် မကြားကောင်းမနာသာ လူ့စည်းကမ်းတွေကို ဖောက်ဖျက်မိတတ်ကြတာလဲ မင်းတို့အသိပဲ။ 'ပြစ်မှု' တို့လို၊ 'ဖြစ်ရပ်မှန်မှုခင်း' တို့လို 'ကရိုင်းမ်' (CRIME)တို့လို စာစောင်တွေကို ဖတ်ကြည့်လိုက်ရင် မင်းတို့ ငါတို့ စိတ်ကူးထဲမှာတောင် မထည့်ဖူးတဲ့ မှုခင်းဒုစရိုက်တွေကို တွေ့ကြရမှာပဲ။





အဲဒီပြစ်မှုမျိုးတွေကို ကျူးလွန်ကြတာကို အံ့အားသင့်မိတာလဲ အမှန်ပဲ။ ဒါပေမဲ့ သူတို့လို လောဘ၊ သူတို့လို ဒေါသ၊ သူတို့လို ကာမတဏှာစိတ်တွေ ငါတို့မှာလဲ ရှိနေကြတာပဲ။ ငါတို့မိဘတွေမှာလဲ ရှိနေကြတာပဲ။ သို့သော်လဲ အကြောင်းအားလျော်စွာ မိဘဆရာသမားများရဲ့ အဆုံးအမ၊ ပတ်ဝန်းကျင်ရဲ့ထိန်းသိမ်းပညာပေးမှုတွေကြောင့် အဲဒီစိတ်တွေကို ထိန်းသိမ်းနိုင်တတ်ကြတာပဲ။ '**သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွမ်း ချွန်းကဲ့သို့အုပ်**' ဆိုတဲ့ စကားလို ပေါ့ကွယ်။ ဒီနေရာမှာ ဘုရားဟောတဲ့ စကားလေးတစ်ခုကို သွားပြီး သတိရမိပြန်တယ်။ **ပညာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ စသည်တို့မှာ သတိတစ်မျိုးသာလျှင် ပိုသည် လွန်သည် မရှိလို့** ဆိုခဲ့ဖူးတယ်။

ဒီတော့ ငါတို့ ဆွေးနွေးခဲ့ကြတဲ့လူတွေရဲ့ ဝိသေသသုံးရပ်မှာ ကျိုးကြောင်းဆင်ခြင်မှုပညာဟာ အရေးအကြီးဆုံးပဲ။ အဲဒီ ကျိုးကြောင်းဆင်ခြင်မှုကိုတောင် မလွန်ကဲအောင် သတိနဲ့ ထိန်းသိမ်းကြရသေးတယ်။

■ ကျိုးကြောင်းဆင်ခြင်မှုမှာလဲ လွန်ကဲတတ်သေးတာပဲလား ဆရာ။

● ကျိုးကြောင်းဆင်ခြင်မှုမှာ လွန်ကဲလွဲချော်နေရင်ဖြစ်စေ၊ ကျင့်သုံးရာမှာ မှားယွင်းချွတ်ချော်နေရင်ဖြစ်စေ တစ်ဘက်စောင်းနင်း ကမောက်ကမဖြစ်သွားတတ်ပြန်တာကိုးကွယ့်။ ဆိုကြပါစို့ကွယ်၊ မင်း ရေနစ်နေပြီဆိုပါတော့။ ဘာကြောင့်ရေနစ်သလဲ၊ ရေနစ်တယ်ဆိုတာ ဘယ်လိုနေသလဲ ဆိုတာမျိုးတွေ စဉ်းစားနေလို့ ဖြစ်မလား။ ခြေနဲ့ပဲကန်ကန်၊ လက်နဲ့ပဲယက်ယက် ရေထဲကပေါ်ပြီး အသက်ရှုနိုင်ဖို့ကိုပဲ အားထုတ်ရမယ် မဟုတ်လား။

ငါ ခပ်ငယ်ငယ်က ဆောင်းပါးလေးတစ်ပုဒ် ဖတ်ခဲ့ရဖူးပါတယ်။ အရောင်အသွေးကို အလွန်စူးစိုက်အာရုံပြုတတ်၊ မြင်တတ်တာကြောင့် ပန်းချီဆရာချင်းတောင် သြချယူလောက်အောင် အရောင်အမြင်ပါရမီထူးခြားတဲ့ ပန်းချီဆရာကြီးတစ်ယောက် အကြောင်း ဆောင်းပါးဆိုပါတော့။

သူ့ဇနီးက သူ့လက်ပေါ်မှာပဲ ဆုံးပါးကွယ်လွန်သွားတယ်။ အလွန်သည်းခံတဲ့ ပါရမီဖြည့်ဖက် ဇနီးသည်မို့ အလွန်နဲ့စိတ်ထိခိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ သို့သော်လဲ သူက အရောင်အသွေးကို သတိထား အကဲခတ်သူဖြစ်လေတော့ သူ့ဇနီးသည်ရဲ့မျက်နှာက သွေးဆုတ်ပြီး တစ်စတစ်စဖျော့တော့လာတာတွေ၊ အရောင်ပြောင်းလာတာတွေကို အာရုံပြုနေမိတယ်။ နောက်မှ ရုတ်တရက် ဇနီးသည်ကွယ်လွန်တာကို တောင် မေ့ရက်လေခြင်းလို့ သတိရပြီး မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး အခန်းထဲက ပြေးထွက်ခဲ့သတဲ့။

ဟိုစောစောပိုင်းက မင်းတို့ကို ပြောခဲ့ဖူးပါသေးတယ်။ မိဘဆွေမျိုးသားချင်း စသည်အားဖြင့် ချစ်ခင်တွယ်တာရသူတွေ ကွယ်လွန်တဲ့အခါမှာ ငိုကြွေးကြတာပဲ။ ငိုလို့ သေသူဟာ ပြန်မရှင်နိုင်တော့ဘူးဆိုတာလဲ သိကြသားပဲ။ ဒါကို ကျိုးကြောင်းဆင်ခြင်ဉာဏ် ကင်းမဲ့တယ်ရယ်လို့ အပြစ်မတင်ကောင်းဘူးပေါ့။

အားလုံးခြုံပြီး ပြောချင်တာက ဝိသေသသုံးရပ်ဟာ တစ်ခုကို တစ်ခု ကျေးဇူးပြုနေကြတယ်။ အကျိုးအကြောင်း ဆက်သွယ်နေတတ်တယ်။ ဒါပေမဲ့ အားလုံးကို နားလည်ရုံသာမက လွန်လွန်ကဲကဲ မဖြစ်အောင်လဲ ထိန်းသိမ်းတတ်ကြရမယ်ဆိုတာပါပဲ။

■ ဆရာပြောသလိုဆိုရင် ကျိုးကြောင်းပညာမှာ သတိသာလျှင် အချုပ်ပဲလို့ ဆိုရတော့မှာပေါ့။

● အေး- ငါကတော့ အဲဒီလိုပဲ ပြောလိုက်ချင်တာပဲ။ မင်းတို့ ငါတို့ လျှပ်စစ်ဓာတ်အားသုံးစွဲကြတာမှာ ဖျူးစ်သဘောမျိုး ခပ်ဆင်ဆင်လို့ ပြောလိုက်ချင်တာပဲ။ လျှပ်စစ်ဓာတ်အား လွန်ကဲလာတော့ ဖျူးစ်က ပြတ်သွားတာပေါ့။ ဒီတော့ ရေဒီယို၊ ကက်ဆက်၊ ရေစုပ်စက်ဆိုတဲ့ ပစ္စည်းကြီးတွေ မပျက်စီးတော့ဘူးပေါ့ကွယ်။

■ ကျွန်တော်တို့ သဘောပေါက်ပါပြီ ဆရာ။ လူတို့ရဲ့ ဝိသေသလက္ခဏာသုံးရပ်ကိုတောင်မှ ဖျူးစ်တပ်ထားရဦးမယ်ဆိုရမှာပေါ့။

● အေး- အဲဒီသဘောပဲ။ ဒါပေမဲ့ အဲဒီဝိသေသသုံးရပ်ကို တရစပ် တိုးပွားနေအောင်တော့ ကြိုးစားကြရမှာပဲ။ ကြိုးစားရမယ်ဆိုတာကို ပေါ့ပေါ့ပြောနေတယ် မထင်နဲ့။ မနေမနားကို ကြိုးစားကြရမှာ။





ဒါထက် မင်းတို့ကို မေးလိုက်ရဦးမယ်။ သတ္တဝါတို့ရဲ့ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်ကြီးကို သုံးသပ်တင်ပြသွားတဲ့ သိပ္ပံပညာရှင်ကြီး ဒါဝင်' ဆိုတာ ကြားဖူးကြလား။

■ ကြားဖူးပါတယ် ဆရာ။ အီဗော်လူးရှင်း ဆိုတာမဟုတ်လား။

● အေး- ဟုတ်တယ်။ သို့သော်လဲ သူပြောခဲ့တဲ့ (Survival of the fittest)ဆိုတာကိုတော့ဖြင့် ကြားဖူးချင်မှ ကြားဖူးမယ်။ သဘာဝပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေ အံဝင်ခွင်ကျပြောင်းလဲသွားနိုင်တဲ့ သတ္တဝါတွေဟာ ရှင်သန်ပြီးကျန်ခဲ့တာဟာ လောကနိယာမပဲလို့ ဆိုတယ်။ 'မတော်သူသေ၊ တော်သူနေ' လို့လဲ တစ်ချို့က မြန်မာပြန်ကြပါတယ်။

မစ္စတာဒါဝင်က ကမ္ဘာဦးသတ္တဝါတွေရဲ့ အရိုးစုတွေကို လေ့လာတယ်။ ကျောက်ဖြစ်ရုပ်ကြွင်းတွေကို အသားထိုးပြီး ဆင်ခြင်ကြည့်တယ်။ သူပြောတဲ့ သဘောတရားကို အကျဉ်းချုပ်ရရင်တော့ -

ကမ္ဘာဦးက 'ဒိုင်နိုဆော' လို့ ခေါ်ကြတဲ့ ရောမသတ္တဝါကြီးတွေ ရှိခဲ့ဖူးတယ်။ သို့သော်လဲ သူတို့ဟာ ကိုယ်ကာယကြီးလွန်းလို့ သားကောင် ရှာမရဘူး။ စားနှုန်းကလဲ ကြီးလွန်းတာ့ တော်ရုံတန်ရုံ အစာရေစာနဲ့ မဝဘူး။ ကြီးလွန်းတော့ လှုပ်ရှားမှုကလဲ မသွက်လက်ဘူး။ ဒါကြောင့် ပျောက်ကွယ်သွားခဲ့ရတယ်။

ခဝလင်းကတော့ အကောင်ကြီးလွန်ပေမဲ့ လှုပ်ရှားသွားလာအစာရှာဖို့ လွယ်ကူအောင် ရေထဲမှာနေဖို့ သူ့ကိုယ်သူ အသွင်ပြောင်းယူတယ်။ ဒါကြောင့် အဖတ်တင်ပြီး ကျန်ရစ်တယ်။

ကျွဲအုပ်တစ်အုပ်နဲ့ ကျားနဲ့ တွေ့တယ်။ အဲဒီထဲက ကျွဲတစ်ကောင်ကြောင့် ကျားဟာ သေသွားရတယ်။ အဲဒီ ကျွဲရဲ့ မွေးထူးရေခြား လက္ခဏာက 'လည်ပင်းတုတ်တယ်၊ ဦးချိုကားပြီး သန်မာထက်မြက်တယ်'။ အဲဒီဝိသေသလက္ခဏာကို အာရုံပြုတယ်။ ဒါကြောင့် သူ့မျိုးရိုးစဉ်ဆက်တွေမှာ လည်ပင်းတုတ်၊ ဦးချိုကားတဲ့ လက္ခဏာတွေ ထင်ရှားပါဝင်ပြီး 'ပြောင်' လို သတ္တဝါမျိုးတွေဖြစ်လာတယ်။

လိပ်ပြာလိုသတ္တဝါမျိုးလေးတွေကတော့ သစ်ရွက်ယောင်၊ ပန်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ယောင် ပုံပန်းနဲ့ ရန်သူတွေကို လှည့်ဖြားပြီး ကိုယ်ရောင်ဖျောက်သွားတယ်။

အဲဒါက သတ္တဝါတွေရဲ့ သဘာဝတွေပဲပေါ့။

ငါတို့ လူတွေမှာလဲ ဒီလိုပါပဲ။ ကျားတို့၊ ကျားသစ်တို့ဟာ သူတို့ရဲ့ အမွေးအမျှင် အရောင်အသွေးကို ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ဖန်တီးထားသလို စစ်သားတွေ ဝတ်ဆင်လာကြတဲ့ တိုက်ပွဲဝင်ဝတ်စုံအရောင်တွေကို ကြည့်ပါလား။ ပတ်ဝန်းကျင်ရေမြေတောတောင် အရောင်အသွေးနဲ့ လိုက်လျောညီထွေဖြစ်အောင် ဝတ်ဆင်ကြရတာပဲ မဟုတ်လား။ ဦးထုပ်မှာ ကိုယ်မှာ သစ်ခက်တွေ ထိုးကြပြီး မှုက်ကွယ်၊ ကျည်ကွယ် ရုပ်ဖျောက်ကြရတာပဲ မဟုတ်လား။

မင်းတို့ကို ပမာနထားပြီး ပြောချင်တဲ့အချက်က သတ္တဝါတို့ရဲ့ သဘာဝကြီးမှာ မိမိတို့သက်တမ်း ဘဝရှင်သန်ဖို့အတွက် သီးသန့် အရည်အသွေးတွေ ထွက်ပေါ်လာအောင် အားထုတ်နေရတယ်။ ထိန်းသိမ်းနေကြရတယ်။ လူမှာလဲ အဲဒီလိုပဲ ထူးခြားတဲ့ ဝိသေသလက္ခဏာကြီးသုံးရပ်ရှိတယ်။ အဲဒါတွေကို မှတ်မိနေကြမှာပေါ့။

■ မှတ်မိပါတယ် ဆရာ။ ကိုးကြောင်းဆင်ခြင်ဉာဏ် . . .

● အေး- ထားလိုက်ပါတော့၊ မင်းတို့ မမေ့နိုင်ကြတော့ပါဘူး။ အဲဒီ အရည်အသွေးတွေကို ထက်မြက်သည်ထက် ထက်မြက်အောင် ကြိုးစားကြရမယ်။ ရှေ့ပိုင်းမှာ ပြောခဲ့သလို ပညာသင်ယူကြရင်လဲ စာမေးပွဲအောင်လက်မှတ်လောက်ကိုသာ ပန်းတိုင်လုပ်မနေဘဲ တကယ့်ကို ပညာတတ်လာအောင်၊ မိမိကိုယ်မိမိ သက်ဆိုင်ရာပညာရပ်ကို နားလည်တယ်လို့ ယုံယုံကြည်ကြည်ဖြစ်လာအောင် ကြိုးစားကြရလိမ့်မယ်။

အဲဒီလိုပဲ ကိုယ်ကျင့်တရားကိစ္စမှာလဲ ဘေးပတ်ဝန်းကျင်က ကိုယ်ကျင့်တရားဖြောင့်မတ်သူပါပဲရယ်လို့ အသိအမှတ်ပြုခြင်း ခံရရုံသာမကဘဲ ရှေ့ပိုင်းမှာပြောခဲ့တဲ့ ဒီသာပါမောက္ခဆရာကြီးရဲ့ တပည့်လို မိမိကိုယ်မိမိ ကြည်ညိုလာသည်ထိအောင် ထိန်းသိမ်းကြရမှာပဲ။





အလှအပဆိုတာမှာလဲ ဝတ်တာ၊ ဆင်တာ၊ ပြောတာကအစ တင့်တယ်သပ်ရပ်အောင်၊ ကြည့်မောချိုသာအောင် နေထိုင်ပြောဆိုတတ်ဖို့ ကြိုးစားကြရလိမ့်မယ်။ ရုပ်ကြမ်း၊ စိတ်ကြမ်းသမားကြီးတွေ ဖြစ်မသွားဘဲ အလှအပကို ခံစားတတ်အောင် နှစ်သက်ကြည်နူးတတ်အောင်၊ တစ်ပါးသူတို့ရဲ့ ခံစားမှုကို နားလည်အောင် ကြိုးစားကြရလိမ့်မယ်။

ရှေ့ပိုင်းမှာ ပြောခဲ့သလိုပဲ ဒီလက္ခဏာသုံးမျိုးဟာ အပြန် အလှန် ကျေးဇူးပြုနေကြသော်လဲ တစ်ခုခုမှာ လွန်ကဲမသွားအောင်လဲ သတိနဲ့ ထိန်းချုပ်ကြရလိမ့်မယ်။

မင်းတို့ကို 'လူဖြစ်သန်' စေချင်တယ်လို့ ပြောခဲ့တာကို မှတ်မိကြသေးလား။

■ မှတ်မိပါတယ် ဆရာ။

● ငါပြောခဲ့တဲ့ လူတို့ရဲ့ ဝိသေသလက္ခဏာသုံးရပ်ကြောင့် လောကသက်ရှိသတ္တဝါအားလုံးမှာ လူဟာ ထိပ်ဆုံးရောက်လာခဲ့သလို လူအချင်းချင်းမှာလဲ အဲဒီဝိသေသအရည်အသွေးတွေကို မှတ်မှတ်သိသိ တယူတယ မွေးမြူတဲ့သူတွေဟာ လူဖြစ်သန်တဲ့လူ ဖြစ်လာမှာပဲ။ ဒါထက် မင်းတို့ကို မေးလိုက်ရပါဦးမယ်။ ဖိုးလမင်းဟာ သူရဲ့ရောင်ခြည်ကို ဘယ်ကရသလဲ။

■ နေကတစ်ဆင့်ရတဲ့ ရောင်ပြန်ပါ ဆရာ။

● အေး- နေမင်းကတော့ ကိုယ်ပိုင်အရောင် မဟုတ်လား။

■ ဟုတ်ပါတယ် ဆရာ။

● ဒီတော့ မင်းတို့မှာလဲ နေမင်းကြီးလောက် ကိုယ်ပိုင်အရောင်အဝါ မလင်းနိုင်စေဦးတော့ 'ပိုစိန်းကြူး' လောက်ပဲဖြစ်စေ ကိုယ်ပိုင်အရောင်နဲ့ လင်းနိုင်ကြစေချင်တယ်။ ဖိုးလမင်းကြီးလို မိဘရှိန်ဝါ၊ ရာထူး အာဏာတွေကြောင့်မဟုတ်ဘဲ ကိုယ်ပိုင်အရောင်အဝါအရည်အသွေးနဲ့ ပြည့်စုံကြစေချင်တာကြောင့် 'လူဖြစ်သန်' စေချင်တယ်လို့ ပြောခဲ့တာ။

ဒီတော့ လူသားတို့ရဲ့ ဝိသေသအရည်အသွေးသုံးရပ်ကို တိုးပွားအောင် ကြိုးစားခြင်းအားဖြင့် မင်းတို့တစ်တွေဟာ . . .



www.burmeseclassic.com

www.burmeseclassic.com



**'သာမန်မဟုတ်တဲ့ သန်မာ'** သော ယောကျ်ားကောင်း မိန်းမမြတ်များ ဖြစ်ပါစေသတည်းလို့ ဆရာ ဆုတောင်းပေးလိုက်ပါတယ်။

■ ပေးတဲ့ဆုနဲ့ ပြည့်ရပါလို၏ ဆရာ။

**အောင်သင်း**

၂၀-၅-၂၀၀၇

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏
လုပ်ဖော်ကိုင်ဖက်ကျောင်းဆရာများအား
လေးစားစိတ်နှင့်လည်းကောင်း၊
ကျွန်တော့်တပည့်အရွယ် လူငယ်များအား
ချစ်စိတ်နှင့်လည်းကောင်း၊
ဤဆောင်းပါးများကို ရေးဖြစ်ပါသည်။

## အောင်သင်း

# ကျွန်တော် ကျောင်းဆရာ

BURMESE CLASSIC .com

Design : Naung Thit Ni, 2007

www.burmeseclassic.com